ပုကၠိဏ်
ဆရာဇင်ဝင်းမြင့်
HYMN



ငယ်ငယ်ရွယ်ရွယ်တုန်းက

ဦးဥာဏ်ဓာတု



ပုဏ္ဏာဇာတ်

သူဌေးထွတ်နိုင်ခဲ့ပြီ

မောင်ကျော်ဆိုင်
စာတည်းစာပေ
စီစဉ်သည်

J

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်လုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းတိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

အခန်း (၁)

မင်္ဂလာဦးညကို လွန်မြောက်ပြီးသည့် နောက် တစ်နေ့မနက် မိုးလင်းချိန်မှစကာ ဖြစ်ပွားလာခဲ့သော အဖြစ် အပျက်များအကြောင်းကို ပြန်ပြောင်းပြောပြချင်ပါသည်။

"ဇနီးမယား ကောင်းတစ်ယောက်ပီသရေး" ... "အိမ်ထောင်ရှင်မကောင်းတစ်ယောက်ပီသရေး" ဆိုတာတွေသည် ... "စကား"ရဲ့ ဦးနှောက်ထဲ မေမေကိုယ်တိုင် သေချာစွာ အမြစ်တွယ်အောင် ရိုက်သွင်းပေးလိုက်သော အချက်အလက်များပင် ဖြစ်တော့သည်။

စကားက မျက်စိနှစ်လုံး သေချာစွာပွင့်သည်နှင့် 'ဖျက်'ခနဲ ငုတ်တုတ်ထ, ထိုင်ပစ်လိုက်ကာ ခုတင်နှင့်ကပ်ရက် စားပွဲပုလေးများပေါ်မှ နာရီကိုကြည့်လိုက်သည်။ ခြောက်နာရီ ဆယ့်နှစ်မိနစ် ...။

ကိုကိုကား မနိုးသေးပါ။ စကားက စောင်ခြုံကို

အသာလှပ်ကာ အိပ်ယာပေါ်က ဆင်းလိုက်ရင်း အိပ်ခန်းနှင့် ဆက်ရက်ရေချိုးခန်းဆီသို့ ဝင်ခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ် သော စကား၊ရဲ့.ဖေဖေဟာ ... ဟိုးအရင်ခေတ် လူနေမှုပုံစံများလိုပင် အိမ်ထောင်ဦးစီးယောကျ်ားတစ်ယောက်တည်း အလုပ်လုပ်ရှာ နှင့်မိသား၊စုတစ်ခုလုံး၊ပါမက ... ဟိုဘက်ဒီဘက်က ဆွေတော် ရှစ်သောင်း၊မျိုးတော်အပေါင်း၊တို့ကို "ညာတကာနဆ္ဆသင်္ဂဟော" ပုံစံနှင့် အိမ်ပေါ်ခေါ်တင်ကာ စောက်ရှောက်ကြည့်ရှုထား၊နိုင်ဆဲ။ ဖေ့ဖေ့အိမ်ရှင်မ, မေမေဟာလည်း ထိုများ၊ပြား၊လှစွာသော ဆွေမျိုး၊စုလူအဖွဲ့.အစည်း၊ကြီး၊ကို စီမံအုပ်ချုပ်ကာ ခန့်ခွဲကြီး ကြပ်တာရယ် ... ဖေဖေ့တစ်ကိုယ်စာ ဝေယျာဝစ္စအဝဝကို ကိုယ်တိုင်ကိုယ်ကျ လိုက်လုပ်ပေး၊တာရယ်ကလွဲရင် ... အပြင် ထွက်ပြီး အလုပ်မလုပ်ရသော အိမ်ရှင်မကောင်းကြီး တစ် ယောက်အဖြစ် ရပ်တည်နိုင်ဆဲ ...။

တစ်ဦး၊တည်း၊သော သမီး၊ကလေး 'စကား၊ဝါသွေး' အဖို့ကတော့ အိမ်ဖော်ခေါ်ထား၊စရာမလိုဘဲ အိမ်မှုကိစ္စဆောင် ရွက်မည့်သူတွေ ဒီလောက်များ၊ပြား၊နေသော အိမ်ကြီး၊ထဲမှာ မိုး၊လင်း၊လာတာနဲ့ လုပ်စရာဘာအလုပ်မှမရှိ ...။ ပီဘိကလေး ငယ်တစ်ယောက်လို ပေါ့ပါး၊လွတ်လပ်စွာ ကြီး၊ပြင်း၊လာခဲ့ရ တာပါ။ ဒါပေမယ့် ခုချိန်ကတော့ ဒီလိုမဟုတ်တော့ဘူး၊လေ။ စကား၊ကိုယ်တိုင်က အိမ်ထောင်သည် ... အိမ်ရှင်မကြီး၊တစ် ယောက်ဖြစ် လာပြီလေ ...။

စကား၊ရဲ့ ကိုကိုဟာလည်း ဖေဖေ့လိုပဲ အလုပ်

ရှုပ်၊အလုပ်များကာ ဂျင်ခြေလည်နေသလောက် အိမ်ထောင်တစ်ခုရဲ့ဝင်ငွေကိုတော့ ဖူလုံပိုလျှံစွာ ရှာဖွေပေးနိုင်သူပဲလေ။ စကားဟာလည်း မေမေ့လိုပဲ ကိုယ်တိုင်အလုပ်ထွက်လုပ်စရာမလိုအပ်မည့် အိမ်ရှင်မကောင်းတစ်ယောက်အဖြစ်သာ ရပ်တည်ရမည့် အခြေအနေမျိုးလေ ...။

တစ်သက်လုံး ကလေးဆန်ကာ တာဝန်ကင်းခဲ့သည့် စကားက 'ကိုကို' နှင့် အိမ်ထောင်ပြုကြဖို့ စိတ်ကူးထဲရောက်လာကတည်းကိုက အချိုးပြောင်းကာ မေမေ့ရဲ့ အရည်အချင်း ... လုပ်ပုံကိုင်ပုံ မှန်သမျှတို့ကို စိတ်ဝင်တစားနှင့် သေချာကြီးကို သင်ယူတော့တာပါ။ မေမေကလည်း ဝမ်းသာအားရနှင့်ပင် အသေးအမွှား ကိစ္စပါမကျန် ... အလုံးစုံအဝဝကို အသေအချာ လက်ထပ်သင်ကြား ပေးလိုက်တာပါပဲ...။

ခုတော့ စကားတို့ခေတ်ရောက်ပြီ။ ... စကားကိုဆို ကလေးတစ်ယောက်လောက်ပဲ အထင်သား။ လူရာမသွင်းချင်တတ်သည့် ကိုကို့ကို စကားတိတ်တိတ် သင်ကြားတတ်မြောက်ထားခဲ့သော စွမ်းပကားတို့ကို ထုတ်ဖော်ပြသရပေတော့မည်။

ရေချိုးခန်းတွင်းသို့ ရောက်သောအခါ ... စကားမှာ မျက်နှာသစ်ကြွေခွက် (Bsain) ပြောင်ရှင်းရှင်းကြီးနှင့် ရင်ဆိုင်လိုက်ရပါသည်။

"ဟင်"

အံ့အားတသင့် ဖြစ်မိသွားပြီးမှ စကားက

"ဟီဟီဟီ" ဟု ကျိတ်ရယ်လိုက်၏။ ဟုတ်သားပဲ ... ဒီအိမ်ဟာ...စကား:တို့မနေ့ညနေကမှ မင်္ဂလာဆောင်ခဲ့ပွဲနှင့် ညစာစား:ပွဲပြီး:မှ စကား:တို့ ပြောင်း:ရွှေ့.ရောက်ရှိလာကြသည့် အသစ်စက်စက် မင်္ဂလာအိမ် ...။

ငယ်စဉ်ကတည်း:ကထောက်ပံ့ပေး:ကမ်: မွေး:စား:ခဲ့သော အုပ်ထိမ်း:သူ ကြီး:ဒေါ်ကြီး:တစ်ယောက်ကလွဲရင် မိဘနှစ်ပါး:စလုံး:ရော၊ ညီအစ်ကိုမောင်နှစ်မ အရင်း:အချာပါ တစ်စုံတစ်ဦး:မှ မရှိလေတဲ့ တစ်ကောင်ကြွက်ကိုကိုဟာ ဟိုအရင်လူပျိုဘဝကဆိုရင် ... တိုက်ခန်း:ကျယ်ကြီး:(Condominium) တစ်ခုမှာ သာ နေတာပဲ။ စကား:နှင့် လက်ထပ်ပြီး:မှ နေကြရန် ဆိုပြီး: ဒီအိမ်ကြီး:ကို အသစ်ဆောက်ယူခဲ့ခြင်း:သာ ဖြစ်ပေရာ ဧနီ:မောင်နှံ အသစ်ကျပ်ခ္ဆတ်တို့အတွက် အိမ်အသစ်ကျပ်ခ္ဆတ်ကြီး:မှာ အိမ်ထောင်ပရိဘောဂ၊ ပစ္စည်း:ပစ္စယအား:လုံး:ဟာ အဆင်သင့်ဖြစ်ချင်မှဖြစ်နေမှာပေါ့ ...။ ဒါ ... အိမ်ရှင်မ, ဖြစ်တဲ့စကား:ကသာ ကြည့်ရှုစီမံဝယ်ဝက်ထည့်ပြီး: ပြည့်စုံစေရမှာ မျိုး:တွေပေါ့ ...။

စကား:က 'တဟီဟီ' နှင့်ဆက်ရယ်နေရင်း: ရေချို:ခန်း:ထဲမှ ပြန်ထွက်လာခဲ့ပါသည်။ ဒီနေ့ တစ်နေ့တာ အဖို့အတွက်တော့ ...

"ကိုကိုရေ ... သွား:ပွတ်တံ၊ သွား:တိုက်ဆေး:နဲ့ ဆပ်ပြာတွေတစ်ခုမှ စကား: ကြိုဝယ်မထား:မိဘူး:ကွာ ... ဒီမနက်တော့ ပါး:လုပ်ကျင်း:ရုံပဲ ညစ်ပတ်လိုက်ကြတာပေါ့ " ရယ်လို့သာ ပြောလိုက်ရတော့မှာပဲ ...။ စကား:ရဲ့ ဆရာမကြီး

ဖြစ်သူ မေမေဟာလည်း ဒီလိုအခြေအနေမျိုးကိုတော့ ကြုံဖူးပုံမရလေရာ ... အိမ်အသစ်ကျပ်ခွတ်ကြီးမှာ အိမ်ရှင်မ, လုပ်ရမည့်စကားကို ဒီအချက်မှာတော့ ထောင့်စေ့အောင် မသင်လိုက်နိုင်ပေ ...။

ကိစ္စမရှိပါ ...။ စကား:တို့က မနက်ဖြန်မနက်ကျမှသာ ဟန်နီးမွန်း (Honey Moon) ပျား:ရည်ဆမ်း:ခရီး:ထွက်ဖြစ်ကြမှာပဲ ... ဒီနေ့တစ်နေလုံး:လိုလိုကို အချိန်ရတာပဲဟာ...။ ကိုကိုကလည်း: "အလုပ်မသွား:ဘဲ ခွင့်ယူထား:မည်"ဟုဆိုသည်။ အစကတော့ လက်ဖွဲ့ထုတ်တွေ ထိုင်ဖောက်ကြမလို့ ...။ ခုတော့ ကိုကိုနှင့်အတူ ဈေး:ဝယ်ထွက်ပြီး: ... 'အိမ်'တစ်ခုမှာ လိုအပ်မည့် အိမ်ထောင်ပစ္စည်း:မျိုး:စုံကို ဒီနေ့တစ်နေ့နှင့်အပြီး: ... ပြည့်စုံအောင် စီမံရမှာပေါ့ ...၊ ဒါ အိမ်ရှင်မကြီး: ... စကား:ရဲ့ ... အလုပ်လေ။

"ဟာ ... ကိုကိုကလည်း: နိုး:နေပြီ ..."

"ဟိတ် ... စကား: ... နိုး:ပြီလား:"

"စကား:က ကိုကိုထက် ရှစ်မိနစ်တောင် စောနိုး:တာနော်..."

"အိမ်ရှင်မ, ဟာ အိမ်ဦး:နက်ထက် စောစီး:စွာ အိပ်ရာမှ နိုး:ထရမည်" ဟူသော မေမေ့သြဝါဒအရ စကား:က 'ရှစ်မိနစ်'နှင့် ကပ်ပြီး: အနိုင်ယူလိုက်ပါသည်။

"အေး:ပါကွာ ... အေး:ပါ ..."

"အဲဒါလေ .. စကား:က ... ဒီအိမ်ကို အိမ်သစ်ကြီး:ဆိုတာကို မေ့နေပြီး: ဘာမှ မစီစဉ်ထား:မိဘူး: ... ခုတော့

စကား:တို့ မျက်နှာသစ်၊ ရေချိုး:ကြဖို့တောင် ဘာမှ မရှိဘူး...ဟီဟိ ..."

"ဟား ဟား ဟား ... စကား:ရယ် ... ဒါလေး:များ ... ခုနှစ်နာရီ မထို:သေး:လို့ သူက စောင့်နေတာပါ ... ခုနှစ်နာရီထို:တာနဲ့ ..."

ကိုကို့စကား: မဆုံး:လိုက်ပါ ...။ "ဘယ်သူက စောင့်နေတာလဲ" ဟူသော စကား:ရဲ့ စိတ်အတွင်း:မှ အမေး:ကလည်း: အပြင်သို့ မရောက်လိုက်ရပါ။ ရုတ်တရက်မှာ အိပ်ခန်း:တံခါး:ကို "တဒေါက်ဒေါက်" နှင့် ခေါက်လိုက်သံက ထွက်ပေါ်လာလေသည်။

"ရတယ် ... ဝင်ခဲ့ဟေ့ ..."

ကိုကို့အော်သံအဆုံး: အိပ်ခန်း:တံခါး:က 'ချပ်' ခနဲ ပွင့်ဟလာလေသည်။ ဒီအိမ်အသစ်ကျက်ချတ်ကြီး:ထဲမှာ ကိုကိုနှင့် စကား: နှစ်ဦး:တည်း:သာဟု ထင်နေမိသည့် စကား:မှာ ပွင့်ဟလာသော တံခါး:ကို အကြောင်သား: အငေး:သား:လေး:ပင် စိုက်ကြည့်နေမိဆဲ ... လူတစ်ယောက်က လင်ပန်း:တစ်ချပ်ကို လက်တစ်ဖက်တည်း:နှင့်မ,။ နောက်လက်တစ်ဖက်ကတော့ တံခါး:ကို နောက်ပြန်, ပြန်ပိတ်ကာ အခန်း:တွင်း:သို့ ဝင်ရောက်လာလေသည်။

"ဂွတ်(ဒ်)မောနင်း ... ဆာ ... (Good Morning ... Sir) "

ကိုကို့ထံ ခပ်ပြုံး:ပြုံး:နောက်ရွတ်ရွတ်ကလေး: လှမ်း:နှုတ်ဆက်လိုက်သော်လည်း:ကိုကိုကလည်း:"ဂွတ်(ဒ်)မောနင်း" ဟု တုံ့ပြန်လိုက်ရင်း:က ...

"ငါတို့ အစီအစဉ်ပြောင်းရင် ကောင်းမလား မသိဘူး ဟေ့... ဒီမှာ ... မင်းမမလေးက ရှစ်မိနစ်စောနိုးပြီး မျက်နှာသစ်စရာ ဘာမှမရှိလို့တဲ့ ... အူကြောင်ကြောင် လေးဖြစ်နေပြီကွ ..."

"ခုနှစ်နာရီက ပုံမှန်အချိန်ပါပဲ ... ဒီအချိန်ပဲကောင်း ပါတယ် ...."

ထိုသူက ပြောပြောဆိုဆိုနှင့် လွတ်နေသော သူလက်တစ်ဖက်နှင့် ကိုကို့ကိုယ်ပေါ်ကစောင်ကို ဆတ်ခနဲ ဆွဲခွာပေးလိုက်သည်။ ထိုအခါကျမှပင် ... စကားသတိမထားမိဘဲ ခုထက်ထိ ခုတင်ပေါ်မှာ ဆက်ထိုင်နေသေးဆဲဖြစ်သော ကိုကိုက ခုတင်ပေါ်မှ ဆင်းလာ လေတော့သည်။ ထိုသူက တော့ သူဗန်းကို သူသယ်ကာ ရေချိုးခန်းထဲ တန်းဝင်သွား လေသည်။ စကားမှာတော့ ကြောင်နေဆဲ ...။

နေပါဦး ... ဒီလူကို စကားအရင်ကတည်းက တွေ့.ဖူးနေပါတယ် ...။ ဘယ်သူပါလိမ့် ...။ သြော် ... သိပြီ၊ သူဟာအမြဲတမ်းလိုလို ကိုကိုနောက်ပါးမှာ ကိုကို့ရဲ.အရိပ် လိုကပ်ပါနေတတ်သူတစ်ယောက်ပဲ ... ။ ကိုကို ဘယ်သွား သွားဘယ်လာလာ ... အဲဒီအရိပ်ကြီးဟာ အမြဲပဲ တကပ်, ကပ် ပါလာတတ်တာမို့ ... "သူများ သမီးရည်းစားကြားမှာ ဘယ်က လူကြီးတစ်ယောက်ကကပ်ပါလာနေရတာလဲ...ဘာကြီးမှန်းမသိ ဘူး ... နောက် ခေါ်မလာနဲ့ ..."ဟု စကားက မကျေမနပ်နှင့် ကိုထုတ်ဖော်ပြောကန့်ကွက်ခဲ့ရတာပါ။

အဲဒီကတည်းက မတွေ့.ရတော့သော ထိုလူဟာ

မင်္ဂလာဦးမနက်မှာတော့ စကားတို့ရဲ့ အိပ်ခန်းထဲထိ ခပ်တည်တည်နှင့်ပင် ဝင်လာခဲ့ပါပြီ။

"အဲဒါက ဘယ်သူလဲ ... သူက ဘာလုပ်ဖို့ သူများအခန်းထဲ ဝင်လာရတာလဲ ..."

စကားက အနားသို့ ရောက်လာ သော ကိုကိုကို တံတောင်နှင့်တွက်ကာ တီးတိုးမေးမြန်းစပ်စုလိုက်သည်။

"သူက ကိုကို့ အပါးတော်မြဲလေ ..."

"အပါးတော်မြဲ ..."

"ကဲပါ ... လာပါ ... နောက်မှ ပြောပြမယ် ...."

ကိုကိုက စကားပခုံးကိုဖက်ကာ ရေချိုးခန်းဘက် ဆီမှဆွဲခေါ်လာလေသည်။ ထိုအချိန်မှာ ထိုသူက ရေချိုးခန်းထဲမှ ဗန်းအလွတ်တစ်ခုနှင့် ပြန်ထွက်လာလေသည်။ ကိုကိုနှင့် စကားတို့ရေချိုးခန်းထဲဝင်လိုက်ကြတော့ သူက ရေချိုးခန်းတံခါးကို ချပ်ခနဲဆွဲပိတ်ပေးလိုက်သည်။

ရေချိုးခန်းထဲမှာတော့ ပြတင်းပေါက်တွေဖွင့်ခန်းဆီဖြူတွေချထားကာ ခုနကမရမိသော သင်းပျံ့.ပျံ့.ရနံ့တစ်ခုလည်း ရနေလေသည်။ ဘေစင်ကြွေခွက်ပေါ်မှာတော့ သွားတိုက်ဆေးတင်ပြီးသား သွားပွတ်တံက နှစ်ချောင်း၊ ဆက်ပြာအသေးလေးက နှစ်ခဲ ... ။ ဘေးနားက တန်းကလေးတစ်ခုပေါ်မှာ မျက်နှာသုတ်ပဝါနှစ်ထည်။ ရေချိုးပြီးရင် ဝတ်ထွက်ရမည့် (Bathe robe) အင်္ကျီ ရှည်နှစ်ထည်။ ရေချိုးကန် (Bath Tub) အတွင်းမှာတော့ ရေအေးနှင့်ရေနွေး စပ်ပြီးသား က အသင့်ချိုးရန်အပြည့် ...။

"ရေတစ်ခါတည်း ချိုးမလား"

"မချိုးဘူး"

စကားက မကျေမလည်လေးနှင့်ပင် နှုတ်ခမ်းစူကာ ပြန်ဖြေလိုက်သည်။

"ညစ်ပတ်လေး ... ဒါဖြင့် ကိုကိုလည်း မချိုးဘူး .."

" ခုနလူကြီးအကြောင်းပြောပြလေ ..."

"ဟာ ... ဒီပါးစပ်ထဲမှာ အမြှုပ်တွေနဲ့ ပြည့်နေပြီ"

စကားက အမြန်ဆုံးသွားတိုက် မျက်နှာသစ်လိုက်သည်။ ပြီးမှ နှစ်ဦးသား ရေချိုးခန်းထဲမှ ပြန်ထွက်လာသောအခါ ...

အိပ်ရာဟာ တင်းရင်းစန့်ပြန့်ကော့ရော့နေကာ အပေါ်မှ အိပ်ရာဖုံးဇာပါးလေးတစ်ထပ် လွှမ်းထားပြီးနေပြီ။ ခုနက သင်းပျံ့.ပျံ့.ရနံ့လေးဟာ အိပ်ခန်းတစ်ခုလုံးထဲမှာ လွှင့်ပျံ့နေပြီ။ ကိုကို့ အိပ်ရာဘေးက စားပွဲပုပေါ်မှာ ကိုကို့အတွက် အဝတ်အစားတစ်စုံ ...။ (တော်ပါသေးရဲ့ ... စကားအဝတ်တွေကိုတော့ ထုတ်ပေးမထား) သို့သော် မှန်တင်ခုံပေါ်မှာ သနပ်ခါးသွေးပြီးသားက တစ်ပန်းကန်။

အခန်းထောင့်က စားပွဲထက်မှာတော့ မွေးကြိုင်ကာ အင်္ဂေ.တစ်ထောင်းထောင်း ထ, နေသော မနက်စာများ။

"ဟာ ... ဗလကြီးက ဘယ်ရောက်သွားတာလဲ ... သြော်...သိပြီ ... စကားပါ ရေချိုးပြီး ထွက်လာမယ် ထင်လို့ အခန်းပြင် ပြန်ထွက်ပေးနေတာဖြစ်မယ် ... အမယ် ... အရင်ကထက် ပိုလာတာက သနပ်ခါးပန်း

ကန်ပဲ ... မဆိုးဘူး ... ဒီလူက ဒါမျိုးထိ လိုက်သိတာ ကိုး...ကိုကိုတောင် မစဉ်းစားမိဘူး .... ကဲ ... စကား သနပ်ခါးလိမ်းမလား ... မုန့်စားမလား"

"ရေမှမချိုးရသေးတာ သနပ်ခါးလည်း မလိမ်းချင်ပါ ဘူး... မနက်စာကရော ဒီအခန်းထဲမှာပဲ စားရမှာလား"

"အေးလေ ... ဘာဖြစ်လို့လဲ ... "

"စကားတို့အိမ်မှာတော့ အောက်ဆင်းစားရတာပဲ ..."

"ဒီထဲမှာ တစ်ခါတည်း စားလိုက်တော့ အောက်မဆင်း ရတော့ဘဲ အချိန်ကုန်သက်သာတာပေါ့ စကားရဲ့"

စကားက ဘာမှ မပြောတော့ဘဲ စားပွဲကုလား ထိုင်မှာ ဝင်ထိုင်လိုက်ကာ ... ကိုကိုပန်းကန်ထဲ ကော်ဖီငှဲ့ထည့်ပေးဖို့ ကော်ဖီအိုးကို ကိုင်မ, လိုက်သည်။

"နေ,နေ ... ဟေး ... မစ္စတာ ဗလ ..."

တံခါးက ချပ်ကနဲ ပွင့်သွားပြန်ကာ ဟိုလူက ပြေးမတတ်ပင် ဝင်လာပြီး စကားလက်ထဲက ကော်ဖီအိုးကို လည်းလုမတတ်ပင် ဆွဲယူလိုက်ကာ ... ဒီနောက်မှာတော့ နိုင်ငံခြား ဟိုတယ်ကြီးများမှ ကျွမ်းကျင်သော စားပွဲ ထိုးတစ်ဦးပမာ ... စားသောက်နေသူတွေ ဘာအလုပ်မှမရှိ ရတော့အောင် တစ်ဆင့်ပြီးတစ်ဆင့် စားပွဲထိုးနေတော့သည်မှာ ပါးစပ်ထဲသို့ ခွန့်မကျွေးရုံတစ်မယ်သာပါတည်း။ အဲဒီလို တွေလုပ်ပေးနေရင်းကပဲ ကိုကိုကိုပါ ငုံကြည့်အကဲခတ်လိုက် ရင်းက ...

"ဟာ ... ကိုကို ... ရေလဲမချိုးရသေးပါလား ..."

"အေး ... ဟုတ်တယ် ... ဒီနေ့ ရေတစ်ခါတည်း မချိုးတော့ဘူးကွာ ..."

"ဘယ်ဖြစ်မလဲ ... ဒီလိုဆို ခဏကြာရင် ကိုကို တအားအိုက်တက်လာပြီး နေမထိ ထိုင်မသာတွေ ဖြစ်လိမ့်တော့မှာနော် ..."

"အေး ... ဟုတ်သား ..."

ထိုလူကြီး၏ အပြောကြောင့် ... "စကား မချိုးရင် ကိုကိုလည်းမချိုးတော့ဘူး" ဟုဆိုသော ကိုကိုတစ်ယောက် တွေဝေသွားလေသည်။ ပြီးနောက် တစ်လက်စတည်းပင် ... "အေး ... ချိုးလိုက်တော့မယ်ကွာ" ဟု ဆိုကာ အစားအသောက်ကို လက်စသပ်ရင်း ထိုင်ရာက ထလေသည်။ ထိုသူက ရေချိုးခန်းထဲ လှစ်ခနဲ ပြန်ပြေးဝင်သွားပြန်ကာ ... ချက်ချင်းပင် ...။

"ရသေးတယ် ... ရေက အတော်နေလေးဘဲ ရှိပါသေးတယ် ..." ဟု ပြောပြောဆိုဆိုနှင့် ပြန်ထွက်လာလေသည်။ သူလက်ထဲမှာတော့ စကားအသုံးမပြုခဲ့သည့် မျက်နှာသုတ်ပဝါ၊ အင်္ကျီရှည်၊ ဆပ်ပြာခဲနှင့် သွားပွတ်တံနှစ်ချောင်း။ စကားကိုတော့ သူက အတင်းကြီး "ချိုးချေပါ" ဟု မတိုက်တွန်းချေ ...။ ဖျတ်ခနဲ အခန်းပြင်ထွက် ... စတီးရောင် တွန်းလှည်းလေးတစ်ခုကို တွန်းပြီးပြန်ဝင်လာ။ ခုနက စားသောက်ထားသမျှတို့ကို တဖျပ်ဖျပ်နှင့်သိမ်း၊ အင်္ကျီချွတ်နေပြီဖြစ်သော ကိုကို့ကိုပါ ကူညီကာ အင်္ကျီဝိုင်းချွတ်ပေးလိုက်ပြီးသော် ... သူတွန်းလှည်းကို တွန်းကာ အခန်းအပြင်ဘက်သို့ပြန်ထွက်သွားပါတော့သည်။

စကား:မှာ မနေနိုင်တော့ဘဲ ရေချိုး:ခန်း:ထဲ ဝင်သွား:သည့်ကိုကို့နောက်က ပြေး:လိုက်လာကာ ...

"ကိုကို ... ရေချိုး:နေတုန်း: တံခါး:မပိတ်နဲ့ ... ခပ်ဟဟလေး:ပဲ လုပ်ထား:"

"ဟာ ... ဘာလို့လဲ "

"စကား: ... အပြင်ကနေ စကား:ပြောနေမလို့ ... တော်ကြာ ရေသံနဲ့ဘာနဲ့ ... စကား:က အော်ပြောနေရရင် ကိုကိုကတော့ မကြား:ဘဲ အခန်း:အပြင်မှာ ကပ်ရပ်နေပြီး: တံခါး:နဲ့နား:ရွက်နဲ့ကပ်ပြီး: အထဲကိုချောင်း:နား:ထောင်နေမယ့် ဟိုလူကြီး:ကပဲ ကြား:နေလိမ့်မယ်..."

"ဟား: ဟား: ဟား: ... ကဲ ... ကဲ သဘော ... သဘော... စကား:က တကယ်ပေါက်ပေါက်ရှာရှာပြောတတ်တယ် ... ကိုပွား:က ကိုကိုတို့အခန်း:ထဲကိုချောင်း:နား:ထောင်မနေပါဘူး: စကား:ရာ"

"ဘယ်သိမလဲ ... ဟော့လို့ ခပ်တိုး:တိုး:ခေါ်လိုက်ရုံနဲ့ပြေး:ဝင်လာနိုင်တာ ... နား:ရွက်နဲ့ တံခါး:နဲ့ ကပ်ထား:လို့ မဟုတ်ပါဘူး:"

"ပေါက်ကရ စကား:ရယ် ... သူက အကျင့်ပါနေတာပါ..."

"နေဦး: ... သူနာမည်က ဘယ်သူ ..."

"အဲ့ပွား:တဲ့ ... ကိုကိုကတော့ ... ကိုပွား:ကြီး:လို့ပဲ ခေါ်တယ်"

"ခုနကတော့ ဗလဆို ..."

"အဲဒါက နောက်ခေါ်တာ ... သူဗလကြီးကလည်း ကြည့်ဦး"

"ဟင်း ... ရှုတ်နေတာပဲ ... နေပါဦး ... သူက ကိုကို့အပါးတော်မြဲဆိုတာ ဘယ်လိုအပါးတော်မြဲလဲ ..."

"အပါးတော်မြဲဆိုပါမှ ... အပါးမှာ အမြဲရှိနေရမယ့် သူပေါ့ ..."

"ဟင်"

စကားထဲမှ တကယ့် အံ့သြတကြီး ဖြစ်သွားရသည့် အာမေဋိတ်သံ အကျယ်ကြီးပင်ထွက်ပေါ်လာ၏

"အမြဲ အဲဒီလို မခွာတမ်းကြီးလား ..."

"အင်းလေ ... ဘာလို့လဲ ..."

"ရုံးသွားရင်ကော ..."

"ပါမှာပေါ့ ..."

"အပြန်ကော ..."

"ပါလာမှာပဲ ..."

"ဒီအိမ်မှာ နေမှာလား ..."

" ဒါပေါ့ ... ဟိုတုန်းကတည်းက တူတူနေတာပဲ ..."

"ဘယ်တုန်းကတည်းကလဲ ..."

"ကိုကို ဆယ့်ခြောက်နှစ်သားတည်းက ..."

"ဟင် ... ကြာလှရှိပြီပေါ့ ..."

"ဒါပေါ့ ..."

"အစက ဘာလို့မပြောတာလဲ ... စကားလည်း မသိပါလား ..."

“ပြောဖူးပါတယ် ...”
“မပြောဖူးပါဘူး ...”
“ပြောဖူးပါတယ် ... စကား‌က စိတ်မဝင်စား‌လို့ မှတ်မထား‌မိတာ ဖြစ်ပါလိမ့်မယ် ...”
“သူက အဲဒီလိုပဲ မိုး‌လင်း‌မိုး‌ချုပ် ... အနာ‌းမှာကပ် နေပြီး‌ကိုကို့ ဝေယျာဝစ္စတွေကို လုပ်နေတော့မှာပဲလာ‌း”
“အင်း‌လေ ... အိမ်မှာဆိုရင်တော့ ကိုကို တစ်ကိုယ်ရေ ဝေယျာဝစ္စပေါ့ ... ရုံး‌ရောက်တော့ ရုံး‌ကိစ္စပေါ့ ... အလုပ်ထဲမှာ လည်း‌ သိပ်အာ‌းကိုး‌ရတာပေါ့ ...”
စကား‌မှာဘာမှ ဆက်မပြောနိုင်တော့ပါ။ ဘယ်လိုကြီး‌မှန်း‌ မသိ ... ဖြစ်ပွား‌နေသော အခြေအနေကြီး‌ကို မကြိုက်ရမလိုလို ... ဘာလိုလို ... ကြောင်အအကြီး‌နှင့် ...။ “ဒါဖြင့် ကိုကို့ ဝေယျာဝစ္စတွေ စကား‌လုပ်မပေး‌ရ ဘူး‌ပေါ့...။
“မလိုဘူး ... မလိုဘူး ... စကား‌ ပင်ပန်း‌ပါတယ် .... ဘာလို့အလကား‌နေရင်း‌ အပိုအပင်ပန်း‌ခံမလဲ ... ပြီး‌တော့ စကား‌ လုပ်ပေး‌ တာတွေလည်း‌ ကိုပွား‌လောက်ဟန်ကျပန်ကျနဲ့ ကိုယ့်စိတ်တိုင်း‌ကျ ဖြစ်နိုင်မှာ မဟုတ်ပါဘူး ...။ ကိုပွား‌ကမှ ကိုကို ပါး‌စပ်ဟစ ရာတောင်မလိုဘဲ အစစအရာရာကို အလုံး‌စုံသိနိုင်တာ...ကိုကို့ ဝေယျာဝစ္စတွေ စကား‌လုပ်ရခဲ့အပြင် စကား‌ရဲ့. ဝေယျာဝစ္စတွေကိုတောင်မှ ကိုပွား‌ကို စီမံခိုင်း‌ချင်ရင် ရသေး‌တယ်”

"စကား:ကတော့ မကြိုက်ပါဘူး ..."

"ကိုပွား:ကိုလား ... ဘာလို့လဲ .... ခုမှ သေချာတွေ.ရ တာ ... ခုပဲ ဘာမကြိုက်စရာ တွေ.သွား:လဲ စကား: ရယ်... အံ့သြစရာ"

"အိုသူကို မကြိုက်တာ မဟုတ်ပါဘူး ..."

"ဒါဖြင့် ဘာကိုလဲ ..."

" မသိဘူး ... ဘာကို မကြိုက်ရမှန်းတောင် မသိဘူး ..."

ကိုကိုက စကား:ရဲ.ခေါင်း:ကလေး:ကို လက်ဝါး: နှင့်ကိုင်အုပ်လှုပ်ကာ လှုပ်ခါလိုက်ရင်း ..."

" စကား:လေး: ... မင်း: အိမ်ထောင်သည် တစ်ယောက် ဖြစ်သွား:ပြီ ... အဓိပ္ပါယ်မဲ့ ကလေးဆန်ဆန် ဆို:ချင် တာတွေလျော့ပြီး: ... ကိုကို့အိမ်ရှင်မကြီး:ပဲ လုပ်တော့ မယ်ဆို..."

"အင်း:လေ ... စကား:က အိမ်ရှင်မကြီး: ဖြစ်ချင်တာ ..."

"ဒါဆို ... ခုလို ဘာမှန်း:မသိ နှုတ်ခမ်း:စူထား:တာမျို: တွေမလုပ်နဲ့တော့ပေါ့"

ဟင် ... မဟုတ်သေး:ပါဘူး: ...။ စကား:က မေမေ့ လိုအိမ်ရှင်မကြီး:ဖြစ်ချင်တာ ...။ မို:လင်:ရင် ကိုကိုတို့ကိုဖို့ သွား:ပွတ်တဲ့ပေါ် သွား:တိုက်ဆေး:လိုကတင်ပေး:ရတဲ့အထိ ဟို: ရှေ:ခေတ်ကအိမ်ရှင်မကြီး:များလို လုပ်ချင်တာ ...။

"ကဲ ... လာ ... အောင်ဆင်းကြစို့ ..."

စကား:မှာ ကိုကိုဆွဲခေါ်ရာနောက်သို့ ပါလာ ရင်း...အာ့ကျိ ီလဲနေရာမှ ဒီအတိုင်း ချွတ်ချုပ်ထား:ရစ်

သည့်ကိုကိုရေချိုးပြီး ဝတ်ထွက်လာသော အင်္ကျီရှည်ကြီး ဆီသာခေါင်းတလည်လည် မျက်စိတရောက်ရောက် ရှိနေရ လေတော့သည်။ အဲဒါကြီးကို ဟိုလူကြီးပဲ လာဝင်ခေါက်လိမ့် နေမှာပေါ့ ...။

အခန်းအပြင် ရောက်သည်နှင့် ... အသင့်ရပ်စောင့် နေနှင့်သော ထိုလူကပင် စတင်ကာ ...

"ကိုကို ... အပြင်မသွားကြဘူး မဟုတ်လား ... များသောအားဖြင့်ကတော့ လက်ဖွဲ့ထုပ်တွေ ဖောက်ကြည့် တတ်လေ့ရှိကြလို့ ... အောက်ထပ်က အခန်းတစ်ခုမှာ စီစဉ်ပေးထားတယ်"

"အိုကေ ... အိုကေ"

စကားမှာ ကိုယ်တိုင်ကလည်း ဒါကိုပဲ စဉ်းစားထားမိသော်လည်း သူကစီစဉ်ထားသည်ဆိုသောအခါမှာတော့ လိုက်မလုပ်ချင်တော့သလိုလို ဘာလိုလိုတောင် ဖြစ်လာရပါသည်။ ဘယ်နယ့်လဲ ... သူပြောသမျှ ... သူစီစဉ်သမျှတို့ ကိုပဲနောက်ကနေ နောက်လိုက်ကြီးတစ်ယောက်လို လိုက်, လိုက်လုပ်ရတော့မှာလား ...။

အင်း ... ဒီတစ်ခါတော့ ထားလိုက်ပါတော့ ..။ ရှိစေတော့ ... နောက်များကျမှ အိမ်ရှင်မကြီး 'စကား'ရဲ့ စွမ်းပကားတွေကို ထုတ်ဖော်ပါတော့မယ် ...။ တော်ကြာ ကိုကိုက ကိုယ့်ကိုပဲ ကလေးဆန်လိုက်တာလို့ လိုက်ထင်နေဦးမယ် ...။ အား ... နေဦး ... နေဦး .... အရေးကြီးတာ တစ်ခုရှိတယ် ... အလွန်အရေးကြီးသောအရာ ....။

“ကိုကို ... ကိုကို”
“ ဟာ ... ဘာလဲ ... အလန်တကြား စကားရယ် ...”
“ နက်ဖြန် ... နက်ဖြန် ... ငပလီကို သွားရင်ကော ...”
“ အေးလေ ... သွားမယ်လေ ... ဘာဖြစ်လို့လဲ ...”
“မဟုတ်ဘူး ... ဟိုလူကြီးပါ, ပါလာဦးမှာလား လို့”
“ပါလာမှာပေါ့ ... သူပါမှ ကိုယ်တို့နှစ်ယောက် အေးအေး ဆေးဆေးရှိမှာပေါ့ ... လိုအပ်သမျှကိစ္စအဝဝ သူပဲ လုပ်ခိုင်းထားမှ ကိုယ်တို့ လွတ်လွတ်လပ်လပ် ပျော်လို့ရမှာပေါ့ ...”
“ဟင်”

စကားမှာ ကိုကို့မျက်နှာကို အငေးသားပင် ကြည့်ကာ ပါးစပ်လေး အဟောင်းသားပင် ဖြစ်သွားရပါတော့သည်။ ကြားဖူးကြရဲ့လား ...။ အသစ်ကျပ်ချွတ် လင်မယား စုံတွဲတို့ ငပလီကို ဟန်းနီးမွန်းထွက်ရာမှာ ... အပါးတော်ကြီး ဟိုလူတကပ်ကပ်ကြီး တစ်ယောက်ကပါ, ပါဦးမတဲ့ ...။ ကိုကို့ကြည့်ရတာတော့ “သုံးယောက်တွဲ ဟန်းနီးမွန်းခရီးစဉ်ကြီး”ကို ဘယ်လိုမှ ခေါင်းထဲရှိပုံမပေါ် ...။ စကားမှာတော့ ဘာစကားကိုမှ ထပ်မပြောနိုင်တော့ပါ ...။

"နင်ပြောသလောက်နဲ့ပဲ ဆိုရင်တော့ဟယ် ... ငါက တော့ ဒါကို ပြဿနာကြီးရယ်လို့ မမြင်ပါဘူး စကားရယ် ... ငါသာဆိုရင်တော့ ကိုယ်မလုပ်ရလေ ကြိုက်လေ ... အမယ်လေးမိုးလင်းရာမိုးချုပ် တစ်စက် မှ မလှုပ်ဘဲ အဲဒီအပါးတော်မြဲကြီး ပြုစုသမျှ ဇိမ်နဲ့ ကိုခံယူပစ်လိုက်ဦးမယ် ... တွေးကြည့်တာနဲ့တောင် အတော်ဇိမ်ရှိနေပြီ ..."

"ကျွတ် ... မဟုတ်သေးပါဘူး"

စကားက သူငယ်ချင်းမလေး "မာလာ" ကို စိတ်ပျက်လက်ပျက်ပင်ကြည့်နေမိသည်။ စကားဆိုလိုချင်တဲ့အဓိပ္ပါယ်ကို မာလာက လုံးဝပင်သဘောမပေါက်ပါ ...။ အေးလေ ... ပေါက်နိုင်စရာလည်း လုံးဝမရှိ ...။ လူဆိုတာ မျိုးဟာ တစ်ယောက်နဲ့တစ်ယောက် သဘောပေါက်နားလည်၊ ကိုယ်ချင်းစာနိုင်ကြဖို့ဆိုတာ ... တူညီသော အခြေခံဘဝ၊ တူညီသော ပတ်ဝန်းကျင်၊ လူနေမှုတို့ ရှိနေဖို့ လိုအပ်တာကိုး။

ခုကျတော့ဖြင့် စကား အားကိုးတကြီး လာရောက်ရင်ဖွင့်မိသော မာလာ ဆိုတာဟာ စကားနှင့် အခင်မင်ဆုံးသူငယ်ချင်းသာဆိုတယ် ... ဘဝချင်း ကတော့ ခြားခဲ့ပြီ။ စကားတို့တက္ကသိုလ်တက်နေကြဆဲ ဒုတိယနှစ် ... နှစ်လယ်လောက်မှာပင် မာလာက သူချစ်သူ ကိုမျိုးနှင့်လက်ထပ်သွား

ခဲ့လေတာပါ။ ခုဆိုရင် သား:နှစ်ယောက်မိခင်တစ်ဦး:ပင် ဖြစ်နေခဲ့ပြီ။

မိဘသဘောတူသော၊ အလုပ်အကိုင် အဆင်ပြေသော၊ ရိုး:သား:ကြို:စား:သော ခင်ပွန်း:ကောင်း:တစ်ယောက်ကို ရခဲ့တာဆိုပေမယ့် ... နိုင်ငံခြား:သဘော်သား:တစ်ဦး:ဖြစ်သော ခင်ပွန်း:သည်က အမြဲလိုလို ခရီး:ထွက်နေရသည်ဖြစ်ရာ မာလာ့ခမျာ ... (သူကတော့ မျှောက်နှစ်ကောင်ဟုခေါ်သော) သား:တော်မောင် နှစ်ယောက်နှင့် ... အိမ်ထောင်မှုကိစ္စ ... ဗူလိနတ်စ အဝဝတို့နှင့် ဂျင်ခြေလည်နေတော့တာ ... သူမြင်လိုက်တိုင်း "ယား:လို့မှ မကုတ်အား:ဘူး:ဟော့" ဟူသော စကား:သံကိုသာ အရင်ဦး:စွာ ကြား:ရတတ်တာမျိုး: ဖြစ်ပါသည်။

ဒါကြောင့်မို့ သူတွေ့.ချင်ရင် ... သူနဲ့ အေး:အေး:ဆေး:ဆေး: စကား:ပြောချင်ရင် သူသား:တော်မောင်နှစ်ယောက်ကို သူကိုယ်တိုင် ကား:မောင်း:ကာ မူကြိုကျောင်း:သို့ လိုက်ပို့ထား:လိုက်ပြီး: ပြန်ရောက်ချိန်မျိုး:မှသာ အဆင်ပြေလေသည်။ ဒါတောင် မနည်း:ကြီး: အတိအကျမှန်း:ကာ ဖမ်း:နိုင်ပါမှ ... နို့မို့ဆိုမနက်ခင်း:ကျောင်း:ကအပြန်၊ အိမ်မှုကိစ္စအနည်း:ငယ်လာလုပ်လိုက်ပြီး:တာနှင့် မိန်း:မက ကား:တစ်စီး:နဲ့ ပြန်ထွက်သွား:တတ်ပြီ..."

"ပြဿနာမဟုတ်နိုင်တာကို ပြဿနာရှာဖို့ ကြို:စား:မနေပါနဲ့ စကား:ရယ် ... ဖြစ်နိုင်ရင် ငါတောင်မှ နင်နဲ့ နေရာချင်:တောင် လဲလိုက်ချင်သေး: ... ။ ဒါမှ အလုပ်မရှိ အလုပ်ရှာ ယောကျ်ား: ဝေယျာဝစ္စ လိုက်လုပ်ချင်

နေတဲ့ အိမ်ရှင်မ,ကောင်းကြီး ဒေါ်စကားတစ်ယောက် အမယ်လေး ... ကြောက်ပါပြီရှင့်လို့ အော်ဆင်းသွားမယ်"

"နင် ... ငါ့ကို နားမလည်ပါဘူး"

"အေးလေ .. မလည်ပါဘူး ... ငါကတော့ လည်ပါတယ်လို့ ပြောနေလို့လား"

"နားလဲမလည်ဘဲနဲ့ ဘာလို့လိုက်ဝေဖန်နေလဲ"

"သြော် ... မဝေဖန်ရဘူးလား ... ဒါဆိုလည်း အစောတည်းက ရှင်းရှင်းပဲ ကြိုပြောထားပါလား"

စကားက မာလာ့ကို မျက်စောင်းရွယ်လိုက်ကာ...

"တစ်ခုပဲပြောမယ် ... နင်တို့ လက်ထပ်ကြတုန်းက ဟန်းနီးမွန်းထွက်ရာကို ... ကိုမျိုးရဲ့ ကြီးဒေါ်ကြီးပါလိုက်လာမယ်ဆိုရင် နင်ကျေနပ်မလား ... ကဲ ..."

"ခုကော ... နင့်ကိုကိုရဲ့. ကြီးဒေါ်ကြီးက လိုက်လာလို့လား ဟဲ့ ..."

"ကြီးဒေါ်ကြီးကတော့ ဘယ်လိုက်ပါ့မလဲ ... ဒါပေမယ့် ဟိုလူကြီးလိုက်လာတယ်လေ ...."

"ဒါကတော့ ..."

"နေပါဦး ... ငါပြောပါရစေဦး ..."

စကားမှာ စိတ်နာနာနှင့်ပင် 'ငပလီခရီးစဉ်' အကြောင်းများပြန်ပြောင်း တ, သ ပြန်ပြောပြနေမိပါတော့သည်။

နှစ်ခန်းတွဲ ဘန်ဂလိုလေးတစ်လုံးမှာ ဟိုဘက်ခန်းက အဲဒီလူကြီးဖြစ်ပြီး ဒီဘက်မှာ စကားတို့ နေရန်ဟု စီမံထားကတည်းက အတော်ကြီး စိတ်ကုန်နေမိသော စကားမှာ... ချောင်းဟန့်လို့မှမရ၊ ကိုယ့်အချင်းချင်း စနောက်ဟန်လုပ်ကာ ရန်ဖြစ်ချင်ကြလို့မှမရ၊ ညဘက် ကော်ဖီသောက်ချင်လို့မှကိုယ့်ဘာသာ ဓါတ်ဘူးအဖုံးဖွင့်သံ၊ ပန်းကန်သံတွေ အနည်းငယ်လေးလောက်မှ ထွက်လို့မရ၊ ဘာဆိုဘာမှမရ၊ ဟိုဘက်ခန်းကနေပြီး အမြဲတစေ 'သတိ' ဆွဲ နားစွင့်နေဟန် ချည်းပဲရှိသည့် အဲဒီလူကြီးရဲ့. ဝတ္တရားလွန်မှုတွေနှင့် ကြုံလာရသောအခါမှာတော့ ဒေါသအမျက်တွေပါ တချောင်းချောင်း ထလာရပါတော့သည်။

သူမှာ ... ဘာပဲဖြစ်ဖြစ် ... "ကိုကို ... ဘာလို သလဲ"ဟူသော အသံသြသြကြီးနှင့် ပြေးလာဖို့လောက်သာ အကွက်ကောင်းချောင်းနေပုံရလေသည်။ မနက်,မနက် ရေကူးလိုင်းစီးကြပြီဆိုတော့လည်း တစ်မျိုး။ သူများတကာ ချစ်စခင်စ လင်မယားစုံတွဲလေး ပူးပူးကပ်ကပ် လိုင်းစီးဆော့ကစားရာမှာ သူက အလိုက်တသိနှင့် ဟိုဝေးဝေးမှာ နေပါတော့လား။ ခုတော့ မဟုတ်ပေါင်။

"ငါ့မှာဟယ် ... လိုင်းလုံးတစ်လုံး တက်လာတုန်း ကိုကို့ကိုနောက်ပြီး ကိုကို့ခေါင်းကို လိုင်းထဲအတင်း ဖိနှစ်ပစ်တာ...ကိုကိုကလည်း ဘာမှမဖြစ်ဘဲနဲ့ ငါကျေနပ်အောင် ဝူးဝူးဝါးဝါး ဟန်ဆောင်ပြတာပေါ့ ... ရေအနက်ကလည်းဟယ် ... လိုင်တက် လာတာတောင်

မှ ငါ့ရင်စိုလောက်ပဲ ရှိတာပါ ... လှိုင်း ပြန်ကျသွား ရင် ခါးလောက်ပဲ ကျန်မယ့်ဟာကို ... အဲဒါကို သူမှာ စိုးရိမ်တကြီး ပြာပြာသလဲနဲ့ ပြေးလာပြီး ... ကိုကို့ကိုဖိထားတဲ့ ငါ့လက်နှစ်ဖက်ကို အတင်းဆွဲ ဖြုတ်... ငါ့ကို တွန်းပစ်ပြီးမှ သူ လူကို အဲဒီခါးလောက် ရှိတဲ့ ရေထဲကနေ အတင်းကယ်ထုတ်တာဟဲ့"

" ဟား ဟား ဟား ဟား"

" အေး ... နင်ကတော့ ရယ်နိုင်တယ် ... ငါကတော့ လေ...ဒေါသ ဖြစ်လိုက်ရတာမှ အသားတွေတောင် အဆတ်ဆတ်တုန်တယ် ..."

ထမင်းစားသောက်ကြရင်ရောတဲ့။ ရောက်တုန်း ရောက်ခိုက် ထူးထူးခြားခြားပင်လယ်စာ၊ ဒေသစာတွေကို စကားကတဝကြီးမှာကြား စားသောက်သမျှ ... ဒင်းကြီးက မစားမီ အမြဲထမင်းဝိုင်းကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုပြီး သကာလ ..."

"ကိုကို ... ဒီဟာမစား‌နဲ့ ... ပင်လယ် အူနာဖြစ်မယ်၊ ကိုကို့ဗိုက်က ဒါမျိုးတွေနဲ့ စိတ်မချရပါဘူး ... ဒီငါး ကကျတော့ အစောကတည်းက လက်ပုံမပေါ်ဘူး၊ ကိုကို မှ မဟုတ်ဘူး ... မစကားပါ မစား‌ရင် အကောင်းဆုံးပဲ"

"အမယ် ... အဲ့ဒီလိုမျိုး ... ငါ့ပါလာပြီး စွတ်ဖက်ချင်တာဟဲ့ ... ဘယ်ရမလဲ ... တစ်ခါလောက်လက်သင့် ခံလိုက်ရင် တစ်သက်လုံး ဦးကျိုးပြီး ငါ့မှာလည်း "ကပ်မခွာ" ကြီးတစ်ယောက်အဖက်တင်နေမှာပေါ့ ...

ငါကတော့ သူတားဆီးတဲ့ဟင်းခွက်တွေကိုချည်း ဖိ,ဖိစားပစ်တယ်”

“အဲဒီတော့ ...”

“ဟီဟိ ... တစ်ညလုံး ဝမ်းသွားတာ ... ငါ့မှာ ဟိုဘက်ခန်းကနေ ဒင်းကြားမှာစိုးလို့ အသံလုံးဝမထွက်အောင် တိတ်တိတ်ကလေး ထ, ထ ရပြီး အိမ်သာတွေတက်လိုက်ရတာ ... ကိုကိုပါသိသွားရင်လည်း သူကိုလှမ်းနှိုးတော့မှာ စိုးလွန်းလို့ ... ကိုကိုပါ မနိုးအောင် မနည်းကြီး ... ဖြည်းဖြည်းကလေး လှုပ်ရှားနေရတာ၊ အီးပန်းတာကတစ်ဖက် ... အသံမမြည်အောင် လုပ်ရတာကတစ်ဖက်နဲ့ လူဆိုတာ သေလုမြောပါးပဲ ...”

“ဟား ဟား ဟား ... ကိုယ့် ဒုက္ခ ကိုယ်ရှာလို့ စကားရယ် ... အဲ့ဒီတော့ နင်တစ်ညလုံး အိမ်သာအခါခါ အလီလီထ,တက်နေတာကို အဲဒီလောက် အကွက်စေ့တဲ့အပါးတော်မြဲကြီးက လုံးလုံးမရိပ်မိလိုက်ဘူး ဆိုပါတော့ ...”

“ဘယ်ကလာ ... မနက်မိုးလင်းလို့ ဘန်ဂလိုတံခါးလည်း ဖွင့်လိုက်ရော ... တံခါးပေါက်ဝမှာ စားပွဲတစ်လုံး၊အဲဒီပေါ်မှာ (Imodium) အင်ဒီမိုယမ် (ဝမ်းပိတ်ဆေး) တစ်ကတ်နဲ့ ဓာတ်ဆားထုတ်နှစ်ထုပ် ... ပြီးတော့ ရေသန့်ဘူးက နှစ်ဘူးလေ ...”

မာလာမှာ အသံထွက်မလာတော့ဘဲ ‘တကိကိ’ နှင့်သာ ကျိတ်ရယ်နေပါတော့သည်။

"အဲဒီလို အသေးအဖွဲလေးတွေကအစ ငါက လိုက်တွက်နေတယ်ဆိုတော့ ငါကပဲ မဟုတ်သလိုလိုကြီးပေါ့ မာလာရယ်... ဒါပေမယ့် ... ငါသိပ်အသည်းယားတာကကိုကို့ ဆုံးဖြတ်ချက်တွေကို သူက လိုက်,လိုက်ပြီး ပြင်နေနိုင်တာကိုပဲ ... ကိုကိုက မလုပ်ဘူးဆိုပေမယ့် သူက လုပ်သင့်တယ်ဆိုရင် တစ်ခွန်းနှစ်ခွန်းလောက်ပဲငြင်းလိုက်ပြီးတာနဲ့ ထ, လုပ်တော့်တာပဲ ... ကိုကိုက လုပ်ဖို့ ရည်စူးထား ပြီးပေမယ့် သူက မလုပ်သင့်ဘူးကိုကို... ဆိုရင် ... ဟာ မလုပ်တော့ဘူး ... ကဲ"

"နင့်ကိုကိုက ဒီလောက်ကြီး စိတ်ပျော့ပျော့နဲ့ သူများစကားပဲ အောင်တတ်တဲ့ရုပ်မျိုးလည်း မရပါဘူး"

"မအောင်တတ်ပါဘူး ... ငါတောင် ချစ်စခင်စမို့ အလျော့ပေးအလိုလိုက်တတ်တာသာရှိတာ ငါ့စကားမို့သီးသန့်အောင်တယ်ဆိုတာမျိုး ရှိမှမရှိတာ ... တခြားသူတွေလည်း ဘယ်လိုပြောပြော ... ကိုကိုက သူ'နို့'ဆိုရင် 'နို့' (No) တစ်လုံးပဲ စိတ်သိပ်ခိုင်တာ ... ဒင်းနဲ့ကျကာမှ ဘယ်လိုဖြစ်တယ် မပြောတတ်တော့ပါဘူး ... ခက်တာက သူပြောတိုင်းလည်း အမှန်၊ အကောင်းတွေချည်း ဖြစ်နေတာဟဲ့ ... တစ်ခါတလေလောက်မျာ မဟုတ်တာမမှန်တာလေးပါလာရင်လည်းငါ့မှာအတင်းကြီးဝင်ဝက်ငြင်းပစ်လိုက်လို့ရကောင်းပါရဲ့. ... ခုတော့ ..."

"တော်သေးတာပေါ့ ... နင့်ကိုကိုက နင့်ကိုလာကြိုက်

တဲ့ ... လက်ထပ်တဲ့ကိစ္စမှာတော့ သူ့အကူအညီကို မယူခဲ့ပေလို့ ..."

"အမယ်လေး .... လေ .. မနေပါဘူးနော် ... ဘယ်သွားသွား ကပ်ပါနေတဲ့ဟာကြီးပဲဟာ ... ငါ့ကို သူနဲ့ကိုကို ပြိုင်တူမြင်ကြတာပါတဲ့ ... ကိုကိုက အဲဒါလေး ဘယ်နယ်လဲလို့ဆိုတော့ သူက ... မဆိုးပါဘူး ... ဒါလေးကတော့ ကိုကို့အတွက် အတော်ကြီး သင့်တော်နိုင်တယ်လို့ခွင့်ပြုချက်ပေးသနားလိုက်တာပါတာတဲ့ ... တစ်ပတ်လောက်လည်းကြာရော ... ငါ့အကြောင်းအားလုံး အသေးစိတ်စုံစမ်းပြီး ကိုကို့ဆီ သတင်းပို့၊ ထောက်ခံချက်ပေးတော့တာပဲတဲ့ ..."

"ဟယ် ... အဟုတ် ... ဒါဖြင့် သူခွင့်ပြုလို့ နင်တို့နှစ်ယောက် ကြိုက်ကြရတာပေါ့"

မာလာက တမင်ပင် စကားပိုပြီး စိတ်တိုလာအောင် အတို့အထောင်လုပ်ကာ စကားကို စနောက်လိုက်ပါသည်။ မာလာ့အပြောကြောင့် နဂိုကတည်းက အဲလိုကြီးခံစားထားရပြီးသား စကားမှာ အံ့အလေးကြိတ် ... လက်သီးလေးဆုပ်လိုက်မိတဲ့အထိပင် ဒေါသကထွက်လာရပါတော့သည်။

ကိုကိုကတော့ ... သူ့အပါးတော်မြဲကြီးကို သဘောကျနှစ်ခြိုက်ပုံမရသည့် စကားတစ်ယောက် စိတ်မှပြောင်းပါစေတော့ရယ်လို့ "ဒင်းကြီးကတော့ စကားကို သဘောကျလက်ခံပါသည်" ဆိုတဲ့အကြောင်းကို တမင်ပြောပြခဲ့လေတာပါ။ စကားကတော့ အဲဒီလို ပြောခါမှ ပိုပြီးတော့တောင်

အသည်းယားခံခက်သွားရတာကိုတော့ ကိုကို သိလိုက်ပုံမရပါချေ ...။

"ငါတောင် အဲဒီလူကြီးကို မြင်ဖူးချင်လာပြီ စကားရယ်"

"တွေ့.ရမှာပါ စိတ်ချ ... ငါနင့်ကို ဒင်းနဲ့တွေ့.ကိုတွေ့. ပေးပြီးတော့ နင့်ဆီက အကြံဉာဏ်တွေကို ငါယူရဦးမှာပါ ..."

"ဘာအကြံဉာဏ်တွေလဲဟဲ့ ..."

"ငါ ရှေ့.ဆက်ပြီး အကြာကြီးလည်း သည်းခံနေနိုင်မှာ မဟုတ်တော့ဘူး မာလာ"

မာလာက စကားကို မျက်လုံးလေးပြူးကာ ကြည့်လာပါသည်။ ဒါတောင် စကားက အဖြစ်အပျက်မှန်သမျှကို စကားကုန်ပြောပြရသေးတာ မဟုတ်ပါ။ ဟန်းနီးမွန်းခရီးကပြန်လာရပြီးတဲ့နောက်မှာလည်း ဒင်းကြီးက အမျိုးမျိုးအဖုံဖုံသော စွမ်းဆောင်မှုတို့နဲ့ စကားကို ကလိ, ကလိ ဖြစ်နေစေတာတွေ များလှပြီ။

စကားအနှောင့်အယှက်ဟု ယူဆသမျှတို့ကို ကိုကိုကတော့ ဘယ်နယ့်မှနေပုံမရတာကိုပဲ စကားမှာ အံ့အားတသင့်နှင့်ဖြစ်လို့မဆုံး။ စကားခံစားရသလောက်ဆိုရင် သူဟာကိုကို့ကို အငြိုးကြီးနဲ့များဖျက်လိုဖျက်ဆီး လုပ်နေရော့သလားဟုတောင်ထင်လာမိပြီး။ လူတစ်ယောက်ကိုမုန်းလင်းလို့မှ ကိုယ့်စောင်ကိုလှပ်ပြီး အိပ်ရာထက်က ထရသည့် အလုပ်ကလေးကအစ လုပ်ခွင့်မပေးဘူးဆိုတာ ဘယ်လောက်ဆိုးထားသလဲ ...။ အဲဒီလိုမှသာ ဘာမှ လုပ်ခွင့် မရတော့ရင်

အဲဒီလူဟာနောက်ဆုံးတစ်နေ့မှာ လက်တွေခြေတွေပါ ကြုံလို ပြီးသိမ်းသွားတော့မည် ... ဟု ကို စကားက အဆိုးဆုံးအထိ လိုက်တွက်ထားမိနေပြီ ...။

ကိုကိုကလည်း ကိုကို ...။ အပျင်းကြီးတာ လား... ဓိမ်ခံချင်လွန်းတာလား ...။သာမန်ထက်တော့လွန်ကဲလွန်း စွာ လူတစ်ဖက်သား ကို အား ကို း လွန်း နေတာကတော့ အမှန် ပဲဖြစ်သည်။ ပုံမှန်မဟုတ်သည့် ဖြစ်ရပ်ကြီးတွေမှာလည်း မတရားကြီးကို အသားကျ အကျင့်ပါနေခဲ့ပြီ။ ကိုကို့ ကြည့်ရ တာတကယ့်ကို ကေရာဇ်သခင်ကြီးတစ်ယောက်ကျလို့ ...။ ဟိုးရှေးခေတ်က ရှင်ဘုရင်ကြီးတွေတောင်မှ ကိုကို့လောက် ဓိမ်ခံအပျင်းကြီးခွင့် ရခဲ့မည်မထင်ပါ။

"ငါ ဒေါသဖြစ်ရတာက သူလုပ်နေပုံကြီးတွေကြောင့် ကိုကိုလည်း တစ်နေ့တစ်ခြား ပို, ပိုပျက်စီးလာနေပြီလို့ ထင်တာလည်းပါတယ် ..."

"အဲသလိုထင်ရင်တော့ တစ်နေ့တစ်ခြားပျက်တာ မဖြစ် နိုင်တော့ဘူး။ လုံးလုံးကို ပျက်နေပြီလို့သာ သဘော ထားလိုက်ပါတော့ဟာ။ဆယ့်ခြောက်နှစ်သားကတည်းက အတူနေလာတာပါဆိုမှ ... ဒီအဖြစ်အပျက်တွေနဲ့အသား ကျနေတာကပဲ ... ဆယ့်လေးငါးနှစ်လောက်တောင် ရှိနေပြီပဲဟာ ...."

"ဟုတ်ပါ့ စိတ်ကုန်တယ် "

"သူက ဘယ်လိုလုပ်ပြီး နင့်ကိုကိုဆီ ရောက်လာရတာ လဲ..."

" ကိုကို့ ကြီးဒေါ်ကြီးပေါ့ဟာ ... အဘွားကြီးက နည်းနည်းခေတ်ဆန်ချင်တယ် ... ခုပဲကြည့်ပါလား: ... ငါတို့အိမ်က ကြီးဒေါ်၊ မိကြီးတွေလို ... တစ်ဦးတည်း သောတူကလေးတွေနဲ့ တူမချွေးမတို့နဲ့ အတူလာမနေတာ ကိုပဲကြည့်လေ ... ကိုကိုကို ငယ်ငယ်လေးတည်းက ထိန်းကျောင်း မွေးစားခဲ့တယ် ဆိုပေမယ့် ဆယ်တန်း အောင်ပြီးကတည်းက အရွယ်ရောက်ပြီလို့ သတ်မှတ်ပြီး အိမ်ခွဲတာဟာ ..."

"ဟယ် ... တစ်မျိုးပဲ ..."

"အေး ... သူကလည်း စီးပွားရေးကိစ္စတွေနဲ့. နိုင်ငံခြားတိုင်းပြည်တွေမှာ နှစ်နဲ့ချီပြီး သွားနေရတာမျိုးတွေဘာတွေလည်း ရှိတာကိုး ... ဒါပေမယ့် မြန်မာပြည်ကိုပြန်ရောက်နေတုန်း အခိုက်လည်း တူတူမနေကြပါဘူးတဲ့ ... အဲဒီမှာ သူ တူအတွက် စိတ်ချရမယ့် လူယုံတစ်ယောက်ကို သူကရှာပေးခဲ့တာပေါ့ ... အသက်အရွယ်ချင်း၊ ဉာဏ်ရည်ချင်း၊ အဆင့်အတန်းချင်း မတိမ်းမယိမ်းထဲကပဲ တမင်ရှာပေးခဲ့တာတဲ့ ... အဘွားကြီးရဲ့.ကျေးဇူးခံ၊ ကျေးဇူးစား မိသာစုထဲက သားတစ်ယောက်ကို စိတ်ကြိုက်ကောက်ပြီး ... ကိုယ့်တူကလေးအနာ: ချထား:ပေးခဲ့တဲ့သဘောပေါ့ ... အဲဒီလူကြီးရဲ့. လုပ်ပုံကိုင်ပုံမှန်သမျှဟာလည်း အဘွားကြီးရဲ့. (Train) (သင်ကြားပြသမှု) အတိုင်းပဲတဲ့ ..."

"ဒီလို ဆိုရင်တော့ ငါက မြင်တောင်မှ မမြင်ရသေး

ပဲနဲ့ ... နင်ပြောတဲ့ ကိုအဲပွား:ကြီး:ကိုတောင်မှ ပြန်သနား:လာပါပြီ"

"အမယ် ... ဘာဆိုင်လို့လဲ"

"နင်စဉ်း:စား:ကြည့်လေ ... သူခမျာ ... သူ့ရဲ့ တစ်ဘဝလုံး:ကို နင့်လူအတွက် စတေး:ပစ်လိုက်ရသလို ဖြစ်နေပေဘူး:လား: ..."

"အောင်မာ ... သူဘယ်သူက စတေး:ခိုင်း:လို့လဲ ..."

"အဘွား:ကြီး:ကလေ ... ကျေး:ဇူး:ခံ ကျေး:ဇူး:စား:တွေဆို..."

"ဒါပေမယ့် အဲဒီလောက်ကြီး: ... တာဝန်ကျေရုံမကပိုလွန်နေလောက်အောင်ကြီး:အထိ လုပ်ကိုလုပ်ရမယ်လို့တော့ ကြီး:ဒေါ်ကြီး:က အမိန့်ချခဲ့မယ် မထင်ပါဘူး:ဟယ် ... သူဘာသာသူ ပိုနေတာပဲ ဖြစ်မှာပါ"

"အံ့သြစရာနော် ... သူဘဝရှေ့ရေး:ကိုရော သူ မစဉ်း:စား:တော့ဘူး:လား: ... တစ်သက်လုံး: ဒီလူတစ်ယောက်နား:မှာပဲ တကပ်ကပ်နဲ့ လူပျိုကြီး:ဘဝနဲ့ပဲ အရိုး:ထုတ်တော့မှာလား: ..."

မာလာ့စကား:ကိုကြား:မှပင်စကား:ကာကိုယ်ခန္ဓာလေး: မတ်ကနဲဖြစ်သွား:ရကာ "ဟုတ်သား:ပဲ" ဟု ခေါင်း:ထဲတွေး:လိုက်မိပါသည်။ ကိုကိုတောင်မှ အိမ်ထောင်ပြုလိုက်ပြီပဲဟာ ...။ သူလည်း: အသက်ပဲ သုံး:ဆယ်ကျော်နေပြီ။ အချိန်တန်နေပြီပဲဟာ ...။ သူသာ အိမ်ထောင်ပြုလိုက်ပြီဆိုရင်တော့ "အိုကေ" ပဲ ... ။ ကိုယ့်အိမ်ယာ၊ ကိုယ့်မိန်း:မ၊ ကိုယ့်

မိသားစုတစ်ခု ရှိလာတော့မည်ဖြစ်သာ သူတစ်ဦးဟာ သူနဲ့ ဘာမှမတော်စပ်သည့် သူတစ်ဦးရဲ့ အပါးမှာ ခုလောက်ထိ တကပ်ကပ်တပူးပူး ... နေ့နေ့ညည ကြီး နေနိုင်ဦးမှာတဲ့လား။

"အေး ... ဟုတ်တယ် ... နင်ပြောတာ သိပ်ကောင်းတာပဲ...။ သူ အိမ်ထောင်ပြုသွားရင် ကောင်းမယ် ... ငါ ကိုကို့ကို အဲဒါပြောပြီး တိုက်တွန်းဦးမယ် ... ဟုတ်ပြီ"

"ငါကတော့ လွယ်မယ်မထင်ဘူး ... ဆယ့်ငါးနှစ်နီးပါး...အရှင်သခင် .... ယောကျ်ားကြီးတစ်ယောက် နားကပ်နေတဲ့ သူကြီးတစ်ယောက်မှာ မိန်းမပိုးချိန်လည်းရှိမှာမဟုတ်ဘူး ... ဘယ်မိန်းမကိုလည်း စိတ်ဝင်တစားနဲ့ အချိန်ပေးမိမယ် မထင်ဘူး ..."

"နင်ကလည်းဟာ ... အပျက်စကားကို မဆိုစမ်းပါနဲ့၊ သူဟာနဲ့သူ မရှိဘူးဆိုရင်တောင် ကိုကိုက ကြည့်ရှုရှာဖွေပေးရင် ရတာပဲ ... ဘာပဲပြောပြော ကိုကိုက သူ့ဆရာ ... သူအုပ်ထိန်းသူသဘော နေရာမှာတော့ ရှိတာပဲဟာ ... ကိုကိုစီစဉ်ရင်တော့ သူငြင်းမယ် မထင်ဘူး ..."

"ရမယ်ထင်ရင်တော့လုပ်လေ ... ဒီနည်းနဲ့ သူတို့ချင်းဝေးကွာသွားကြမယ်ဆိုရင်တော့လည်း နင့်အတွက်ကကောင်းသားပဲ ... ဒါပေမယ့် ကြိုစဉ်းစားထားဦးနော်၊ ငါကတော့ ဂျင်ခြေလည်အောင် အလုပ်ရှုပ်နေရတဲ့သူဆိုတော့ အလုပ်ကို ကြောက်တဲ့ဘက်ကချည်း အမြဲ

ဦးစားပေးတွေးမိတာချည်းပဲ ... သူထွက်သွားတာနဲ့ သူနေရာကို နင် ဝင်ရတော့မှာနော် ... သူလောက် နင် မနားတမ်း အကွက်စေ့နိုင်ပါ့မလား ... နင့်ကိုကို ကတော့အဲဒီပုံစံကြီးထဲမှာ အသားသေနေပြီပေါ့နော် ..."

"ဒါကတော့ အစပထမမှာတော့ သူလိုပဲ အားလုံးလိုက် အကွက်စေ့ပြီးမှ ... တဖြည်းဖြည်းချင်း မသိမသာနဲ့ ကိုယ့်ပုံစံဘက် ပြန်ဆွဲသွင်းယူရမှာပေါ့ဟဲ့ ... ငါ့မေမေ လုပ်နေကိုင်နေတာမျိုးတွေလောက်တော့ ငါတတ်နိုင်ပါလိမ့်မယ် ..."

"အေး တတ်နိုင်ရင်တော့ လုပ်ကြည့်လေ ... ငါကတော့ ယောကျ်ားဝယျာဝစ္စဆိုတာတွေကို စိတ်ကုန်လွန်းလို့ ကိုမျိုး အဝေးရောက်နေရင် ... အိမ်ထောင်ဦးစီး ယောကျ်ားတစ်ယောက် လုပ်ရမယ့်ကိစ္စတွေမှာ ငါဝင် ပါနေရင် .... ကိုမျိုးမျှားရှိရင် ဘယ်လောက် ကောင်း လိုက်မလဲလို့ အမြဲတ, မိတယ် ... ဟာ ... သူလည်း ပြန်ရောက်ရော ... နှစ်ပတ်လောက်ပြည့်ပြီးတာနဲ့ သူမရှိတာကမှ ကောင်းသေးလို့ ဆလဲပြန်သမိရော ပဲ...ယောကျ်ားဆိုတာမျာ ... သိပ်အလုပ်ရှုပ်တာပဲ၊ မိန်းမတွေကို သူတို့က ဘက်စုံအသုံးဝင်တဲ့ ကျွန်ကြီး တွေလို့ ထင်နေကြတာ ... ဟာ"

အဲဒီလို ဘက်စုံအသုံးဝင်တဲ့ ကျွန်ကြီးမျိုး ဖြစ်ချင်တာတောင် ဖြစ်ခွင့်မရသေးတဲ့ဘဝမို့ စိတ်ညစ်နေရတဲ့သူ ပါ မာလာရယ် ... လို့မျာ ဆိုလိုက်ရင် မာလာကတော့

စကားကို "ဝင့်မကုန်တဲ့မိန်းမ" ဟု ရွတ်ချချင်နေပေလိမ့်မည်။

"လုပ်မှဖြစ်မယ်မာလာ ... လုပ်ကိုလုပ်မှ ဖြစ်မယ် ... ခုငါ့စိတ်ထဲမှာ ဘယ်လိုခံစားနေရလဲ နင်သိလား:"

"ဘယ်လိုလဲ"

"ဖွ .... မပြောကောင်း ပြောကောင်း ... ငါ့ကိုငါ အငယ်အနောင်းတစ်ယောက်လိုပဲ ... ငါ့ယောကျ်ားမှာ မယားကြီးတစ်ယောက် ရှိနေနှင့်ပြီးသလိုပဲ ..."

မာလာကအသံကျယ်ကြီးနှင့် ဟက်ဟက်ပတ်ပတ်ပင် အော်ရယ်လိုကတော့ကာ ....

"ဖြစ်ရလေစကားရယ် ... ဒါတောင် ယောကျ်ားကြီး အချင်းချင်းမို့ နင်ဒီလောက်နော် ... အဲဒီ အံ့ပွားဆိုတာ များမိန်းမကြီးဖြစ်နေရင် နင် ထွန့်ထွန့်ကို လူးနေတော့မှာပဲထင်ပါရဲ့ ...."

"ဖြစ်စရာလား ... မိန်းမကြီးဆိုလို့ကတော့ ဘယ်သူမျက်နှာမှ ထောက်မနေတော့ဘူး ... ချက်ချင်းကို အလုပ်ဖြုတ်ပစ်လိုက်မှာပဲ ... ဒါပေမယ့် ခုလည်းပဲ မထူးပါဘူး ... မိန်းမကြီး မဖြစ်ရုံတမယ်ပါပဲ"

"ဘာလို့လဲ"

"သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်တွယ်သံယောဇဉ်ရှိကြတာပဲ ... အို ... ချစ်ကိုချစ်နေကြတာပါ ... ငါသေချင်တယ် ... တကယ်ပဲ ..."

မာလာကတော့ ရယ်လို့ချည်း နေလေသည်။

ရာသီဥတု အခြေအနေ အတော်ကြီးကောင်းမွန်သာယာသော ညနေခင်းတစ်ခုမှာ ကိုကိုကလည်း ရုံးမှ ခပ်စောစောပင် ပြန်လာသဖြင့် ... စကားက ထိုနေ့ညနေကို နေကောင်းရက်သာအဖြစ် ရွေးချယ်သက်မှတ်လိုက်ပါသည်။

နေကောင်းရက်သာ ရွေးပြီးသော် စကားမှာ အဓိကတာဝန်ကြီးတစ်ရပ် ကျန်နေပေသေးသည်။ ဤ အရာကား ... ညအိပ်ရာဝင်ချိန် မကျရောက်မချင်း တစ်ဦးနှင့် တစ်ဦး "နှစ်လံ" ခန့်အကွာအဝေးထက် ပိုပြီးမကွာဝေးစေသည့်အချစ်တော်ကြီး နှစ်ယောက်တို့ကို တတ်နိုင်သမျှ ... ဝေးနိုင်သမျှ ဝေးကွာအောင် ခွဲထားဖို့ပင်တည်း။

"ကိုကို ... ရာသီဥတုလေးက သာယာလိုက်တာကွာ ကိုကိုလည်း စောစောပြန်ရောက်တုန်း စကားတို့ ... အပြင်ထွက်လည်ကြရအောင်..."

"ဘယ်လဲစကားရယ် ..."

"ဘယ်ရယ်မဟုတ်ပါဘူး ကိုကိုရာ ... ကား လျှောက်မောင်းကြတာပဲဖြစ်ဖြစ်ပေါ့ ... ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲ ..."

"ဒါပေမယ့် ဟိုလူကြီးကိုတော့ မခေါ်ခဲ့နဲ့ ..."

ကိုကိုက စကားကိုကြည့်ကာ ဟက်ဟက်ပက်ပက်ပင်ရယ်သည်။

"ဟား ဟား ... စကား:တစ်ယောက်တည်း:လည်း ဒီကိုပွား ကိုပဲ ကြည့်မရနိုင် ဖြစ်နေတော့တာကို: ... ဒုက္ခပဲ ... ဟား ဟား:"

"ကြည်မရနိုင် ဖြစ်နေတာ မဟုတ်ပါဘူး ကိုကိုရာ..."

ကိုကို အဲဒီလိုထင်သွား:လို့ မဖြစ်ဘူး:လေ ... စကား:က ဒီညနေမှာ အဲဒီလူကြီး:အပေါ် အလွန်စေတနာရှိနေသော ... အဲဒီလူကြီး:ရဲ့ ကောင်း:ရာကောင်း:ကြောင်း:ကို စဉ်း:စား:ပေး:သော ... ကိုယ့်ဖို့ထက် သူဖို့သာ ကြည်း:ပေး:တတ်သော စေတနာမေတ္တာရှင်ကြီး:တစ်ယောက်အဖြစ် ဟန်ဆောင်ရဦး:မှာလေ ...။

"စကား:က ကိုယ့်လင်မယား:နှစ်ယောက်တည်း: အေး: အေး:ဆေး:ဆေး: စကား:စမြည်လေး:ဘာလေး:ပြောရင်း: လေညှင်း:ခံ၊ တစ်ခုခုစား:သောက်ကြဖို့ကို ရည်ရွယ်လို့ ပါ...သူပါပါနေတော့ တစ်ဝိုင်း:တည်း:ထိုင်ကြရရင် လည်း:စကား:မှာ မလွတ်လပ် .... သူတစ်ဝိုင်း: ကိုယ် တစ်ဝိုင်း: စား:သောက်ကြမယ်ဆိုတော့လည်း: တစ်မျိုး:ကြီး:ကွာ ... ဘယ်လိုကြီး:မှန်း: မသိပါဘူး: ..."

"အပြင်မထွက်ကြပါတော့စို့နဲ့ စကား:ရယ် .... ဟိုမှာ ကြည့်စမ်း: .. ဟိုး:ခြံထဲမှာ ခုံဖြူဖြူလေး:တွေ ... တွေ့ရဲ့လား: ... အဲဒီမှာပဲ သွား:ဆင်း:ထိုင်ပြီး: တစ်ခုခုစား:ရင်း:နဲ့ စကား:ပြောကြတာပေါ့ ... အဲဒီမှာလည်း: လွတ်လွတ်လပ်လပ်ရှိတာပဲ ... အေး:အေး:ဆေး:ဆေး: ပြောလို့ စား:လို့ရတာပဲ ..."

စကား:မျက်နှာလေး:က မထိန်း:နိုင်လိုက်ပဲ ခပ်အိုအိုဖြစ်သွား:တာကို ရိပ်မိပုံရသည့် ကိုကိုက ပျာပျာသလဲပင် ...

"ဗလကြီး:ကို မခေါ်ရဘူး:ဆိုလို့ အပြင်မထွက်တော့်တာ မဟုတ်ဘူး:နော် ... ဒီညနေအဖို့ ကိုကိုကိုယ်တိုင်က အပြင်ကို တစ်ခါထပ်မထွက်ချင်တော့လို့ပါ ... ငြီး:စီစီကြီး:ဖြစ်နေလို့ တမင်အလုပ်ကတောင် စောစောပြန်လာတာ ... စကား:ရဲ့"

အလုပ်ပင်ပန်း:လာသော အိမ်ဦး:စီး:ခင်ပွန်း:သည် ကိုစိတ်လုပ်နေလျှင် စကား:ပဲ အလွန်ဖြစ်ပါမည်။ စကား:က "ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ" ဟု မြန်မြန်လက်သင့်ခံလိုက်ပြီး သကာလ ... စေတနာ၊ မေတ္တာရှင်ကြီး:အဖြစ် ဟန်ဆောင်ထား:လိုသော မျက်နှာဖုံး:တစ်ခုကတော့ အတော်ကြီး:ကွာကျ ပျောက်ပျက်သွား:တော့ကာ ...

"ဒါဆိုရင်လည်း သူဗလကြီး:ကိုတော့ အနာ:မလာစေ နဲ့... ဒါပဲ ..."

ကိုကိုတို့ ဘာလိုအပ်မလဲ သူပဲစီမံတတ်တာလေ စကား:ရဲ့....ကိုကိုတို့ စား:သောက်နေကြဖို့အတွက် လိုအပ်တာတွေကို လှမ်း:အော်ခေါ်တောင်း:မနေရဘဲ ကြည့်ရှုအကဲခတ်စီမံနေဖို့ သူလိုအပ်တာပေါ့ ..."

"မရဘူး ... မရဘူး .... အဲဒါဆိုလည်း အနီး:ဆုံး:ပေါ်တီကိုအောက်လောက်မှာပဲ ရပ်နေပစေ ... ဒီထက်ရှေ့တိုး:မလာစေနဲ့ .... ဘာလိုအပ်မလဲဆိုတာ အဲဒီကပဲ

လှမ်းကြည့်ပစေ ..."

"ဟာ ... အဝေးကြီးပဲ ... ဘယ်လိုလုပ်မြင်ရပါ့မလဲ"

"အို ... သူက အစစအရာရာ တော်တယ်ဆို ... အဲဒီလောက်တော့ လုပ်တတ်တာပေါ့"

ကိုကိုက စကားကို ပြုံးစေ့စေ့စျင် ဟန် အပြည့်နှင့် ...

"စကား ... စကား ... စကားရဲ့. စကားတွေထဲကကို ဇာတိကပြနေတော့တာပဲ ... ဒါနဲ့များတောင် ကိုပွားကို မကျေနပ်တာမရှိပါဘူးဆို ..."

"အို သူများက လွတ်လတ်လပ်လပ် စကားပြောမလို့ဟာပါဆိုနေမှ"

"သူကြားသွားတော့ရော ဘာဖြစ်သေးလဲ ... သူ က အရမ်းလည်း နှုတ်လုံတယ် ... တစ်ခုခုဆိုရင် အကြံကောင်းဉာဏ်ကောင်းလည်းပေးနိုင်တယ်"

စကားမှာ ဆေးများမိထားသလားပင် ထင်ရတော့သော ကိုကိုကို စိတ်ပျက်လက်ပျက်နှင့်ပင် ကြည့်လိုက်မိတော့ကာ ...

"ခုပြောမှာက သူအကြောင်းဆိုတော့ စကားကတော့ သူကြားအောင် မပြောနိုင်ဘူး ... ဒါပဲ ... ခြံထဲဆင်းလို့မှအနားမှာ လိုက်ကပ်ရပ်ပြီး နေ, နေဦးမယ်ဆိုရင်တော့ ... ခြံထဲလည်းမဆင်းဘူး ... ဒီအိပ်ခန်းထဲမှာပဲနေမယ် ... ဒီမှာပဲပြောမယ် ... သူ့စက်ကွင်းက လွတ်နိုင်တာဆိုလို့ ဒီလင်မယား အိပ်ခန်းတစ်ခုပဲရှိ

တာ ... ဒါတောင် အသား:လွတ်ကြီး မဟုတ်သေး ဘူး.. တစ်ချို့.အချိန်တွေကျ စွတ်ရွတ်ပြီး ဝင်ရင် ဝင်ချလာသေး:တာ"

ကိုကို ကသူလူထိတော့ မခံနိုင်ပုံနှင့် ... "သူ အချိန်နဲ့သူ ... စနစ်တကျ စည်း:ကမ်း:တကျ ... တံခါး:ခေါက်ပြီး:မှဝင်ထွက်တာပါကွာ ... စကား:ပြောသလို စွတ်ရွတ်ပြီး: အချိန်မှ၇ အချိန်၇ စွတ်ကယ် စွတ်ကယ်နဲ့ ဝင်ထွက်နေတာမျိုး: မဟုတ်ပါဘူး: ..."ဟု တစ်ကိုယ်တည်း: ပြောဆိုနေရင်း: ... အခန်း:တံခါး:ကိုဖွင့်ကာ အပြင်သို့ ထွက်သွား:ပြီး: (အခန်း:ဝနား: လေးလောက်မှာတင် ရှိကိုရှိနေမည်မှာ သေချာပေါက်ပင်ဖြစ်သော) သူ့ တပည့်ကျော်ကြီး:နှင့် စကား:သွား:ပြော ... ခြံထဲဆင်း:ထိုင်ကြဖို့ကို စီစဉ်နေစေတော့သည်။

ကိုကိုပြန်ဝင်လာသောအခါ တမင်ကို ဆက် စောင့်နေသည့်စကား:က စကား:စကို အပြတ်မခံဘဲ ... တိတိ လင်း:လင်း:ပင် ...

"စည်းကမ်း:ပဲကျကျ ... စနစ်ပဲကျကျ ... ဘာပဲဖြစ်ဖြစ်...စကား:ကတော့ လင်မယား:နှစ်ယောက်ခန်း:ထဲ ကိုသူစိမ်း:ယောက်ျား:ကြီး:တစ်ယောက် ဝင်ထွက်နေတာကို မကြိုက်ပါဘူး: ..."

"ကောင်မလေး:တွေလည်း: အခန်း:ရှင်း:တာ ... အဝတ် ဟောင်း:ယူတာနဲ့ပဲဝင်ထွက်နေကြတာပဲ စကား:ရဲ့. ..."

"တူမလား: ... ဟိုဟာက မိန်း:ကလေး:တွေ"

"မိန်း:ကလေး:တွေဆိုတော့ ကိုကို့အနေနဲ့က တစ်မျိုး:

ကြီးဖြစ်တာပေါ့ ... ကိုကို့အခန်းထဲကို မွေးကတည်းက သူစိမ်းမိန်းကလေးတွေ တစ်ခါမှ ဝင်ထွက်ဖူးတာ မဟုတ်ဘူး ... ကိုကိုကြိုက်လည်းမကြိုက်ဘူး .... ခုဟာကတော့ စကားက စကားရဲ့.ဝေယျာဝစ္စမှန်သမျှကို မိန်းကလေးတွေပဲ ဝင်ထွက်လုပ်ကိုင်စေရမယ်ဆိုလို့ ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် ဝင်ထွက်နေကြတာကို ... ကိုကို့မှာ မနေတက်ဘဲနဲ့ စကားအတွက်မို့ အောင့်အီးသည်းခံနေရတာ စကားရဲ့. ..."

ဩော် ... ဒီလိုဆိုတော့ စကားသည်လည်းပဲ 'ကိုကို့အတွက်' ဆိုတဲ့အချက်ကိုပဲငဲ့ပြီး သည်သူစိမ်းယောကျ်ား ကြီးဝင်ထွက်နေတာကို သည်းခံချေပါ့ ... ဟုတ်လား။ စကားမှာအိမ်ထောင်သက် လပိုင်းကလေးအတွင်း ကိုကို့ကို ပထမဦးဆုံးအကြိမ်အဖြစ် အမြင်ကပ်မုန်းတီးသွားမိပါသည်။ သူကတော့ သူ့ဟာနဲ့သူ တရားမျှတလှချည့်ရဲ့. မြင်ချင်မြင်နေရှာမည်။ စကားမှာတော့ ဘယ်အိမ်ထောင်ရှင် မိန်းမမှ ကြုံဖူးကြမည် မထင်သော ကိုယ့်အိပ်ခန်းထဲကို သူစိမ်းယောကျ်ားကြီးတစ်ယောက် ဝင်ထွက်နေခြင်းကိစ္စမှာ အတော်ကြီးကို ခါးသီးအောင့်အည်းကျိမ်းနေရပါလေပြီ။

အဲဒါကြောင့် မေမေက အိမ်ထောင်သည်ဘဝသို့ ချီတက်တော့မည့် သမီးငယ် စကားကို ပဲ့ပြင်သင်ကြားသြဝါဒတွေ ပေးခဲ့စဉ်အခါက "ယောကျ်ားဆိုတာမျိုးဟာ ရာခိုင်နှုန်းအနည်းနဲ့အများပဲကွာမယ် ... ယောကျ်ားတစ်ရာမှာ တစ်ရာစလုံးကတော့ တစ်ကိုယ်ကောင်း ဆန်ချင်တတ်ကြတဲ့ လူချည်း

ပဲသမီး... အေး ... တစ်ကိုယ်ကောင်းဆန်တတ်တဲ့ ရာခိုင်နှုန်းကလည်းနည်းမယ် ... ကိုယ့်ကိုလည်း မြတ်မြတ်နိုးနိုးနဲ့ချစ်ခင်နေဆဲဖြစ်ဆိုတဲ့ အချိန်မျိုးမှာ မိန်းမလုပ်သူကတော်ရင်တော်သလို ... သူတို့ပါလာတဲ့ ဗီဇသွေးသန္ဓေကိုတတ်နိုင်သမျှ ပျောက်ပျက်နေအောင် လုပ်ထားတတ်ရတယ်၊ ဒါမှ မိန်းမတွေအတွက် နေပျော်စရာ အိမ်ထောင်သည်ဘဝဟာကြာရှည်မှာပေါ့ ...။

ဒါတောင် .... ငယ်ငယ်တုန်းက တစ်ကိုယ်ကောင်းစိတ်နည်းပါးခဲ့ပါတယ်ဆိုတဲ့ ယောကျ်ားမျိုးတောင်မှ ... ကြီးလာတဲ့အခါမှာ ... ကိုယ်နဲ့ သူနဲ့ကလည်း ငယ်တုန်းကလို အရူးအမူးချစ်ကြတာမျိုး မဟုတ်တော့ဘဲ ... သူငယ်ချင်းလို ... မိတ်ဆွေကောင်းကြီးတွေလို သံယောဇဉ်တွေနဲ့ပဲ ဆက်လက်ပေါင်းသင်းနေကြပြီ ဆိုတဲ့အခါမှာ ... သူတို့ရဲ့တစ်ကိုယ်ကောင်းစိတ်တွေက ပြန်ရုန်းကြွများပြားလာတတ်သေးတာမျိုးလေ ...။

အဲဒီတော့ ကိုယ့်ကိုချစ်နေတုန်းအချိန် ... ငယ်တုန်းရွယ်တုန်း အချိန်မျိုးမှာ ကိုယ်က ထိန်းထိန်းသိမ်းသိမ်းနဲ့သူတို့ရဲ့ တစ်ကိုယ်ကောင်းစိတ်တွေကို လျော့ပါးအောင် ပျောက်နေအောင် မလုပ်တတ် ... မလုပ်နိုင်ခဲ့ဘူးဆိုရင်တော့ အိမ်ထောင်ရေးဘဝကို ငါ့သမီး ခဏကလေးနဲ့ စိတ်ကုန်စိတ်ပျက်သွားလိမ့်မယ် ...” တဲ့။

စကားကတော့ခက်ပြီ။ မေမေသွန်သင်ဆုံးမနေစဉ်ကာလကတော့ ရင်ခုန်စရာ အိမ်ထောင်ဦး ... အိမ်ထောင်

သည်ဘဝမျိုးလောက်ကိုပဲ မျက်မွေးတစ်ဆုံးလောက်သာ တွေးကာ ပျော်ရွှင်ကြည်နူးစိတ်တွေချည်း စိုးမိုးများပြားနေခဲ့သည့် စကားက "တစ်ကိုယ်ကောင်းစိတ်" ဆိုတာကြီးကို သိပ်ကြီးဆိုးမည်မဟုတ် ... ဟုသာ အထင်ရောက်ခဲ့မိပါသည်။ ခုတော့ အဲတာကြီးနှင့် စကားနှင့် အချိန်ကာလ စောစီးစွာပင် ဒက်ထိတိုးကြလေပြီ။

ကိုကိုဟာ မေမေပြောသည့် ယောကျ်ားအမျိုးအစားများထဲမှာ ဘယ်ထဲကလောက်များပါလိမ့်။ ရာခိုင်နှုန်းနည်းသူလား၊ များသူလား။"တစ်ကိုယ်ကောင်းစိတ် လုံးဝမရှိသူ"ဟုတော့စကား(ချစ်တတ်တာတစ်ခုကလွဲပြီးဘာမှမသိနားမလည်မိသည့် ကာလများကလို မျက်စိမှိတ်ပြီးတော့) မြင်းနိုင်တော့ပြီ ...။ ခုပဲ လက်တွေ့လေ ...။ ကြည့်ရတာတော့...မနက် အိပ်ရာက နိုးထလာလို့မှ ကိုယ်တိုင်ကိုယ်ကျစောင်မခွာ ... ထ, မထွက်တတ်သည့် ယောကျ်ားမျိုးဟာ တစ်ကိုယ်ကောင်းစိတ်ထား ရာခိုင်နှုန်းအတော်ကြီးများမည့် သူမျိုးထင်ပါရဲ့ ...။

ဘုရား ... ဘုရား ... အဲဒါမှ ဒုက္ခပဲ ...။ စကားကလည်း မေမေပြောသလို လိမ္မာကျွမ်းကျင်စွာ 'လျော့ပါးပျောက်ပျက်'အောင် လုပ်တတ်မယ့်သူမျိုးမဟုတ်။ (ကိုယ့်အကြောင်းကိုသာ သိပါသည်။) ကိုကိုကလည်း ရာခိုင်နှုန်းခပ်များများထဲကဆိုရင်တော့ ...။ ဘုရားသိကြားမ, လို့ ... မေမေပြောသလို စကားဟာ အိမ်ထောင်ရေးဘဝကြီးကို ခဏနဲ့စိတ်ကုန်သွားသူမျိုးမဖြစ်ပါရစေနဲ့ ... စကားဟာ ပျော်

ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝမျိုးကိုပဲ သက်တမ်းစေ့လို့ဘဝကူးသည်အထိ စိတ်ချလက်ချ ပိုင်ဆိုင်သွားချင်သူမျိုးပါ...။

စကားမှာ ခုချက်ချင်းပင် ပြေးပြီး မမေ့အိမ်ပြန်ကာ "မေမေရေ ... စကားတော့ခက်ပြီ ... ကူပါဦးမေမေရယ်...စကားဘယ်လိုများ လုပ်ရပါမလဲနော် ..." ဟု ပြေးလို့သာအကူအညီတောင်းလိုက်ချင်မိပါတော့သည်။

"ကဲ စကားလေး ... လာ ... လာ ... ဘာမဟုတ်တာလေးနဲ့ စိတ်ကောက်ဖို့ ကြိုးစားကြဲရွယ်မနေနဲ့ ... စကားပဲ ရာသီဥတုကလေးက သိပ်သာယာတယ်ဆိုတော်ကြာ စိတ်တွေကောက်ပြီး ကုန်ဆုံးသွားရရင် နှမြောစရာကြီး ... ကဲ .. လာ လာ ..."

စကားမှာ ကိုကို စကားပခုံးလေးကို ခပ်ဖွဖွလေးဖက်လိုက်ကာ ဆွဲခေါ်လာရာနောက်သို့ အသာတကြည်လေးပင် လိုက်ပါလာခဲ့ပါသည်။ ကိုကိုပြောသလိုပင် သာယာလှပသော ညနေခင်းကို စကားက မပျက်စီးစေချင်ပါ။ ပြီးကျတော့လည်း ရည်ရွယ်ချက်တစ်ခုနှင့် အကွက်ချထားသည့်စကားရဲ့အစီအစဉ်တို့ကိုလည်း စကားကိုယ်၌က ဖျက်မပစ်နိုင်ပါ ...။

ဒါပေမယ့် "ဘာမဟုတ်တာလေး" တော့ မဟုတ်ဘူးနော် ကိုကိုရေ ...။ စကားရဲ့ ကိုယ်ပိုင်အခန်းထဲ သူစိမ်းယောကျ်ားကြီးတစ်ယောက် ဝင်ထွက်နေတာ 'ဘာမဟုတ်တာလေး' မဟုတ်ပါဘူး။ ကိုကိုကတော့ သူ မရှိချိန်တွေမှာ ဝင်

ထွက်တာမျိုးလည်း မဟုတ် ... ပြီးကျတော့ မိနစ်ပိုင်းမျှ ခဏ တဖြုတ်လေး 'လှစ်'ခနဲ အလုပ်ဝင်လုပ်တာကိုပဲ စကား:က ပုံကြီးချဲ့.လှချည့်ဟု မြင်ချင်မြင်နေမှာပေါ့ ... စကား:အဖို့မှာ တော့အဲ့ဒီအဖြစ်ကြီး:ဟာ ... "ဘာမဟုတ်တာလေး:" မဟုတ် တဲ့အပြင် တကယ့်ကို ကြီး:ကြီး:မား:မား: ထိထိခိုက်ခိုက် ဖြစ် စေသော ဖြစ်ရပ်ကြီး:ပါပဲ ...။

စကား:တို့နှစ်ယောက် ခြံထဲရောက်ကြသောအခါ ခြံထောင့်အစပ် ခုံဖြူဝိုင်း:လေး:အလယ်မှ စား:ပွဲပုလေး: တစ်လုံး:ပေါ်မှာ အတော်ကြီး ပြည့်ပြည့်စုံစုံ ခင်း:ကျင်း:ပြင်ဆင် ပြီး:ကာ အဆင်သင့်ဖြစ်လုနီး:ပါး:ပင် ဖြစ်နေပြီ။ ကိုကိုက စကား:ဘက် မျက်ခုံး:ပင့်ကာ တမင်ကြည့်လိုက်ရင်း: ...

"ကဲ ... ကိုကို့လူက မတော်ပေဘူး:လား: ... ဒီလောက် အချိန်ပိုင်း:ကလေး:အတွင်း:မှာ ဒါမျိုး: ပြည့်ပြည့်စုံစုံ စီစဉ်ပေး:နိုင်ဖို့ ဘယ်သူမျာ: ဒီလောက်အား:ကိုး:ရမလဲ ..."

"စကား:ကရော ... သူ့ကို မတော်ပါဘူး: ... ညံ့ပါတယ် လို့ပြောမိသေး:လို့လား:"

ဆတ်တောက်တောက် ဖြစ်နေသည့် စကား:အသံ ကြောင့်ကိုကိုက အခြေအနေကို ဖော့တိမ်သည့်အနေနှင့် ... ရယ်စရာမရှိဘဲ "တဟား:ဟား:" ရယ်နေလေသည်။ စကား:မှာ ကိုယ့်ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ရာ ကိုယ့် ရဲ့.ဟန်အမူအရာနှင့် စကား:လုံး:မျာ:ကို ထိန်:ထိန်:သိမ်:သိမ်: ရှိသင့်ကြောင်း: သဘောပေါက်နေသည့်ကြား:ကပင် ... ကိုယ့် စိတ်ကို မထိန်းနိုင်ဘဲ ... နောက် တစ်ချီ ...

"ပြောလည်း မပြောရဲပါဘူး ..."

" စကား ..."

ကိုကိုကစိတ်ရှုတ်သံနှင့် ခေါ်လိုက်သည်။ စကား ကဘာမှ မဖြစ်သော မျက်နှာပေးလေးနှင့်ပင် အာလူးကြော်ပန်းကန်ကြီးကို ကောက်ကိုင်ကာ "တ‌ဂျမ်းဂျမ်း" အသံမြည်အောင် စားနေလိုက်လေသည်။ စကား‌ရဲ့. ဟန်ပန် ... တမင်ကြီးလုပ်နေသော ပါးစပ်အလှုပ်တို့ကို စိုက်ကြည့်နေရင်း ကိုကို့မျက်နှာက ပြန်ပြီးပြုံးယောင်သန်းလာလေတော့သည်။

"ကလေးမလေး .... ကလေးဆန်ဖို့ ဆိုးဖို့တွေပဲ ခေါင်းထဲမှာ ပြည့်နေတယ်"

မဟုတ်ပေါင် ကိုကိုရာ ...။ လူကြီးဆန်ဆန် အကွက်ကျကျ ကလိမ်ကျစ်ဉာဏ်များလည်း စကားခေါင်းထဲမှာပြည့်သိပ်နေပါသေးတယ် ...။ စကားက ချက်ချင်းပင် အခြေအနေတစ်ခုကို အသစ်ပြန်စယူလိုက်သည်။

"ကိုကို ... အကောင်းပြောမလို့နော် ... ကိုကိုနဲ့ ကိုအံ့ပွားနဲ့ဘယ်သူပိုကြီးသလဲ ..."

"ဟုတ်လား ကိုယ့်ထက် နှစ်နှစ်ကြီးတယ်လေ ... ဘာဖြစ်လို့လဲ"

"ဒါဖြင့် သုံးဆယ့်နှစ်လောက် ရှိပြီပေါ့ ..."

"အင်း ရှိရောပေါ့"

"ဒါဆို သူက လူပျိုကြီးစာရင်းထဲ ဝင်နေပြီ ..."

"ဒါဆို သူက လူပျိုကြီးစာရင်းထဲ ဝင်နေပြီ ..."

ကိုကိုက သူ့ထုံးစံအတိုင်း "တဟားဟား"

ရယ်ပြန်ကာ ...

"ဘာလဲလို့ ... စကား‌က ဘာတွေပေါက်ပေါက်ရှာရှာလိုက်တွေးနေတာလဲ ..."

"ပေါက်ပေါက်ရှာရှာ မဟုတ်ဘူးရှင့် ... ကိုယ်ချင်းစာစိတ်ရှိသူတိုင်း ဒါကိုတွေးမိမှာပဲ ... ကိုကိုသာ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားမို့လို့ မတွေးမိတာ"

အမယ်လေး ... အရာသာရှိလိုက်တာ။ ခုနတည်းက စွပ်စွဲချင်နေသော စကား‌တွေကို ဘာလိုလိုနဲ့ မသိမသာထည့်သွင်းပြီး အသုံးပြုလိုက်ရသဖြင့် စကား‌မှာ ပါးစပ်ထဲမှာ ချို့တောင်ချို့လာသလိုလို ... စိတ်တွေတအား‌ကျေနပ်နေရရင်း မျက်နှာကလေး‌ကပါ ဟန်ဆောင်ပန်ဆောင် မဟုတ်တော့ဘဲ အဟုတ်တကယ် ကြည်လင်လာသည်။

"အား ... တယ်ဆော်ပါလား ... အချင်းချင်းတွေ ဘယ်တုန်း‌က အငြိုးထား‌သလဲ မသိ ... စကား‌လုံး‌အကြီးကြီး‌တွေနဲ့ကို ပစ်ပေါက်တိုက်ခိုက်တော့တာပဲ"

"အဟုတ်ပြောတာ ... ကိုကိုတောင် အိမ်ထောင်ပြုပြီးပြီ...သူကျတော့ လူပျိုကြီး ... အဲဒါ တရား‌သလား"

စကား ‌က စကား‌ရဲ့. လိုလား‌ချက်အတိုင်း ... ပေါ်တီဂိုအစပ်လောက်မှာသာ ရပ်နေရကာ စကား‌တို့ဝိုင်းဘက်ဆီ လှမ်းမျှော်ကြည့်နေသည့် ဟိုလူကြီး‌ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဟင်း ... မုန်းစရာကြီး ... ကျောက်ရုပ်ကြီး‌လိုလို ... အသေခံသက်တော်စောင့်လိုလို ...ဘာမှန်း

မသိသော တာဝန်တွေကို မတရား:သဖြင့် ကျပွန်ပါတော့ မည်ဟူသော စကွန့်မလပ် ပေါ်ပေါက်နေသည်။ အမယ်လေး...ကြာကြာဆက်ကြည့်နေလို့မဖြစ်ပါဘူး ...။ တော်ကြာ အတင်းဟန်ဆောင်နေရတာတွေ ကွာကျကုန်ပါဦး မယ်... ။

"သူခမျာ လူရယ်လို့ စဖြစ်ကတည်းက ကိုကို့နောက် ပဲစကွန့်မလပ်လိုက်လုပ်နေရတော့သူကိုယ်ပိုင်အချိန်ဆိုတာ တောင် မရှိတော့ဘူးပေါ့ ... ဘယ်မလဲ ... မိန်းမပိုးဖို့ မိန်းမယူဖို့အချိန် ... သူခမျာ ကိုယ်ပိုင်ဆန္ဒမပါဘဲ လူပျိုကြီးဖြစ်သွားရရင် အဲဒါ ကိုကို မတရား:လို့ပဲ ... ကိုကိုအတ္တကြီး:တာပဲ"

ကိုကို့ခမျာ သူတစ်ခါမှ မစဉ်း:စား:မိတာတွေကို စကား:က ထောက်ပြလိုက်သဖြင့် ခဏတဖြုတ် တွေဝေသွား ပါသည်။ ပြီး:မှ ... အတော်ကြီး စိတ်မကောင်း:ဖြစ်လာသည့် ရုပ်နှင့်...

"ဟာ... မဟုတ်ပါဘူး: ... စကား:ပြောမှပဲ ကိုကိုလည်း: နေရင်း:ထိုင်ရင်း: အတောမတရား:တဲ့သူကြီး:တစ်ယောက် ဖြစ်နေပါပြီ"

"မဟုတ်လို့လား: ..."

"မဟုတ်ပါဘူး:စကား:ရဲ့. ... ဗလကြီး:က အရင်က ကိုကို့နာ:ဒီလောက်ကပ်မနေရပါဘူး: ... သူမှာ တစ် နေကုန် အလုပ်ချိန်ဆိုတာရှိသလို ... အလုပ်ချိန်မဟုတ်

တော့တဲ့အချိန်မှာ သူ ကိုယ်ပိုင်ချိန်လည်းရှိပါတယ် ... အဲဒီအချိန်တွေမှာ သူဘာသာအပြင်ထွက်ရင်ထွက်နားနေရင်နားလုပ်တာပဲ ... ပြီးတော့ စနေ၊ သို့မဟုတ် တနင်္ဂနွေတစ်ရက်ရက်ကလည်း သူကိုယ်ပိုင်အားလပ်ရက်ပဲ ... အဲဒီရက်တွေမှာ သူအိမ်သူပြန်တာပဲ ... ကိုကိုကမတရားမလုပ်ပါဘူး ... သူမှာ သူကိုယ်ပိုင်ချိန်တွေ အများကြီးရှိပါတယ် ..."

"ဟင် ... စကားမြင်နေရတာတော့ စကားတို့လက်ထပ်ကြတာပဲ ဘယ်နှစ်လရှိနေပြီလဲ ... ကိုကိုပြောသလိုလည်း မဟုတ်ပါလား ... အဲဒါ ဘာဖြစ်တာလဲ ... ဘယ်မှာလဲ တစ်နေ့တာ ကိုယ်ပိုင်ချိန် ... ခေါင်းလှည့်ဇက်ချိုးလိုက်တာနဲ့ အနားရောက်လာတဲ့ဟာ ... ဘယ်မှာလဲစနေ၊ တနင်္ဂနွေ အားလပ်ရက် ... စကားတော့ သူကို တစ်နေကုန်ပျောက်နေဖို့ဝေးရော ... နှစ်မိနစ်လောက်ထက် ပိုပျောက်တာမျိုးတောင် မတွေ့ရသေးပါဘူး ..."

"အေးကွ ... ဟုတ်ပါရဲ့ ... စကားပြောမှ ကိုကိုလည်း သတိထားမိတော့တယ်"

တွေ့လား ... တကယ့် တစ်ကိုယ်ကောင်းအတွေးသမား။

"ဒီလိုဘာကြောင့် နားရက်၊ နားချိန်မယူပါလိမ့် ... အင်း...သိပြီ ... ကိုကိုက လက်ထပ်လိုက်တော့

အလုပ်တွေပိုရှုပ်၊ တာဝန်တွေပိုများလာတော့မယ်ဆိုပြီး အသိစိတ်ဓာတ်နဲ့သူ နားရက်မယူတော့တာထင်တယ်...တွေ့လား ... ကိုပွားက အဲဒီလိုလူမျိုးစကား ရဲ....ကိုပြောနေစရာ မလိုဘူး ... ကိုယ့်အပေါ်မှာ သိပ်စေတနာထား .... သိပ်သဲယောင်္ကျဉ်ကြီးတာ"

ဟင်း ... စကားတော့ မထင်ပေါင် ...။ ကြည့်စမ်း ... ခုမှသိတယ် ...။ အရင်က ဒီလောက်မဆိုးဘူး ... ခုမှပိုဆိုးလာတာတဲ့ ... အဲဒါ ဘာလို့လဲ ... (မနှိုင်းကောင်း မပြောကောင်း) ရည်းစားလူလု အူနက္ကျဲခတ်ဆိုသလို ... သူ့အချစ်တော်ကြီးက မိန်းမယူသွားတော့ အဲဒီမိန်းမနဲ့ပဲ တပူးတွဲတွဲချစ်ခင်အချိန်ကုန်နေတော့မှာကို မနာလိုစိတ်တွေ တဖွားဖွားထပြီး သူကပါ လိုက်တကပ်ကပ်လုပ်နေတော့တာနေမှာပေါ့ ...။ သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို စကားက ခွင်းလိုက်သလို ဖြစ်နေတော့ တက်နိုင်သမျှ သူဘက်ပြန်ပါလာအောင် ... သူကို မမေ့အောင် ... အနားတောင်မယူနိုင်ဘဲ ... မိရင်းဘရင်းအိမ်တောင်မပြန်နိုင်လောက်အောင်ပဲ ...အချိန်နဲ့အမျှ အနားကမခွာ လုပ်နေတော့တာပေါ့။

"အင်း ... ဟုတ်တယ် ... ဟုတ်တယ် ... စကားသတိပေးတာကျေးဇူးပဲ ... ကိုကို သူကို အားရက်အားချိန်ပြန်ယူခိုင်းဦးမှ ..."

အိုကေ ... ဘာပဲပြောပြော တစ်နေ့မှာ နှစ်နာရီသုံးနာရီလောက် .... တစ်ပတ်မှာ တစ်ရက်လောက်တော့ သူ

စက်ကွင်းက လွတ်ငြိမ်းချမ်းသာခွင့်ရပြီ။ ဒါပေမယ့် အဲဒီလောက်ကလေးနဲ့ပဲ နှစ်သိမ့်ကျေနပ်လိုက်ရရှိုးလား။ မဟုတ်သေးဘူးလေ ... ဒီထက်ဒီ ပိုစိတ်ချရမယ့် အစီအစဉ်တွေ ထပ်လုပ်ရဦးမှာပေါ့ ...။

"အေးလေ ... နားရက်ယူခိုင်းတာကလည်း ယူခိုင်းတာပေါ့ ... လူပျိုကြီးဖြစ်တော့မယ့် ကိစ္စကိုလည်း ကြည့်လုပ်ဦး"

"ဟား ... စကားကလည်း ရယ်စရာကြီး ... အဲဒီ လူပျိုကြီးကိစ္စပဲ ရှေ့တန်းတင်နေပါလား ..."

"တင်ရမယ်လေ ... သူမှာ စကားပြောသလို မိန်းမပိုးဖို့အချိန်မှ ရှိပုံမရတာ"

"ရှိချင်မှရှိမှာပေါ့ ... အရင်ကဆို ... ညနေတွေ သူအပြင်ထွက်တာပဲ ... စနေ၊ တနင်္ဂနွေမိဘအိမ်ပြန်တာပဲ...ကဲ ... ဒီလောက်အချိန်တွေ ရနေတာ ..."

"ဒါဆို ရည်းစားမရှိဘူးလား ... ဒီအရွယ်ကြီးရောက်နေပြီ မိန်းမယူဖို့ အစီအစဉ် မရှိဘူးလား ..."

"ဟာ ... စကားကလည်း ဘာတွေလိုက်စိတ်ဝင်စားနေတာလဲ ..."

"စိတ်ဝင်စားတယ် ... မရဘူး ... ဝင်စားမှာပဲ ... သူမှာ ရည်ရွယ်သူရှိပြီးပြီဆိုရင်လည်း ကိုကိုဘာလို့ မသိရတာလဲ... ကိုကို့အလှည့်တုန်းကကျတော့ စကားနဲ့ ကြိုက်တောင် မကြိုက်ရသေးဘူး ... စမြင်တာနဲ့ သူကိုပါ

ပြရတယ် ... သူကတော့ ရှိနေပြီဆိုတာကိုတောင်မှ မပြောပြရင် ... ဒီတစ်ခါ သူ မတရားတာ ..."

စကား:ကမသိမသာလေး: ဂုံးတိုက်သွေး:ထိုး: လိုက်သည်။ သို့သော် ထိရောက်ပုံမပေါ် ...။ ကိုကို့ကြည့်ရတာ မကျေမနပ်ဖြစ် ပုံလည်:မရ ... ဒါပေမယ့် တစ်စုံတစ်ရာကိုတော့ ခေါင်းထဲထည့်ပြီး: တွေးနေပုံရသည်။

"အဲဒီတော့ စကား:ထင်တာက သူမှာ ရည်ရွယ်ပြီး:သူ ရှိကိုမရှိဘူး: ... ရှိရင် သူလား:နေမှာ ... ဒီလောက်သစ္စာရှိတာ ကိုကို့ကို ဖွင့်ပြောမှာပါပဲ ..."

"အင်း: ... ဟုတ်တယ် ... ပြောမှာပါ ... နေမှာ မဟုတ်ပါဘူး: ..."

အဲဒီလူနဲ့ ပတ်သက်လို့ ကိုကို့ကြည့်ရတာ သွေး:ထိုး:ဂုံး:ချောလို့သာ မရတာ။ သိပ်ပြီး:တော်တော့ အမြှောက်ခံနိုင်ပုံမပေါ် ... စကား:တော့သိလိုက်ပြီ ... ဘယ်နည်း:နဲ့မှ ဝင်ရမလဲဆိုတာ ရိပ်မိပြီ။

"အဲဒီတော့ ... သနား:ပါတယ် ကိုကိုရယ် ... ကိုယ့်အပေါ်ဒီလောက် ကောင်း:တာ ... ကိုယ်တောင်အချိန်တန်ရင် သီး:ပွင့်သေး:တာပဲ ... သူလည်: လူပျိုကြီး: ဘဝနဲ့အရိုး:မထုတ်ရအောင် အခြေတကျလေး: ဖြစ်သွား:အောင် ကိုကိုကပဲ ကြည့်ရှုစီမံပေး:လိုက်ပေါ့ ..."

"ဟာ ... ကိုယ်က သူမိဘမှ မဟုတ်တာ ..."

"ဒါပေမယ့် သူကောင်:ရာ ကောင်:ကြောင်: လုပ်ပေး:

မယ့်ဥစ္စာ ... သူကရော သူမိဘစကား‌နဲ့ ကိုကို့စကား‌မှာ...ဘယ်ဟာကို ပိုပြီး‌နား‌ထောင်လက်သင့်ခံလိမ့်မယ်လို့ ကိုကိုက ထင်လို့လဲ ..."

ပြောပြီး‌ပြီလေ ... သိပ်အမြော်အမြင်မခံပါဘူး‌ဆိုမှ...။တွေဝေသွား‌သော ကိုကို့အ "အင်း" ဟု သံရှည် တစ်ချက်ဆွဲပြီး အသံပြုလိုက်ရင်း ...

"ကိုယ့်အသိုင်း‌အဝိုင်း‌ထဲမှာ ကောင်း‌တာလေး ဘာလေး တွေ့.တော့လည်း ကြည့်ပြုပြီး ပြောဆိုကြည့်တာပေါ့"

"ဟာ ... ဒါတော့လည်း စကား‌တာဝန်ထား ... တာဝန်ထား‌ဆို ... စကား‌က တွေ့.တောင် တွေ့.ထား‌ပြီး‌ပြီ"

"ဟာ ... တယ်မြန်ပါလား ..."

"မြန်ဆို စကား‌က အဲဒီကိစ္စကို စဉ်း‌စား‌မိတာ ကြာပြီကို့..."

"ကဲ ... ပြောစမ်း‌ပါဦး ... ဘယ်သူလဲ ... ဘယ်ကလဲ"

"စကား‌တို့အိမ်က အပြုံး‌လေ ... ကဲ ... ဘယ်လောက်တော်ထား‌လဲ ... ဟော ... အလိမ္မာ၊ အိမ်ပါ၊ အိမ်မှုကိစ္စလည်း‌ကျွမ်း‌ကျင်တယ် ... မိန်း‌မကောင်း‌လေး...စိတ်ကောင်း‌လည်း‌ရှိကရှိနဲ့ ... မေမေကဆိုလည်း‌သူ့ကို တူမလိုပဲ သဘောထား‌တာ တစ်နေ့ကျလို့အပြုံး‌သာ သင့်တော်ကောင်း‌မွန်တဲ့သူနဲ့ အိမ်ထောင်ပြုမယ်ဆိုရင် .. ဒဂုံဘက်က မြေကွက်လေး‌နဲ့ ပျဉ်ထောင်အိမ်လေး‌ကိုပါ အပြီး‌လက်ဖွဲ့.လိုက်ဖို့ စီစဉ်ပြီး‌

သား ... စကား:စီစဉ်တာ မကောင်:ဘူးလား:ဟင် ... အား:လုံ:အိုကေပဲ"

ကိုကိုကား: စကား:ထံမှ "အပြုံ:" ဟု နာမည်တစ်ခုစပြီး: ထွက်လာကတည်:က မျက်နှာကြီး:မည်:ကနဲ ဖြစ်သွား: ကာမဲ့ခွက်လို့နေချေပြီ ... စိတ်ဆောင်နေသော စကား:ကတော့ ကိုယ့်ယောကျာ်:ရဲ့. အရိပ်အကဲကိုလည်:မသိ ...။ ပြောချင်ရာ ကိုသာ စွတ်ပြောနေ၏။ ကိုယ်ကောင်:ဖို့ ကိုယ်ကြံတာဆိုပေမယ့်အံ့ပွား:အတွက်ရော ... အပြုံ:အတွက်ပါ မကောင်:အောင်ပြီ:ပြီ:ရော ထို:ကျိတ်စီစဉ်တာမျှို:။ သူတို့တွေ နစ်နာရင် နစ်နာပစေ ကိုယ်ကောင်:ရင်ပြီ:ရော ... လုပ်တာမဟုတ် ... တကယ်ကောင်:မယ် သင့်မယ်ထင်လို့ စီစဉ်တာဖြစ်မှန်: ကိုယ့်ကိုကိုယ်လည်: လိပ်ပြာသန့်နိုင်ပေရာ ... စကား:မှာတဲ့ ဆိုင်:ခြင်:မရှိ ... တရစပ်ပင် ပြောနေမိပါတော့သည်။

အံ့ပွား:ကိုလည်: အမြင်သာကပ်တာ လူကောင်: လူတော် တစ်ယောက်ဟုတော့ ယုံကြည်ပြီ:သား:ပါ။ အပြုံ:ကတော့ ကိုယ့်အိမ်မှာတင် ကြီ:လာတာ ... ပညာအရည်အချင်: လေ:အသိုင်:အဝိုင်:လေ:နည်:တာကလွဲရင် ဘာမှပြောစရာ မရှိ...ရုပ်ကလေ:ကအစ ဖြူဖြူစင်စင်လေ:လေ ...။ ကဲ ... မသင့်တော်ဘူး:လား:။

"ဘယ်လိုလဲကိုကို ... ကောင်:တယ်မှတ်လား:"

"ဘာလို့ကောင်:ရမှာလဲ ..."

ဆောင့်ဆောင့်အောင့်အောင့် အသံကိုကြား:မှ

စကားမှာ ကိုယ့်ယောကျ်ားမျက်နှာကိုယ်ကြည့်, ကြည့်ဖို့ သတိရပါသည်။ အလို ... မည်းနက်စူကောက်ကာ ... တင်းမာတော်မူလှချည်လား ...။

"ဘာဖြစ်နေတာလဲ ကိုကိုက ..."

"ဟင်း ... ကိုကိုကတော့ စကားများ တကယ့်စိတ်ရင်းစေတနာနဲ့ စီမံတော့မလားလို့ ကောင်းပြီကောင်းရဲ့နဲ့ နားထောင်နေတာ ... ခုတော့"

စကားမှာ ကိုယ့်ရဲ့စိတ်ရင်းအမှန်ကို ... ကိုကိုများရိပ်မိသွားပြီလားဟု ထိတ်ထိတ်ပျာပျာရှိသွားသည့်ကြားက ပင်ဟန်ကိုယ့်ဖို့ဆိုသလို ... "ခုတော့ ဘာဖြစ်လဲ" ဟု ခပ်မာမာပဲပြန်မေးလိုက်ပါသည်။

"ခုတော့ သူချစ်တဲ့ သူခင်တဲ့ သူအိမ်က ဟာမလေးကောင်းစားအောင် ကြံတာပဲ"

"အောင်မာ ... သူလူအတွက်ကရော မကောင်းလို့လား"

"မကောင်းဘူး ..."

"ဘာကြောင့် ..."

"ကိုယ့် မစ္စတာဗလက ... အပြုံးလိုအိမ်မှာအလုပ်လုပ်တဲ့ ကလေးမမျိုးလောက်နဲ့ ပြီးသွားရမှာမဟုတ်ဘူး...မတန်ဘူး ..."

"အောင်မာ ... ရာရာစစ ... ဒါဖြင့် ဘယ်လောက်နဲ့မှတန်မှာလဲ ... နတ်သမီးနဲ့မှလား ..."

"မရွတ်ပါနဲ့ ... ကိုကိုက အကောင်းပြောတာပါ ...

စကား:သိအောင်ပြောထား:ရဦး:မယ် ... စကား:ရဲ. ကောင်မလေး:က ဘယ်နှစ်တန်း:အောင်သလဲ ..."

စကား:က စူစူအောင့်အောင့်နှင့် မျက်စောင်း: တစ်ချက် ထိုး:လိုက်ကာ ..."ခြောက်တန်း:"ဟု ဖြေလိုက်ပါသည်။

"အင်း... ကိုပွား:ကတော့ ဘွဲ့.ရပြီး:ပြီဗျ ... ရတာမှ အောနပ်(စ်) ... ပြီး:တော့ ကွာလီဖိုင်း:လည်း ဖြစ်သေး:တယ် ... ကိုကိုက အလုပ်လုပ်တော့မယ်ဆိုလို့သာ သူလည်း:ပဲ ကျောင်း:ကိုဆက်မတက်တော့တာ ... သီပြီလား:..."

စကား:မှာ ကိုကို့အနား:က အပါး:တော်မြဲ လက်တို့ လက်တောင်း:ကြီး:က ဘွဲ့.ရပညာတတ်တစ်ယောက် ဖြစ်နေသည့်အတွက် အံ့အား:သင့်သွား:မိသော်ငြား: အဲဒီလို အံ့သြပုံကိုပြလိုက်ရရင်ပဲ စကား:အဖို့ သိပ်ကို ရှုံး:နိမ့်သွား:တော့မယောင်ယောင်ပဲ စိတ်ထဲထင်ကာ ကိုယ့်အံ့သြမှုကို ကိုယ်ပြန်မျိုသိပ်ထား:လိုက်ပါသည်။ စကား:ရဲ. ရည်ရွယ်ရင်း:ကို ... ကိုကိုတစ်ယောက် တကယ်ပဲမရိပ်မိရှာဘဲ "ကိုယ့်ကောင်မလေး:ကောင်း:စား:ဖို့ကိုယ်စီစဉ်တာ" ဟုသာ ထင်ရှား:နေခြင်း:ကိုလည်း: စိတ်ထဲက ကျိတ်ပြီး: ကျေနပ်နေမိသည်။

"ကဲ ... ပြောပါဦး: ... ကိုယ့် ကိုပွား:ကို စကား:ကောင်မလေး:နဲ့ စီစဉ်လို့ သင့်ပါ့မလား: "

"အောင်မယ်လေး: မုန်း:စရာ "ကိုယ့်ကိုပွား:"

တဲ့...။သူကတော့ နံမည်ကိုသာ ခေါ်တာဖြစ်မှာပါ ... ဒါပေ မယ့်စကား:နား:ထဲမတော့ "သူရဲ့.ကိုယ်ပွား:၊ ကိုခွဲ ..." ဟု ဆိုလိုလိုက်တာမျိုး:ဟု သာတွေး:မိပြီး: ချဉ်စုပ်စုပ်ဖြစ်နေရပြန်ပါ သည်။ စကား:ရဲ့. အစီအစဉ်တို့က တစ်ချီတည်း:နှင့် မအောင် မြင်နိုင်တော့ဘူး: ဆိုတာကိုလည်း: သိလိုက်ရသောအခါ ... နောက်တစ်ချီ ... ဒီအကြောင်း:အရာတစ်ခုတည်း:ကိုသာ အား: ကြိုး:မာန်တက်ပြန်စပြောပြီဆိုလျှင် ... ကိုကိုယ့်ဘက်က စကား: ကိုဘဲ မသက်ာ်ဖြစ်လာနိုင်တော့မည် ဆိုတာကိုပါ တစ်ခါ တည်း:ဆက်တွေး:မိပြီး: စကား:မှာ။ တကယ့်ကိုပဲ စိတ်ပျက် လက်ပျက်ကြိုး:လည်း:ပဲ ဖြစ်သွား:ရပါသည်။ ဒါကြောင့်မို့ ...

"လူ လူချင်: မတန်ဘူး:ဆိုတာ မရှိပါဘူး: ပြီး:တော့ လည်: တစ်ကမ္ဘာလုံး:မှာ သူတစ်ယောက်တည်း:ပဲ ဘွဲ့. ရဖူး:တာမှ မဟုတ်တာ ... ဒီအတွက်ကြောင့်တော့ သူ ကို အထင်တွေကြီး:ပြီး: တလေး:တစား: တအံ့အသြ ကြီး:ရှိရတော့မှာလား: ... ဝေး:သေး:..."

ကိုကိုက စကား:ကို အံ့သြသလို ပါး:စပ်ကြီး:ဟ ကာကြည့်နေသည်။ ပြီး:မှပြုံး:စေ့စေ့နှင့် ...

"စကား:က တစ်ခါတစ်လေကျရင် ပုပ်စရာမရှိ ကြံဖန် ပုပ်နေတတ်တယ် ... အဲဒီလိုအကျင့်မျိုး:ရှိတာ ကိုယ်ခုမှ သိတယ်... သိပ်ရယ်စရာကောင်း:တာပဲ ... ဟား:ဟား: ဟား:"

"ကိုကို ..."

စကားက အကျယ်ကြီး အော်ပစ်လိုက်သည်။ ပြီးတာနဲ့ ထိုင်နေရာက 'ဝုန်း' ခနဲထရပ်လိုက်ကာ ... အိမ်ထောင်ဦး၏ ပထမဦးဆုံးအကြိမ်အဖြစ် ကိုကိုကို စိတ်ကောက်ကောက်ချိတ်ရင်း အိမ်ထဲပြေးဝင်လာခဲ့တော့သည်။ ကိုကိုက လိုက်ချော့ပေမယ့် စကားက တစ်ညနေလုံး၊ တစ်ညလုံး ပြန်မပြေ...။ လုံးဝမပြန်ဘဲ နေလိုက်သည်။

အခန်း(၂)

ပထမဦးဆုံးအကြိမ် ရန်ဖြစ်စိတ်ကောက်ပြီးသွား
ကြကတည်းက အကျင့်ပါသွားကြဟန်ရှိသော စကားနှင့်ကိုကို
တို့သည် ... နောက်များမှာလည်း မကြာခဏဆိုသလိုပင်
စကားများရန်ဖြစ်၊ စိတ်ကောက်ကြလေသည်။ ပထမဆုံး
အကြိမ်တုန်းကတော့ မကောက်စဖူး အကောက်ထူး၊ အကြီး
အကျယ် စိတ်ကောက် ကောက်ချိတ်သွားခဲ့သည့် စကားကို
(ခံရချက် အသစ်အဆန်းကြီး ဖြစ်နေသည့်အတွက်) ကိုကိုက
မနေနိုင် မထိုင် အသည်းအသည်ကြီးကို လိုက်ချော့
အကောက်ဖြေခဲ့တာပေါ့လေ ...။

သို့သော်ကြာလာသောအခါ ... အကြိမ်ရေတွေ
များလာသောအခါမှာတော့ ကိုကိုကပဲ ခံနိုင်ရည်တွေ တက်
လာတာလား ... စကားကပဲ စိတ်မကျေနပ်မှုတွေ ပိုပိုများ
လာမှုနှင့် ... စိတ် ကောက်ခြင်း တွေကလည်းပဲ ပိုပိုဆိုးကာ

များပြားလာခဲ့တာလား၊တော့မသိ ... ချော့နှုန်းနည်းလာပြီး ကောက်နှုန်းက တက်လာခဲ့သောအခါမှာ မည်မျှတော့သည့် အခြေအနေကြီးနှစ်ခုကြား စကားတို့ရဲ့ နောင်ကျိန်ပွဲများက စိပ်,သထက် စိပ်,စိပ်လာခဲ့လေတော့သည်။

ပွဲတိုင်းလိုလိုဟာလည်း ဟိုပွဲတိုင်းကျော် လူ့ချဉ် ဖတ်အိုးကြီးကြောင့်ပဲပေါ့။ ကိုကိုပြောသလို ညနေပိုင်းတစ်ချို့ ရက်တွေမှာ (နှစ်နာရီ သုံးနာရီခန့်) ခေတ္တခဏ ပျောက်နေ တတ်တာရယ် ... စနေ သို့မဟုတ် တနင်္ဂနွေ တစ်ရက်ရက်မှာ တစ်နေကုန် စိတ်ချမ်းသာနေရတာရယ်ကလွဲရင် ကျန် အချိန်များမှာတော့ ထိုလူရဲ့ တကပ်ကပ် ... တကောက် ကောက်ဟာ ဒုံရင်းကဒုံရင်း ...။ စကားမကြိုက်သော်လည်း ထိုလူဟာ စကားတို့အခန်းထဲကို ဝင်ထွက်မြဲ ... မနက်ကျ ရင် အချိန်မှန်ဝင်ရောက်လာကာ စောင်ခွာပေးမြဲ ...။

တစ်ခါတစ်လေကျရင် ဒီ့ထက် ပိုဆိုးလာကာ ဇိမ်ယူချင်တတ်သည့် ကိုကိုတို့များ၊ ခုတင်ပေါ်ကတောင်မဆင်း၊ မျက်နှာတောင်မှ မသစ်၊ သွားတောင်မှ မတိုက်တော့ဘဲနှင့် ကို ... နို့းတာနဲ့ ဟိုလူယူလာပေးတဲ့ဗန်းကို ခုတင်ပေါ်တင် ပြီး (နိုင်ငံခြားစတိုင်လ်ဆန်ဆန်) မနက်စာကို စောင်ခြုံထဲက နေပဲ စားချင်စားတာမျိုး။ စကားမှာတော့ သူဝင်ရောက်လာ ပြီးတဲ့အခါမှာ (ဘယ်လောက်ပဲ အိပ်ရေးမဝသည်ဖြစ်ပါ စေ) ခုတင်ပေါ်မှာ ဘယ်လိုလုပ် ဆက်လဲနေလို့ရတော့မှာ လဲ ... သူ မဝင်လာခင် ကြိုထထားရကာ ... ကိုယ့်ဘာသာ ကိုယ် စိတ်တိုတိုနှင့် အော်ဟစ်တောင်းခံ အရေးဆိုရယူထားရ

သော သွားပွတ်တံ၊ သွားတိုက်ဆေးတို့နှင့် ကိုယ့်ဘာသာပဲ မျက်နှာကြိုသစ်ထားရတော့ပေါ့ ...။

ပြီးကျရင်တော့ ကိုယ့်ကိုပါ ခုတင်ပေါ်မှာပဲ ပြင်ဆင်ကျွေးမွေးချင်မှကို မျက်နှာထား တင်းတင်းနှင့် ငြင်းဆန်ကာ ... (ကိုကို့ကိုပါရွဲ့ပြီး) အောက်ထပ်ထိ မရောက်ရောက်အောင် ဆင်းစားရလေသည်။ ကိုကိုတို့များ အပြေးအလွှားလိုက်ပါလာပြီး စကားနှင့်တူတူ ထမင်းစားခန်းထဲမှာပဲ လက်ဆုံစားလိမ့်မည်ဟုများ ယောင်လို့တောင်မှ မထင်လိုက်ကြပါနှင့် ... ။ သူ့ဘာသာသူပင် သူ့မနက်စာကို (သူ့ကိုယ်ပွားကြီးနှင့်အတူ) အခန်းထဲက ခုတင်ပေါ်မှာသာ အဆုံးသတ်တတ်တာမျိုးပါ။ သူ့သဘောကတော့ စကားဘာသာအောက်ဆင်းစားချင်တာကို သူ့ဘက်က သဘောထား အလွန်တရာ ကြီးမားစွာနှင့် မတားမြစ်တော့ပါဘူး ... ခွင့်ပြုပါတယ် ... ဆိုတဲ့သဘောပေါ့ ။ ဆိုလိုတာကတော့ စကားဘက်ကလည်း သူ့ကိုလေကုန်ခံကာ လာမခေါ်နဲ့တော့ဆိုတဲ့သဘော ...။ ဖွင့်မပြောပေမယ့် ဒီသဘောမျိုးရှိတာကတော့ အသေအချာမို့ စကားကလည်း လေကုန်ကို မခံပါ ။

နောက်ပိုင်းကျတော့ စကားက ကိုယ့်ဘာသာအိပ်ရာက စောစောထ၊ ကိုယ်လက်မျက်နှာသန့်စင်ပြီးတာနဲ့ အောက်ဆင်းသွား ၊တစ်ခုခုစား၊ပြီးရင်ခြံထဲပဲ တန်းဆင်းပစ်မှာ ကိုကိုကတော့ အပေါ်ထပ်မှာပဲ အပါးတော်မြီကြီးနှင့် အတူ ရေမိုးချိုး၊ စားသောက်ပြီးရင် စာအုပ်လေးဘာလေး

ခဏတဖြုတ်ဖတ် ။ တီဗီဖွင့်ကာ ခဏတဖြုတ်ကြည့်၊ ပြီးတာနဲ့ ရုံးသွားမည်။ (သူ့ကိုယ်ပွားကတော့ သူခဏတဖြုတ်စာဖတ်၊ တီဗီကြည့်နေစဉ်မှာပင် ရေမိုးချိုး၊ စားသောက်ပြီး ရုံးအတူသွားကြဖို့ အစစအရာရာကို စီမံအသင့်ပြင်လိုက်သည်မှာ အလွန်ပင် လျင်မြန်အစွမ်းထက်လှပေသည်။)

ဒီတော့ စကားနဲ့ကိုကိုတို့ဟာ မနက်ဆိုရင် ခြံထဲက ကိုကို့ကားမောင်းအထွက်မှာသာ ခဏလေးတွေ့ဆုံလက်ပြရတာလောက်ကလေးပဲတွေ့ကြရတော့တာမျိုးပါ။ ပြီးတာနဲ့ တစ်နေကုန်ပျောက်။ ညနေဘက် ရုံးပြန်ချိန်ဟာ တစ်ခါခါကျ အလုပ်ရှုပ်ရင် ညနက်သည်။ ညနေပိုင်းစောစောပြန်ရောက်ရင်လည်း အပါးတော်မြိုက အပြင်မထွက်ဘဲ အနားလာကပ်နေရင် စကားကတော့ မသိမသာနှင့် ခွာထွက်ကာ ကိုယ့်ဘာသာ လုပ်ချင်ရာတစ်ခုခု ရှာလုပ်ပြီး ဘာသိဘာသာပဲ နေပစ်လိုက်တာပဲ ...။

အဲဒီလိုကျတော့ ကိုယ့်မိန်းမက စိတ်ပျက်ပျက်နှင့် သင့်သလို ရှောင်နေလို့ ရှောင်နေမှန်းတောင် ရိပ်မိပုံမရလောက်အောင်ပဲ တစ်ကိုယ်ကောင်းဆန်လှသည့် ကိုကိုနှင့် စကားတို့ပဲ တစ်စနှင့်တစ်စ ကွာဝေးလာတော့ကာ ... စကားမှန်းသည့် ဟိုလူကတော့ ဘာမှဖြစ်ပုံမရ ...။ သူ့ပုံမှန်ကပုံမှန်မပျက် ...။

စဉ်းစားကြည့်ကြပါ ...။ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီရှိတဲ့အထဲက အိပ်ချိန်ရှစ်နာရီကို ဖယ်လိုက်ရင် စကားနဲ့ ကိုကိုတို့ရဲ့ တစ်နေ့တစ်နေ့ တကယ်တမ်း တွေ့ဆုံ

အတူတကွ စကားလက်ဆုံကျကြရချိန်မျိုးဟာ လေးနာရီလောက်မျှသာ ... တစ်ခါတစ်ရံ ရုံးပြန်နောက်ကျရင် လေးနာရီတောင် မပြည့်ချင် ...။ ဟိုလူ့ကျတော့ မတရားသဖြင့် ကိုကျန်တဲ့ ဆယ့်နှစ်နာရီလောက် အကုန်နီပါးမှာ သူနဲ့ကိုကိုဟာ တပူးပူးတတွဲတွဲ ...။

ပြောရမယ်ဆိုရင် ကိုယ့်ကိုကိုယ် နှိမ့်ချပြီး ခွဲ. ပြောထားသည့် "အငယ်အနှောင်း"ဆိုတဲ့ ဘဝထက်တောင်မှ စကားအဖြစ်က နည်းနည်းလောက် ပိုဆိုးနေသေးတာပါ ။

သည်းမခံနိုင်တော့လျှင် စကားက တဖြုံဖြုံနှင့် အော်ဟစ်ကာ စိတ်ကောက်လိုက်မည်။ ဒါမှမဟုတ် ... ဟိုလူ့ကို ထိုးနှက်တိုက်ခိုက်ကာ ပြောဆိုမည် ။ ထိုအခါ နောက်ဆုံးရလဒ်အနေနဲ့ကတော့ ... "စကားဟာ မျှော်လင့်မထားမိဘဲ အတော့်ကို စိတ်ပုပ်ကြီးတဲ့ မိန်းကလေး"ပဲ ဖြစ်ရတော့တာပေါ့ ။ ဟိုလူကတော့ ဘာမှမဖြစ်ပေ ...။ စကားသူ့ကိုလုံးလုံးမကျေနပ်နိုင်တာကို သူရိပ်မိပုံရပေမယ့် မရိပ်မိဟန်ကိုပဲ ဆောင်ထားကာ ... ပုံမှန်ပုံစံမပျက်အောင်ပဲ ရှိလေသည်။

စကားက သည်းမခံနိုင်ဘဲ အော်ဟစ်ငြူစူဆောင့်အောင့်တော့သာ စကားပဲ အလွန်ဖြစ်ရတော့သည်။ ကိုကိုတို့လုပ်ပုံမျာ ... သည်းခံနေချင်စရာ အကြောင်းကိုမရှိ ...။ စကားမှာတော့ ... မအေတူသမီး ... အိမ်ရှင်မ,ကောင်းကြီး ဖြစ်ချင်သူ မဟုတ်လား။ ဟိုလူမရှိသည့် ညနေတွေ ... စနေ၊တနင်္ဂနွေတွေမှာ စကားရဲ့ စွမ်းပကားတွေကိုလည်း ပြသနိုင်ဖို့ရာ အားကျိုးမာန်တက်ပင် လုံးပမ်းတာပေါ့ ။

"ကျွတ် ... ဝင်,ဝင်မလုပ်ပါနဲ့ဆို စကား:ရယ် ... စကား:လုပ်နေကိုင်နေတာတွေက စကား:လည်: ပင်ပန်:တယ် ... အချို:အချိတ်လည်: မပြေဘူး: ..."

အဲဒါမျို:တွေကအစ ...။

"ကိုပွား:အကုန်စီစဉ်ပေး:ခဲ့တယ် မဟုတ်လား: ... အဲဒီအတိုင်:ပဲ သူအစီအစဉ်နဲ့သူ လုပ်ကြပါစေ ... စကား:ကဝင်,ဝင်မဖျက်ပါနဲ့.ကွယ် ..."

အဲဒါမျို:က အလယ် ... ။

"စကား: ... ပြောနေတာ မရဘူး:လား: ... အဲဒါမျို:ကိုကို ဘယ်တုန်:က လုပ်ဖူး:လို့.လဲ ... ဟိုဟာတွေလည်: တစ်ခုမှမကြိုက်ဘူး: ... အကုန်ပြန်ယူသွား: ... ကိုကို ထမင်:စား:ရင် ရေဖန်ခွက်ကဘယ်မှာ ...လက်သုတ်ပဝါက ဘယ်နေရာကအစ စကား:မသိနိုင်ရင် ဘာမှ ကိုဝင်မလုပ်နဲ့. ... ငြိမ်ငြိမ်လေးပဲ ထိုင်နေ ... လုပ်နေကိုင်နေကျ ထုံ:စံပုံစံတွေကနေ ပျက်ကုန်ရတာမျို: ကိုကို နည်နည်:လေးမှ မကြိုက်ဘူး: ..."

အဲဒီလို ဒေါသသံပါ,ပါလာတော့တာက အဆုံး။

သူ.အချို:အချိတ်တွေ၊ ထုံ:စံပုံစံတွေ၊ နေသား:ကျနေတဲ့ မူတွေ ဘောင်တွေကို စကား:က နလပိမ်:တုံ:တစ်ယောက်မှ မဟုတ်တာ။ ဒီလောက်တောင် ကြာပြီပဲ။ အား:လုံ:သိရှိမှတ်မိ လုပ်တတ်နေသား:ပဲ ...။ တမင်ကို မလုပ်တာ။ 'အံ့ပွား:' ဆိုသောလူရဲ. ထုံ:စံထဲမှာ အသား:သွား:ကျနေတဲ့ကိုကို.ကို စကား:ရဲ.ထုံ:စံထဲ ဆွဲသွင်းကြည့်ဖို. ကြို:စား:တာ။

စကား၊စိတ်တိုင်း၊ကျမယ့် အခြေအနေမျိုးကို မရောက်,ရောက်အောင် အား၊ထုတ်ကြည့်တာ ...။

သို့သော် စကား၊ပဲ ရှုံး၊ပါသည်။ ကိုကို့လေသံက စိတ်ရှုပ်သည့် ဒေါသသံပါလာပြီဆိုရင် ... စေတနာမေတ္တာ အပြည့်အဝလေး၊ထည့်ပြီး ကြိုး၊စား၊လုပ်ကိုင်ပေး၊နေသည့် စကား၊ကလည်း 'ထောင်း'ခနဲ့ စိတ်ပေါက်ကာ သည်း၊မခံချင်တော့ပြီ။ အဲဒီအခါကျတော့ တစ်ကိုယ်ကောင်း ဆန်ချင်လှသော ကိုကို့ရဲ့ သတ်မှတ်ချက်များအရ "စကား၊ကပဲ အလုပ်မဟုတ်တာတွေကို လျှောက်လုပ်နေသေး ... စကား၊ကပဲစိတ်မရှည်လက်မရှည်နှင့် စတင်ရန်စွာရန်လုပ်သေး ... စိတ်ပုပ်သေး" ဖြစ်ရတော့တာပေါ့ ...။

စကား၊ကလည်း၊စကား ...။ သူတစ်ပါး၊ရဲ့အလိုက်တသိ အား၊လုံး၊လိုက်လုပ်ကိုင်ပေး၊နေမှု အပေါ်မှာ ဇိမ်တွေ့အပျင်း၊ကြီး၊တတ်နေပြီဖြစ်သည့် ကိုကို့လိုလူမျိုး၊ကို ကိုယ့်ဘက်ပါစေချင်ရင် ရုတ်တရက်ဆေး၊ခါး၊ကြီး တိုက်ချသလိုမျိုး အကျင့်ဖျက်အလုပ်တွေ ပေး၊လို့မရဘူး ... ဆိုဆာကို သတိပြုမိပါရက် လိုက်မှမလိုက်နာနိုင်ဘဲ။ အဲဒီလောက် ဇိမ်ခံအပျင်း၊ကြီး၊ကာ သူတစ်ပါး၊ကို မှီခိုစရာမလိုဘူး၊ရယ်လို့ ... ကိုကို့ကို အတင်း၊ကြီး ဇိမ်ဖျက်ကာ ကိုယ့်တစ်ကိုယ်ရေစာအတွက် အလုပ်တွေကို ကိုယ်တိုင်ကိုယ်ကျပဲ အတင်း၊လုပ်စေမိတာကိုး။

"ကိုကို ... ကိုကို ... ရှင်နော် ... ကြာလာရင် ရှင့်ဦးနှောက်တွေပါ အကုန်ချွေး(ဂျီး)ပိတ်ကုန်ပြီး ... ရှင်ဟာ အံ့ပွား၊ကမှ မဆုံး၊ဖြတ်ပေး၊ရင် ဘာမှမလုပ်တတ်

တော့တဲ့လူမျိုးပဲ ဖြစ်သွားလိမ့်တော့မယ် ... သိလား”

အောင်မြင်နေသော၊ ကိုယ့်ကိုကိုယ် အထင်ကြီး စိတ်ရှိသော၊ ကိုယ့်အလုပ်ထဲမှာ လုပ်ရည်ကိုင်ရည်ပြည့်ဝကာ တော်လှသော လူတစ်ယောက်ကို ဒါမျိုးသွားဝေဖန်ရင် အဲဒီလူက ဘယ်လိုလုပ်မျှား ကြိုက်နိုင်ပါ့မလဲ ...။ စကားကတော့ ကိုကိုမကြိုက်မှန်းသိရက် တမင်ကိုပြောတာ။ အိမ်မှာတောင် ဒီလောက် ဆရာလုပ် ... သူများဆုံးဖြတ်ချက်တွေကိုပါ လိုက်ပြင်တတ်သော ဟိုလူဟာ အလုပ်ထဲမှာလည်း သူ့ဩဇာ၊ သူ့ဦးနှောက်နဲ့ပဲ ဝင်,ဝင်မစွက်ပါဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ ...။

ကိုကိုကတော့ “လုံးဝမဟုတ်ဘူး”ဟု ဆိုကာ အဲဒီလို အပြောခံရတာကို ဆတ်ဆတ်ထိမခံ အလွန်ပင်နာကျင်ပုံရလေသည်။ စကားကတော့ ကိုယ်တိုင်မှ မမြင်ရတာ၊ မြင်နေရသလောက်နဲ့မှန်းရရင် ကိုကို့အလုပ်အကိုင်တွေထဲမှာ ဟိုလူ့ဦးနှောက်လုံးလုံး ပါမနေပါဘူးဆိုတာကို တယ်ပြီးတော့ မယုံလှပေ ...။

စကားများ ပြဿနာအရှိ၊ ပြဿနာထိုင်ရှာနေရာ ကျလွန်းနေပြီလား ...။ အမှန်ကတော့ ကိုယ့်ခင်ပွန်းယောကျ်ား မကြိုက်နိုင်မယ့် စကားမျိုးကို တတ်နိုင်သမျှ မပြောဘဲနေလိုက်လျှင် ရန်စဲမည်ဆိုတာ စကားက နားလည်ပါသည်။ ဒါပေမယ့် မပြောဘဲနေကို မနေနိုင် ... မကျေမနပ် အမြင်ကပ်သည့် ဓာတ်ခံက ရှိနေသည်လေ။ စကားကသာ သူ့မကျေနပ်တာကို မပြောဘဲ ဆင်ခြင်ပေးနေရမည်ဆိုလျှင် သူ

ကကော စကားမကြိုက်တာတွေကို မလုပ်စေဘဲ ဆင်ခြင်ပေးလိုက်ဖို့ ဘာလို့မလုပ်သလဲ ... လုပ်ဖို့ဝေးလို့ ... ဘာလို ခေါင်းထဲမှာတောင်မှ မရှိသလဲ ... ကဲ ...။

တစ်နေ့မှာတော့ စကားရဲ့ ပြဿနာတွေက (စကားကိုယ်တိုင်က ဖုံးဖိသူဝှက်ထားလိုဆဲဖြစ်သော) မမေ့ဆီသို့ တိုက်ရိုက်ပင် ရောက်ရှိသွားလေတော့သည်။ ပြဿနာကတော့ ကိုကို့အလုပ်နှင့် ပက်သက်ပြီး ဆက်သွယ်လုပ်ကိုင်နေရသည့် နိုင်ငံခြားသား လင်မယားနှစ်ယောက်က စကားတို့လင်မယားကို သူတို့ရဲ့ ဒင်နာ(ညစာစား)ပွဲသို့ ဖိတ်ရာက စတင်ခြင်း ဖြစ်လေသည်။ နေ့လယ်ဘက်မှာ ကိုကိုမပါဘဲ ဟိုလူတစ်ယောက်တည်း အိမ်ပြန်ရောက်လာသောအခါ စကားမှာ အတော်ကြီး ထိတ်လန့်တုန်လှုပ်သွားရသည်။

"ဟင် ... ကိုကို ... ကိုကိုရော"

အမြဲတမ်း နှစ်ယောက်ပူးကြီး မြင်နေရရာက တစ်ယောက်ထဲကိုပဲ မြင်လိုက်ရတော့ ကိုကိုများ ဘာများဖြစ်ပြီလဲလို့ ပူတာပေါ့ ... ကိုကို့တစ်ယောက်တည်းကွက်ပြီး ရုတ်တရက် မြင်ရမယ် ဆိုရင်တော့ မပူပေါင် ...။ ဘာပူစရာရှိလဲ ...။

"ကိုကိုက ရုံးမှာပေါ့"

"ဒါဆို ရှင်က ဘာလို့အိမ်ပြန်ရောက်လာရတာလဲ ..."

"စီစဉ်စရာရှိလို့ပါ ... ညနေကျရင် နိုင်ငံခြားသားတစ်ယောက်က ဖိတ်ထားတဲ့ ညစာစားပွဲရှိတယ် ... ကိုကို ရုံးကပြန်ရောက်ပြီး ညနေခြောက်နာရီထိုးတာနဲ့

ထွက်ရမယ် ... ကိုကိုနဲ့ အတူတူ မစကားလည်းပဲ သွားရလိမ့်မယ် ..."

အောင်မာ ... ပြောပုံကိုက ... ။အဖြစ်မှန်ကတော့ ဟိုနိုင်ငံခြားသားဆိုသူက ကိုကို့ကို ဖိတ်ကြားကတည်းက တစ်ဦးတည်းမဟုတ်ဘဲ လင်မယားစုံတွဲလိုက် ကြွရောက်ဖို့ ဖိတ်ထားတာမျိုးပဲနေမှာပေါ့ ... အဲဒါကိုပဲ ဒင်းကြီးက ... "မစကားကိုပါထည့်ဖိတ်ထားပါတယ်" လို့ မပြောဘဲ"မစကားကလည်းပဲ သွားရလိမ့်မယ်" ဆိုတော့ သူအမိန့်ပေးတာကိုပဲ စကားကလိုက်လုပ်ရမလိုလို ...။ အဲဒီလိုဟာမျိုးတွေပေါ့ ချဉ်စုပ်စရာကောင်းတာ။

စကားမျက်နှာ သိပ်မသာယာလှတော့ဘဲ စကားဆက်မပြောတော့တာကို ကြည့်ပြီးလျှင် ဒင်းက ... အိမ်ကကလေးမတစ်ယောက်ကို အော်ခေါ်လိုက်သည်။ ပြီးတာနဲ့ သူ့ဘာသာ ပြောသလိုလို ... စကားကိုပဲ ရည်ရွယ်သလိုလိုနှင့် ...

"ညနေကျ ကိုကို ညစာစားပွဲတက်ဖို့ ဝတ်စုံကို စီစဉ်ပေးရဦးမယ် ... ကိုကို့ ညစာစားပွဲဝတ်စုံတွေက ကိုကို့အခန်းထဲကဗီရိုရဲ့ ဘယ်ဘက်ကအကန့်ထဲမှာ ချိတ်ထားတာ ... လာ ... မိညို ... ငါတို့သွားဝင်ယူကြရမယ် ..."

ပြောရင်းနှင့်ပင် အိမ်ပေါ်ထပ်သို့ နှစ်ယောက်တူတူ တက်သွားကြလေသည်။ ကြည့်စမ်း ... ငါ့အခန်းထဲကို ... ကိုကိုလည်းမရှိတုန်းမှာ ... ငါ့ကိုလည်း တစ်စက်မှ

တိုက်ရိုက်ခွင့်တောင်းတာမျိုး မရှိဘဲ သူဝင်တော့မယ် ...။ စကားက ဒေါသနှင့် အိမ်ပေါ်ထပ်သို့ တဝုန်းဝန်း တဒိုင်းဒိုင်း လိုက်ပြေးတက်သွားသောအခါ ... ဒင်းနှင့် မိညိုတို့နှစ်ယောက်က အခန်းထဲရောက်ပြီးလို့ ကိုကို့ဗီရိုကိုတောင် သော့နှင့်ဖွင့်ပြီးသား ရှိနေလေပြီ။

"ရှင် ... ဒါဘာလုပ်တာလဲ ... ကိုကိုမရှိတုန်း အခန်းထဲဝင်မယ် ... ဗီရိုဖွင့်မယ်ဆိုရင် ရှင် ကျွန်မကို ခွင့်တောင်းပြီးမှ လုပ်ရမှာပေါ့ ..."

"ကျွန်တော် ပြောပါတယ် မစကား ..."

"မလိမ့်တပတ် မလုပ်ပါနဲ့ ... ရှင် ကျွန်မကို တိုက်ရိုက်ခွင့်တောင်းသလား"

သူက ခဏတော့ ငြိမ်သက်ကာ ရပ်နေပေးပါသည်။ သို့သော် ဘာဆက်ပြောရမှန်းမသိတော့သော စကားဆီက အသံထပ်မထွက်လာတော့သောအခါ မျက်လွှာတစ်ချက်ပင့်လှန်ကြည့် အကဲခတ်လိုက်ပြီး သကာလ ... သူလုပ်စရာရှိရာကိုသာ ဆက်လုပ်နေတော့သည်။ ကိုကို့အင်္ကျီ များ ခွဲတ်ထားသော အတန်းမှ အဖြူရောင်ကုတ်တစ်ထည်ကို ထုတ်ယူသည်။ ပြီးတော့ ဘောင်းဘီအထပ်မှ ထိုကုတ်အင်္ကျီနှင့် ဝမ်းဆက်ဘောင်းဘီကို ထုတ်ယူသည်။

"မိညို ... အင်္ကျီနဲ့ ဘောင်းဘီကို မီးပူပြန်တိုက်ရလိမ့်မယ် ... ငါပြောပြထားတဲ့ နည်းအတိုင်းတိုက်နော် ... ဟို ... စပရေးဘူးထဲက အရည်လေးနည်းနည်းဖျန်းတိုက်သိပ်အရွဲကြီးလည်း မဖြစ်စေနဲ့ ကြားလား ..."

မိညိုကိုစိမ်ခန့်ခွဲပြီးတာနဲ့ စကားဘက်ပြန်လှည့်လာပြန်ကာ ...

"မစကားရဲ့ ဝတ်စုံကော တစ်ခါတည်း တိုက်ခိုင်းမလား"

"နေပစေ"

စကားက တမင်ပင် ငြင်းထုတ်ပစ်လိုက်သည်။ စကားရဲ့မျက်နှာကျောကလည်း စိတ်က မကြည်လင်လှသေးတာမို့ခပ်မာမာပင် ... ဒါကိုတောင်မှ ဒင်းက အလိုက်ကန်းဆိုးမသိတာလား ... ဂရုမစိုက်တာလား မသိဘဲ ...

"ဘာဝတ်မှာလဲ"

အောင်မာ ... လာပြန်ပြီ ... ကိုယ့်ဘာသာ ဘာဝတ်ဝတ် ... ဒင်းအပူဘာပါသလဲ ...။

"အဖြူရောင်ပဲဝတ်မှ ဖြစ်လိမ့်မယ် ... အဖြူရောင်ဗြောင်ဝမ်းဆက် မရှိရင်လည်း အဖြူခပ်များများ ပါတာမျိုးပေါ့ ..."

စိတ်မထိန်းနိုင်တတ်သော စကားရဲ့ ဒေါသတွေငယ်ထိပ်တက်ကပ်သွားရပြန်တော့သည်။ တောက် ... လူကိုသူက မိညိုတို့လောက်နဲ့တန်းတူ တစ်တန်းတစ်စားထဲ မှတ်နေလို့ အမိန့်ပေးလား ပြုလား လုပ်ရတာလား။ သူ့စိတ်ကြိုက်ကိုကိုဖို့ အဖြူဝမ်းဆက် ထုတ်ပေးထားတိုင်း 'စကားဝါသွေး' ဆိုတဲ့ မိန်းမကပါ သူ့သြဇာအတိုင်း လိုက်နာခံကာ အဖြူပဲဝတ်ရတော့မှာလား။

"ကိုယ့်ဘာသာကိုယ် ဘာဝတ်ဝတ် ... ရှင်ဘာမှ

အမိန့်ပေးပြီး လိုက်ကန့်သတ်နေစရာ မလိုဘူး ...”

ပြောပစ်ပြီးပြီးချင်း စကားက အခန်းထဲမှ ချာခနဲလှည့်ထွက်လာခဲ့သည်။ သူ့ရှေ့မှာ ကြာကြာဆက်ရပ်နေမိရင် စကားဟာ ကိုယ့်အိမ်က အလုပ်သမား လူတန်းစားနှင့်တစ်ယောက်တစ်ခွန်း ရန်အပြိုင်ဖြစ်သည့် အိမ်ရှင်မမျိုး ဖြစ်နေဦးတော့မည်။ သို့သော် စကားရဲ့ ဒေါသတွေဟာ ဒီလောက်နဲ့တော့ ရုတ်တရက် ပြန်မပြေလိုက်နိုင်သေး။ သူ့ကို မပြောရလျှင် သူ့အချစ်တော် ကိုကို့ကိုတော့ သေချာပြောထားကာ “နောင်ဘယ်တော့မှ ဝင်,ဝင်မစွက်ဖို့ ... စကားဘက်ကလုံးဝလက်သင့်မခံနိုင်တာကို” အတိအလင်းပင် သိစေထားရပေမည်။

ချက်ချင်းဖုန်းကောက်လှည့်လိုက်သောအခါ ဒင်းက ဒီရောက်နေတာမို့ ကိုယ်တိုင်ဖုန်းကိုင်လိုက်သော ကိုကို့အသံကို အရင်ဦးဆုံးကြားလိုက်ရလေသည်။

“ကိုကို”

“ဟား ... စကား ... ဘာတွေဖြစ်နေတာလဲ ... အော်လှချေလား ... ဘယ်ကဆက်နေတာလဲ ...”

“အိမ်က ... အိမ်က ..”

“အိမ်က... ဒါဆို ဘာလို့ဒီလောက် တောင်အော်ပြောနေတာလဲ”

“စကား အရမ်းဒေါသထွက်နေတယ်နော် ကိုကို ... ဒီမှာ ကိုကို့လူကို ကြည့်ပြောထားဦး ... စကားဘယ်နည်းနဲ့မှသည်းမခံနိုင်တော့ဘူး... ကိုကိုမရှိတုန်း စကားတို့အခန်းထဲ သူဝင်မယ်ဆိုရင် ကိုကို ချီးမွမ်းဖူး

သလို စည်းကမ်းရှိရှိ ... စနစ်တကျလုပ်တတ်တဲ့ လူမျိုးက ... စကားကိုခွင့်တောင်းပြီးမှ မဝင်သင့်ဘူး လား ... ခုတော့ တစ်စက်မှ ခွင့်မတောင်းဘဲ ဒီတိုင်း ဝင်ချသွားတယ် ... ပြီးတော့လဲ ..."

"ဟ ... ဟ ... ခဏနေပါဦး ... ဟုတ်မှဟုတ်ရဲ့လား စကားရယ် ... ကိုပွားဟာ ..."

"သြော် ... ဒီမှာကိုကို ... ဟုတ်မှဟုတ်ရဲ့လားဆိုတော့ စကားကပဲ အလကားနေရင်း လီဆည်သွေးခွဲတတ်တဲ့ မိန်းမမျိုးလို့ ကိုကိုက ဆိုလိုချင်တာလား ..."

"ဟာ ... မဟုတ်ပါဘူး ..."

"မယုံရင် ... ရှင့်လူ ရှင်ခေါ်မေး ..."

ခေါ်မေးလိုက်ရင် "မယုံဘူး" ဟု ဆိုလိုက်ရာ ကျတော့မှာမို့ ကိုကိုက "အေးပါ ...အေးပါ ... မမေးပါဘူး" ဟု စိတ်ရှုပ်ရှုပ်သံနှင့်သာ ဆိုလေသည်။

"ပြီးတော့လည်း စကားဟာ သူ့လက်အောက်ငယ်သား မဟုတ်ဘူး ... သူ့ကို အလုပ်ပေးထားတဲ့ သူ့အိမ်ရှင်ရဲ့ဧနီး ... သူ့အလုပ်ရှင် ... သူက စကားရဲ့အလုပ်သမား ... စကားကို သူဘာမှသြဇာပေးနေစရာမလိုဘူး ... ဖြစ်ချင်းဖြစ် ...စကားရဲ့ သြဇာကိုသာ သူကနာခံရမယ် ... ဒါ စကားအတိုအလင်းဘဲ ပြောထားတာ ... အဲဒါ ကိုယ့်လူကိုယ် ပြန်ပြောပြထားချေဦး ..."

စကားဟာလည်း အရင်က ကိုယ့်အိမ်ကိုယ်နေ စဉ်တုန်းကတော့ ကိုယ့်အိမ်က အလုပ်သမား၊ လက်ဝေခံ၊

လက်အောက်ခံမှန်သမျှတို့ အပေါ်မှာ ဒီလောက်ကြီး အဆင့်အတန်း ခွဲခြားပြီး ဆက်ဆံကြီးကျယ်ခဲ့တာမျိုး မရှိခဲ့ပါ။ ခုဟာကတော့ တမင်ကိုပြောပစ်တာ ... စကားပြောပစ်နေစဉ် တစ်လျှောက်လုံး ကိုကို့ထံမှ သက်ပြင်းချသံတွေ "တဟင်းဟင်း" ထွက်ပေါ်နေလေ ... စကားကပိုပြီးပြောလေလေ ...။

"ခုစကားကို သူက ဘာတွေများ ပြောနေလို့လဲ ..."

"ပြန်ပြောရရင် ဒေါသက ပိုထွက်လာလိမ့်မယ် ... ကိုယ့်လူပဲ ကိုယ်ခေါ်မေးတော့"

စကားက "မိညို ...ဟိုတစ်ယောက်ကို ခေါ်ပေးလိုက်"ဟု လှမ်းအော်လိုက်သည်။ သို့သော် အမြဲတမ်းလိုလို အနားမှာ မခွာတခွာလေး ကပ်ရပ်ကာ တစ်ဘက်လူရဲ့ စကားတွေကို ချောင်းမြောင်းနားထောင်နေဖို့ကိုပဲ ဗီဇသန်လှပုံရသည့် ထိုလူက စကားရဲ့ အော်သံမှ မဆုံးသေးခင် အနားသို့ရောက်လာကာ ဖုန်းကို လက်လှမ်းပြီးနေပြီ။

"ကိုကို ... ကျွန်တော်ပါ ... ဟုတ်ကဲ့"

စကားကတော်သူလို ဆက်လက်ချောင်းမြောင်းနားထောင်နေဖို့ စိတ်ကူးမရှိ ... ကိုယ့်အိပ်ခန်းထဲ ကိုယ်ပြန်တက်လာခဲ့လိုက်သည်။ ခဏကြာလျှင် တံခါးခေါက်သံ တဒေါက်ဒေါက်နှင့်အတူ မိညိုရဲ့အသံကပါ ပေါ်လာကာ ...

"မမလေး ... မမလေး ... ကိုကိုကြီးက ဖုန်းပြန်ကိုင်ပါတဲ့ ..."

စကားက တံခါးကို ဝုန်းခနဲ တွန်းဖွင့်လိုက်ကာ ...

"ငါဒီအပေါ်ကပဲ ကိုင်လိုက်တော့မယ် ... နေဦး ... ဟိုလူကို အောက်ကဖုန်းကိုချလိုက် ... ဆက်ကိုင်မထားနဲ့လို့ ပြောလိုက်ဦး ..."

"ကိုအံ့ဖွား ပြန်သွားပြီ မမလေး"

"ဟင် ..."

"ဟုတ်တယ် ... ခုပဲထွက်သွားပြီ ..."

တောက် ... ဘာလိုလို ...ညာလိုလို ... ခပ်အေးအေးပဲလိုလိုနှင့် မသိမသာလေး။ အသာကလေးပင် အနိုင်နဲ့ ပိုင်းသွားနိုင်ပြန်ပြီ ...။

"ဟဲလို ..."

"စကား ... ကိုကို ... ဗလကို အကုန်မေးကြည့်လိုက်ပြီးပြီ ... သူကစကားကို အမိန့်ပေးသြဇာပေးတာမှ မဟုတ်ဘဲ ... လင်မယားစုံတွဲလိုက် ... အဖြူရောင်ဝတ်စုံများနှင့် ကြွရောက်ပါရန်ဆိုတာ ဖိတ်စာထဲမှာ ကိုပါတာ ... တစ်ချို့ နိုင်ငံခြားသားတွေက အဲဒီလိုပဲ ... သူတို့ရဲ့ပွဲကို ထူးထူးခြားခြားလေး ဖြစ်ချင်ရင် ဖိတ်စာထဲမှာ ဧည့်သည်တွေ ဝတ်လာရမယ့် ဝတ်စုံပါထည့် ရေးတတ်ကြတယ်"

ကိုကိုစကားလုံးတွေက ရှင်းပြခြင်း အလုပ်ကိုလုပ်နေကြပေမဲ့ လေသံကတော့မကောင်းပါ ... "အဓိပ္ပယ်မရှိ အပိုအလုပ်တွေလုပ်နေရတယ်" ဟူသော စကားကို ဖွင့်မပြောယုံတမယ်ပဲ သိသာစေနေလေသည်။ စကားက ဒါကိုပဲလက်သင့်ခံ ကျေနပ်လိုက်ရမှာတဲ့လား။

"ဒါဖြင့် ...ဖိတ်စာထဲမှာ အဲဒီလိုပါလို့ ပြောပါလား"
"စကား ... စကားရဲ့ဖေဖေမှာလည်း အလုပ်မှာ ကိုယ့် secretary နဲ့ကိုယ် ရှိတာပဲ ... secretary တို့ရဲ့ ပြော ဆိုတတ်ပုံ၊ သုံးနှုန်းတတ်ပုံတွေကို စကားနားမလည် နိုင်ဘူးလား ... တစ်ခါမှမကြားဖူး၊မကြုံဖူးဘူးလား ... သူတို့တွေဟာ သူတို့ရဲ့ ဘော့စ်တွေနဲ့ စကားပြောရင် ဒီနေ့ ... ဘာ ... ဘာ ... ဘာ ... လုပ်ရမယ် ... ဘယ် နှစ်နာရီမှာ ဘယ်သွားရမယ် ... ဘယ်အချိန်မှာ ဘယ် သူနဲ့ တွေ့ရမယ် ... စသဖြင့်ပဲ ပြောတတ်ကြတာပဲ အဲဒါကို ကိုယ်တို့က ငါ့ကို သြဇာအာဏာလာပေးနေပါ လား၊လို့ ဘယ်တုန်းကမှ မထင်မိခဲ့ကြပါဘူး ... သူတို့ ကလည်း ဖိတ်စာထဲမှာ ဘယ်လိုပါလို့ ... ဘယ်လိုရေး ထား၊လို့ စသဖြင့် ရှည်ရှည်ဝေးဝေးတွေကို ဘယ်တော့မှ ပြောကြလိမ့်မှာ မဟုတ်ဘူး... "
"အို ... မသိဘူး ... မသိဘူး ... စကားတို့တွေက ရုံး အလုပ်လုပ်နေကြတာမှ မဟုတ်ဘဲ ... စကားကိုတော့ ဘာလုပ်ရမယ် ... ညာလုပ်ရမယ်နဲ့ လာမပြောနဲ့ ... ရှည်ဝေးရင် ရှည်ဝေးပစေ ... ဖိတ်စာထဲမှာတော့ အဲဒီ လိုပါပါတယ်လို့သာ ပြောရမယ် ..."
"ခက်ပါလား ..."
"မခက်ဘူး ... ပြီးတော့ စကားအခန်းထဲ ခွင့်မတောင်း ဘဲ ဝင်တဲ့ကိစ္စကျတော့ရော ဘာပြောမလဲ"
"အဲဒါကိုလည်း ကိုပွားက ရှင်းပြသွားပါတယ် ...

စကား:က သူကိုဘာ့ကြောင့်မှန်း:မသိ ... မြင်တာနဲ့သုန်မှန်ပြီး: လေသံတွေက မာနေတယ်တဲ့ ... အဲဒါတော့ဟုတ်မှာပဲ ... ကိုကိုယုံတယ်"

"ဩော် ... သူပြောတဲ့ အဲဒါကိုတော့ ကိုကိုကယုံတယ်ဆိုရင် စကား:ပြောတဲ့ ဘယ်ဥစ္စာတွေကိုကျတော့ ရှင်ကမယုံသက်ဴရှိသလဲ ... လိမ်တယ်ညာတယ်လို့ ထင်သလဲ"

"စကား: ... ကိုကိုက သဘောပြောပြတာပဲ ... စကား:အကျအန မကောက်စမ်း:ပါနဲ့ကွာ ... စကား:က အဲဒီလိုသုန်မှန်ပြီးမှ ရုတ်တရက်လုံး:ဝလေသံတိတ်။ စကား:ဆက်မပြောတော့ဘဲနဲ့ နေ,နေလို့ သူ့ခမျာစကား:ကိုရင်ဆိုင်ပြီး: တိတိလင်း:လင်း: ဆက်မပြောရဲတော့လို့ မိညိုကို လှမ်း:ခေါ်လိုက်ရပြီး: ... မိညိုကိုပဲ ပြောရသလိုလို ဘာလိုလိုနဲ့ စကား:ကြား:အောင် လှမ်းပြီး: အသိပေး:ခဲ့ရပါတယ်တဲ့ ..."

"အမယ်လေး: ... သနား:စရာ ကောင်း:လိုက်တာ ... ကျွတ် ... ကျွတ် ... ကျွတ် ... သူ့ခမျာ အဖြစ်ကတော်တော်ကို ဆိုး:ရွာတာပါပဲလား:"

"စကား: ... လောကကြီး:ထဲမှာ မျက်မှန်စိမ်း:တပ်ပြီး: ကြည့်ရင်တော့ အရာရာဟာ စိမ်း:ပဲစိမ်း:နေတော့မှာပဲပေါ့ ... စကား:က ဘာ့ကြောင့်မှန်း:မသိ ကိုပွား:အပေါ်မကျေနပ်တဲ့ဓာတ်ခံက ရှိနေပြီး:သား:ဆိုတော့ သူဘာလုပ်လုပ် မကောင်းကြီး:ပဲ မြင်နေတော့မှာပဲ ...

ကိုကို တောင်းပန်ပါတယ် ... သူနေတတ်သလို နေပါ
စေ ... ပြောတတ်သလို ပြောရှာပါစေကွာ ... စကား
ကသာ မျက်မှန်စိမ်းတတ်ပြီး လိုက်ကြည့်ရင် အားလုံး
အဆင်ပြေသွားမှာပါ"
"သြော် ... သြော် ... တရားကျစရာ ကောင်းလိုက်တာ၊
သူကတော့ နေချင်သလိုဆက်နေမယ် ... စကားကတော့
လျော့ပေးပြီး လိုက်လိုက်လျောလျော လိုက်ဆက်ဆံရ
မယ် ... ဒီလိုလား ... အမယ်လေး ... တရားမျှတ
တော်မူလိုက်တာ ကိုကိုရယ် ... ရှင့်စိတ်ထဲမှာ စကား
က ရှင့်မိန်းမ၊ ဟိုဟာက အလုပ်သမားဆိုတာမှ သတိ
ရပါသေးရဲ့လား ... ရှင့်လိုလူမျိုး ဒီတစ်သက်မှာ ဒီ
တစ်ခါသာ ကြားဖူးပါတယ် ... ကိုယ့်မိန်းမနဲ့သူစိမ်း
အလုပ်သမားတစ်ယောက်နဲ့ဖြစ်တဲ့ ပြဿနာမှာ သူစိမ်း
ယောကျ်ားအလုပ်သမားကတော့ နေချင်သလိုနေပစေ
မိန်းမကသာ လျော့ပေးလိုက်တဲ့ ... လူကြားလို့တောင်
မကောင်းဘူး ... ဖြစ်မှဖြစ်ရလေ ..."
"ဘာတွေလျှောက်ပြောနေတာလဲ စကား ... စကားပဲ
ပြောတော့ စကားက အလုပ်ရှင် အိမ်ရှင်မ ... သူက
အလုပ်သမားဆို ... ဒါပေမယ့် အလုပ်ရှင် အိမ်ရှင်မတစ်
ယောက်ဟာ ဘယ်လိုမျိုး ကိုယ့်နေရာနဲ့ကိုယ် မှန်မှန်
ကန်ကန် နေထိုင်ပြောဆိုတတ်ရမလဲဆိုတာ စကား
မသိသေးပါဘူး ... တကယ်တမ်း အလုပ်ရှင် အိမ်ရှင်မ
တစ်ယောက်ဟာ ဘယ်တော့မှ ကိုယ့်အလုပ်သမားနဲ့

ကိုယ်ဆင်းပြီးပြိုင်လိမ့်မှာ မဟုတ်ဘူး စကား”

စကားမှာ ကိုကိုဆိုသောသူသာ အနီးအနားမှာ ရှိနေလို့ကတော့ ပြေးပျက်ပြီး နာအောင်ကျင်အောင် တစ်ခုခုကို တစ်ဆုံးတစ်စ လုပ်ပစ်လိုက်ချင်စိတ်တွေပင် ပေါ်လာမိအောင် ဒေါသတွေ ထွက်လာရပါတော့သည်။ သို့သော် သူကအနားမှာ မရှိပြီဖြစ်ရာ သူ့ကို ဘာမှမလုပ်နိုင်တိုင် ဖုန်ကိုသာ အားကြိုးမာန်တက် ‘ခွမ်း’ ခနဲ အသံမြည်အောင် ပေါက်ချပစ်လိုက်လေသည်။

ပြီးတော့ အကျီအဝတ်အစားလဲသည်။ ပြီးတာနဲ့ ဖုန်းကိုပြန်ကိုင်ကာ ကိုယ့်မိဘအိမ် ကိုယ်ပြန်ဖုန်းဆက်ပြီး ... ကားမှာသည်။ မေမေနဲ့တွေ့မှ ဖြစ်တော့မည်။ ရှင်းမရအောင် တဖြည်းဖြည်း ရှုပ်ထွေးလာသည့် ပြဿနာအလုံးအခဲကြီးနှင့် စကားမှာ “ဆရာကောင်း” တစ်ယောက် လိုအပ်လို့နေပြီ။

“မှားလိုက်တာ သမီးကလေးရယ် ... အမှားဆုံးက တော့ ယောကျ်ားနဲ့ ရန်ဖြစ်ပြီး မိဘအိမ်ဆင်းချလာခဲ့တာပဲ ... အဲဒီလို ဘယ်တော့မှ မလုပ်ရဘူးသမီးရဲ့ ... ကိုယ်ပဲအခက်တွေ့ရတတ်တယ် ... ကိုယ့်ဘာသာကိုယ် ဆင်းလာခဲ့ပြီးမှ သူကလိုက်မခေါ်ရင် ... ကိုယ့်ဘာသာ

ကိုယ် အရှက်ကွဲခံပြီး ပြန်တက်ရရင်လည်း တစ်ခက်၊ အရှက်မကွဲချင်လို့ လာမခေါ်မချင်း တစောင့်စောင့် တမျှော်မျှော်ရှိရပြန်လည်း တစ်ခက် ...”

“အာ ... မေမေကလည်း စကားကအခု စိတ်ဆိုးစကား များပြီး အိမ်ပေါ်က ဆင်းလာတာ မဟုတ်ပါဘူး ... မေမေ့ဆီလာပြီး ခဏလာစကားပြောတာ”

“ဘာမှမထူးပါဘူး ... ဒါဖြင့် ညကျရင်ကော သူလာ မခေါ်ဘဲ သမီးက ပြန်မှာမို့လို့လာ ... သူကလည်း သမီးမတက်တော့ဘဲ ကျောခိုင်းထားပစ်ခဲ့တဲ့ ညစာစား ပွဲကို သူပါမတက်တော့ဘဲ လျစ်လျူရှုပစ်ခဲ့လို့ ရမှာ မဟုတ်ဘူး ... သူသွားကိုသွားတက်ရမှာ ... အဲဒီအခါ ကျ ညပွဲက အရမ်းနောက်ကျမှ ပြီးခဲ့ရင် သမီးကို သူ ကဒီညတွင်းချင်း လာခေါ်နိုင်ပါ့မလား ... ဒီညလာ မခေါ်ခဲ့ရင်ကော သမီးက နက်ဖြန်မနက်ကျ ကိုယ့်ဘာ သာပြန်သွားမှာမို့လို့လား”

စကားက မေမေပြောနေတာတွေကို ခုမှတွက်မိ ကာ တွေတွေကြီး စဉ်းစားနေမိသည်။

“တကယ်က အဲဒီညစာစားပွဲကို ဟန်မပျက်လိုက်သွား နိုင်တာ အကောင်းဆုံးပဲ ... ပြန်လိုက်ပါလား ... ခုပြန်ရင်မီသေးတယ် ... မေမေပြန်လိုက်ပို့မယ်”

“အဲဒီကိုသွားလို့ကတော့ စကားက အဖြူကြီးဝတ်သွား ရတော့မှာပေါ့ ...”

“ဘာဖြစ်သလဲ စကားရယ် ... အဲဒါက ဟိုတစ်ယောက်

ရဲ့ အကြံမှ မဟုတ်တာ ... ဖိတ်စာထဲမှာကို ပါနေတာပဲဟာ ..."

"ဖိတ်စာထဲမှာ တကယ်လည်း မပါဘဲနဲ့ သူ့သြဇာကို ခံစေချင်လို့ လိမ်ထားတာဆိုရင် ဘယ့်နယ့်လုပ်မလဲ၊ ဟိုအပျင်းကြီးတဲ့ လူကလည်း ... ဘယ်မလဲဖိတ်စာဆိုပြီး တောင်းကြည့်မှာမှ မဟုတ်တာ ... သူ့သြဇာခံပြီး သူ့စိတ်ကြိုက်ကြီး ဝတ်သွားရရင် ... ဟိုသတ္တဝါကြီးက သူလိမ်တာတွေမပေါ်တဲ့အပြင် ... စကားကို ကွယ်ရာကနေ ကျိတ်ရယ်နေမှာ ..."

"မဖြစ်နိုင်ပါဘူး သမီးရယ် ..."

"ဟာ ... မေမေကပါ စကားဘက်ကမပါဘဲ အဲဒီလူဘက်ကပဲပါတယ်ပေါ"

"မဟုတ်တာ စကားရယ် ... စကားရဲ့ပြဿနာကို အိမ်ထောင်သည် မိန်းမတစ်ယောက် အနေနဲ့ မေမေကိုယ်ချင်းစာပါတယ် ... ကိုယ့်သမီးလေးအတွက်မခံနိုင်လည်း ဖြစ်ရပါတယ် ... ဒါပေမယ့် အဲဒါကနောက်မှအေးအေးစဉ်းစားပြီး အကောင်းဆုံးအဖြေကို ထုတ်ရမှာ ... ဒီညကိစ္စကတော့ ကိုယ့်ဒုက္ခကိုယ်ရှာပြီး ... ကိုယ့်ဘာသာ အခက်တွေ့အောင် ကိုယ်ပြန်မလုပ်နဲ့ ... ပြန်လိုက်နော် သမီးလေး ... စကားဒီကိုရောက်လာတာ ခုလောက်ဆို မောင်ကိုကိုက သိချင်မှတောင် သိဦးမှာ ..."

ခါတိုင်း မေမေ့ဆီက "မောင်ကိုကို" ဟူသော

ခေါ်သံကို ကြားရလျှင် စကားမှာ အနည်းဆုံး "ခစ်"ခနဲတစ်ချက်လေးဖြစ်ဖြစ်တော့ ရယ်မိမြဲ ဖြစ်ပါသည်။ "မင်းရန်ပြေ" ဟူသော ကိုကို့နာမည်ကြီးကို ခေါ်ရခက်သည်ဆိုပြီး စတင်မိတ်ဆက်ပေးစဉ်ကတည်းက မေမေဟာ စကားက 'ကိုကို' ဆိုသဖြင့် သူကလည်း "မောင်ကိုကို"တဲ့ ...။ မေမေက မောင်ကိုကိုဆိုတော့ ဖေဖေကလည်း မောင်ကိုကိုပင် ...။ စကားမှာ ခုတော့ စကားခေါ်တိုင်း လိုက်ခေါ်ကြသည့် အဖြစ်အပျက်ကို ရယ်စရာဟု မမြင်ချင်တော့။ အိမ်က "ဒင်း" ကလည်း သူ့ထက်တောင်မှ ငယ်သေးသည့် ရွယ်တူယောကျ်ားချင်းကိုမျာ "ကိုကို" တဲ့။ အဲဒါက ဘာဖြစ်တာလဲ ... ဘာသဘောလဲ ...။ အဲဒါပဲကြည့်တော့ ... ဘယ်လောက်အမြင်ကပ်စရာ ကောင်းထားလဲ ...။

"သူ မသိနိုင်သေးခင် ပြန်သွားလိုက်ရင် ကောင်းမယ်သမီး ... အဲဒီလိုမျိုး လင်မယားချင်း စကားပြောအခန့်မသင့်လည်း ဘာဖြစ်သလဲ ... ငါ့မိဘအိမ်ရှိတာပဲ ... ငါ့မိဘအိမ်ကို ငါ အချိန်မရွေး ပြန်ချသွားမယ်ဆိုတဲ့ စိတ်မျိုးလည်း ဘယ်တော့မှ မထားနဲ့ ... ကိုယ်နည်း ကိုယ့်ဟန်နဲ့ပဲ ပြဿနာတစ်ခုကို အကောင်းဆုံးဖြေရှင်းတတ်ဖို့ ကြိုးစားထားရမယ် သမီးလေး ... အဲဒီလို မိဘအိမ်ပြန် ... မိဘအိမ်ပြန် လုပ်နေမယ်ဆိုရင် မေမေတို့ကလည်း အသက်တွေကြီးနေပြီ ... နောင်မေမေတို့မရှိကြတော့ရင် ... သမီးဘယ်လိုလုပ်မလဲ ... ကိုယ့်အားကိုယ်ကိုးစိတ် မွေးထားမိတော့ ... သမီး

အဲဒီအခါကျ ဘယ်သူ့အိမ်ပြန်မှာလဲ”

စကားမှာမေမေက အရှည်ကြီးပြောပြပြီး ဆုံးမနေတာတွေကို ငူငူကြီးပင် နားထောင်နေမိပြီးမှ နောက်ဆုံးအမေ့စကားကိုတော့ ခေါင်းလေးသွက်သွက် ညိတ်ပြလိုက်ရင်းက ...

“အဲဒီလိုသာဆိုရင်တော့ သမီးက ဒီအိမ်မှာပဲ လာပြန်နေတော့မယ် ... ခုဟာက သူ့အိမ်သူ့ယာမို့ စိတ်ကိုအရှည်ဆုံး ဆွဲဆန့်ပေးထားတာ ... ကိုယ့်အိမ်မှာကိုယ်ပြန်နေရတဲ့အခါမျိုး ဆိုရင်တော့ နည်းနည်းလေး ရုတ်ရုတ် ... ရုတ်ရုတ် ... ဆိုတာနဲ့ ... ဟိုသတ္တဝါကြီးကို အရင်ဆုံး ဦးအောင်နှင်ချပစ်မယ် ... အဲဒီမှာမှ ... ကိုယ့်မိန်းမနဲ့ အလုပ်သမားနဲ့ ပြဿနာမှာ အလုပ်သမားကသာ မှန်တယ်ဆိုပြီး တစ်ဘက်သတ် ဘက်ပင်းချင်နေမယ့်လူရှိရင် ဘက်ပင်းတဲ့လူလည်းဆင်း ... ဒါပဲ ... အတွဲလိုက်နှင်ချပစ်မယ် ... အရသာသိပ်ရှိမှာပဲ”

“ဟဲ့ ... ကြည့်စမ်း ပြောလေ ဆိုးလေစကားရယ် ... အဲဒီလိုသာ နှင်ချပစ်လို့ကတော့ ဟိုကယောကျ်ား မာနနဲ့ မိန်းမအိမ်ပေါ်ကို တစ်သက်လုံး ဘယ်ပြန်တက်ချင်ပါတော့မလဲ ... အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်စရာတွေပဲ ဖြစ်ကုန်တော့မှာပေါ့ ... လူကြီးစိတ်မွေးစမ်းပါသမီးရယ် ...”

“လူကြီးစိတ်ဆိုတာ ... ဘယ်သူက ဘာပဲလာစော်ကားစော်ကား ... ငြိမ်နေပြီး သူတို့စိတ်ကြိုက်ပဲ လိုက်လျော

ပေးလိုက်ရတာကို ခေါ်တာလား မေမေရဲ့ ..."
"ငါ့နှယ် ... စိတ်ကုန်ပါတယ် ... ကဲ ... ကဲ ... မရဘူး ... ထ ... ထ ... ချော့ပြောနေလို့ မဖြစ်တော့ဘူး ... ကိုယ်တိုင်ပဲ အမိန့်တစ်ခုနဲ့ ပြန် လိုက် ပို့ မှ ပါပဲ ... ဒီကိစ္စကို သမီးအဖေသာသိရင် ဒီလိုပဲဆုံးဖြတ်မှာပဲ"

မေမေက စကားလက်ကို အတင်းဆွဲကာ ... ကားပေါ်သို့ ပြန်တွန်းတင်ပေးပြီးလျှင် သူပါတစ်ခါတည်း လိုက်ပါကာ အိမ်တိုင်ယာရောက် လိုက်ပို့ဖို့ စီစဉ်လေသည်။ မေမေ့မှာ အပြင်ထွက်ခါနီး ဒီတိုင်းဖုတ်ဖက်ခါ ထွက်လို့မရရှာ။ ကြီးတော်မိကြီးတွေ၊ အလုပ်သမားတွေ၊ ဆွေတွေမျိုးတွေကို စုံစေ့အောင် မှကြားအကွက်စေ့နေရသေးသည်။ အဓိကတော့ သူအပြင်ထွက်နေတုန်း ဖေဖေများ အလုပ်မှ ပြန်ရောက်လာပါက ... သူ့အိမ်ဦးနတ်ကြီးအတွက် အစစအရာအရာ မလစ်ဟင်းရစေအောင် တစ်ကွက်ချင်း အသေးစိတ် အကွက်စေ့နေရခြင်းပင်တည်း။

စကားမှာ မေမေ့လိုပင် အိမ်ရှင်မပုံစံမျိုးကိုတစ်ချိန်က စိတ်ကူးယဉ်မျှော်မှန်းကာ အားကျခဲ့ပါသော်လည်း ... ခုခါမှာတော့ အတော်ကြီးကို စိတ်ကုန်နေပါပြီ။ အဓိကတော့ စကားက အိမ်ရှင်မကောင်း ပီသပြချင်တာကို ... မေမေပြုသမျှအားလုံး သဘောတကျနှင့် ရှိရှာသည့် ဖေဖေ့လိုတော့ဖြင့် မဟုတ်ဘဲ ... "အသုံးမကျဘူး"ရယ်လို့ကို ထုတ်ဖော်ပြောလုမတတ် ငြင်းဆန်ခဲ့တာကို ခံလိုက်ရတဲ့အတွက်ကြောင့်ပါပဲ ...။ မေမေ့ကို အားကျလိုက်လုပ်ချင်စိတ်တွေ

ကုန်သွားသောအခါ ... စိတ်ကူးယဉ်ကမ္ဘာထဲမှာ လွတ်မြောက်လာပြီဖြစ်သည့် စကားက ကိုယ့်ရဲ့ဟီးရိုး(Hero) ကြီးဟု ယူဆခဲ့သည့် မေမေ့ကိုတောင်မှ ပြန်ငဲ့ကြည့်သနားချင်လာမိပြီ။

မေမေကြည့်ရတာ မမောဘူးလား မသိ။ "အိမ်ဦးနတ်" နေရာကို တက်ယူကာ အင်မတန် ဇိမ်ခံချင်တတ်ကြသော ယောကျ်ားဟူသော လူမျိုးများဟာ သူတို့ရဲ့ အလုပ်ဝန်းကျင်မှာ သူတို့ဘယ်လောက်တော်တော်၊ ဘယ်လောက်စွမ်းစွမ်း အိမ်မှာတော့ သူတို့ဟာ အင်မတန်မှ အပျင်းကြီးလှသော၊ သူတစ်ပါးနှာခေါင်းပေါက်ပါ,ပါမှ အသက်ရှူနိုင်ကြသော လူည့်၊ လူရှော့များဟုသာ စကားက မြင်နေတော့သည်။

မယုံစောင့်ကြည့်ပါလား။ သူများအိမ်မှာလာပြီး အကွက်စေ့ပြနေသော ဟိုလူလည်း သူသာ မိန်းမယူပြီး သူ့အိမ်သူ့ယာ သူ့မိသားစု သူ့မိန်းမနဲ့ဘာနဲ့ ဖြစ်လာခဲ့ရင် သူ့အိမ်သူ့ယာကျ ... ဒီမှာလိုများ အစစအရာရာ အကွက်စေ့ထောင့်စေ့လိုက်လုပ်နေပြီး မိန်းမဖြစ်သူကို ဇိမ်နဲ့ထားမယ့် လူမျိုးလားလို့ ...။ ဝေးသေး။ နှစ်ဆတောင်တိုးပြီး ပြန်အပျင်းကြီးအနားယူဦးမယ့် လူမျိုးပဲဖြစ်မှာ ...။ သူကိုယ်တိုင်က မိန်းမကြီးတစ်ယောက်လို အကွက်ကျကျ လိုက်သိတတ်ပြီး သားသူဆိုတော့ သူ့မိန်းမခမျာ သူတကာတွေထက်တောင်မှ နှစ်ဆသုံးဆပိုပင်ပန်းဦးမယ့် အပေါက်မျိုးပါ။ တွေးကြည့်တာနဲ့တင် သနားစရာ ...။

မေမေက စကားကို တစ်လမ်းလုံး မောင်ကိုကို နှင့်ဟန်မပျက်ပင် ပြောဆိုဆက်ဆံဖို့ကို တတွတ်တွတ်သင်

လေသည်။ စကား:ကလည်: ဟိုလူကြီး:ကို အနိုင်ယူနိုင်မည့် နည်:လမ်:များ:ကိုသာ မေမေ့:ကို တတွတ်တွတ် မေး:မြန်း:စုံစမ်း:သည်။

"ဒီမှာ ... အဓိက,ကတော့ အဲဒီတစ်ယောက် မောင်ကိုကို့နာ:မှာ ဒီလောက်တကပ်ကပ် ရှိမနေတော့ဖို့ မဟုတ်လား ... သူ့ဘာသာရုံးလာတတ်ရင် တက်ပစေပြီး:ရင် သူ့အိမ်သူပြန် ... ဒီလိုဖြစ်ချင်တာ မဟုတ်လား ..."

"ဟုတ် ... ဒါတောင် တကယ်ကြိုက်တာက ရုံးပါလာမတက်တော့ရင် ပိုကောင်:တယ် ... အေး:ရော ... တစ်ခါတည်: ပျောက်သွား:ရင် အကောင်:ဆုံး:ပဲ ..."

"အဲဒီလောက်တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ ... မဖြစ်နိုင်တာတွေကို အတင်:ကြီ: ကြုံ:ပမ်:ချင်နေရင် ကိုယ်ပဲစိတ်ပင်ပန်:ရမယ် ... ကိုယ်ပဲ လူမြင်မတင့်ဖြစ်မယ်၊ မေမေပြောသလောက် အခြေအနေမျိုးကို ရလာဖို့ကိုတောင်မှ အလောတကြီးနဲ့ ခုချက်ချင်: ရုတ်တရက်ထ,ဖြစ်ချင်လို့ ရတာမျိုးမဟုတ်ဘူး ... တဖြည်: ဖြည်:နဲ့ စိတ်ရှည်ရှည်ထား:ပြီ: ပြောင်:ယူရမှာ ..."

"ဒါဖြင့် ဒီကြား:တည်:မှာ စကား:က အဲဒီလူကြီး:ရဲ့ ဒဏ်တွေကို ဆက်ခံနေရဦး:မယ် ... ဟုတ်လား:မေမေ"

"နေနိုင်အောင် ကြိုး:စား:ပြီ: နေရမှာပေါ့ သမီလေး:ရယ် ..."

"မေမေက ဘယ်လိုလုပ်မယ် စိတ်ကူး:လို့လဲ ..."

"သူ့ကြီးဒေါ်ကတစ်ဆင့်ဖြစ်ဖြစ်ပေါ့ ... မောင်ကိုကိုက သူ့ကြီးဒေါ်ရဲ့ စကားကိုတော့ မြေဝယ်မကျနားထောင်တတ်တယ်တဲ့ ... သမီးကလေးကိုယ်တိုင်က အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ချင်နေတာမို့ အံ့ပွားမလိုအပ်တော့ဘူးဆိုတာကို သူ့ကြီးဒေါ်ကြီးသိအောင် ပြောယူရမှပေါ့ ..."

"ဟင့်အင်း ... စကားက သူ့ကျွန်ကြီးတော့ မဖြစ်ချင်တော့ဘူး ..."

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ"

"အကောင်းလုပ်ပေးလို့မှ အကောင်းမမြင်ချင်တဲ့လူမျိုးကို စကားက ဘာမှလိုက်ပြီး ပူစုယုယနေစရာ မလိုတော့ဘူးမေမေရဲ့ ... မေမေ ဖေဖေ့ ဝေယျာဝစ္စတွေလိုက်လုပ်ပေးနေရတာကိုတောင်မှ စကားက ခုချိန်မှာ ဝေဖန်ချင်လာပြီ ... သူ့လိုအပျင်းကြီးသလောက် ဇီဇာကြောင်ပြီး အကောင်းမမြင်တဲ့ လူမျိုးအတွက်ကတော့ ဆောရီးပဲ ..."

မေမေက စကားလက်ကလေးကို ခပ်ဖွဖွဆုတ်ညှစ်ကာသာ သတိပေးပါတော့သည်။ သွေးပူနေချိန်မှာ ဘာမှမပြောတော့တာ အကောင်းဆုံးပဲ ... ဟု မေမေက ယူဆလိုက်ဟန်ရှိသည်။ ဒါပေမယ့် စကားတို့ကတော့ သွေးအေးသွားလည်း ဒါပဲ ... လုံးဝမပြောင်းလဲ ...။ စေတနာကိုမရှိတော့ တာပါ။ ချစ်တာမချစ်တာနဲ့ မဆိုင်ဘူးနော် ... သပ်သပ်စီပဲ။ ကိုကိုမင်းရန်ပြေကို စကားက ခုချိန်ထိ ... တစ်စက်ကလေး

မှ လျှော့ပါးခြင်း မရှိသေးသော ချစ်ခြင်းမေတ္တာတို့ အပြည့်အဝနှင့် ချစ်နေ၊ ချစ်ဆဲ။ ချစ်လတ္တံ့ပင် ရှိပါသေးသည်။ မေတ္တာကမပျက်ဘဲ စေတနာလေးပဲ သတ်သတ်လေးကွက် ပျက်တာ။ နားလည်ကြမလား တော့မသိ။ ကိုယ်တိုင်ကြုံကြရင်တော့ ကိုယ်ချင်းစာနိုင်ကြပေမည်။

စကားတို့ အိမ်ထိုပြန်ရောက်ကြသောအခါ မေမေက ချက်ချင်းမပြန်သေးဘဲ နာရီကို တစ်ချက်ကြည့်ကာ "ရေချိုးချေတော့သမီး"တဲ့။

"ဟင် ... မေမေကလည်းပဲ ..."

"မေမေကလည်းလုပ်မနေနဲ့ ... မေမေပြန်သွားရင် စကားပုံစံကြည့်ရတာ သိပ်အလိမ္မာရှိမယ့်ပုံ မရဘူး ... ကိုယ့်ယောကျ်ားလုပ်သူက ဧည့်ခံပွဲကို အတူသွားဖို့ အတွက် မိန်းမနဲ့ရန်ဖြစ်ရတော့မယ်ထင်ပြီး စိတ်ပျက်လက်ပျက်နဲ့ ရုံးကနေအိမ်ပြန်လာရချိန်မှာ မိန်းမလုပ်သူက အဆင့်သင့် ဖြီးလိမ်းဝတ်စားပြီးစောင့်နေတာကိုမျှားတွေ့လိုက်ရရင်သူ ဘယ်လောက်စိတ်ချမ်းသာမလဲ"

"ဩော် ... သူစိတ်ချမ်းသာအောင်ပဲ စကားကကျတော့ စိတ်မချမ်းသာ လက်မချမ်းသာနဲ့ သူ့ကိုအလျှော့ပေးပြီး ထိုင်စောင့်နေရမယ်"

"ကိုယ့်ယောကျ်ားဆီမှာ ကိုယ့်စကားတွေ အောင်ချင်ရင် ... ကိုယ့်ယောကျ်ားလုပ်သူကို ကောင်းကောင်းထိန်းချုပ်ကိုင်တွယ်နိုင်တဲ့ မိန်းမတစ်ယောက်ဖြစ်ချင်

ရင် ... အလိမ္မာရှိရမယ် စကား ... ထိုက်သင့်တဲ့ အနစ်နာခံနိုင်မှုတွေလည်း ရှိမှဖြစ်မယ် ..."

အဲဒီအချက်ကိုတော့ စကားက နှစ်သက်သဘောကျသဖြင့် မေမေ့ကို စောဒက ပြန်တက်မနေတော့ဘဲ ရေဝင်ချိုးလိုက်ပါသည်။ စကားက မိညိုလေးကို အနားမှာလက်တိုလက်တောင်းအဖြစ် ခေါ်ထားကာ ဖီးလိမ်းဝတ်စားပြင်ဆင်နေမှုကိုလည်း မေမေက အစမှအဆုံးတိုင် ထိုင်ကြည့်သွားသေးသည်။ အားလုံးပြီးမှ မေမေက စိတ်တိုင်းကျကာ "မေမေပြောတာတွေ ဘယ်တော့မှ မမေ့နဲ့ .. အမြဲခေါင်းထဲထည့်ထား" ဟုဆိုကာ ... စကားကို နှစ်သိမ့်အားပေးသည့် မွေးမွေးတစ်ချက်ပေးကာ ပြန်သွားလေတော့သည်။

ဝါရင့်အိမ်ရှင်မကောင်းကြီးတစ်ယောက် ဖြစ်သော မေမေ စီစဉ်ညွှန်ပြသွားမှုများမှာ အလွန်ပင် မှန်ကန်လှပါသည်။ မေမေပြန်သွားပြီး ခဏအကြာ ညနေငါးနာရီခွဲသော် ဟိုနှစ်ယောက်လုံး ရုံးကနေ ဝုန်းဒိုင်းကျဲ ပြေးလွှားပြီး ပြန်လာကြသည်။ အိမ်ရှေ့ပေါက်ဝက စတက်ကတည်းက အိမ်ရှိလူပေါင်းစုံနှင့်တကွ (သူ့အချစ်တုံး အချစ်တော်)ကိုယ်ပွားကြီးကိုပါ အပြစ်မရှိအပြစ်ရှာ ... ရစရာမရှိအောင် အော်ဟစ်ဆူပူ သောင်းကျန်းလာခဲ့သော ကိုကိုသည် ... စကားတို့အိပ်ခန်းတံခါးကိုလည်း 'ဝုန်း' ခနဲ အသံမြည်အောင် ဆောင့်အဖွင့် ... အစစအရာရာ အားလုံးပြီးစီးချောမွေ့လှပနေပြီး ဇာအဖြူဝမ်းဆက်ကလေးနှင့် ပုံ့ပုံ့ကလေး ထိုင်စောင့်နေသည့် စကားကို 'ဘွား' ခနဲ တွေ့လိုက်ရလျှင် ...

"ဟာ ... စကား:က အား:လုံး:ပြီး:စီး:လို့ အဆင်သင့်တောင်မှ ဖြစ်နေပြီ ... အေး:ကွာ ... ကိုကိုက နည်း:နည်း:နောက်ကျသွား:တယ်ကွာ ... ဆောရီး ... ဆောရီး ဟား:ဟား:ဟား:"

ပါး:စပ်အဟောင်း:သား:ဟကာ ခေတ္တာခဏာ အံ့ဩသွား:ပြီး:နောက် ကိုကို့မျက်နှာက ချက်ချင်း:ဆိုသလိုပင် ပြုံး:၍ ကြည်လင်သွား:တော့်ကာ ...

"အိုကေ ... အိုကေ ... ကိုကိုမြန်မြန်လေး: လုပ်လိုက်မယ်နော် ... မကြာပါဘူး:ကွာ ... ကဲ ... ကိုအဲ့ပွား:ရေရပြီသွား:တော့ ..."

ဒီတစ်ခါ ပါး:စပ်အဟောင်း:သား:တွေ ဖြစ်သွား:ကြရတာက စကား:နှင့် အဲ့ပွား:တို့ဖြစ်ပါသည်။ နှစ်ယောက်စလုံး:မှာ တူညီစွာပင် ကိုကိုက အဲ့ပွား:ကို နောက်ကတကောက်ကောက်ကပ်လိုက်ကာ ပွဲသွား:ဖို့ ဝိုင်း:ပြင်ဆင်မပေး:စေဘဲ နှင့်ထုတ်ပစ်လိုက်သည့် အဖြစ်တစ်ခုတည်း:ကို ဝိုင်း:အံ့ဩသွား:ကြရခြင်း:ကင်ဖြစ်သည်။ ကိုကိုကတော့ သူ့ဘာသာ ရွှင်လန်း:တက်ကြွနေတော့်ကာ ပြောပြီး:ပြီး:ချင်း:ပင် ရေချို:ခန်း:ထဲ အပြေး:လေး: လှမ်း:ဝင်သွား:တော့်သည်။

စကား:မှာ စိတ်လှုပ်ရှား:တက်ကြွစွာနှင့် ထိုင်ရာမှ ထရပ်လိုက်သည်။ မေမေ ... မေမေ ... သိပ်မှန်တာပဲ။ မေမေ့နည်း:လမ်း:တွေဟာ ... ကိုယ့်ခင်ပွန်း: ယောကျ်ား:တစ်ယောက်ကို လမ်း:ကြောင်း:ချ ပဲ့ကိုင်နိုင်ဖို့အတွက် သိပ်ကို အသုံး:ဝင်တော့်တာပဲနော်။

"မိညို ... နင့်ကိုကိုကြီးအကျိ်နဲ့ ဘောင်းဘီ မီးပူ တိုက်ထားတာကို ယူခဲ့ပါဟေ့"

စကားက အခန်းတံခါးဝသို့ သွားကာ အောက်ဘက်သို့ အော်ပြောလိုက်စဉ်မှာ အံ့ဖွားက စကားတို့ အခန်းထဲမှ တိတ်တဆိတ်ပင် လှည့်ထွက်သွားလေတော့သည်။ မှတ်ပြီလား ကွယ်။ သူရောကိုကိုပါ မျှော်လင့်ထားကြသည်မှာ စကားက ပေကပ်ကောက်ချိတ်ကာ ပွဲသို့မလိုက်တော့သဖြင့် ကိုကိုနှင့်စကားတို့ အကြီးအကျယ်ပင် စကားများကြရခြင်း ... သို့မဟုတ် ... စကားက ယနေ့အဖို့ အိမ်မှာပါလုံးဝရှိမနေတော့သည့်အတွက် နောက်တစ်နေ့ကျကာမှ ရန်ပွဲဆက်ကြရခြင်း ... ဒါတွေပဲမဟုတ်လား။

ခုတော့ဖြင့် စကားက နှစ်ယောက်လုံးကို အေးအေးလေးနှင့် အနိုင်ယူလိုက်နိုင်ပြီ။ ကိုကိုဟာ စကား:အတွက် စိတ်ကြည်လင်လန်းဆန်း သွားရသောအခါ သူကိုယ်တိုင်ရဲ့ မသိစိတ်ထဲက (သိစိတ်နှင့်တော့ဟုတ်မည်မထင်) စကား:နှင့် ပက်သက်မည်ထင်သော အရာလေးတစ်ခုကို လှစ်ခနဲ မထင်မှတ်လိုက်ဘဲ လိုက်လျောလုပ်ဆောင်ပေးတာပေါ့။

ရေချိုးခန်းထဲမှာ ရေချိုးနေသော ကိုကို့ထံမှ သီချင်းသံ ခပ်တိုးတိုးလေး ထွက်ပေါ်နေသည်။ စကား:ကတော့ အပြင်ဘက်မှာ မှန်ရှေ့ရပ်ရင်း ကျေနပ်စွာ ပြုံးလို့နေလေသည်။

🔔🔔🔔

စကား:က နည်းလမ်းပြောင်းလိုက်သောအခါ ... သူကလည်:တဖြည်းဖြည်း မသိမသာမှ သိသိသာသာအထိ ပင် နည်းလမ်းပြောင်းလို့ လာလေသည်။ သူ့နည်းလမ်းကား (ဘာကိုရည်ရွယ်သည်တော့ အတိအကျမသိရ) ကိုကို့ကို တဖြည်းဖြည်းချင်: ရှောင်ခွာဖယ်ထား:ရစ်ခဲ့သည့် နည်:ပင်တည်:။

အလုပ်များသော ... ဒါမျိုးတွေကိုယောကျ်ားတစ်ယောက်ပီပီ ကပ်သီးကပ်သတ် လိုက်မတွက်တတ်သော ကိုကို က အစပထမမှာတော့ ရိပ်မိပုံမရ ...။ စကား:ကတော့ သူ့နည်းပြောင်:,ပြောင်းလိုက်ခြင်းမှာပင် ကောင်းကောင်းကြီးရိပ်မိလေသည်။ သူဟာ ... "စကား:တစ်ယောက်တော့ ဒီလောက်ဖြစ်လှတာ ... ပင်ပန်းခဲ့ချင်တဲ့မိန်းမ ... အမယ်လေး,တရတဲ့အထိပစ်ထား:ဦးမယ် ..." လို့ရည်ရွယ်တာလား ... ဒါမှမဟုတ် သူ မရှိမှ "အံ့ပွား:ဆိုတာ ဘယ်လောက်လိုအပ်ပါကြောင်:" ကိုကိုကောင်းကောင်းကြီး:သဘောပေါက်ကာ မရမနေ ဒပြန်လည်တောင်းဆိုခြင်းအား:ဖြင့် ... သူ့နေရာ ... သူ့သိက္ခာကို မိုး:သို့တိုင် ပြန်မြင့်အောင် မြှင့်ချင်တာလား ...။ စကား:မရေရာပါ။

သို့သေည် ... စကား:ကလည်: ရရှိလာသည့် အခွင့်အရေးတစ်ခုကို လက်လွတ်ခံမည့်သူ မဟုတ်ပါ ...။

"ထိုက်သင့်တဲ့ အနစ်နာခံနိုင်မှုတွေလည်း ရှိမှဖြစ်မယ်" လို့ မေမေက ကောင်းကောင်းကြီး ဆုံးမသွားခဲ့တဲ့အတိုင်း ... ကျီး (ချေး) များသော၊ လောဘကြီးသော၊ အတ္တများသော၊ တစ်ကိုယ်ကောင်းဆန်သော ယောကျ်ားတစ်ယောက်ကို ပြုးပြုးလေးနှင့်ပင် သည်းခံကာ ကိုယ်အနိုင်ရနိုင်လာအောင် ကြိုးစားယူပါသည်။ ခါတိုင်းလောက် ဒေါသအမျက်ထွက်ကာ ဆန့်ကျင်မပြတော့သည့် ကိုကို့အပေါ်မှာလည်း ... ကုန်ခမ်းနေသည့် 'စေတနာ' တို့က ပြန်လည်အညှောင့်ပေါက် ရှင်သန်စပြုလာကြပြီမဟုတ်လား ...။

ကိုကိုကလည်း နောက်ပိုင်းမှာ သူ့လူ၏ ရှောင်ခွာမှုတို့ကို သဘောပေါက်လာနိုင်ပုံနှင့် "စကားမှ လိုက်မလုပ်ပေးရင် ... ငါတော့ လုပ်ပေးကိုင်ပေးမယ့်သူကို ရှိတော့မှာ မဟုတ်ဘူး" ဟု သူ့ဘဝသူ ... သဘောပေါက်လာပုံရတာက တစ်ကြောင်း။ စကားကိုယ်တိုင်ကလည်း အရင်လို တစ်ခါတည်းကြီး ကိုယ့်ဘက်ပါအောင် ... ကိုယ့်ဆန္ဒနဲ့ညီအောင် အတင်းပြောင်းလဲပစ်တာမျိုး မဟုတ်ဘဲ အံ့ပွားရဲ့ နည်းဗျူဟာများကို အတတ်နိုင်ဆုံး အတုယူမှီငြမ်းကိုးကားနေတာက တစ်ကြောင်း ...။ စကားနဲ့ကိုကိုတို့ အဆင်ပြေကြပါသည်။ ပင်ပန်းပြီး လျှာထွက်လုလု ဖြစ်ရတာကတော့ မပြောနဲ့တော့။ သေတောင်သေချင်နေသည်။

ဒါပေမယ့် ပင်ပန်းပြီးတော့ မသေနိုင်သေးပါဘူးနော် ... တတ်နိုင်သမျှကတော့ ... ကိုယ်အောင်မြင်အောင် ကိုယ်ပဲကြိုးစားရမှာပေါ့။

"ဗလကြီးတစ်ယောက်လည်း ခုတစ်လော ဘယ်လိုဖြစ်တယ်မသိဘူး အနားမှာကို သေချာမရှိချင်ဘူးဖြစ်နေတယ် ... ရုံးချိန်ပြီးတာနဲ့ လစ်ချင်ရတာနဲ့ ... စနေရော တနင်္ဂနွေပါ နှစ်ရက်လုံးအားရက်ယူချင်ရတာနဲ့ သူ့ကိစ္စချည်းပဲ ... ဒီကောင် အချိုးကို ပြောင်းနေတယ် ..."

ကိုကိုမှာ "စကားနဲ့ဘာဖြစ်ကြသေးလဲ"ဟု ထုတ်မေးခွင့် မသာအောင်ပင် စကား:က လိမ္မာပြထား:သည်ပဲဖြစ်ရာ ... မေးမိရင် သူ့အလွန်ပဲ ဖြစ်တော့မှာမို့သာ ထုတ်မမေး:ဝန်ငြား ... မသက်သာလှပုံတော့ ရှိလေသည်။ သူ့ဗလကြီးကသူ့ကိုခွာခြင်း:ဟာ "စကား:ကြောင့်"ဆိုတာကလွဲရင် တခြား:ဘာမှထပ်ပြီး သူစဉ်း:စား:နိုင်ဟန် မတူပါ။ သူ့ဗလဟာ သူ့အပေါ်တော့ ဘယ်နည်း:နဲ့မဆို သစ္စာရှိ နှစ်လိုနေလိမ့်မည်ဟုပဲ သူ့ဘက်က အရမ်း:သေချာနေဟန်ရှိလေသည်။

"သူလည်း သူ့ကိုယ်ရေးကိုယ်တ,တော့ ရှိဦး:မှာပေါ့ကိုကိုရဲ့ ..."

"အစက မရှိပါဘူး ..."

"အေးလေ ... ဒါပေမယ့် ကိုယ်ရေးကိုယ်တာဆိုတာမျိုး:က အချိန်မရွေး: ရှိလာနိုင်တာမျိုး:ပဲဟာ ... အစက မရှိတိုင်း: ဘယ်တော့မှ မရှိရတော့ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ ..."

"ကိုယ်ရေးကိုယ်တာကလည်း တာ,တာနိုင်လွန်း:ကွာ"

"ကိုကိုကလည်း:ပဲနော် ... ကိုကိုကိုယ်ရေးကိုယ်တာ

ချည်းပဲ သူလုပ်လာရတာ ဆယ့်လေးငါးနှစ် ရှိနေပြီ၊ သူကိုယ်ရေးကိုယ်တာအတွက်လည်း သူ့မှာ တစ်ပြန်တစ်လှည့်တော့ အချိန်ပေးရဦးမှာပေါ့ ...”

အစပိုင်းမှာ မရိပ်မိသလောက် ... နောက်ပိုင်းမှာရိပ်မိလာလေ ... ကိုကို့မှာ သူ့လူငှ မကျေနပ်နိုင်လေ ...။ ပြောပြီးပြီလေ ... ကိုကိုဟာ တကယ့်ကို တစ်ကိုယ်ကောင်းဆန်လှသော “ငါ့ဖို့” သမားသက်သက်ပါလို့ ...။ စကားဘက်က ဝတ္တရားတွေ ကြီးစားကျပွန်ထားတာတောင်မှ ... (ဝတ္တရားပိုင်းမှာ ... သူတစ်ပါးကိုချည်း မှီခိုအားထားချင်မှုမှာ မလစ်ဟင်းလှသော်လည်း) “ငါလိုလူကိုမျှား ... အံ့ပွားလိုလူက ချန်ထားရှောင်ဖယ်ရသလား”ဆိုတဲ့ အတ္တမာနကကိုကို့ကို သွေးထိုးတိုက်ခိုက်နေပုံ ရပါသည်။

ကဲ ... မစ္စတာဗလရေ ... စေတနာမရှိပေမယ့် သတိတော့ တစ်ခုပေးချင်ပါတယ်နော် ... ရှင်သုံးနေတဲ့နည်းလမ်းကြီးကတော့ သိပ်ကိုမှားရွင်းနေပြီရှင် ...။ စကားဟာလည်း ပင်ပန်းလို့ မသေနိုင်သလို ... ကိုကို့ဆီမှာလည်း ရှင့်ရဲ့တန်ဖိုးဟာ ပိုမိုတက်မလာတဲ့အပြင် ... “အမျက်ဒေါသ” တို့ကိုပဲ ရှင်လက်ခံရရှိတော့ဖို့ အလွန်နီးစပ်ကျိမ်းသေနေပါပြီ။

နောက်ဆုံးမှာတော့ ကိုကိုက ဆက်ပြီးသည်းခံနေနိုင်တော့ပုံမရ။ သောကြာနေ့တစ်နေ့ရဲ့ညနေပိုင်းမှာ ... “ကိုကို ... ဒီအပတ်လည်း ကျွန်တော် ကိစ္စလေးတွေရှိနေလို့စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံးပဲ အမေတို့အိမ် ပြန်လိုက်ဦးမယ်” ဟု စကားစလာသော အံ့ပွားကို စူးစူးစိုက်စိုက် ... ခပ်

တင်းတင်းကြီးပင် ကြည့်လိုက်တော့ကာ ...

"မင်းရဲ့ကိစ္စဆိုတာတွေက ပြီးပဲမပြီးနိုင်တော့ဘူးလား။ တစ်ပတ်ပြီးတစ်ပတ် ... စနေရော၊ တနင်္ဂနွေပါ နှစ်ရက်စလုံး မင်းမရှိတာ ဘယ်နှစ်ပတ် ရှိနေပြီလဲ ... မင်းကို ငါ စောင့်ကြည့်နေတာကြာပြီနော် ... ပြောစမ်းပါဦး အခု မင်းချိုးနေတဲ့ အချိုးက ဘာလဲ အံ့ဟား ..."

သူ့မျက်နှာကြီးကလည်း ကိုကိုနှင့်ထပ်တူပင် (မတင်းသော်ငြား) တည်တည်ကြီး ဖြစ်သွားပါသည်။ အမယ်ဒီလိုဆိုတော့လည်း ကြောက်စရာကြီး။ သူ့ဇလကြီးနှင့်သူ့ရုပ်တည်ကြီးတို့ ပေါင်းစပ်လိုက်ကြသောအခါ စကားတောင်မှ မဖြစ်စဖူး ... လူလူချင်း လန့်သလိုလိုကြီး ဖြစ်သွားရသည်။

"ပြောလေကွာ ..."

"ကိုကို ... ဟိုတုန်းတည်းက ကျွန်တော့်ကို တစ်ပတ်မှာနှစ်ရက် အိမ်ပြန်ချင်ပြန်လို့ ခွင့်ပေးထားဖူးတာပဲ"

"မင်းကို ငါ အဲဒါပြောနေတာ မဟုတ်ဘူးကွ ... မင်းရဲ့အချိုးအချိုတ်က ဘာလဲလို့ ငါမေးနေတာ ... နေဦး ခုလောလောဆယ်ရော ... မင်းမျက်နှာက ဘာဖြစ်နေတာလဲ ..."

သက်ပြင်းတစ်ချက်နှင့်အတူ သူ့မျက်နှာကျောက လျော့သွားပါသည်။

"မင်းက အဲဒီလိုလုပ်နေတော့ ... မင်းနေရာကို ဘယ်သူဝင်နေရသလဲ ... စကားပဲ ဝင်နေရတယ်ကွ ... သူ

သိပ်ပင်ပန်းနေပြီ။ ငါသိတယ် ... ဒါပေမယ့် သူကိုယ်တိုင်ကိုက သိပ်တက်ကြွနေလို့ ငါကဘာမှမပြောဘဲ လွှတ်ထားတာ ..."

ကိုကိုတို့များ ... သူများတကာကို ဆူတာတောင် အေးအေးဆေးဆေး မဆူ ... စကားကိုပါ လှမ်းစောင်းပြီး ထည့်ခွပ်လိုက်သေးသည်။ စကား သိပ်ပင်ပန်းနေပြီဆိုတာလည်း သူသိသတဲ့။ ဒါနဲ့များတောင် သူ့ရဲ့ဝေယျာဝစ္စတွေ၊ လိုအင်ဆန္ဒတွေကို နည်းနည်းပါးပါးလောက် အလျှော့ပေးခွင့်လွှတ်လိုက်ဖို့ကို သူစိတ်မကူး ... အံ့ပွားကို ခေါ်ဆူဖို့နည်းကိုသာ (အချိန်စောင့်ပြီး) သူလုပ်ခဲ့သည်။ အံ့,အံ့ပါရဲ့ ကိုကိုရယ်...။ သမီရည်းစားဘဝတုန်းက လုံးလုံးမရိပ်မိခဲ့သော စံပြုလောက်သည့် ကိုကို့အတ္တများအကြောင်းကို စကားမှာ ဘယ်အချိန်လောက်များရောက်မှ အလုံးစုံ မြင်တွေ့သဘော ပေါက်ရမည်မသိပါ ...။

ကိုကိုစကားကြောင့် အံ့ပွားက စကားဘက်တစ်ချက်လှည့်ကြည့်လိုက်လေသည်။ စကားကလည်း သူ့ကိုလှမ်းကြည့်လိုက်မိသည်ဖြစ်ရာ သူနဲ့စကားတို့ရဲ့ အကြည့်တွေချင်းလမ်းခုလတ်လောက်မှာတင် ဆုံကြကာ စကားမှာ (လုံးဝမဟဖစ်ချင် ... မမျှော်လင့်ထားမိသည့်ကြားက) ကိုယ်ကပဲ အရင်ဦးအောင် ခပ်မြန်မြန်လေး မျက်လွှာချ မျက်စိလွဲလိုက်မိပါသည်။

ကျွတ် ... အောက်လိုက်တာ စကားရာ ... တကယ်ဆို ကိုယ်က အထက်စီးအခြေအနေက ဖြစ်နေသော

သူပဲ ... ဆက်စိုက်ကြည့်နေပေးလိုက်ပါလား အပြီင် ... ။ ခုတော့ကွယ် ... သူ့မျက်နှာတည်ကြီးကိုပဲ လန့်သလိုလို ရွံ့သလိုလိုနှင့် ကိုယ်ကသာစ,မျက်လွှာချမိရတယ်လို့ ...။ သူကတော့ ကိုယ်လွဲရှောင်ပြီးတာတောင်မှ စက္ကန့်အတန်ငယ်ကြာ ဆက်စိုက်ကြည့်နေဆဲဆိုတာ ... သူ့ကိုမကြည့်တော့ပေမယ့် စကားက ဆက်သိနေပါသည်။

"ကျွန်တော် မသွားတော့ဘူး ..."

"မဟုတ်ဘူး ... မင်းချိုးနေတဲ့ အချိုးအကြောင်းကို ငါက တိတိကျကျ သိချင်တာ ... သွားခြင်း,မသွားခြင်းက ဒီလောက်အဓိကမကျဘူး ..."

အံ့ပွားကြည့်ရတာ ချောင်ပိတ်မိနေပုံရသည်။ စကားရှိနေလို့မျာ သူပြောချင်ရာကို ပွင့်ပွင့်လင်းလင်း မပြောတာများလား။ စကားမှာ အံ့ပွားဆိုတဲ့ လူတစ်ဦးကို အတော်ကြီး စက်ဆုပ်မုန်းတီးခဲ့ဖူးသော်ငြား ပင်ကိုယ်က စိတ်ပျော့နူးညံ့သော မိန်းကလေးတစ်ဦးဖြစ်ပေရာ ... ချောင်ပိတ်မိနေပုံရသည့် သူ့အခြေအနေကြီးမှာ စကားလည်း ကျဉ်းကျပ်အနေရခက်လာသည်။ ဘာပဲဖြစ်ဖြစ် ... ဟုတ်ဟုတ် မဟုတ်ဟုတ်၊ တစ်ခုခု အဖြေပေးလိုက်လေ ... ။ ဒီလူနှယ် ... ခက်လိုက်တာ။

ဒီလောက်အတူနေလာပြီး ကိုကို့အကြောင်း ဒီလောက်ကလေးမှ မသိဘူးလား။ သူစိတ်ကျေနပ်အောင် အဖြေတစ်ခုခု ထွက်မလာမချင်း မရမက ... မပြီးနိုင်မစီးနိုင် ဆက်ရစ်နေတော့မှာဟာ။ ဘာမှ မဖြေဘဲ ပြီးပြတ်လိုက်မှာ

မှ မဟုတ်တာ။ ခုတော့ သူကလည်း မဖြေဘဲ ပိတ်ပိတ်တည်တည်ကြီး၊ ကိုကိုကလည်း လုံးဝမလျော့ဘဲ တင်းတင်းမာမာကြီး ...။ စကားမှာ အခန်းထဲက ... တိုင်ကပ်နာရီရဲ့ စက္ကန့်တံက အသံကိုပင် "တချက်ချက်" နှင့် အကျယ်ကြီးကြားလာမိကာ ... တိတ်ဆိတ်ကြာမြင့်နေသော အခြေအနေကြီးကို ကသိကအောက်ကြီး ဖြစ်လာရပါသည်။

တိတ်တဆိတ်ထလစ်ဖို့ ကြိုးစားလိုက်တော့လည်း ကိုကိုက ... "စကားပြန်ထိုင် ... စကားကလည်းရှိနေဖို့ လိုအပ်တယ်"တဲ့ ...။ ဘာကြောင့်မျာ: လိုအပ်ပါလိမ့်။ ကြည့်ရတာ အိမ်ကအလုပ်သမား:တစ်ယောက်ကို ဆုံးမဆူပူတဲ့နေရာမှာ အိမ်ရှင်မကြီး:တစ်ယောက်အဖြစ် ရှိနေဖို့ဆိုတာထက် ... ဟို တစ်ယောက်ကမျာ: "မစကား:ကြောင့် သူ ကိုကို့အနား:မှာ မနေနိုင်တာပါ" ဟုမျာ: ဆိုလိုက်ရင် ... "ကဲ ... တွေ့ပြီလား: စကား: ... မင်း:ကြောင့် မနေနိုင်တာတဲ့ ..." ဟုချက်ချင်း ပြောလိုက်ဖို့ ... ဆက်ထိုင်ခိုင်း:ထား:ခြင်း:ကသာ ပိုမျာ:နေမည်ထင်ပါရဲ့။

အချိန်အတော်ကြီး ကြာလင့်သွား:ပြီး:မှ အံ့မာ:ထံက နောက်ထပ်သက်ပြင်း:သံတစ်ချက်နှင့်အတူ ...

"ကျွန်တော့်မှာလည်း ကျွန်တော့်အတွက် ... ကျွန်တော့်မိသား:စုအတွက် တစ်လှည့်ပြန်ပြီး: အချိန်ပေး:သင့်ပြီလို့ ထင်တယ်ကိုကို ... ပြီး:တော့လည်း: ကိုကို့ကိုလည်း: ကျွန်တော်စိတ်ချပြီ ... မစကား:ဟာ ကိုကို့အတွက်ကြီးကြီး: ကိုယ်တိုင်က စိတ်ချရလောက်တဲ့ ဇနီး:မယား:

ကောင်းတစ်ယောက်ပဲ ... ကျွန်တော်လည်း စိတ်ချ
တယ်"

"ဩော် ... မင်းက ဒီလိုလား ..."

ကိုကိုက မဲ့ရွဲ့သော မျက်နှာနှင့် အံ့ဖွားကို စိုက်
ကြည့်လို့နေသည်။

"စိတ်ချတယ် ... စိတ်ချတယ်နဲ့ချည်း ကျုံးအော်နေ
တော့ ... မင်းက ပင်စင်ယူတော့မယ်ပေါ့လေ ... ငါ
ဘာဆက်ဖြစ်ဖြစ် မင်းလှည့်ကြည့်စရာ မလိုတော့ဘူး
ပေါ့လေ ..."

စကားက "ကိုကို" ဟု ခပ်တိုးတိုးခေါ်ကာ လှမ်း
သတိပေးလိုက်သည်။ စကားကို "ဇနီးမယားကောင်း" ဟု
ထည့်ပြောသွားသည့်အတွက် စကားက ရုတ်ချည်းသူ့ဘက်
သို့ ပါသွားရခြင်း မဟုတ်ရပါ။ သို့သော် သူပြလိုက်သော
အကြောင်းပြချက်အရဆိုလျှင် ကိုကို့မှာ ဘာမှဆက်ရစ် ...
ဆက်ဒေါသဖြစ်နေလို့ မရတော့ ...။ ဆက်ပြောလေ ...
ကိုယ်အတွက်ကြီးတာ လူသိလေ ...။ ဒေါသပိုထွက်လေ ...
ကိုယ့်တစ်ကိုယ်ကောင်းစိတ်ဓာတ်တွေကို ကိုယ်လှစ်ပြရာ
ရောက်လေ။ ခုတောင်မှ ကိုကို့ရဲ့ စကားအသွားအလာက
အတော်ဆိုးစပြုနေပြီ။

ကိုကိုကတော့ စကားရဲ့ သတိပေးမှုကို ဂရုမစိုက်
ပါ။ ကြားပုံလည်းမရပါ ။ သူက "မလိုအပ်တော့ဘူး" ဟု
ပြောလို့ အံ့ဖွားကထွက်သွားရတာမဟုတ်ဘဲ ... အံ့ဖွား
ကသာ "တော်လောက်ပြီ" ဟု ထင်လို့ စတင်ရှောင်ခွာသွား

ခြင်းဆိုတဲ့ အဖြစ်အပျက်က သူ့အတွက်နဲ့မာနကို အတော်ကြီး သရော်လှောင်ပြောင်ကာ ကိုင်လှုပ်လိုက်သလို ဖြစ်သွားပုံရသည်။

"အေး ... ရတယ်ဟေ့ကောင် ... မင်းသိပ်စိတ်ချနေရင် ... အလုပ်ထဲလည်း မင်းလာနေစရာမလိုတော့ဘူး ... အိမ်မှာလည်း နေစရာမလိုတော့ဘူး ..."

"ကိုကို ... ကိုကို အလွန်အကျွံတွေ ဖြစ်ကုန်မယ်ကွယ် ..."

"စကားအသာနေစမ်း ...ဟေ့ကောင် ... ငါအဆုံးစွန်ကိုပြောပြီးပြီနော် ... မင်းကမှ မနေချင်တော့ပါဘူးဆိုရင် ... ငါကလည်း မင်းကို မလိုအပ်တော့ဘူးပဲကွ ... မင်းရန်ပြေအကြောင်း မင်းကောင်းကောင်းသိပါတယ်အဲ့ပွား ..."

ဒီတစ်ခါ အကြည့်ချင်း ပြိုင်နေကြတာကတော့ အဲ့ပွားနဲ့ ကိုကိုပင် ဖြစ်ပါသည်။ စကားထင်သည်။ တကယ်တမ်း ... အဲ့ပွားကသာ (တမင်တကာ) အလျှော့ပေး မျက်နှာလွဲလိုက်တာမျိုးကို မလုပ်လိုက်ရင် ညမိုးသာချုပ်ချင် ချုပ်သွားမည်။ သူတို့ရဲ့ မျက်ဝန်းတိုက်ပွဲဟာ ပြီးကိုပြီးကြဦးမှာမဟုတ် ... နှစ်ယောက်စလုံးဟာ ဒီလိုအပိုင်းမှာတော့ "ဇော်" တွေချည်း ဖြစ်ပုံရလေသည်။ သို့သော် ... အဲ့ပွားကပင် စတင်ကာ သိသိသာသာပင် အလျှော့ပေး မျက်နှာလွဲပစ်လိုက်ပါသည်။

စကားမှာအဲ့ပွားနှင့်မျှားသာ နည်းနည်းလေး

ပိစိလောက်မျာ: ခင်ခင်မင်မင်ရှိခဲ့လျှင် ... "ကိုအံ့ပွား ... ကိုကိုကို တောင်းပန်လိုက်ပါ ... မြန်မြန်တောင်းပန်လိုက်" ဟု ခုချက်ချင်း အတင်းတိုက်တွန်းမိမှာ အမှန်ပင်ဖြစ်ပါသည်။ အံ့ပွားကို အမြင်ကပ် မုန်းတီးဖူးသော်လည်း ... သူကိုကို့အပါးမှာ မရှိလေကြိုက်လေ ဖြစ်သော်လည်း ... သူဖြစ်စေချင်တာ (အမှန်စင်စစ်) က ဒီလိုအမုန်းတို့နဲ့ ခွဲခွာကြရခြင်းမျိုး မဟုတ်ပါ ။ ဒါကြောင့်မို့လည်း အေးအေးဆေးဆေး အိမ်ထောင်လေးဘာလေး ကျသွားစေချင်မိတာ။

နှစ်ယောက်စလုံးကို အတော်ကြီး အမြင်ကပ်မိသည့်ကြားကပင် ... ဘေးလူအားလုံး အတိအလင်းမြင်သာထင်သာကြီးဖြစ်နေသော ကိုကိုနှင့် အံ့ပွားတို့ရဲ့ သံယောဇဉ်အဆက်အသွယ်ကို စကားလည်း ကောင်းကောင်းမြင်တွေ့နေနိုင်သည်ပဲ မဟုတ်လား။ သူမရှိလျှင် ကိုကို့ဘဝမှာ လိုအပ်ချက်တွေ ရှိကိုရှိလာနိုင်မည်ဆိုတာ စကားက ဝန်ခံလိုပါသည်။ စကားဖြစ်စေချင်တာက အလုပ်ထဲမှာဆိုလျှင်တော့ အချိန်ပြည့် လူပ်ရှားချင်သလို လူပ်ရှားကြပါစေ ...။ အိမ်ပြန်ရောက်ရင်တော့ ကိုကို့ဇနီးမယားဖြစ်သည့် စကားကသာ အပြည့်အဝပိုင်ချင်ပြီ ... ။ သူ့ရဲ့မတရားသဖြင့် ဝင်ရောက်စွက်ဖက်နေမှုတွေကို လျော့ရုံလျော့ကာ ... စကားရဲ့နောက်ကပဲ အရိပ်အခြေ ကြည့်လိုက်ပစေပေါ့ ... ဒီလောက်ပါပဲ ...။

တကယ်တမ်း: သူလုံးဝစုပ်စမြှုပ်စ ပျောက်ကွယ်သွားမှာကိုတော့ ... (စကားအတွက်မဟုတ် ... ကိုကို့အတွက်

တစ်ခုတည်းသာ) စကားက လုံးလုံးမလိုလားတာ စကားကိုယ် စကားအဟုတ်ပင် ပြန်သေချာသွားရပါပြီတည်း။ (သူ့ကို ... ကိုကို့အနားမှာ လုံးဝမရှိစေချင်တော့တာဟု မေမေ့ကို စိတ်လိုက်မာန်ပါပြောပြခဲ့သမျှကိုလည်း ခုချိန်မှာ တိတ်တိတ်ကလေးပင် ပြန်ရုတ်သိမ်းလိုပါသည်။) သို့သော်လဲ ဒီလိုသေချာချိန်မှာ စကားမှ မတတ်နိုင်တော့သော အခြေအနေသို့ ရောက်ရှိနေပါပြီ။ ကိုကို့မှာတင်မဟုတ် ... သူ့မှာလည်း အတော်တော့ များပြားအင်အားကြီးမားလှသော "မာန"တရားတွေ ရှိနေပုံရကာ စကားကုန်ပြောလိုက်သော ကိုကို့အတွက် သူ့မှာတရားလွန်၊ မခံမရပ်နိုင်အောင်ပင် နာကျင်ထိခိုက်သွားပုံရသည်။

"ကိုကိုမလိုအပ်တော့ဘူးဆိုရင် ... ကျွန်တော် နှုတ်ဆက်ပါတယ် ကိုကို"

ကြည့်စမ်း ... တစ်ခွန်းမှ မတောင်းပန်ဘူး ... အတော်ဆိုးတဲ့လူ။ စကားမှာ ထိုင်ရမလို ထရမလိုနှင့် ... မနေတတ် မထိုင်တတ် ဘာလိုလို ... ညာလိုလို ဖြစ်နေဆဲမှာပင် အဲ့ဖွားက စကားတို့ဧည့်ခန်းထဲမှ 'ချာ' ခနဲလှည့်ထွက်သွားခဲ့ပြီ ... ကိုကိုကတော့ စောစီးစွာကတည်းကပင် ... အနိုင်နှင့်ပိုင်းကာ အဲ့ဖွားက စကားပြောနှုတ်ဆက်နေစဉ်မှာတောင် မျက်နှာလွဲကာ လုံးလုံးကို လှည့်မကြည့်တော့တာဖြစ်သည်။

ဘယ်လိုလဲ ... ဒါဟာ အဆုံးသတ်ပဲလား။ ဆယ့်လေးငါးနှစ်လုံးလုံး အိပ်စက်အနားယူချိန်ကလွဲရင် မိနစ်ပိုင်းထက် ပိုမဝေးကွာကြဘူးဖသာ သူနှစ်ယောက်ရဲ့ အဆုံး

သတ်ခရီးက ဒါပဲလား ...။ မိန်းမနဲ့သူ့လူ ပြဿနာဖြစ်တာ တောင်မှ သူ့လူဘက်သာ ပိုပင်းချင်ခဲ့သော ကိုကိုကလည်း ဒီလိုပဲလား ...။ မိန်းမရပြီးသား ကိုယ့်ဆရာသမားကို အဲဒီမိန်းမကိုတောင်မှ ဘာအမှုမှမထားဘဲ မတရားတွယ်ကပ်တာဝန်ကျေချင်ခဲ့သော အဲ့ဟားကလည်း ဒီလိုပဲလား ...။

"ကိုကိုရယ် အပျက်,အပျက်နဲ့ ..."

"ဘာအပျက်,အပျက်နဲ့လဲ ... အဲဒီကောင် လုပ်ချသွားတာ မမြင်ဘူးလား"

"ဒါကတော့ ကိုကိုကလည်း နှင်ထုတ်သလို ပြောလိုက်တာကိုး ..."

"ကိုယ်နှင်မထုတ်လည်း သူက ထားသွားတော့မယ် ဆိုတဲ့ အချိုးကို ပြင်ထားပြီးသားပဲ ... အဲဒါမျိုးတော့ တစ်သက်လုံး အဖြစ်မခံနိုင်ဘူးကွ ..."

"ထားသွားတယ် ဆိုတာကလည်း စကားပြောသလို သူ့မှာလည်း သူ့ကိုယ်ပိုင် ဘဝလမ်းကြောင်းဆိုတာ ရှိရဦးမယ်လေ ... သူအသက်ကြီးနေပြီလေကိုကိုရယ်"

"အဲဒါဆိုလည်း အေးအေးဆေးဆေး ရိုးရိုးသားသားပဲ ပြောလို့ရတယ် ... ကိုယ်ကရော ... တစ်သက်လုံးမင်း ကိုယ်ပိုင်ဘဝကို မထူထောင်ရဘူး ... ငါ့အနားမှာပဲ ကပ်နေရတော့မယ်လို့ ... တစ်ကိုယ်ကောင်းဆန်မယ့် သူတစ်ယောက်မို့လို့လား ..."

စကားမှာ စိတ်ထဲကကျိတ်ပြီး"ဘယ်ပြောနိုင်ပါ့မလဲ" ဟု အငေါတူးလိုက်မိပေမယ့် အပြင်မှာတော့ ...

"နား‌လည်မှုလွဲကြတာ ဖြစ်ပါလိမ့်မယ်" ဟုသာ ပြောလိုက်ပါသည်။

စိတ်ရှုပ်ထွေး နောက်ကျိကျန်ခဲ့ပုံရသော ... ကိုကိုက စကား‌ကို မကျေမနပ် ပေစောင်း‌စောင်း‌နှင့်ကြည့်ကာ ...

"စကား‌ပဲ ဒီကောင် မရှိလေ ... ကြိုက်လေဆို ... ကဲ ဘယ့်နယ့်လဲ ... ပျော်ရဲ့လား"

ဟင် ... ကြည့်။ သူ့အပြစ်ကို သူများအပြစ်လုပ်တော့မယ် ...။ သူတို့ဘာသာ စိတ်မထိန်း‌နိုင်ဘဲ စကား‌တွေလွန်ကုန်ကြတာကိုပဲ စကား‌ကြောင့်လိုလို ဘာလိုလို လွဲချတော့မယ် ...။ သူ့လူသူ နှင်ထုတ်မိတဲ့ နောင်တနဲ့ သူ စိတ်မချမ်း‌မသာ ဖြစ်နေရမှာစိုး‌တိုင်း "စကား"ဆိုတဲ့ ခေါင်း‌စဉ်တစ်ခုကို ရှာတပ်ပစ်လိုက်ကာ ... နောင်နှစ်ကာလကြာရှည်လာရင် တကယ့်အဖြစ်အပျက်အမှန်က လုံး‌လဲဘုံး‌ကွယ် ပျောက်ပြီး ပြဿနာပေါ်တိုင်း၊ သတိရလွမ်း‌ဆွတ်,တသလိုတိုင်း ... စကား‌ဟာ တရား‌ခံကြီး‌လုံး‌လုံး ဖြစ်ရဦး‌တော့မယ်။

"စကား‌ဘာမှမပါဘူး‌နော် ကိုကို ... သူ့ကိုနှင်ထုတ်ပစ်ပါလို့လည်း စကား‌တစ်ခွန်း‌မှ မပြောဘူး ... ဒီနောက်ပိုင်း‌မှာ သူနဲ့ပက်သက်ပြီး စကား‌က လျစ်လျူရှုတန်ရှု၊ ကျေနပ်တန်တာကျေနပ်နဲ့ စကား‌ဘာသာ ငြိမ်း‌ချမ်း‌ရေး‌ရနေတာကြာလှပြီ ... ဒီပြဿနာက စကား‌နဲ့ဘာမှမဆိုင်ဘူး ... အဲဒီလို ဖြစ်မှာစိုး‌လွန်း‌လို့တောင် ကိုကိုတို့စိတ်ထဲက တကယ်မပါဘဲ အား‌လုံး လွန်ကုန်

ကြမှာစိုးလို့ ... စကားက ဘေးကနေ အထပ်ထပ်လိုက်ပြီး သတိပေးနေခဲ့တာပါ ..."

"ပြီးရောကွာ ပြီးရော ... စကားကလည်း တစ်မျိုး ... ပြဿနာတစ်ခုကို သူ့ခေါင်းဖြစ်မှာကိုပဲ သေမလောက်ဖြစ်နေတဲ့ပုံစံနဲ့"

"အိုး ... ဖြစ်ရတာပေါ့ကိုကိုရဲ့ ... ကိုယ်လုပ်တဲ့ ပြဿနာမှ မဟုတ်တာ ဘယ်သူက ခေါင်းခဲနိုင်မှာလဲ ... ပြီးတော့လည်း ကိုကိုတို့ပြဿနာက ခပ်သေးသေးမှမဟုတ်တာ ... တော်ကြာ နောင်တစ်ချိန်ကျ ကိုကို သူ့ကိုလိုအပ်လာပြီး ပြောမိတာတွေ နောင်တရလာရင်ပဲ ... စကားကြောင့်ဆိုပြီး စကားနဲ့ကိုကိုနဲ့ ပြဿနာဆက်ဖြစ်ရမှာမျိုးတော့ စကားက ခံနိုင်ပါ့မလား ..."

"ဘယ်တော့မှ နောင်တမရဘူး ..."

ခုပဲ နောင်တရလာလို့ ... သူများကိုလွဲချဖို့ စတင်ကြံရွယ်နေတဲ့ သူကများ ...။ အေးလေ ... ထားပါ ... ဒီအချိန်မှာ စကားက ရန်ဆက်ဖြစ်အောင် မဆွသင့် ...။

"အလုပ်ထဲမှာတော့ လူလိုဦးမှာပေါ့ ... ကိုကို့မှာ ဒီလောက်အလုပ်ရှုပ်တာ"

"ဒီစနေ၊ တနင်္ဂနွေအပြီး Secretary အသစ်တစ်ယောက်ကို ရှာခန့်ပစ်မယ် ... ဘာမှမခဲယဉ်းဘူး ..."

"ကြီးကြီးက ဘာပြောဦးမလဲ မသိ ..."

"ဘာမှပြောစရာမရှိပါဘူး ... ကြာတယ်ကွာ ... ခုပဲ

ကြီးကြီးဆီရော ... ကိုကို့မန်နေကျာ ဦးအေးမောင်ဆီရော ကိုကိုဖုန်းဆက်လိုက်မယ် ... စကားဘာမှထပ်မပြောနဲ့တော့"

ကိုကိုက ပြောပြောဆိုဆိုပင် စကားရှေ့မှ 'ဆတ်' ခနဲ ထထွက်သွားတော့သည်။ သူတို့ဟာက နှစ်ယောက်စလုံးပဲ အချစ်ကြီးလို့ အမျက်ကြီးကုန်ကြတာပါ။ စကားယုံကြည်ပါသည်။ စကားမှာ မာလာ့ကို ပြေးအကူအညီတောင်းလိုက်၊ မေမေ့ကို ပြေးအပူကပ်လိုက်နှင့် ခုတော့ ... မာလာနှင့်မေမေတောင် ဘာမှ လှုပ်ရှားခွင့် မသာလိုက်ပါ ... စိတ်မကောင်းစရာ ကောင်းလောက်အောင်ပင် ... သူတို့ချင်း ခွာပြဲသွားကြလေပြီ။

အခန်း(၃)

ကို ယ် ဝ န် စ လွ ယ် လာ ရ သော အ ခ ါ မ ည ည် း ည ူ
စတမ်: အား ကြိုး မာန် တက် ရှိ ခဲ့. သော ကိုကို ရဲ့. ဝေယျာဝစ္စ တွေ မှာ
စကား က ည ည် း ည ူ မော ဟို က် ချ င် လာ သ ည် ။ တ ခြား
ကိုယ်ဝန်ဆောင် မိ ခ င် လောင်း တွေ တော့ ဘယ် လို ရှိ ကြ မ ည်
မ သိ ... ။ စကား မှာ တော့ ကိုယ်ဝန်စ ရှိ က တ ည် း က ပ င် ရု တ်
တ ရက် ပြောင်း ချ လို က် သ လို လူ မ မာ ကြီး လုံး လုံး ဖြစ် သွား
တော့ တာ ...။ လက် က လေး နည် း နည် း လူ ပ် တာ နဲ့. အ သား
ကုန် မော ... ခြေ ထော က် က လေး နည် း နည် း လော က် မြော က်
တာ နဲ့. အ သား ကုန် မူ း ... စ သ ဖြင့် ပ င် ပ န် း ဒု က္ခ ရော က် လို က်
ရ တာ ။

သူ မျာ း တ ကာ တွေ ဆို ' Morning Sickness '
ရ သ ည် ဟု သာ ကြာ း ဖူ း ကာ မ နက် မို း လင် း လာ ရင် သာ မူ း မော်
အော့ အ န် ခြင် း များ ရှိ ကြောင် း ကြာ း ဖူ း ပါ သ ည် ။ စကား မှာ တော့

Whole day Sickness ... တစ်နေကုန်ကို စည်းမရှိကမ်းမရှိ သူဖြစ်ချင်တိုင်း ထဖြစ်နေတော့တာဖြစ်သည်။

သို့ပေမယ့် စကားက ကိုယ်စထားသည့်ဇာတ် ... ကိုယ်နိုင်အောင်က,သည်သာ။

ကိုကိုတို့များ မိန်းမဖြစ်သူက ကိုယ်ဝန်စ ဆောင်ကာစ ဒီလောက်ဖြစ်ပျက်အော့အန်နေပြီး အပြင်ထွက်ရင်တောင် ကြွပ်ကြွပ်အိတ်လေးတွေ အဆင်သင့်ဆောင်သွားနိုင်မှ တန်ကာကျမည့် အဖြစ်မျိုးထိ ဖြစ်နေတာတောင်မှ ... "စကားရေ ... ကိုကိုဝေယျာဝေစ္စတွေ စကားမလုပ်ပါနဲ့.တော့ကွာ ... ကိုကိုကိုယ်တိုင်ပဲ တတ်နိုင်သရွေ့ လုပ်ပါ့မယ်" ဆိုတာ မျိုး တစ်ခွန်းမလာပါ။ သူကသူ.ကိစ္စဝိစ္စကို သူစိမ်းမိန်းမတွေ ပြုလုပ်ပေးတာမျိုးလည်း မကြိုက်ဘူးဟု အဆိုရှိတာကိုး ... ။ စကားမှာ ကောင်မလေးတွေကိုလည်း မခိုင်းရဲ။ ကိုယ်ကိုယ် တိုင်သာ ထ,အန်လိုက်၊ ပြေးလုပ်ပေးလိုက်၊ မူးမော်လိုက်၊ နည်း နည်းလောက်လုပ်ပေးလိုက်၊ မောပန်းလိုက်၊ သက်သာမည်ထင် သည့်ဘက်က လှည့်လုပ်ပေးလိုက်နှင့် ချီတက်နေရတော့တာပါ ပဲ ...။

ဒီမိန်းမနဲ့ ဒီကိုယ်ဝန်ကိုဂရုမစိုက်တာ၊ လျစ် လျူရှုတာတော့လုံးလုံးမဟုတ်ဘူးနော် ... ။ စကားတစ်ခါ လောက် အန်ရင်ပဲ သူ့.အပြင် ပြာနေတာ နှစ်ယောက်မရှိ ... ။ သူပါလိုက်မောပန်းခံစားနေရတော့ကာ...

"နာ့(စ်)တစ်ယောက်တော့ခေါ်မှဖြစ်တော့မယ်စကားရယ် ... စကားကို ပြုတတ်စုတတ်၊ ကျန်းမာရေး အသိ

ကောင်းကောင်းရှိတတ်တဲ့လူနဲ့. အမြဲတွဲထားမှကိုစိတ်ချနိုင်တော့မယ် ... နို့.မို့.ဆို အလုပ်သွားရတာတောင် မဖြောင့်ဘူး၊ စကားတဖြည်းဖြည်းလည်း ပိန်,ပိန်လိုက်လာလိုက်တာ အရိုးပေါ် အရေတင် ပါးပါးလှပ်လှပ်လေးဖြစ်နေပြီ ...ဘာဖြစ်လဲ...နာ့(စ်)တစ်ယောက်ကို ရှစ်လကိုးလ ဆက်တိုက်ခေါ်ထားရမှာက ဘာမှအပန်းမကြီးဘူး...စကား.ရဲ့.ကျန်းမာရေးကသာ အရေးကြီးတာ ..."

အဲဒါမျိုးတွေကို ပါးစပ်ဖျားက မဟုတ်ဘဲ သူ.ရင်ထဲက တကယ်ကို လှိုက်လှိုက်လှဲလှဲ စိုးရိမ်တကြီးပြောနေတာမှန်း စကားယုံကြည်သိရှိပါသည်။သို့.သော်တစ်သက်လုံးက သူများအားကိုးနှင့်သာ ကိုယ်ဝေယျာဝစ္စများကိုပြုလုပ်ဆောင် ရွက်တတ်စေသူသည် ... မနက်မိုးလင်းလာလို့.မှ ... အဲဒီ အရိုး ပေါ်အရေတင်ကလေးကစောင်ဆွဲခွာပြီး ခေါက်မပေးလျှင် အိပ်ယာထက်မှ မထချင် ... အဲဒီပါးပါးလှပ်လှပ်လေးကမှ သွားပွတ်တံပေါ် သွားတိုက်ဆေး လိုက်တင်မပေးထားလျှင် သွားတိုက်တတ်ပုံမရ ...။

စကားစိတ်ထင်...စကားဖေဖေတောင်ကိုကို.လောက်တော. ဆိုးမည်မထင် ...။ ကိုကိုဟာတော့ ရှားမှရှား။ တစ်ရာမှာ တစ်ယောက်... တစ်ထောင်မှတစ်ယောက် လူတန်းစားမျိုးထဲကပါပဲ ...။ "ကျန်းမာရေးမကောင်း" ဟု သူပူပန်စိုးရိမ်နေသော သူ့မိန်းမဟာ သူ့ဝေယျာဝစ္စတွေကို ကျန်းမာရေးမကောင်းတဲ့ ကြားတည်းကပဲ တကုပ်ကုပ်လိုက်

လုပ်ပေးနေရလေတာကို ... အတ္တတစ်ကိုယ်ကောင်းစိတ်တွေ တအားကြီး ပိတ်ဖုံးနေလို. သူ.မျက်လုံးက တကယ်ပဲ မမြင်မတွေ့.နိုင်တော့တာလား ...။ ဒါမှမဟုတ် မြင်ပါရက်နဲ့. စိတ်ပူတာကသပ်သပ် ... သူ.ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးမယ့် လူမရှိတော့မှာစိုးလို. ရေငုံနှုတ်ပိတ် မမြင်ချင်ယောင်ဆောင်နေလိုက်တော့တာက သပ်သပ်လား မဆိုနိုင်ပေ ...။

စကား:မှာ မဆိုစကောင်း။ ဆိုစကောင်း ... အံ့ပွား ဆိုသော တစ်ယောက်ကို နှုတ်မှထုတ်ဖော်ပြီး:တော့တောင် ညည်း,တ,ချင်လာရတော့ပါသည်။ ခုချိန်မှာ စကား:တို. အနား:မှာ သူရှိနေရင် သိပ်ကိုအဆင်ပြေမှာ ...။ စကား:ရဲ့. သူငယ် ချင်း မာလာကတော့ သူ.ယောကျ်ား: ခရီး:ကပြန်ရောက်နေလို. စနေ နေ. နေ.လယ် ခဏတဖြုတ်လောက် အိမ်ကိုလာလည် လိုက်သည်နှင့် ... စကား:တို.အဖြစ်ကို တွေ.မြင်ကာပြောမဆုံး: ပေါင် တောသုံး:တောင်ပင် မကတော့ပြီ။

ဘယ်လိုမှ အောင့်အီး:မနေနိုင်တော့သည်. အဆုံး: ခုမှတွေ.ဖူး:ကြသည့် ခင်ပွန်း:သည်နှစ်ယောက်ကို ဧည့်ခန်း:ထဲမှာထား:ပစ်ခဲ့ပြီး: မာလာက စကား:ကို အတွင်း:ခန်း:ထဲ ခဏလက်ကုတ်ခေါ်ထည့်လာခဲ့ရင်း ... ကိုကို.အလစ်မှာ စကား:နား:အသာကပ်ကာ ... "မှတ်ပြီလား:ဟဲ့ အိမ်ရှင်မကောင်း:ကြီး: ... ဟင် ... သိပြီလား:ဟဲ့... မေမေ့သမီး:နောက်လိုက်ကြီး:" ဟုကရုဏာဒေါသနှင့် ကျိတ်မနိုင် ခဲမရဆိုရှာလေသည်။ စကား: မှာလည်း ဟန်မျှပင် မဆောင်နိုင် ...။

"အေးဟယ် ... ဘယ်လိုလုပ်ရမယ်မှန်းတောင် မသိ

တော့ပါဘူး ... ”

“လဲသေလိုက်ပေါ့ဟဲ့ ... မိန်းမကောင်းကြီးရဲ့ .. . လွယ်လွယ်လေး ... ”

“နင်ကလည်းဟယ် ... ငါက အကောင်းမေးတာပါ၊ ငါမလုပ်တတ်တော့လို့ပါ ...”

“ပေါ်တင်ဖွင့်ပြောပေါ့ဟဲ့... စကားလုံးဝမလုပ်ပေးနိုင်တော့ဘူး ... တော်ကြာ စကားရော ... အဆဲကကလေးပါ နှစ်လောင်းပြိုင် ဖြစ်သွားလိမ့်မယ်လို့. ရာဇသံပစ်လိုက် ပေါ့...နို့.မို့.ဆို ဖွင့်မပြောမချင်း နင့်စည်းစိမ်ရှင်ကသိမှာ မဟုတ်ဘဲ ...”

“ဟယ် ... ဖွ ... ဖွ ... မဦးမချွတ် ..”

“ဟုတ်တယ် ... စိတ်တိုလာပြီ ... “စကားအဖြစ်ပြောနေတာမဟုတ်ဘူး..တကယ်ဒေါသထွက်နေတာ ... နင့်ယောက်ျားမို့.လို့.သာပေါ့ ...ဒင်း ငါ့ယောက်ျားသာဖြစ်နေလို့.ကတော့ နေရာတင် ပွဲချင်းပြီးပဲ ... လည်မျိုကို တုတ်တိုနဲ့.နှက်ပြီးမှ ပါးစပ်ဖြဲပြီး အဆိပ်ရည်လောင်းထည့်ပစ်မယ် ... ”

စကားမှာ စိတ်ညစ်ညစ်နှင့်ပင် မာလာ့ဒေါသကို ရယ်လို့.ချည်း နေရပါသည်။

“ဒါမှမဟုတ်ရင်လည်း ဟိုတစ်ယောက်ကိုသာပြန်ခေါ်ချေဟယ် ... ”

“အဲဒါကတော့ ဖြစ်မယ်မထင်ပါဘူး ... ပြဿနာကငါနဲ့.ဖြစ်တာမဟုတ်တော့ငါပြန်ခေါ်လို့. ဘယ်ရပါ့မလဲ၊

ကိုကိုကလည်း ကြိုက်မှာမဟုတ်ဘူး ... ”

“ဒါဖြင့်လည်း နောက်ထပ်ယောကျ်ားကြီးတစ်ယောက် လောက်ရှာပြီး ထပ်ခန့်.ချေဟယ် ... နင့်ယောကျ်ားက မိန်းကလေးတွေ လုပ်ကိုင်ပေးတာကို ရွံပါတယ်ဆိုနေမှတော့ ယောကျ်ားတစ်ယောက် ထပ်ခန့်.ရုံပဲရှိတော့တယ် ...”

“ဟယ် ... ဘုမသိ ဘမသိ ယောကျ်ားကြီးနောက်တစ်ယောက်ကို အိမ်ထဲသွင်းရမလား တော်ကြာမားပြဖြစ်နေရင် ဒုက္ခရောက်ဦးမယ် ...”

“အဘိုးကြီးပဲ ဖြစ်ဖြစ်ပေါ့ ...”

“အဘိုးကြီးပဲဖြစ်ဖြစ် သေခါပဲနိ်းနိ်း ... ယောကျ်ားဟာ ယောကျ်ားပါပဲဟာ ...”

“ဒါဖြင့်လည်း ငါလည်း အကြံဉာဏ်မပေးတတ်တော့ဘူးဟာ ... ”

မာလာပါ ရောယောင်ပြီးလျှင် ခပ်မှိုင်မှိုင် ခပ်ထိုင်ထိုင် ဖြစ်သွားရပြီးလျှင် ခဏအကြာ အဖြေတစ်ခုထွက်လာသလို လက်ဖြောက်ပါ တစ်ချက်တီးကာ ...

“နင့်ကိုကို ... ကိုရုံးမှာတကောက်ကောက် လိုက်ပြီး အနီးကပ်ရှိနေမယ့် Secretary အသစ်က ဘယ်သူလဲ”

“ဟင် ... ဘာဖြစ်လို့လဲ ... ငါမသိဘူး”

“ဟင် ... ညံ့လိုက်တာ စကားရယ် ... ကိုယ့်ယောကျ်ား ရဲ့ Secretary က ဘယ်သူဘယ်ဝါဆိုတာတောင် မသိရဘူးရယ်လို့လဲ...”

"နင်ပြောရင်လည်း ခံရဖို့ပဲဟ ... ကိုကို ဘာတွေလုပ်နေတယ် ... သူ့လုပ်ငန်းတွေကဘာ ... ဘယ်လောက်ကျယ်ပြန့်တယ် ဘာညာဆိုတာတောင် ငါအပေါ်ယံလောက်ပဲသိတာ ... ဘာမှတိတိကျကျ မသိဘူး ... "

"ကဲ ... ဒါဖြင့် မပြောကောင်း မဆိုကောင်း နင့်ကိုကို့ကို ဖုန်းခနဲ သေပါပြီတဲ့ ... နင်ဘာဆက်ပြီး ဘယ်လိုလုပ်ကိုင်စားသောက်နေထိုင်မလဲ ... "

"နင်ပြောမှပဲ ငါလည်း စဉ်းစားမိတော့တယ် မာလာရယ်...ဟုတ်တယ် ဟုတ်တယ် မေမေဆိုင့်လိုမဟုတ်ဘူး... ဖေဖေ့လုပ်ငန်းတွေအကြောင်း အားလုံးအသေးစိတ်သိတယ် ... ကိုကိုကတော့လေ ... ငါ့ကိုကလေးလိုပဲ အရာထားပြီး နေစေချင်တာဆိုတော့ ..."

"တော်စမ်းပါဟာ... ကလေး ... ကလေးနဲ့. ... အဲဒီကလေးကိုပဲ ဖိခိုင်းနေပြီးတော့ ... "

စကားက ချိပြုံးလေးနှင့် ... "နင်ခုန ကိုကို့ Secretary အသစ်ကို မသိဘူးလားဆိုတော့ သိရရင် ဘာလုပ်မလို့လဲ" ဟု စကားပြန်ကောက်ပေးလိုက်သည်။

"သြော် ... အရင်ကဆို အဲ့ပွားတစ်ယောက်တည်း ရုံးရောအိမ်ပါရှိသမျှ ဝေယျာဝစ္စ ကျုံးလုပ်တာမဟုတ်လား ... ခုလည်း အဲလိုပဲ ရုံးကလူကို... စနေ၊ တနင်္ဂနွေပဲ အိမ်ပြန်ခိုင်းပြီး ကြားရက်တွေ အိမ်ခေါ်ထားလို့. မရနိုင် ဘူးလား...နင့်ကိုကိုကတော့ ဘယ်နည်းနဲ့.မဆို စိတ်ချရတဲ့ အကြောင်းသိကိုပဲ သူ့.အနားမှာ ထားမှာ

ပါပဲ ... နင်ပြောသလို ဓားပြဟုတ်နိုင် မဟုတ်နိုင် နင့်ကိုကိုက သူအသိဆုံးပဲ နေမှာပေါ့ ... ဟာ ... အဲ့ဟားလို နင်ထက် အရင်ဦးပြီး အိမ်ရောက်နေတာ မဟုတ်ဘဲ...ခုမှရောက်လာရမှာဆိုတော့ နင့်စိတ် ကြိုက်လည်း ပုံသွင်း နိုင်တာပေါ့ ... ငါထင်တယ် ... တော်တော်အဆင်ပြေမှာပဲ ..."

စကားမှာမျက်လုံးလေးတွေ တလက်တလက် တောက်ပလာအောင်ပင် မာလာအကြံဉာဏ်၌ စိတ်ဝင်စားလာရပြီးသော် ... "ကိုကိုက သဘောတူ ပါ့မလား မသိဘူး"ဟု တွေးတွေးငေးငေးကလေး ရှိရပြန်ပါသည်။

"အော ... ဒါကတော့ နင်ပိုင်အောင်ပြောပေါ့ ... နင့်ကို လေ ငါအသည်းယားတယ်သိလား ... ကျောင်းတုန်းကဆိုရင် ဒီရည်းစားတစ်ယောက်အပေါ် ... ဆိုးနိုင် ... နိုင်,နိုင်လိုက်တာ သူအပြင် နှစ်ယောက်မရှိတော့ဘူး၊ ခုတော့ အတိုးချပြီး 'လင်ကြောက်မကြီး' လုပ်နေသလားထင်ရတယ် ..."

ဒီလိုဆိုတော့ စကားက မခံနိုင်ပါ ..။

"တော်ကြာ အိမ်ထောင်တွေဘာတွေရှိနေတယ်တဲ့လူတို့... ကိုကို သိပ်သဘောမကျတဲ့လူတို့ ဖြစ်နေမှာစိုးတာပါဟာ..."

"နင့်ယောက်ျားလား... သူသိပ်သဘောမကျတဲ့လူကို သူ့အနားထားမှာ ... ပြီးတော့ အိမ်ထောင်သည်ကိုလည်း စားရင်းထဲတောင် သွင်းမှာမဟုတ်ပါဘူး ...

သူက သူသာလျှင် တစ်ဦးစား‌ပေး ဖြစ်ခဲ့ရတာမျိုးကို ပဲ လိုချင်သူပဲဟာ ... မိသား‌စုကို ပြန်ငဲ့နေရမယ့် လူမျိုးကို ခန့်ထား‌မှာကို မဟုတ်ပါဘူး... အလုပ်ခန့်ပြီး‌မှသာ သူဘာသာ အိမ်ထောင်ကျချင်ကျ ... စခန့်ရင်တော့ အသစ်စစချင်း‌မှာ လူပျိုကိုပဲ ခန့်ထား‌မှာသေချာပါတယ် ..."

ကိုယ့်ယောက်ျား‌ကို ကောင်း‌ကောင်း‌ကြီး ဝေဖန်ခံနေရပေမယ့် ဟုတ်လည်း ဟုတ်နေတာမို့ စကား‌မှာ ဘာမှ ပြန်မ ပြောသာပါ။ မာလာ့ရဲ့ အကြံဉာဏ်ဟာ စကား‌အတွက်တော့ အတိုင်း‌ထက်အလွန် ... ဒီထက်အကွက်စေ့ကောင်း‌မွန်နိုင်သော အကြံမျိုး ထပ်မရှိနိုင်တော့တာမို့ စကား‌မှာ "ကိုကို့ Secretary အသစ်တစ်ယောက် အိမ်ထောင်သည်မဟုတ်ပါစေနဲ့ဦး ... ကိုကိုကလည်း အိမ်အထိ ခေါ်ယူလာဖို့ ခွင့်ပြုပါစေ" ဟုသာ ကျိတ်ဆုတောင်း နေမိပါတော့သည်။ အလုပ်ဝင်ပြီး‌မှ အိမ်ထောင်ပြုလိုက်သူမျိုး‌လည်း‌မဟုတ်နိုင်လောက်သေး‌ပါဘူး ... ကိုကိုSecretary အသစ်လည်း‌လိုက်တာ ဘယ်နှစ်လလောက်မှ, မှ မကြာသေး‌တဲ့ဟာပဲ ...။

စကား‌ရဲ့ ဖြစ်အင်တွေကို အံ့ဖွား‌သာ တစ်နေရာ ရာက လှမ်း‌သိနေရင်တော့ စကား‌ကို သူလှောင်ဟား ပြုံး‌ရယ်ချင် နေမှာ အသေအချာပဲဖြစ်ပါသည်။ လူတစ်ယောက်ရဲ့ ကောင်း‌ကွက် ကိုရှိတုန်း‌သတိမပြုမိဘဲ ... သူမရှိတော့မှသာ တမ်း‌တသတိရမိတတ်တာက ပုထုဇဉ်လူသား‌တိုင်း‌လိုလို ဖြစ်လေ့ ဖြစ်ထရှိနေကြတာပဲ မဟုတ်လား။ စကား‌တစ်

ယောက်တည်းကမှ ကွက်ပြီး ဆိုးရွားနေတာမှ မဟုတ်တာနော် ...။

ရှင်က ဟိုးအရင်တုန်းကတည်းကသာ သည်းသည်းလှုပ် အဖြစ်သည်းပြမနေဘဲ ... ပုံမှန်တာဝန်ကျေရုံလောက် ဆိုရင် ကျွန်မလည်း ရှင်နဲ့ထိပ်တိုက်တွေ့ခဲ့စရာအကြောင်းရှိမှာမဟုတ်သလို ... ရှင့်ဘက်က တမင်ရွဲ့ပြီး ရှောင်လွှာ နောက်ဆုတ်ပြခဲ့တာတို့ ... ကိုကိုနဲ့ပါပြဿနာဆက်တက်ပြီး ထိပ်တိုက်တိုး လမ်းခွဲကြရတာတို့တွေ ဖြစ်ပွားလာစရာကို လိုမှာမဟုတ်ပါဘူး ကိုအံ့ပွားရယ် ...။ ခုတော့ ... ကိုယ့်ကိုကိုယ်မို့ ဖော့ပြောပြီး အပြစ်ထဲက ထုတ်ထား၍ တာမဟုတ်ရပါဘူး ... တကယ်တမ်း သုံးဦးဖလှယ် သုံးပွင့်ဆိုင်ပြဿနာတစ်ရပ် တက်ခဲ့ကြတာဆိုရင် ... ရှင်နဲ့ကိုကိုကသာ ... သာမန်ထက်ပိုကဲနေ ကြတဲ့ လူထူးဆန်းတွေ ဖြစ်နေကြလို့ ... ကျွန်မကတော့ ပုံမှန်အိမ် ထောင်သည် မိန်းမတစ်ယောက်ရဲ့အတွေ့ဒေါသမျိုးနဲ့ပဲ မဟုတ်ခဲ့ ဘူးလား ...။ ဒါပေမယ့် နောက်ဆုံးကျတော့ အရှုံးပေးအလံဖြူတင် ရမယ့်သူက ကျွန်မဖြစ်နေရောတဲ့ ...။ တရားလိုက်တာ ရှင်တို့ ရယ်...။

စကားမှာ မာလာတို့လင်မယား ပြန်သွားကြပြီး သည့်နောက်ပိုင်း၌ "ကိုကို့ရုံးက Secretary ကို အိမ်ခေါ်ရေး" ကိစ္စကို အမြဲခေါင်းထဲထည့် စတင်လုံးပမ်းဖို့ ကြံပါတော့သည်။ "တစ်ခါသေဖူး ပျဉ်ဘိုးနားလည်" ပြီးသည့် စကားက ကိုယ်တိုင်မျက်စိနှင့် မြင်တွေ့သဘောမကျရသေးခင်မှာတော့ ကိုကို့ကို ဒီတိုင်ကြီး ဖွင့်မတောင်းဆိုဝန့် ... တော်ကြာ

အရှည်သဖြင့် မှာ ကိုယ်ကြည့်မရနိုင်မည့် ပုံစံမျိုးဖြစ်နေရင် ပြဿနာတစ်ခုရယ် လို့ ကြုံတိုင်း ကိုကို က "ဒါမင်းပဲရွေးချယ်ခဲ့တာလေ စကား" ဆိုတဲ့ လေသံမျိုးနဲ့ မထိုးနှက်ဘဲနေမည့်သူ မဟုတ်ပေ။

ခါတိုင်းလည်း အကြောင်းမရှိ အကြောင်းရှာ ကိုကို့ရုံးသို့ တစ်ခါမှမလိုက်ခဲ့ဖူးသူမို့ အကြံကောင်းထုတ်ကာ ... အခွင့်ကောင်းကို စောင့်နေဆဲ ... အံ့ဖွာ: မရှိတော့ကတည်းက ရုံးသွားတိုင်လိုလို တစ်ခုမဟုတ်တစ်ခု မေ့ကျန်တတ် မြဲ ကိုကို က ဒီတစ်ခါလည်း ထိုနေ့အတွက် လပတ်အစည်းအဝေး မှာ အရေးကြီးသော ဖိုင်တွဲတစ်ခုက အိမ်မှာ မေ့ကျန်ခဲ့ပြန်ကာ ... အိမ်သို့ဖုန်းပြန်ဝင်လာပါသည်။

"စကား ... ကိုကိုမနေ့ကဖတ်တဲ့ ဖိုင်လ်အညိုတစ်ခု ဘယ်နား:မှာလဲ မသိဘူး: ချထား:ခဲ့မိတယ် ... အဲဒါ စကား: ရှာပြီး: ကား:နဲ့ထည့်ပေး:လိုက်စမ်း:ပါဦး: ... သြော် နေဦး: ... စကား:ဒီနေ့ အပြင်ထွက်ဖို့ ဒရိုင်ဘာနဲ့ကား:နဲ့ မှာထား:တာနော် ..."

"ဟုတ်ကဲ့ကိုကို ... ဒါပေမယ့် ရတယ်လေ ..."

"နေ,နေ ... ဒီလိုလုပ် ... စကား:က ဘယ်အချိန်ထွက်မှာလဲ ..."

"ခဏနေရင် ..."

"အိုကေ ... ဒါဖြင့် စကား:ထွက်ရင်:နဲ့ ဖိုင်လ်ကိုယူလာ လိုက် ... ပြီး:တော့ စကား:ကိစ္စကို မသွား:ခင် ရုံးမှာ

အရင်ဝင်ပေးလိုက်ပေါ့ ... ဖြစ်မလား ..."

"ဟုတ်"

စကားထဲမှအလွန်ဝမ်းမြောက်သော ထောက်ခံသံတစ်ခု ခပ်ကျယ်ကျယ်ပင် ထွက်ပေါ်လာပါသည်။ အိုကေပဲ ... ရုံးကိုလိုက်ကြည့်ဖို့ အကြောင်းရှာနေဆဲ ... သမ္မာဒေဝနတ်ကောင်း နတ်မြတ်များက စကားရဲ့ဆန္ဒတွေကို အလိုလိုနေရင်း သိသွားကြ သည် ထင်ပါရဲ့. ...။ ခါတိုင်းများ ... အံ့ပွားမရှိတော့ကတည်းက မေ့, မေ့သမျှတို့အတွက် စကားက အိမ်မှာသာ ဒေါင်းတောက်အောင် ရှာဖွေပေးရုံ ... ဒရိုင်ဘာကသာ စကားရှာဖွေ ထည့်ပေးလိုက်တာ တွေကို ရုံးကိုသွားပို့ပေးရခြင်း ဖြစ်ပါသည်။ ခုတော့ စကားရောက် ချင်နေလှသည့်ရုံးသို့ စကားကိုယ်တိုင် လိုက်ခွင့်ရပေပြီ ...။

စကားမှာ ကိုကိုပြောသော ဖိုင်အညိုကို စာကြည့်ခန်းထဲမှာ လွယ်ကူစွာပင် တွေ့ပါလျက် ... တမင် ဉာဏ်ဆင်ကာ ... တခြားမည်သို့တည်သို့ ဖိုင်လ်တစ်ခုကိုပါ မရ,ရအောင် ရှာယူလျက် ကိုကိုရုံးသို့ ထွက်လာခဲ့ပါသည်။ တော်ကြာကျ ဖိုင်အညိုပါလာပြီဆိုရင် ... ရုံးအောက်က Enquire (စုံစမ်းရေး ဌာန) မှာတင် ပေးထားခဲ့ဆိုရင်သွားပြီ...။ ဒါကြောင့်မို့ "ဘယ်ဖိုင်လဲ... မဟုတ်တဲ့ဖိုင်လ်လည်း ပျောက်မှာစိုးလို့ စကားပြန် စောင့်ယူသွားမယ်"ဟု ကိုကို့ကိုဖြစ်ဖြစ် ... ကိုကို့ Secretary ကိုပဲဖြစ်ဖြစ် တက်မေးခွင့်ရအောင် စကားက ကြံရွယ်လာခဲခြင်း ဖြစ်ပါတော့သည်။

ရုံးရောက်တော့ စကားစိုးရိမ်သလို စကားရဲ့

အဆင့်၊ အနေအထား:က 'Enquire' ကတင် လှည့်ပြန်သွား:ရမည့် အဖြစ်မျိုး:မဟုတ်ပါ။ "စကား:ဝါသွေး:ပါ" ဟု ဆိုလိုက်သည်နှင့်ပင် တစ်ရုံး:လုံး:ခမျာ ပြာပြာသလဲ ဖြစ်ကုန်ကြကာ အပေါ်ထပ်သို့တက် ရန် Lift (ဓာတ်လှေကား:) ရှိပါရက် ... စကား:မှာ ကိုကို့ရုံး:ခန်း:အထိ ဝိုင်း:ဝန်း:လိုက်ပါပို့ဆောင်လိုကြ သော လူလုံး:ကြီး:၏ ဝိုင်း:ချီမ,မတက် အခြေအနေနှင့်ပင် ရိုး:ရိုး:လှေကား:မှသာ အပေါ်သို့ တက်ခဲ့ ရပါတော့သည်။

အင်း ... သူများ:တကာရဲ့ ဝိုင်း:ဝန်း:အရေး:ပေး:ဖူး:ဖူး:မှုတ် ဂရုစိုက်မှုကို ခံရခြင်း:မှာ အတော်ယစ်မူး:ဖွယ်ကောင်း:ပြီး: တပ်မက်လွယ်နိုင်သော အရာမျိုး:ဖြစ်ကြောင်း: ကိုယ်တွေ့.ကြုံလိုက် ရသောအခါကျမှ စကား:မှာ ကိုကိုတစ်ယောက် ဘာကြောင့် ဒီလောက်အတွက်ကြီး၊ အကျင့်ပျက်နေရသလဲဆိုတဲ့ အဖြေကို ရှာဖွေတွေ့.ရှိ ကိုယ်ချင်း:စာနိုင်လာပါတော့သည်။

စကား:မှာ တစ်ခါမှမရောက်ဖူးသော ကိုကို့ ရုံး:ခန်း:ထဲသို့ ရောက်လျှင်ရောက်ချင်း: ... သပ်ရပ်ကျော့ရှင်း:လှသော ရုံး:ခန်း:အထား:အသို အခင်း:အကျင်း:ကိုမှ စိတ်မဝင်စား:နိုင်ဘဲ ခပ်ရွယ်ရွယ် လူငယ်တစ်ယောက်ထံသာ အကြည့်ရောက်နေမိပါ သည်။ ကိုကိုကတော့ ရုံး:ခန်း:ထဲမှာ ရှိမနေပေ...။ ရုံး:ခန်း:ထဲ၌ ထိုလူရွယ်နှင့်အတူ အသက်ငါး:ဆယ်ခန့် မိန်း:မကြီး:တစ်ယောက် တို့သာ ... ကိုကို့.စား:ပွဲမဟုတ်သော နောက်ထပ် (တစ်လုံး:တည်: သော) စား:ပွဲတစ်ခုထက် ကုလား:ထိုင်နှစ်လုံး:နှင့်ထိုင်ကာ အလုပ်လုပ်နေကြလေသည်။

စကားကိုမြင်မြင်ချင်း ... "စကား"ဟု သိသိချင်း ... ခင်မင်ဖော်ရွေလိုဟန်ကို သူ.ထက်ငါ အလုအယက် ပြကြသော ထိုနှစ်ယောက်တို့မှာ ရုံးခန်းထဲမှာသာ အလုပ်ထိုင်လုပ်နေကြသည် ... ။ ရုံးခန်းဟာ သူတို့နှင့် တသားတည်း ကျမနေပါ။ သူတို့ကြည့် ရတာ ဒီရုံးခန်းထဲမှာ အမြဲထိုင်နေခွင့် ရကြသူများနှင့်မတူ...ဖင် တကြွကြွတောင် ဖြစ်မတက်ရှိနေကြကာ... လုပ်စရာရှိတာ လုပ်ပြီးတာနှင့် အပြင်သို့ အမြန်ဆုံး ထွက်ပြေးကြတော့မည့်ပုံ တွေပဲ ပေါက်နေသည်။

စားပွဲပေါ် ကကွန်ပျူတာတစ်လုံးကို ကျွမ်းကျင်စွာရိုက်နေသော ထိုလူရွယ်ကောင်းကလေးမှာ အံ့ဖွားလို ထက်မြက်သည့်ရုပ်ရည်နှင့် ကိုကိုကို အရာရာဦးဆောင်နိုင်ဖို့တော့ ဝေးစွ ... ကိုကိုက ရှေ့.ကပြေးနေရင်တောင် ... ကိုကိုကို ရှိန်တာ ကြောက်တာနှင့် နောက်ကနေ ကောင်းကောင်းမှ ပြေးမလိုက် နိုင်ဘဲ မကြာခဏ နေရင်းထိုင်ရင်းဆိုသလို ခလုပ်တိုက်လဲ, လဲကျ နေမည့်ပုံမျိုးပဲ ရလေသည်။ ကြည့်ပါလား။ အခုတောင်မှ စကားက သူ.ကို တရစပ်အကဲခပ်နေကြောင်း သူရိပ်မိသွားသောအခါ ... ယောကျ်ားတစ်ယောက်တန်မဲ့ မနေတက် မထိုင်တက်နှင့် ရှိုးတို့ရှုန့်.တန့်.တွေပင် ဖြစ်လို့နေပါသေး ...။

ဒီလိုလူမျိုးကို အိမ်ခေါ်ခိုင်းရရင် ... စကားမှာ အာနည်းနည်းပေါက်နိုင်မည် ဖြစ်ပေမယ့် ကိုယ့်နောက်ကပဲ အမြဲနေနေမည့် တပည့်ကျောမျိုးကို ရရှိနိုင်မည်ဖြစ်ရာ ... စကားလိုမတတ်တတတ်နှင့် တက်ဆရာလုပ်ရမည့် သူမျိုး

အတွက် အတော်အဆင်ပြေနိုင်မည် ဖြစ်သော်လည်း ... ကိုကို့အတွက် တော့ဖြင့် အမြဲတမ်း စိတ်တိုအော်ဟစ်နေရမည့် ရုပ်မျိုးပင် ဖြစ်လေရာ ... အဆင်ပြေနိုင်မည် မထင်ပေ .. ။ ကိုကိုဟာ ဘာ့ကြောင့်များ ဒီလိုလူမျိုးကို အပါးခေါ်ခန့်ထား ရပါသနည်း ...။

စကားမှာ ကိုယ့်မေးခွန်းအတွက် အဖြေကို အကြာကြီး မစဉ်းစားလိုက်ရပါ။ ခဏအကြာမှာတင် "တင်" ခနဲ မြည်သွားသော ဘဲလ်သံတစ်ခုနှင့်အတူ စားပွဲမှာထိုင် အလုပ်လုပ် နေကြသော ထိုနှစ်ယောက်တို့ ပြုန်းပြုန်းဒိုင်းဒိုင်း ထရပ်လိုက်ကြသံ များပါ နောက်ဆက်တွဲအနေနှင့် ထွက်ပေါ် လာကာ ...

"ဟာ ... စကားက ကိုယ်တိုင်ကိုယ်ကျ အပေါ်ကို တတ် ပို့တာကိုး ..."

ကိုကို။

စကား၏ခေါ်သံက အပြင်သို့ မထွက်လိုက်ပါ။ သူတကာတွေ ကြောက်လန့်တကြား အလောတကြီး မတ်တတ် ထကြသည်ကို ယောင်ယမ်းပြီး ကိုယ်ကပါ လိုက်ရပ် မိနေသော စကားမှာ ပါးစပ်အဟောင်းသားလေးနှင့်ပင် ကိုကို့ နောက်က ကပ်ပါလာသူတစ်ယောက်ထံ မျက်လုံးကြီးစိုက် နေမိရက်သား ဖြစ်နေပါတော့သည်။ ထိုတစ်ယောက်ကတော့ ဖြင့် တစ်ရုံးလုံးဝိုင်း ပြီး ဖူးဖူးမှုတ် အလေးထားနေကြသည့် စကားထံ မျက်လွှာ တစ်ချက်လှန် ပင့်တင်ရုံတင် လှမ်းကြည့် လိုက်ပြီးသော် ...

"မမအေးနဲ့ ကိုငယ်နဲ့ အလုပ်တွေပြီးကြပြီဆိုရင် ထားခဲ့ တော့လေ ... သွားနိုင်ပြီ ... အို ကိုငယ်... ကျွန်မရဲ့ စားပွဲကို ဒီလိုပစ်စလက်ခတ် ထားပစ်ခဲ့တာ မျိုး ကျွန်မဘယ် တုန်းက ခွင့်ပြုသလဲ... ကုလားထိုင်ကို သေသေသပ်သပ် ပြန်ထိုးထည့်ခဲ့ပါ ..."

လေသံကားဟိုးအထက် တာဝတိံသာမှ ဝဲကျလာသလို လေသံမျိုး ...။ ဟန်ပန်ကား ယောင်ယမ်းမတ်တတ် ထကြိုမိကာ အံ့အားတသင့် ဖြစ်ရမှုကြောင့် ပါးစပ်အဟောင်းသား ... မျက်လုံးအပြူသားနှင့်ပင် ကုပ်ချိချိဟန် ထွက်နေမည့် စကားနှင့် သွင်သွင်ကြီး ဆန့်ကျင်ကာ လွန်စွာမှ စမတ်ကျအဆင့်အတန်း မြင့်နေသည့် ဂိုက်ဆိုဒ်မျိုး။ နေရင်းထိုင်ရင်း သန့်ထွက်နေသော သူဌေးပုံ၊ ဘော့(စ်)တစ်ယောက်ပုံ ပေါက်နေနှင့်ပြီးသား ကိုကိုပင်လျှင် ဒီ့ထက်မျှားနည်းနည်း လေးလောက် လျော့ခဲ့ရင် အနေအထားက သူအောက်ရောက်ကာ နောက်ကောက်ကျရ တော့မည့် 'ဟန်'တစ်မျိုးအပြည့်ရှိသော မိန်းမတစ်ယောက်ပင်တည်း။

စကား ချက်ချင်းသဘောပေါက်လိုက်သည်။ ဟို ကြောက်ရွံ့တုန်လှုပ်ဟန်အပြည့်နှင့် အသုံးမကျသောရုပ်နှင့် သူငယ်မှာ ကိုကို. Secretary မဟုတ် ... ။ သူမကသာလျှင် ... ကိုကို.ရဲ့. "အပါးတော်မြဲ" စစ်စစ်တစ်ယောက်ပါတကား။ "ကိုယ့်မိန်းမ မဟုတ်သည့် သူစိမ်းမိန်းမတစ်ယောက်က ပြုစုလုပ်ကိုင်ပေးနေတာကို ဘယ်လိုမှမနှစ်မြို့.နိုင်ဘူး"ဟု အဆိုရှိဖူးသော ကိုကို့ရဲ့. Secretary အသစ်မှာ

မိန်းမတစ်ယောက် ဖြစ်နေတော့သည်တကား ...။

"စကား ... ထိုင်လေ .. သွားစရာရှိတယ်ဆို ... ဖိုင်လ်က အရေးကြီးတာတော့ မှန်ပါတယ် ... ဒါပေမယ့် စကား ကိုယ်တိုင်တက်လာမပေးလည်း ရပါတယ်ကွာ၊ အလကား ပင်ပန်းအောင် ... ပြီးတော့ သွားစရာရှိတာလည်း နောက်ကျနေဦးမယ် ... ခုကော ... ဘာဖြစ်နေတာလဲ ... မောသလား ... မနက်က အန်ထားပြီးလို့လား ... စကား ကြည့်ရတာ သိပ်ဟန်တဲ့ရုပ်မရဘူး"

ဟန်ပါမလား ...။ ဟန်နိုင်ပါမလား ကိုကိုရဲ့ ဒီလောက် ရှော့(ခ) Shock ရသွားတဲ့ဥစ္စာ ...။ ထိုစဉ်မှာပင် မလှမ်းမကမ်းမှ မိန်းမက အသံလေးလွင်လွင်နှင့် ...

"သြော် ... ဆောရီကိုကို ... ကိုကိုည့်သည်ကို တစ်ခုခု တိုက်ဖို့ ကျွန်မမေ့သွားတယ် ... ဆောရီး ... ဆောရီး ..."

စကားမှာ ဒိန်းခနဲ ဖြစ်သွားကာ ကိုကိုထိုးပေးလိုက်သည့် ကုလားထိုင်ထက် ပက်လက်လန်လဲကျ ဆင်းသွားသလားပင် ထင်လိုက်ရပါသည်။ 'ကိုကို'တဲ့ ... သူများတကာယောက်ျာကို သူကလည်း 'ကိုကို'တဲ့ ...။ စကားကိုကျတော့ စကားမှန်း သိသိကြီးနဲ့ပင် "ကိုကို့ည့်သည်"တဲ့။ ဘယ်လိုလဲ ... ဘာတွေဘယ်လို ဖြစ်နေတာလဲ ... အားလုံးတော့ လွဲချော်ကုန်ပြီ ထင်တယ် ...။ စကားမှာ ထိုမိန်းမတစ်ယောက် အခန်းကိုကန့်ရံ ကန့်ထားသော သစ်သားပါတေးရှင်း အကာလေးတစ်ခုနောက် လှမ်းဝင်သွားသည် ဆိုသည်နှင့်တစ်ပြိုင်

နက် မထိန်းချုပ် နိုင်တော့ စွာ ...

"ကိုကို ... ကိုကို ... အဲဒါက ..."

"ကိုကို့ Secretary အသစ်လေ ... ရှိတာတဲ့ ..."

"သူပုံစံနဲ့လေသံက ဘယ်လိုဖြစ်နေတာလဲ ..."

စကားကတော့ ကိုယ်မကြိုက်နိုင်တာကို တဲ့တိုးပင် ...။

"ဘာဖြစ်လို့လဲ ... သူကအလုပ်လဲတော်တယ် ... ထက် ထက်မြက်မြက်လည်း ရှိတယ်လေ ... သြော် ... စကားပြောတဲ့ ဟန်ဆိုတာ ကိုကိုသိပြီ... ဟုတ်တယ် ဟုတ်တယ် ... အဲဒီပုံစံနဲ့ လေသံကြောင့်ပဲ ကိုကိုက သူ့ ကိုရွေးခဲ့တာပဲ ... မဆိုးဘူးကွ ... ကိုကိုအရတော်လိုက်ပါတယ် ... အံ့ပွားလက်သစ်လေးပဲ ..."

ဘုရားရေ ... ဘုရားရေ ... အံ့ပွားလက်သစ်တဲ့ ... အံ့ပွားလို ကိုကို့နား တစ်ကောက်ကောက် တကပ်ကပ်နှင့် အလုပ်ချိန်မနက်ရှစ်နာရီမှ ညနေငါးနာရီအတွင်း ... ရှစ်နာရီ၊ ကိုးနာရီလုံးလုံး မခွာရတော့မည့် အံ့ပွားလက်သစ်က မိန်းမ တစ်ယောက်တဲ့။ ပြီးတော့ ထိုမိန်းမ၏ ဖြစ်ပျက်ပြောဆိုနေပုံ၊ ကိုကို့ရဲ့. သူတစ်ပါးအပေါ် မှီခိုပုံချအား‌ကိုးတတ်ပုံ ...။ ဘုရားရေ ... စကားနာထဲ အန္တရာယ်အချက်ပေး ခေါင်းလောင်းသံတွေ ဒိုးဒိုး ဒေါင်ဒေါင်နှင့် ညံမစဲဖြစ်လာရပါတော့သည်။

စကားမှာ"ကိုယ့်ကိုပွား"ဟူသော အပြောနေရာတွင် "ကိုယ်ရီတာ"ဟူသော လေသံမျိုးကိုပါထည့်သွင်း

ကြား ယောင်လာမိသောအခါ ... မိုက်ခနဲပင်ဖြစ်ကာ ...

"ကိုကို ... မိန်းမကြီးဘာလို့ ခန့်လိုက်တာလဲ ... ကိုကိုပြောတော့ ကိုကို့ဝေယျာဝေစ္စတွေကို မိန်းမတစ်ယောက် လိုက်လုပ်ပေးနေတာ မကြိုက်ဘူးဆို"

"ဟာ ... ဘာဆိုင်လဲ စကားရဲ့ ... ဒါက ရုံးကိစ္စပဲ ... ရုံးကိစ္စမှာတော့ မိန်းမသော ... ယောကျ်ားသော ရွေးနေရင် လူ တော်တစ်ယောက်ကို ဆုံးရှုံးနိုင်တာပေါ့"

"မဆိုင်ပါဘူးကိုကိုရယ် ... ရုံးကိစ္စဆိုပေမယ့် သူကြည့် ရတာ ကိုကို့ ကိုယ်ရေးကိုယ်တာ ကိစ္စဝိစ္စတွေကိုလည်းအနီးကပ်လိုက်သိတတ်နေမယ့် ပုံမျိုးပါပဲ။ ပြီးကျတော့ ခေါ်ပုံကိုက သူများတကာယောကျ်ားကို သူများခေါ်သလိုပဲ ... ကိုကိုရယ်လို့ပဲ"

"ဟာ ... ရှူး ... စကား အဲဒီလို ပေါက်ကရတွေ လျှောက် မပြောရဘူးလေ... ကိုကို့မိန်းမတစ်ယောက် အနေနဲ့ တစ်ဖက်သား မှာ အဝိပ္ပယ်နှစ်ခွ ဖြစ်စေမယ့် အပြောအ ဆိုမျိုးတွေဆို စကားဘက်က ရှောင်ကျဉ်ပေးရမှာပေါ့..."

အမယ်လေး ... စလာပြီ ... စလာပါပြီ ... အလုပ်သမားနဲ့ မိန်းမမှာ အလုပ်သမားဘက်ပဲ ပင်းတော့မယ့် အပြောမျိုးတွေ စတင်လာပါပြီ။ ဒါပေမယ့် ဒီတစ်ခါ ကိုယ့်ပြိုင်ဘက် ဖြစ်ရတော့မည့် အလုပ်သမားက မိန်းမတစ်ယောက် ဖြစ်နေသည်။ ကြည့်လိုက်တာနဲ့ မြွေမြွေချင်း ခြေမြင်နိုင်ကာ ဘယ်လိုမှ နှစ်သက်စရာ မဖြစ်မည့် မိန်းမတစ်ယောက်ဖြစ်

လို့ နေသည်။

"သူက အဲ့ပွား၊ရဲ့ နေရာကို လုံးလုံးဝင်နိုင်ဖို့ အစွမ်းကုန် ကြိုးစားပြနေတာ... အဲ့ပွား၊ခေါ်တုန်းကလို လိုက်ခေါ်တာကလွဲလို့ စကား၊ဘယ်လိုခေါ်သလဲ သူခေါင်းထဲမှာတောင် ရှိမှာမဟုတ်ဘူး ... အဲ့ပွား၊တုန်းကတော့ ကိုယ်နဲ့ရွယ်တူ ... ကိုယ်ထက်တောင် ကြီးနေသေးတဲ့ ယောကျ်ား၊တစ်ယောက်မို့ စစချင်းကတည်းက ကြီးကြီး ကိုယ်တိုင်က တမင် အဆင့်ခွဲပြထား၊တဲ့အနေနဲ့ ကြီးကြီး ကပါ "ကိုကို ..."၊ "ကိုကို"ခေါ်ပြပြီး ... "ကိုကို"လို့ အခေါ်သင်ခဲ့တာ ... ခုလည်း ရီတာက အဲ့ပွား၊လိုပဲ ရှိသေသမှုနဲ့ ဆက်ခေါ်တာ ... စကား၊တောင်တောင် အီအီ မတွေး၊နဲ့ ..."

ရှိသေသမှု။ ဒီရုပ်လား ရှိသေသမှု ...။

"ဒါဆိုလည်း ဒီလောက်ရှိသေချင်နေတဲ့သူက စကား၊ကို တစ်ရုံးလုံး ကိုကို့မိန်း၊မအဖြစ် နေရာပေး အလေး၊ထား၊ နေကြပါရက် သူက ဘာကိစ္စတစ်စက်မှ ဂရုမစိုက်တဲ့ ပုံ ကောက်ဖမ်း၊ထား၊ရတာလဲ"

"ဟာ ... ပြဿနာပဲကွာ ... စကား၊တို့ကတော့ ... နေရင်း၊ထိုင်ရင်း၊နဲ့ အရိုအသေကလည်း ခံချင်သေး ... သူက ကိုကို Secretary ပဲဟာ ကိုကို့ကို ရှိသေသမှု ထား၊ရင်တော်ပြီ ပေါ့... သူ့အလုပ်ဝတ္တရား၊ထဲမှာ စကား၊ကိုပါ လိုက်ရှိသေ နေစရာ မလိုပါဘူး၊လို့ ကိုကို တော့ ထင်တယ် ... ပုံမှန်အသိအမှတ်ပြုခြင်း ရှိရင်ပဲ

တော်လောက်ရောပေါ့ စကား:ရယ် ... အလုပ်ကိစ္စနဲ့ သူဌေးကိုရော သူဌေးကတော်ကိုပါ လိုက်ဖား:ဖို့ ကိုယ်ရေး:ကိုယ်တာကိစ္စမျိုး:တွေကို ရောပစ်တတ်တဲ့ သူမျိုး:ကိုလည်း ကိုကိုက သဘောမကျလှပါဘူး ..."

ကိုကို့အပြောကြောင့် စကား:မှာ ခေါင်း:နာဘမ်း:ကြီး:ကာ လက်ဖျား:ခြေဖျား:တွေပင် ထုံကျင်အေး:စက်သွား:ရပါ သည်။ ဒီမှာကိုကို ... ခုဟာက ပုံမှန်အသိအမှတ်ပြုခြင်း:တောင်မှ မပြတာ ရှင်မမြင်ဘူး:လား:။

"ဒါပေမယ့် စကား:နဲ့ သိထား:ကြဖို့တော့ လိုပါတယ်၊ စကား:ကလည်း: သိချင်တယ်ဆိုတော့ ကိုကိုမိတ်ဆက်ပေး:ပါမယ် ..."

"အို ... မသိချင်ပါဘူး ... ဘယ်မှာသိချင်လို့လဲ"

စကား:ကခပ်ဆောင့်ဆောင့်လေး: အော်လိုက်မိ၏။ ထိုစဉ်မှာပင် သိသာစွာ ကွဲပြား:နေသော ကော်ဖီပန်း:ကန်နှစ် ခွက်နှင့်အတူ ဟိုမိန်း:မက အနား:သို့ ပြန်ရောက်လာသည်။ ကိုကို့ အတွက်တော့ သူသောက်နေကျ မတ်ခွက်ပုံစံမျိုး:နှင့် စကား:ဖို့ကတော့ ဧည့်သည်တိုင်း:ကို တိုက်လေ့ရှိပုံရသော သာမန်ကော်ဖီ ပန်း:ကန်လုံး:တစ်ခုနှင့် ...။ စကား:မှာတော့ ဘာမှမဟုတ်သည့် ဒီအဖြစ်အပြတ်ကလေး:ကိုပဲ အဲဒီမိန်း:မ တမင်လုပ်ချလိုက်တာ ဖြစ်ကြောင်း: အလိုလိုပင် သိနိုင်လိုက်ကာ ဆက်ထိုင်နေလို့ မရတော့လောက်အောင်ပင် ဖြစ်လာပါတော့သည်။

ရီတာဆိုသော အဲ့ပွား:လက်သစ်ကတော့ စကား:

ဘာဖြစ်နေသလဲ,လဲ သူဂရုစိုက်တော့ပုံမရ ...။ သူဟန်အပြည့်နှင့် သူပင် ...။ ရှင်းလင်းသပ်ရပ်နေပြီးသား ကိုကို့စားပွဲကို ဟိုနေရာက ဟာဒီပို့ ... ဒီဘက်ကဟာ ဟိုဘက်ထားစသဖြင့် သူ့စိတ်ကြိုက် ဟိုလုပ်ဒီလုပ် လျှောက်လုပ်နေခြင်း။ ခုနလေးကတင် ချွတ်လိုက် သောကိုကို့တိုက်ပုံအင်္ကျီကို ကောက်ယူ၊ တဖြန်းဖြန်းရိုက်ခါကာ ချိတ်တစ်ခုနှင့် တစ်နေရာမှာ သွားချိတ်ခြင်း ...။ Aircon (လေအေးစက်)က လေလမ်းကြောင်းက ကိုကို့အပေါ် တိုက်ရိုက် ကျနေမှုကို လက်ဝါးလေးနှင့် လာခံကြည့်ကာ စမ်းသပ်လိုက်ပြီး သော် Romate (အဝေးထိန်းခလုတ်)နှင့် Shutter (တံခါး)ကိုအနိမ့်အမြင့်၊ Fan (ပန်ကာ)ကို အတိုးအမြှင့်၊ အအေးဒီဂရီကို အနည်းအများ စိတ်ကြိုက်ပြောင်းချိန်နေခြင်း။ မိန်းမတစ်ယောက် ကိုလှမ်းခေါ်ကာ ကိုကို့ထမင်းချိုင့်မှ ထမင်းဟင်းများကို မီးခပ်အေးအေးလေးနှင့် နွေးထားဖို့ (အသံကျယ်ကျယ်နှင့်) ပြောဆိုနေခြင်း၊ သူဟာသူရှိနှင့်နေပြီးသား စားပွဲတင်ပန်းအိုးထဲမှ နှင်းဆီပန်းနှစ်ပွင့်ကို ရေမွှေးပုလင်းလေး တစ်ခုနှင့် "တရှူးရှူး"လာဖျန်းခြင်း၊ စသော "ရုံးကိစ္စ"ဟူသည့် ခေါင်းစဉ်နှင့် တစ်စက်ကလေးမှ မပတ်သက်သည့် ဗာဟီရများကို တရစပ်တတောက်တောက်နှင့် လျှောက်လုပ်နေပါတော့သည်။

ကိုကိုရေ ... ကိုကိုရဲ့. ... အဲဒါတွေကို ရှင်ကြီးက "တာဝန်ကျေလှချည့်" ဆိုပြီး သဘောတွေပဲ ကျနေတော့မှာလား။ စကားလို "စကားတမင်တကာလုပ်ပြနေတာပါ"လို့ မှန်မှန်ကန် ကန် အတွေးမျိုး တစ်စက်ကလေးမှ မပေါ်

ပေါက်မိဘူးလား ...။ ရှင့်ရဲ. အံ့ပွားလက်သစ်ဟာစကား:ကို မြင်မြင်ချင်း: ဘာ့ကြောင့်မှန်း: မသိ သဘောမကျတွေ ဖြစ်နေပြီး: စိမ်ခေါ်ပြနေတော့တာကို ဒီလောက်သိသာနိုင်ပါရက် ရှင် မသိနိုင် မမြင်နိုင်တော့ဘူးလား ...။

ကြာကြာဆက်ထိုင်နေရင် စကား:တော့ နလုံး ရောဂါနှင့် မြန်မြန်အသက်တိုတော့မည်။ ကိုကိုကတော့ အဖြစ် မှန်ကိုထုတ်ပြောပြလည်: လက်ခံစဉ်:စား:နိုင်မည်မထင် ...။ "နောက်လာတဲ့မောင်ပုလဲ ... ဒိုင်:ဝန်ထက်ကဲ" ဖြစ်နေတာက တော့ စကား:ရဲ့ကုသိုလ်ကံပင် ...။

"ပြန်တော့မယ် ကိုကို"

စကား:က လှည့်၍မကြည့်ခဲ့သလို ဟိုမိန်:မဟာလည်: ဘော့စ်ကတော်ပြန်မည်အရေး:ဟာ သူနှုတ်ဆက်လောက် စရာဟု သဘောထား:သည့်ပုံမရပါ။ သူ.ရဲ. Secretary ဟာ သူ့ဌေး: ကတော်ကိုဖား:ရန်မလိုဟု သိပ်ပြတ်သား:ပြနေသည့် ကိုကိုကလည်: "လူမှုရေး:"အရ အသိအမှတ်ထား: နှုတ်ဆက်ဖို့.တော့ လိုသေး:သည်ဆိုတာမျိုး:ကို ခေါင်:ထဲတစ်စိလောက်လေး: ဖြစ်ဖြစ်တောင် ပေါ်လာမည့်ပုံ မရပါပေ။

စကား:က ကိုယ်သွား:စရာရှိသည့် နေရာကို ဆက်မသွား:တော့ဘဲ ကား:ကို မာလာ့အိမ်သို့ပဲ တန်:ပြီး:မောင်: စေ လိုက်တော့သည်။ ဒီနေ့မှ မာလာနဲ့စကား:ပြောခွင့်မရရင် စကား:တစ်ယောက် နောက်ရက်တွေမှာ ဘယ်လိုမှစား:ဝင် အိပ်ပျော်နိုင်တော့မည် မထင်ပါ။

"ဖတ် ...ဖတ်... မာလာရယ် ... မပြောကောင်း မဆို ကောင်း ... ဟိုဒင်းတော့ မဖြစ်နိုင်ပါဘူးနော် ..."

စကား:မှာစကား:လုံ:အမှန်ကိုမှ မထွက်ရဲအောင် "ဖတ် ... ဖတ်"နှင့် ချောက်ချောက်ချာ:ချာ:တွေ ဖြစ်နေမိပါသည်။ မာလာက စကား:ရဲအခြေအနေကို သိပုံရပါသည်။ သို့သော် စကား:လိုပဲ သူကပါ အလေး:အနက်ကြီး လိုက်ခံစား ပူပင်ပြနေရင် စကား:မှာ ပိုဆိုး:တော့မည်မို့ ခပ်ပေါ့ပေါ့လေသံ ဟန်ပန်ကို မပိမရိ ဟန်ဆောင်ရင်း ...

"ဘာ ... ဟိုဒင်း:လဲ ... ရှင်း:ရှင်း:ပြောစမ်း ..."

"ဟယ် ... နင်ကလည်း ... အရေး:ထဲ ... ငါ့မှာပြော မထွက် လို့ ဥစ္စာကို ..."

"ဘာလဲ ... 'မယား:ငယ်မ'လို့ ဆိုလိုချင်တာလား: ..."

တစ်တစ်ခွခွ ပယ်ပယ်နယ်နယ်ပင် တမင်ပြောချ လိုက်ပြီး:သော် မာလာက သူ့စကား:လုံး: သူ့ပြန်လန့်သွား:ပြီး: "ဟဲဟဲဟင်း:ဟင်း:"နှင့် ကြောင်စီစီလေး: ဆက်လက်ရယ်မော နေလေသည်။ စကား:ရဲ့ မျက်နှာမှာတော့ သွေး:မရှိပြီ။

"နင်ပဲ နင့်ကိုယ်နင် ဟို:အရင်ကတော့ 'အငယ် အနှောင်'လိုလို့ ထင်မိတယ်ဆို ... ခုကျတော့ 'အကြီး:'လို့ ထင်ချင်လာပြန်ပြီလား: ... ကိုယ့်တစ် ယောက်တည်း: ကိုယ့်အတွေး:နဲ့ကိုယ် ရာထူး:တွေ တက်

ပေးနေတော့တာပဲ စကားရယ် ”

“လိုက်ဖော့မနေပါနဲ့ မာလာရယ် ... ငါ မရယ်ချင်ပါဘူး ... ငါတကယ် စိတ်ပူနေရတာ သေတော့မယ်ဟ”

မာလာလည်း နည်းနည်းငိုင်ကျသွားပါသည်။ ကိုကိုနဲ့သူအပါးတော်မြတို့ရဲ. အခြေအနေမှန်ကို စကားရဲ. အပြောနဲ့တင်မဟုတ် ... သူကိုယ်တိုင်ပါ သူမျက်စိနဲ့ မျက်မြင်တပ် အပ် တွေ့.ကြုံလိုက်သောအခါ ... စကားစပြောပြခဲ့စဉ်တုန်းကလို “ဟုတ်မယ် မထင်ပါဘူး စကားရယ် ... ငါကတော့ ပူလောက်စရာ လို့ ထင်ကိုမထင်ဘူး ... သူ Secretary ကိုယောကျ်ားတစ်ယောက် ပဲ ဖြစ်မယ်လို့ တစ်ထစ်ချတားရာက မိန်းမကြီး ဖြစ်နေလို့ နင်ချက်ချင်း လက်မခံနိုင်ဖြစ်သွားတာ နေမှာပါဟယ် ...” ရယ်လို့ ပေါ့ပေါ့ပါးပါးလေးနားမချနိုင်တော့ပါပြီ။

စကားရဲ. အတင်းအကျပ် တောင်းဆိုချက်နဲ့ မာလာနဲ့ စကားတို့နှစ်ယောက် ဒီလောက်ကိုယ်စီ အလုပ်များအလုပ်ရှုပ်ကြတဲ့ကြားတည်းကပင် ... အလုပ်မရှိ အလုပ်ရှာရှိသမျှကိုယ့်အလုပ်ကိုယ်စီကို ကိုယ်ပစ်ခဲ့ကြကာ ကိုကိုနဲ့သူအပါးတော်မြဲမတို့ကို သွားလေရာ တကောက်ကောက်လိုက်ချောင်းကြည့်ခဲ့ကြတာ တစ်ပတ်ဆယ်ရက်လောက်ပင် ရှိနေခဲ့ပြီ မဟုတ်လား။

စကားရှေ့မှာတုန်းကတော့ စကားကို တမင်လုပ်ပြလို၍ ... စကားကွယ်ရာကျပြန်တော့ သူဘာသာပို ကိုကဲချင်နေလို၍ ... အဲဒီမိန်းမရဲ. မြင်မကောင်းအောင် အမူပို ...

အဖြစ်သည်းနေပုံက ကာယကံရှင် 'ကိုဇိမ်ခံ'ကြီးကသာ မသိတာ ဘေးလူတွေအားလုံး တစ်ချက်ကြည့်, ကြည့်တာနဲ့ အသိအသာကြီးပဲဟာ ...။ ကိုဇိမ်ခံဟာလည်း မသိတာထက် သိ, သိနဲ့ ဆက်ဇိမ်တွေ့နေတာ မဟုတ်ပါလို့ ဘယ်သူကပြောနိုင်မှာတဲ့လဲ ...။

စကားထက် အလှမ်းကျယ် လည်ဝယ်သော မာလာက တစ်ဆင့် ... တစ်ဆင့်နှင့်ပင် ကိုကိုတို့ရုံးအသိုင်းအဝိုင်းရဲ့ ... အမြင်အတွေး၊ အတင်းစကားတို့ကိုပင် စုဆောင်းထားနိုင်ခဲ့ပြီ။ အဲဒီမိန်းမဟာ နဂိုတည်းကိုက ကိုကိုတို့ကုမ္ပဏီမှာ "ကွန်ပျူတာ ကျွမ်းကျင်" အဆင့်နှင့် အလုပ်လုပ်နေသူပါတဲ့။ အဲ့ပွားလက်ထက် ကတည်းကပင် သူ့အဆင့်သူနေရာနှင့်သူ မနေဘဲ ဘော့(စ်)ကို အမြဲတက်, တက်ကာ တိုက်ရိုက်ပတ်သက်ဖို့ ကြိုးစားနေတတ်သူမို့ အဲ့ပွားနှင့်ရောကျန်အစည်းသိ အနီးကပ်ဝန်ထမ်းများနှင့်ပါ အစေးမကပ်လှသူပါတဲ့။ သေချာတာ တစ်ခုကတော့ စကားကိုပင် နေရာမရအောင် ပ,ထုတ်ထားနိုင်သော အဲ့ပွားဟာ ရီတာ့ကို ဘယ်လိုမှ အနားကပ်ခွင့် မပေးခဲ့မှာကိုပါပဲ ...။

ဒီလိုနဲ့ အဲ့ပွား ရုတ်တရက် ပျောက်ကွယ်ချိန်မှာ မန်နေဂျာ ဦးအေးမောင်ကို မရမက လာဘ်ထိုးကာ အလုပ်လာလျှောက်ကြသော မိန်းကလေး ယောကျ်ားလေးပေါင်းများစွာထဲမှ ကံထူးသူအဖြစ် သူအလွန်မျှော်မှန်းခဲ့သော ဒီနေရာကို သူက ပိုင်ပိုင်နိုင်နိုင်ပင် ဖမ်းဆုပ်ကိုင်လိုက်နိုင်ပါသတဲ့။ ပင်ကိုယ်လုပ်ရည်ကိုင်ရည်မလေးကလည်း အတန်အသင့်

ရှိပုံရပြီး ... သူကိုထောင့်စေ့အောင်၊ တစ်ကွက်မှမဟာအောင် ပြုစုနေရင်ပဲ အကျေနပ်ကြီး ကျေနပ်နေတတ်သည့် ကိုကို့သဘောထား၊ တို့နှင့် ပေါင်းစပ်မိသွားကြသောအခါ 'ရီတာ'ရဲ့ အာဏာစက်ကွင်းဟာ နေ့ချင်းညချင်းပင် ကြီးထွားလာတော့ကာ ... ကိုကိုက မျက်နှာသာပေးလေသမျှ အခုဆိုရင် အရင်က အနီးကပ်ဝန်ထမ်းမှန်သမျှတို့ဟာ ရီတာ့အာဏာစက်အောက်မှာ ပြားပြားဝပ်ကာ တုတ်တုတ်မှ မလှုပ်ရဲကြပြီတဲ့။

ကိုကိုလိုလူကိုဘယ်လိုနည်းနဲ့ ကျအောင်ပေါင်းရင်ရနိုင်မလဲဆိုတာကို နည်းနည်းလေးလောက် လည်လည်ဝယ်ဝယ်လေးရှိရင်တောင် ခပ်မြန်မြန်ပဲ သဘောပေါက်နိုင်ကြမှာပါ ကိုကိုရယ် ... ခုတော့ ဒီမိန်းမဟာ နည်းနည်းမကလည်ဝယ်တဲ့အပြင် ... ဟိုးအရင်ကတည်းကိုက ဘာရည်ရွယ်ချက်နဲ့မသိ ... ကိုကိုနှင့် တိုက်ရိုက်တက်ပတ်သက်ကျွမ်းဝင်ချင်ခဲ့တဲ့ နောက်ကြောင်းကလည်း ရှိနေပြန်သည်ဆိုတော့ကာ ...။ စကားရင်ပူစွာ နောက်က လိုက်ချောင်းရတော့တာလွန်ပါ့မလား ကိုကိုရယ် ...။ လိုက်ချောင်းတော့လည်းပဲ တစ်စက်ကလေးမှ ရင်အေးဖွယ်မမြင် ... ပို၍ ပို၍သာလျှင် ပူပန်စိုးထိတ်လာရတော့ တာပါပဲ ...။

ကိုကို့ရဲ့ သိက္ခာနဲ့ စာရိတ္တကို မယုံမကြည်ရှိချင်တာမဟုတ်ရပါ။ ပဒေသရာဇ်ကြီးတစ်ပါးလို ထိုင်ရာမထလက်ညှိုးညွှန်လိုက်ရုံနဲ့ ဘေးလူများက ကိုယ့်ဘာသာ အလိုက်သိနေကြစေချင်သော ကိုကို့ရဲ့ တစ်ကိုယ်ကောင်းဆန်မှု၊ ဇိမ်ခံချင်မှု၊ အမြောက်ကြိုက်မှု၊ အတ္တကြီးမှု စတဲ့အကျင့်ဆိုးတွေ

ကိုသာ အယုံအကြည်မရှိတာပါ။ ဒါတောင် ကိုကိုဟာ ပင်ကိုယ် က စိတ်ဓာတ်ခိုင်မာသော ယောကျ်ားတစ်ယောက်ဖြစ်နေလို. သာပါ ... စိတ်ဓာတ်ပျော့ညံ့ ယိမ်းယိုင်လွယ်သူသာဖြစ်ခဲ့.ရင် ဒီလောက်ကိုယ့်အားကိုယ်မကိုး။ ဇိမ်ခံအပျင်းကြီး ချင်ပုံမျိုးနှင့် ... စကားတော့ "ဆံတစ်ပင်တင်း" ရသော အဖြစ်အပျက်တွေ ဟာ ရေတွက်လို.မှ မနိုင်တော့လောက်အောင်ပင် ခဏ,ခဏကို ကြုံတွေ့.နေရတော့မည်ထင်ပါရဲ့။

"အဲဒီမိန်းမကို ရုံးကလူတွေက မိန်းမရှိမှန်း သိသိကြီးနဲ့. အတင်းပဲ ဇာတ်လမ်းတစ်ခု မဖြစ်,ဖြစ်အောင် လိုက်လုပ်နေတယ်လို. စွပ်စွဲအတင်းပြောကြတယ်တဲ့ ဟ ... အလို အပြောခံနေရတုန်း နင်ကပါ ရုံးကိုမလာစဖူး ရောက်ချ လာတော့...အဲဒီမိန်းမက နင့်ကိုမုန်းတာထက် သူ.ကိုအတင်း ပြောတဲ့လူတွေကို ပိုပြီးပြချင်ဇောနဲ့. တွေ့.လား မိန်းမလိုက်လာတာလည်း ဂရုမစိုက်ပါဘူး ကွာလို.လုပ်ချပြလိုက်တာပဲဖြစ်မယ်"

"ဒါပေမယ့် သူလုပ်နေတာတွေကို ရုံးက ဒဲ့ပြင့်လူတွေမှ မမြင်ကြဘဲနဲ့."

"မနေပါဘူးဟာ ... ရုံးဆိုတာ မျက်စိတစ်ထောင် ... နား:တစ်ထောင်ပါ ... "

"ဒါဖြင့် အဲဒီမျက်စိတွေ နား:တွေရဲ့. ပါးစပ်တစ်ထောင်လုံးက ခုလောက်ဆို ကိုကို့.ကို ဘယ်လောက်များ ပွစိတက်အောင် ပြောနေကြလိမ့်မလဲ ...

"နင့်ယောကျ်ား:ကတော့ ကြည့်ရတာ အနေမှန်သေး

တယ် လို. ထင်ရတာပဲ ..."
"ဟယ် ... ထင်ရရဲ့ပဲလား ..."
"ထင်ပဲထင်နိုင်တာပေါ့...သူ.ရင်ထဲ ငါက ဘယ်လိုလုပ်
ဝင်ကြည့်နိုင်မလဲ ... "
"မာလာရယ် ငါဘယ်လိုမှ မခံနိုင်တော့ဘူး ... ကိုကို.
အကြောင်း ငါအသိဆုံးပါ ... ကိုကို.ကို ဒီအခြေအနေ
ကြီးထဲက အမြန်ဆုံး ဆွဲမထုတ်နိုင်ရင် ငါသူ.ကို
တကယ်ပဲ ဆုံးရှုံးလိုက်ရတော့မှာ...သူကတော့
သူ.အတွက်နဲ.သူ ဝန်မခံရင်း...ဝန်မခံရင်းနဲ့ပဲ မှားလို့မှား
သွားမှန်းတောင် သိလိုက်မှာမဟုတ်ပါဘူး... သူအတွက်
သူကိုယ် ကျိုးအတွက် သူ.မိန်းမထက်တောင်မှ ပိုပြီး
အရေးပေး အရာပေးထားတဲ့ သူ.အပါးတော်မြဲတစ်
ယောက်ဟာ ဘယ်နည်းနဲ.မှ မိန်းမတစ်ယောက် ဖြစ်
နေလို.မရဘူးဟာ ..."

စကားမှာ ဘယ်လိုမှ မကြံတတ်နိုင်ပါ
ပဲ ...။ အံ့ပွားနှင့်တုန်းကတော့ သူရော အံ့ပွားပါ နှစ်ယောက်
လုံး ယောကျ်ားတွေ ဖြစ်နေကြသည့်အတွက် စကားက
ဘယ်လိုပင် "အချစ်တုံးကြီး"တွေ၊ "သူ.ကိုယ်ပွား"တွေ၊
"စကားထက်ပင် အလေးထားရတဲ့ အကြီးနေရာရထားတဲ့သူ"
တွေ ... စသဖြင့် ဘယ်လိုချိုးချိုးဖဲ့ဖဲ့ ပစ်ပစ်နှစ်နှစ်ပြောပြော
သူ.လူကိုထိလို. သူက မခံနိုင်တာမျိုးလောက်ပဲရှိမည်။ ခုဟာ
ကကျတော့ ယောကျ်ားချည်းပဲ မဟုတ်ပဲ... မိန်းမနဲ.
ယောကျ်ား ဖြစ်နေသည့်အတွက် စကားကသာ အဲသလိုမျိုး

သဘောမျိုး တစ်ခွန်းလောက် ဟမိရင် သူ့.ကို,သူ့.သိကွာကို စော်ကား:ရကောင်း:လား:ဟု (အတ္တမာနကြီး:သူပီပီ) သူဆတ်ဆတ်ကိုခါတော့်မှာပေါ့ ... စကား:အတွက်အနှုတ်လက္ခဏာပဲ အဖြေထွက်နိုင်ပါသည်။

ဟိုစဉ်က တစ်ဘက်သတ် ကြိမ်း:ဝါး:ခဲ့သည့် "မိန်း:မကြီး:ဆိုလို့ကတော့ ... ဘယ်သူမျက်နှာမှ ထောက်မနေတော့ဘူး ... ချက်ချင်း:ကို အလုပ်ဖြုတ်ပစ်လိုက်မှာပဲ" ဆိုတာသည်လည်း: ခုများ:တော့ လေထဲမှာတင် ပျောက်ပျက်ကာ ... ကိုယ်ဘယ်လိုမှ အကောင်အထည် ဖော်နိုင်မှာ မဟုတ်သော "လေကြား:" သက်သက်ပင် ဖြစ်သွား:ခဲ့လေပြီ။ ပျော့ညံ့သော စကား:ဟာ မာလာစွပ်စွဲဖူး:သလို တကယ်ပဲ "လင်ကြောက်မကြီး:" တစ်ယောက် ဖြစ်နေခဲ့ရပြီ ထင်ပါရဲ့. ...။

စကား:က ထိန်း:မရနိုင်ဘဲ 'အင့်' ခနဲ့.တစ်ချက် ရှိုက်လိုက်မိပါသည်။

"ဟယ် စကား:ရယ်...အဒီ့လောက်လည်း ငိုရလောက် အောင်ကြီး: မဟုတ်သေးပါဘူး:ဟဲ့ ..."

"မဟုတ်ပါဘူး: ... ငါ့ကိုယ်ငါ သနား:ပြီး: ဝမ်း:နည်း:လာလို့.ပါ"

"ဒါဖြင့် ငါပြောတာသာလုပ်တော့ ... ငါအရင်တစ်ခါလည်း: ပြောပြီး:ပါပြီ ... နည်း:လမ်း:ကလည်း: အဲဒီတစ်လမ်း:ကလွဲရင် ဘာမှမရှိတော့ဘူး: ... ဒီတစ်နည်း:ပဲ ရှိတော့တယ်"

"ဘာလဲ"

"အဲ့ဟားကိုပြန်ခေါ်လိုက်... အရင်နေရာတွေအား‌လုံး‌မှာ ပြန်သာထည့်တော့"

"ကိုကိုက ..."

"အဲဒါကို ပြောမနေနဲ့.တော့ ... နင့်ယောက်ကျား‌ကိုနိုင်တာ သူ့ကြီး‌ဒေါ်ပဲရှိမယ် ... ကြီး‌တော်ကြီး‌ရဲ့. အာဏာနဲ့.သာ ပြန်ထည့်ခိုင်း ... အဲ့ဟားကိုလည်း နင်ကိုယ်တိုင်ပဲသွား ပြန်ခေါ်ပေတော့... မလိုက်ချင်ဘူး‌ဘာညာ အင်တင်တင်ဖြစ်နေရင်...နင့်ကိုကို ဒုက္ခတွင်း‌ထဲဆင်း‌တော့မှာမို့. အဲ့ဟား‌မှမကယ်ရင် မရတော့ဘူး‌လို့.သာပြောပစ်ဟာ... "

"ခု ကိုကို့ကြီး‌ကြီး‌က နိုင်ငံခြား‌သွား‌နေပြန်တယ်"

"ဖုန်း‌လှမ်း‌ဆက်ပေါ့ ... အဲ့ဟား‌ဆီကိုတော့ အချိန်ဆွဲမနေနဲ့. ဒီညနေပဲသွား‌ပေတော့...ဒီကအပြန် တစ်ခါတည်း‌သာ ဝင်လိုက် ... လိပ်စာသိတယ်မဟုတ်လား‌နင် တစ်ယောက်တည်း မသွား‌ချင်ရင် ငါပါလိုက်မယ်"

စကား‌မှာ ရွေးစရာလမ်း မရှိတော့ပါ။ ရီတာ ရဲ့.မူမမှန်မှုကိုမှ မမြင်နိုင်တော့အောင် သူရဲ့.လုပ်ဆောင်ချက်တွေအပေါ် အကောင်း‌မြင်နေပြီး‌သော ကိုကို့.အတွက် ရီတာ့နေရာကို အစား‌ထိုး‌ဝင်ရောက်ထိုး‌ဖောက်နိုင်သူဟာ အဲ့ဟား‌မှလွဲ၍ ဘယ်သူမှမရှိနိုင်တော့ပြီလေ ...။ အဲသည်တော့လည်း အဲဒီ အဲ့ဟား‌ကိုပဲ လက်ညှိး‌ငေါက်ငေါက်ထိုး‌ပြီး‌နှင်ထုတ်ချင်ခဲ့တဲ့ စကား‌ဟာ...အဲဒီအဲ့ဟား‌ကိုပဲ ရှိခိုး‌ဦး‌တင်ရမတတ်တောင်း‌ပန်ပြီး ပြန်ပင့်ရတော့မှာပေါ့လေ ...။

အဲပွား:တို့.အိမ်ရောက်သော် အဲပွား:ကမရှိ...။
ရိုး:သား:ဖော်ရွေဟန်ရှိကြသော အဲပွား:၏ မိဘနှစ်ပါး:တို့.မှာ
စကား:ကို ... မင်း:ရန်ပြေ၏ဇနီး: စကား:ဝါသွေး:ဟု သိလိုက်
ကြသည် နှင့် တစ်ပြိုင်နက် သူတို့၏ ပင်ကိုယ်ဖော်ရွေမှုပေါ်မှာ
ပြာပြာသလဲ ချစ်ခင်လေး:စား:ဟန်တို့ကို အပြည့်အဝပင် စွက်
လိုက်ကြကာ ... အိမ်ရှင်ဝတ္တရား: ကျေပွန်လိုက်ကြပုံမှာ
စကား:လို ကာယကံရှင် မပြောနဲ့တော့ ... အတူပါလာသော
မာလာပင် မနေတတ် မထိုင်တက်တွေ ဖြစ်ရသည်အထိ။
မိဘတွေရဲ.ပုံစံကို မြင်လိုက်ရ သောအခါ ... သူတို့ရဲ.သား:
'အဲပွား:'ဒီလောက်တာဝန်တကျကြီး: ဖြစ်နေတော့တာသည်
သိပ်ကြီး:မထူး:ဆန်း:တော့သလို ဖြစ်သွား:လေသည်။ ဒီလို
မိဘမျိုး:တွေက မွေး:လာလို့ကတော့ ဒီလိုပဲ လာမှာပဲဆိုတာ
ကျိမ်း:သေပြောနိုင်နေသလိုပင် ...။

အဘိုး:ကြီး:ကမှဖော်ရွေပုံပြပေမယ့် ယောကျ်ား:
ကြီး:မို့ ပြုံး:ပြုံး:ကြီး: လာဝင်ထိုင်ဧည့်ခံနေရုံ ... အဘွား:ကြီး:က
တော့ အနာ:ကို တိုး:ကပ်ထိုင်တော့ကာ စကား:ရဲ. လက်ကလေး
တစ်ဖက် ကို အသေဖမ်း:ကိုင်ထား:ရင်း: မာလာ့ကိုတော့ ပခုံး:
လေး:သပ်လိုက် ... ပေါင်ပေါ်လက်တင်လိုက်နှင့် ခပ်တိုး:တိုး:
ခပ်ပြုံး:ပြုံး:နှင့် စကား:တွေ ထိုင်ပြောနေလိုက်တော့သည်မှာ
မမောနိုင် မပန်း:အောင်ပါတည်း။ ကြည့်ရကာ သူတို့သား:
အဲပွား:ကို စကား:က မကြည်လင်လှတာကိုလည်း: သိပုံမရ။
ကိုကိုနဲ့ အဲပွား:တို့ကြား:က ပဋိပက္ခကိုလည်း: ရိပ်မိပုံမပေါ်။
သူတို့သား:အဲပွား: အလုပ်ပြုတ်သွား: တာကိုပင် ကိုကိုက ရက်

ရှည် Holidays (အား:လပ်ရက်) ပေး:လိုက်သလိုမျိုး: ကျေး:ဇူး: တင် ပြုံး:ပျော်နေကြပေသည်။ ကြည့်ရတာ သူတို့.သား:က အဲသလိုပဲ ပြန်အသိခံထား:ပုံ ရပါသည်။

"အံ့ပွား:ဆိုတာက အံ့ဆုံး:နေရာမှာ တကယ့်ကို အပွား: ကလေး:နှစ်ဘက် ပါနေတာသမီး:တို့.ရဲ့. ... အဲဒါလေး: တွေကလေအံ့သွား:တွေ အဆုံး:တွေမပေါက်ခင်ကတည်း: က အရင်ကြိုပေါက်ထား:နှင့်ပြီး:သား: ... ရှေး:လူ ကြီး:တွေ ပြောကြဆိုကြတာတော့ အဲဒီ့လိုလူမျိုး:ဟာလူချစ်လူခင် ပေါသတဲ့။ ပြောသမျှ စကား:အောင်သတဲ့ကွယ်. ... ရှေး: စကား: များ: ဘယ်တော့မှ မမှား:ဘူး: ...အမေ့သား:ဟာ လေ မုန်း:သူအမြင်ကပ်သူ တစ်ယောက်မရှိဘူး: ... ပြီး:ကျတော့ လည်း: သူပြောရင်တစ်ခွန်း:ပဲ... သိပ်စကား: တည်စကား: အောင်တာ...တစ်မိပေါက် တစ်ယောက် ထွန်း: ပေါ့ကွယ်... အမေတို့.တော့ သူ.အတွက်ပဲ မျက် နှာပန်း:ပွင့်ပြီး: ဂုဏ်ယူနေရတော့တာပဲ"

အဘွား:ကြီး:မှာ သား:ချစ်မာန်တွေတက်ကာ ပီတိ ပြုံး:ကြီး:နှင့် ရွှန်း:စိုနေရှာသည်။စကား:ကတော့"လူချစ်လူခင် ပေါသတဲ့"ဟူသော ရှေး:စကား:ကို ငြင်း:ပယ်ချင်ပြီး:..."ပြော သမျှ စကား:အောင် သတဲ့" ကျတော့ အပြည့်အဝပင် ထောက်ခံ လို ပေသည်။ အဲဒါကြောင့် ကိုကို.လိုလူပါ သူပြောတိုင်း:ပြီး: , ပြီး: စကား:မှာ ကျိတ်မနိုင်ခဲမရသော အမြင်ကပ်အမုန်း:ပွား:နေရ တာ ကြည့်ပါလား: ...။

"ခု သူ.ဆရာက ရုံးပြန်တက်တော့တဲ့လား:"

စကား:က အဘွား:ကြီး:ကိုတော့ အရှည်မရှင်း ပြလိုသဖြင့် "ဟုတ်ကဲ့" သာ လိုက်လိုက်သည်။

"သိတယ် ... သိတယ် ... သူတို့.ချင်း:က သိပ်ကြာကြာခွဲလို့.မရဘူး... သိပ်သံယောဇဉ်ကြီး:ကြတာ ... ဟိဟိ ဆရာမောင်ရန်ပြေတို့.များ: သူတို့.နှစ်ယောက်ဘွဲ့.ရစာမေး:ပွဲကြီး: ဖြေခါနီး: သား:ကဖျား:ပြီး: အိပ်ရာထဲလဲတော့ ငုတ်တုတ် မိုး:လင်း: ထိုင်စောင့်ပေး:သတဲ့ ... ကဲ"

စကား:ရင်ထဲ တစ်ဆို့.ဆို့.နှင့် အနေရကျပ် လာသည်။ အဲဒီလို သူအရမ်း:သံယောဇဉ်ကြီး:ခဲ့.သူကိုပင် တစ်ည နေနှင့်အပြီး:ပိုင် မောင်း:ထုတ်ပစ်ရက်သော ကိုကို.ဆုံး:ဖြတ်ချက်မြန်ဆန်နိုင်မှုကိုလည်း စကား:က လန့်.ထိတ်ချင်လာသည်။

ခဏကြာတော့အံ့ဖွား:ပြန်ရောက်လာပါသည်။ စကား:ကိုမြင်လိုက်တာနှင့် မြင့်.တက်သွား:သောသူ. မျက်ခုံး:တစ် ဖက်ဟာ တော်ရုံနဲ့. ပြန်ကျမလာတော့ဘဲ ခပ်ကုပ်ကုပ် အသွင် သို့.သာ မသိမသာ ကူး:ပြောင်း:ရောက်ရှိသွား:ကာ ... သူ.အဖေ နှင့်အမေကို..."ကိုကိုက ရုံး:ကိစ္စတွေ အထူး:မှာချင်မှာလိုက်မှာ" ဟု သိသိသာသာနှင့် ခပ်မြန်မြန်ပင်နှင့်ထုတ်ပစ်လိုက်လေသည်။ ပြီး:တာနဲ့. ... စကား:ရှေ့.ကကုလား:ထိုင်မှာ ငုတ်တုတ်လာထိုင် ကာ ဘာစကား:တစ်လုံး:မှမပြော၊ မျက်မှောင်ခပ်ကုပ်ကုပ်နှင့်. တေမိလုပ်နေသည်။ စကား:မှာလည်း: မာလာကအသာလက် ကုတ်သည့်ကြား:ကပင် ဘာက စပြောရမည်မသိ၍ ဘာမှမပြော ဖြစ်ပဲ အတန်ကြာကြာ တိတ်ဆိတ်နေမိသည်။

သို့သော် ငါးမိနစ်ခန့်သာ ကြာသွားသည်။ စကားကမှ မစရင် မဖြစ်တော့လောက်အောင် တိတ်ဆိတ်ငြိမ် သက်ခြင်းတို့ပဲ ကြီးစိုးနေတော့သောအခါ စကားမှာ သက်ပြင်း သံလိုလို ... ချောင်းဟန့်သံလိုလို တစ်ခုနှင့် တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲရကာ ...

"ကိုကို့ဆီ ပြန်လာစေချင်တယ် ..."

သူက စကားကို ဖျတ်ခနဲ မျက်လွှာလှန်မော့ကြည့်လိုက်သည်။

"ရှင်းရှင်းပြောရရင်တော့ ရှင့်ဆရာက ပြန်ခေါ်တာ မဟုတ်ဘူး ... ကျွန်မဘာသာကျွန်မ ဆုံးဖြတ်ချက်နဲ့ လာခေါ်တာပဲ ကိုအံ့ဟား ... အဲဒီတော့ ရှင့်ဆရာ ပြန်လက်ခံ အောင်ရှင်ပဲ ကြီးကြီးဆီဖုန်းဆက်အကြောင်း ကြားပြီးကြီးကြီးရဲ့ အာဏာကိုပါ သုံးခိုင်းပေးဖို့ ကျွန်မ တောင်းဆိုချင်တယ် ..."

အထက်စီးရနေပြီဖြစ်သော အံ့ဟားမှာ သူ့နဂိုနေရာပဲလား။ စကားကို တမင်လုပ်ပြနေတာလား မဝေခွဲနိုင်ဘဲ မပြောချင်ပြောချင်လေသံနှင့် ... "လိုလို့လား" ဟု ခပ်တိုးတိုး ဆိုပါသည်။ စကားမှာ သူတမင်လုပ်ပြနေတာဆိုလည်း ကိုယ့်ဝင့်ပဲမို့ ... သူလိုတော့ မပြောချင်သလိုလို ခပ်တိုးတိုးကြီး လုပ်မနေနိုင် ... အလောသုံးဆယ် ... ခပ်ကျယ်ကျယ်ပင် ...။

"လိုတယ်...လိုကိုလိုတာပေါ့ ... အဲဒါကျွန်မအတွက်တော့မဟုတ်ဘူး ...ရှင့်ဆရာအတွက် ... ရှင့်ဆရာက တော့ ရှင်ပြန်မလာလို့ ရကိုမရတော့ဘူး ... "

"ဘာလို.လဲ"

စကား:မှာကို ယ်.ယောကျ်ာ:မကောင်:ကြောင်: ကမ္ဘာသိအောင် လျှောက်ကြွေး:ကြော်ပြကာ ပတ်ဝန်:ကျင်မှ အကြင်နာကို ကိုယ်ပဲရရှိလိုသော ခပ်အောက်အောက်မိန်:မ စား:များ:စာရင်:တွင် မပါဝင်ချင်လှပါ။သို.သော်စကား:ရဲ. ကုသိုလ် ကိုက ပါဝင်ဖို. ဖြစ်လာနေပြီ။ အမှန်အတိုင်: မပြော ရင် ဒီကိုယ် တော်မြတ်က ပြန်ကြွလာမည်.ပုံကိုမရ ...။အေး လေ...အလော တကြီ: ကိုယ့်ဘက်ကချည်: မတွေး:ပါနဲ့.။ သူ.မှာလည်: မယား:က မကျေနပ်၊ လင်ကနှင်ထုတ်ဆိုတာမျို: ကို ခံစား:ထား:ရတဲ့လူပဲ။ ဒီလောက်တော့ ရှိရှာမည်။

"ရှင်တို.ရုံ:က 'ကွန်ပျူတာကျွမ်:ကျင်' ရီတာဆိုတာ လေ ... အဲဒါ အခု သူက ကိုကို. Secretary ..."

စကား:ဆက်ပြောခွင့်မသာအောင် အံ့ဖွား:က လက် တစ်ဘက်ကို ရှေ့.ဘက်သို. အစွမ်:ကုန် ဆန့်.တန်:ထုတ်ကာ ... လက်ကာပြထား:လိုက်သည်။ စကား:မှာ စကား:မျက်နှာရှေ့.ထိ လာပိတ်ကာဆီ:ထား:မတတ်ဖြစ်နေသောသူ. လက်တစ်ဖက် ကြောင့် ခပ်ကြောင်ကြောင်လေး:ပင်...စကား:စတို.က သူ. အလိုလို ရပ်သွား:မိဆဲ ...

"ကိုကိုက အဲဒီလို ဟုတ်ပါ့မလား: ... အင်:လေ ... ဟုတ်ပါ့ မလား:လို.တောင်မှမေး:နေစရာမလိုပါဘူး: ... ဟုတ်ကို မဟုတ်ပါဘူး: ..."

ဘာကိုဆိုလိုတာလဲ ...။စကား:မှာ ဆက်လက်၍ အာစေး:မိနေဆဲ ... အိမ်ရှင်ဖြစ်သော သူက ထိုင်နေရာမှ ခပ်

ဆတ်ဆတ် ထရပ်ပစ်လိုက်လေသည်။ ဟင် ...အဲဒါကကော ဘာလဲ ...နှင်တာလား ...။ စကား:မှာ ဘာမှမရေရာသေးခင် မာလာကလည်း သူ.နည်းတူပင် ထိုင်နေရာမှ လိုက်ထ,ရပ်လိုက် ကာ စကား:ကိုပါ လက်ဆွဲပြီး ထစေလိုက်ပါသည်။ ပြီးတာနဲ. သွက်လက်စွာပင် ...

"ကျေးဇူး:တင်ပါတယ်ရှင် ... ကျွန်မတို.ကို ပြန်ခွင့်ပြုပါဦး: ..."

အဲဒီနောက်တော့ သူ.ဆီက တိကျသော ဘာကတိတစ်ခုမှ မရရှိခဲ့ဘဲ စကား:နှင့် မာလာတို.သူ.အိမ်မှပြန်လာ ခဲ့ကြရလေတော့သည်။ စကား:က သူ.ရှေ.တော့ခပ်ကြောင် ကြောင်နိုင်နေသလောက် သူ.ကွယ်ရာရောက်မှ တစ်စခန်း:ထ ကာ ... မကျေမနပ်လေသံအပြည့်နှင့် ...

" နင်ကဘာလို.ထပြန်ရတာလဲ မာလာရဲ. ..."

"ဟဲ့ ... အိမ်ရှင်တစ်ယောက်လုံး:က မတ်တတ်ထရပ်ပြနေတဲ့ဟာ ... နား:လည်ရမှာပေါ့ ..."

"ဒါပေမယ့်...ငါတို.ရည်ရွယ်ချက်အောင်မြင်ဖို. သူ.ဆီ က ဘာကတိမှ မရသေး:ဘူးလေ ... "

"သူ လာမှာပါ ... "

"နင်က သေချာနေလိုက်တာ ... "

"ငါတော့ အဲဒီလိုပဲ ထင်တယ် ... "

"နင်သူ.ကိုဘယ်လိုမြင်လဲ မာလာ ... သူကတစ်မျိုး:ပဲနော် ... သူ.ရဲ.ဟန်ပန်တွေက သူအထက်စီး:ရနေချိန်မို. တမင်လုပ်ပြထား:တာလား: ... နဂိုက လူထူး:လူဆန်း:

တစ်ယောက်မို့.လား.”

“တမင်တော့ တမင်ပဲဟဲ့ ... ဒါပေမယ့် အထက်စီး နေရာ ကိုယူပြတယ်လို့.တော့ ငါမထင်ဘူး... သိလား စကား ... ငါတစ်ချိန်လုံး သူ.ကို ငြိမ်ငြိမ်လေး အကဲခတ်နေတာ ... သူကတစ်မျိုး.တော့.တစ်မျိုးပဲ၊ ဒါပေမယ့် နင်သူ.ကို ဘာမှသတိထားပြီး ရှိန်နေစရာ မလိုဘူး...တကယ်လို့. နင်နဲ့.သူ ပြိုင်ပွဲတွေဆက်ရှိနေ ကြဦးမယ်ဆိုရင် ... နင်လုံး ဝအလျှော့မပေးနဲ့. ... နင် နိုင်ကိုနိုင်မှာ ... သိလား စကား.”

“ဟင် ... ဘာလို့.လဲ”

“သူဟာ နင့်ကို အကြောင်းတစ်ခုခုနဲ့. ရှိန်ကိုရှိန်နေ တယ် ... ငါထင်ရင်လွဲခဲပါတယ် စကား.ရယ် ... သူ ဟာနင့်ရှေ့.မှာ တမင်ဟန်ဆောင်ပြီး အထက်စီးနေရာ ကို အမြဲယူထားမယ် ဆိုရင်တောင်မှ သူနင့်ကို ရှိန် ကိုရှိန်နေတာက တော့ မလွဲဘူး.”

“ဟယ် ... အဲဒါဘာလို့.လဲ ... ”

“ဘယ်သိမှာလဲ ... အဲဒါကိုသာသိရင် ... ဟေ့လူ ... ခု ချက်ချင်း ကောက်လိုက်ခဲ့ပေတော့.ဆိုပြီး.လက်ခ မောင်းခတ်ပြီး ပြန်ခဲ့ရုံ ရှိတာပေါ့.”

စကား.က မာလာပုံစံကို ခပ်တိုးတိုးလေး ရယ်နေ မိသည်။ကိုကို့.ကြီးတော်ဆီ တင်ပြအကူအညီတောင်းဖို့. ကိစ္စကို တောင် ကိုယ်မလုပ်ချင်တိုင်း သူ.ကိုပဲ ပုံလွဲခဲ့မိတာ ...။ သူ ကကော... ။ မာလာကတော့ “သူလာမှာပါ” ဟု သေချာစွာ

ပြောရဲသား။ အကယ်၍များ ရောက်မလာခဲ့ရင်တော့ ... စကားမှာ အကြံကုန်ပြီ ...။ ဒုတိယတစ်ကြိမ် သွားအောက် ကျို့.ခေါင်ဖို့.ရာ လည်း ဘယ်လိုမှ မကောင်းတတ်တော့ပြီ ဖြစ်ရာ ... ရင်တုန်စ ရာ ကောင်းလှသည့် အခြေအနေကြီး တစ်ခုကို ... "ဒီ့ထက်များ ပိုဆိုးသွားတောမ့်လား...ခုပဲ ဆိုးတော့မှာလား...ဆိုးနေပြီလား" ဟု ဝမ်းနည်းပက်လက် နှင့် ဒီအတိုင်းထိုင်ကြည့်စောင့်စား နေရုံသာ ရှိပါတော့သည်။

ဘုရားသိကြားမ,လို...သူပြန်ရောက်ကို ရောက်လာခဲ့ပါစေ ...။

ဒီလိုနဲ့ပဲ ဘုရားသိကြားကလည်း ချက်ချင်း လက်ငင်း မ,မသည်ဖြစ်ရာ စကားမှာ မနက်မိုးလင်းလို. ကိုကို ရုံးသွားတော့မည့် အချိန်သို. ဆိုက်ရောက်လာတိုင်း စိတ်ညစ်ညူးပူပန်စွာ ကိုကို.ကို အကဲခတ်လိုက် ... အံ့ဖွားကို ကျိန်ဆဲလိုက် ...။ ညနေ နေစောင်းလေမှ ကိုကို ရုံးကပြန်လာတိုင်းဘာများထပ်ထူးလာပြီလဲဟု ဝမ်းပန်းတနည်း အကဲခတ်လိုက် ... အံ့ဖွားကို ကျိတ်ကျိတ်ဆဲလိုက် ...။

တပတ်နီးပါး ကြာလာသောအခါမှာတော့ အံ့ဖွားကိုတင်မက "သူလာမှာပါ" ဟူသော ဗေဒင်ဆရာမကြီး

မာလာ့ကိုပါ ... ကျိန်ဆဲသည့်စာရင်းထဲ ထည့်သွင်းမိလုဆဲဆဲ။ တစ်ညနေခင်းမှာ ... တရှူးရှူးတရဲရဲ ဒေါသများနှင့်အတူ ကိုကိုက ရုံးမှ စောစီးစွာပင် ပြန်ရောက်လာခဲ့လေသည်။ ဟယ် ...ထူးတော့ထူးပြီ ...။ အရင်ညနေတွေနဲ့ စာရင်တော့ အပြောင်းအလဲလေးတစ်ခု ရှိလာပြီဖြစ်ရာ ... ဆိုးမလား၊ ကောင်းမလား မသေချာသေးပေမယ့် ဘုရားသိကြားကတော့ မှပြီ ထင်ပါသည်။

"ကိုကို ... ဘယ်လိုဖြစ်လာတာလဲ"

"ကျွတ်"

ကိုကိုက တစ်လုံးတည်းသော တုံ့ပြန်မှုနှင့် အဝတ်အစားပင် တက်မလဲနိုင်ဘဲ ဧည့်ခန်းထဲက ကုလားထိုင်တစ်လုံးထက်မှာ ဝုန်းခနဲ ပစ်ဝင်ထိုင်ချလိုက်သည်။ ဒီတော့လည်း မာလာက ပယ်ပယ်နယ်နယ် ချိုးချိုးဖဲ့ဖဲ့ ခေါ်သမုတ်ထားတဲ့အတိုင်း "လင်ကြောက်မ"ဒေါစကားတို့က (ကောင်မလေးတစ်ယောက် အသင့်ဖျော်ပေးထားသော) ကမ္ဘလာဖျော်ရည်ပန်းကန်လေးကို ... ကိုကို့ထံ အသာလက်ကမ်းပေးရင်း မလှမ်းမကမ်းက ကုလားထိုင်မှာသာ ခပ်တိတ်တိတ် ဝင်ထိုင်နေရတော့တာပေါ့။

ကိုကိုက ဖျော်ရည်ပန်းကန်ကို စားပွဲပေါ်ပြန်တင်လိုက်ကာ ဒုတိယတစ်ချီ ...။

"ကျွတ် ... တောက်"

ဘာတွေများ ဒီလောက် ကျိတ်မနိုင် ခဲမရ ဖြစ်နေပါလိမ့် ...။

"ကြီးကြီးကကွာ ... အလုပ်ကို မဟုတ်ဘူး ..."

စကားမှာ ထိတ်ခနဲပင် ဝမ်းသာသွားရကာ ခပ်လှမ်းလှမ်းမှာ ခပ်ငြိမ်ငြိမ် ထိုင်မနေနိုင်တော့ဘဲ ကိုကို့အပါးတိုးကပ်သွားလိုက်ကာ ... အမောတကောပင် ...

"ကြီးကြီး ဘာဖြစ်လို့လဲဟင် ကိုကို ... ကြီးကြီးက ဘာလုပ်လို့လဲ"

"ကိုယ် အသက်သုံးဆယ်ရှိပြီကွ ... ကိုယ်ကလေးလေး တစ်ယောက် မဟုတ်တော့ဘူး ... ကိုယ့်ကို ခုချိန်မှာ ဘယ်သူမှ စွက်စွက်ဖက်ဖက် အမိန့်တွေအာဏာတွေ သုံးချင်လို့ မရတော့ဘူး ... တောက် ... နိုင်ငံချင်း ဒီလောက်ခြားနေတာတောင် သူ့ရဲ့မျက်စိကြီး၊ နားကြီး၊ ခြေလှမ်းကျယ်မှုတွေက မကုန်ဆုံးနိုင်သေးဘူးလား ..."

စကားက "အောင်မြင်ပြီ" ဟု ချက်ချင်းပင် သိလိုက်ပါသည်။ လှစ်ခနဲ ပြုံးမိတော့မလိုလို ဖြစ်သွားသော ကိုယ့်နှုတ်ခမ်းတို့ကို လက်ဝါးလေးနှင့် ခပ်ကျယ်ကျယ်ပင် ပိတ်အုပ် ထိန်းထားလိုက်ရပြီး ရင်တွေပါ တထိတ်ထိတ်နှင့် အခုန်မြန်လာရစဉ်မှာ ... နောက်ဖေးဘက်ထဲမှ လူတစ်ယောက်က ရုံးဖိုင်လ်များ၊ ရုံးအိတ်များကို ကိုင်ဆွဲထမ်းပိုးကာ အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့လေသည်။

အံ့ဟား ...။

စကားက သူဆီမျက်ဆံလေးရွှေ့ရုံ၊ မျက်စိလေးစွေစောင်းကြည့်လိုက်ကာ ချက်ချင်း ပြန်လွှဲပစ်လိုက်လေ

သည်။ သူကတော့ စကားကိုလည်းမကြည့် ... ဒေါသတွေစွတ်ကြီးနေသော ကိုကိုကိုလည်း မကြည့်ပါ။ သူဘာသာ အေးအေးဆေးဆေးပင် စာကြည့်ခန်းထဲ တန်းဝင်သွားတော့သည်။ ဟန်ဆောင်ကောင်းသော၊ အပြောင်းအလဲ အတော်ကင်းသော သူ့ရုပ်ဟာ ဟိုးယခင် ... ခါတိုင်း ညနေတွေ အိမ်သို့ ပြန်လာစဉ်ကလို အချိုးအတိုင်း။ သြော် ... သူက ကိုကိုနဲ့ အတူတူပင် ရုံးက ပြန်ပါလာတာကိုး ... နောက်ဘက်အပေါက်မှ လှည့်ဝင်သွားသည်မို့ စကားက သတိမထားလိုက်မိတာ ...။

ထိုအချိန်မှာ ကိုကိုက စကားကို ဖျတ်ခနဲလှမ်းကြည့်လိုက်လျှင် စကားမှာ ကိုယ့်အပြစ်နှစ်ကိုယ် ... ကိုယ့်ကျိတ်လုပ်မှုနှင့် ကိုယ် ... တုန်ခနဲပင် ဖြစ်သွားရပါသည်။

"တွေ့တယ် မဟုတ်လား ..."

"ဟင် ... ဘာလဲကိုကို"

"အံ့ဟားလေ ..."

"ဟုတ် ... စကားလည်း အဲဒါပဲကြည့်နေတာ ..."

"အဲဒါ ကြီးကြီးပေါ့ ... တောက် ... ကြီးကြီးတင်မကပါဘူး ...ဒီကောင့်လက်ချက်လည်း တစ်ဝက်မကပါမှာပါ ... ကြီးကြီး ဘယ်လောက်ပဲ မျက်စိကြီးကြီးနားကြီးကြီး ... ဒီကောင်မှ လှမ်းသံတော်ဦးမတင်ရင် ဘယ်သိနိုင်ပါ့မလဲ ... မဟုတ်ဘူးလား ..."

ကိုကို့ရဲ့ သံသယစာရင်းထဲမှာ ကိုယ်လုံးဝ မပါဝင်ကြောင်း သေချာသွားသောအခါ စကားမှာ အတန်ငယ် ပြန်လည်ရဲဝန့်လာကာ ... ကိုကိုကိုလည်း ရင်ဆိုင်ကြည့်ရဲ

သွားပြီး ... "ဘာဖြစ်တာလဲ ကိုကိုရယ် ... စကားလည်း ဘာမှ မသိရပါလား" ဟု ခပ်တည်တည်လေးပါ ဆက်ပြောရဲပြီ။

"ကြီးကြီးက မနက်က အိမ်ကိုဖုန်းလှမ်းဆက်တယ်"
"ဟင် ... စကားလည်း မသိလိုက်ပါလား ..."
"စကားက မီးဖိုထဲရောက်နေတယ် ... ကိုကိုပဲ တိုက်ရိုက်ကိုင်လိုက်တာ ... အဲဒါ ဘာညာကွေ့ဝိုက်စကားဆိုမနေဘဲ ... အံ့ဖွားကို ပြန်ခေါ်ပြီး မူလနေရာတွေမှာပဲ ပြန်ထားလိုက်ပါတဲ့ ... အဲဒီထဲက ဒေါသကထွက်ချင်နေတာ ... ဒါပေမယ့် ကြီးကြီးရဲ့ အပြောအဆိုက အမိန့်တစ်ခုလိုဖြစ်နေတော့ ... အေးအေးစဉ်းစားမယ်လေဆိုပြီး တွက်ထားလိုက်တာ ... ရုံးရောက်တော့ ဒီကောင်က ကြိုရောက်နေပြီ ... ကိုယ့်အခန်းထဲမှာ အခုအသစ်ဖွဲ့.ထားတဲ့ ပုံစံတွေ အားလုံးပြောင်းပစ်ပြီး ဟိုးအရင်က သူစီစဉ်ထားတဲ့အတိုင်းတွေ အကုန်ပြန်ဖြစ်နေပြီ ..."
"ဟင် ... ဒါ ... ဒါဆိုရင် ..."
"ဟုတ်ပါတယ် ... မင်းမကျေနပ်တဲ့ ... မင်းအလိုမရှိတဲ့ ရီတာလည်း အလိုလိုနေရင်းက ရာထူးပြန်ပြုတ်သွားပါပြီ ..."
" ကိုကိုကလည်း ... စကားက ဘာပြောလို့လဲ ... "

ဒီတော့မှ သူ မကျေနပ်တိုင်း စကားကို မဆိုမဆိုင် ထည့်ဟောက်မိပြီဟု ပြန်တွေးမိသွားဟန်ရှိသည့် ကိုကို

က လေသံကို နည်းနည်းလျှော့လိုက်တာ ...

"ဘယ်ကောင်းမလဲကွာ ... ဟုတ်တယ် မဟုတ်လား ... ရိတာဆိုတာ ကိုယ်နဲ့ ဦးအေးမောင်နဲ့ သေချာရုံးထိုင်အင်တာဗျူးလုပ်ပြီးမှ အတိအကျ အလုပ်ခန့်ထားတဲ့သူပဲ ... ပြီးတော့ ဟိုးအရင်တည်းကလည်း ဒီရုံးက ပဲ ... ကြီးကြီးရဲ့. တစ်ချက်လွှတ် အမိန့်က ဘာမှမဆိုင်တဲ့ မိန်းကလေးတစ်ယောက်ကို စော်ကားရာရောက်တာပေါ့ ... သူ့မှာ ဘာအပြစ်မှလည်း မရှိဘဲနဲ့ ရုတ်တရက် ဒီရာထူးကပြုတ် ... ဟိုရာထူး ပြန်ရောက်ဆိုတော့လည်း ..."

"ဟင် ... အပြီးပြုတ်တာတော့ မဟုတ်ဘူးပေါ့ ..."

စကားထဲမှ ရုတ်တရက် လှစ်ခနဲ ထွက်သွားမိသော စကားကြောင့် ကိုကိုက စကားကို ပေစောင်းစောင်းကြည့်ကာ ... "သူကတစ်မျိုး ... လေသံကိုက ... ဘာလို့ အပြီးဖြုတ်ပစ်ရမှာလဲ ..." ဟု မကျေမနပ်ကြီး ဆိုလေသည်။ စကားမှာ ဇက်ကလေးပုကာသာ အသာငြိမ်နေရပါသည်။ ဟုတ်သား ... စကားမှ အဲဒီအချက်ကို ထည့်မစဉ်းစားမိဘဲဟာ ...။ အမှန်တကယ်ကတော့ ဒီလိုအန္တရာယ် မိန်းမမျိုးဟာကိုကို့ရုံးမှာကို ရှိမနေတော့ဖို့ အကောင်းဆုံးပါ ...။ ကျွတ် ... လိုသွားတယ်ကွာ ...။ အဲဒီလိုပါ ထည့်ပြောမိရင် ကြီးကြီးက အပြီးဖြုတ်ရင် ဖြုတ်ခိုင်းမှာပေါ့။ ခုတော့ ...။

အေးလေ ... ခုလည်းပဲ ... ဟိုသံမဏိလူသားနဲ့ဆိုင် ဒီအန္တရာယ်မိန်းမဟာ ကိုကို့အပါးသို့ ပြန်ကပ်ချင်

လို့မှ ကပ်မရနိုင်တော့ဘဲသာနေမှာပါ။

"ကိုကိုက ဘာလို့ဒီလောက်မကျေမနပ် ဖြစ်နေရတာလဲ ... ကိုအဲ့ဟားလည်း ကိုကို့အတွက် ကောင်းသားပဲ ..."

စကား:က မလိုတမာသံလေး:နှင့် မပြောသာပြောသာလေး ခနဲလိုက်သည်။

"ဘယ်လိုလုပ် ကျေနပ်နိုင်မလဲ ... ဒီကောင့်ကို ကိုယ် ဖြုတ်ပစ်ထား:တဲ့ကိစ္စပဲ ... ကိုယ်ဘာသာ ပြန်ခေါ်မှ ကိုယ့်မှာသိက္ခာနည်း:နည်း ရှိတော့မပေါ့ ..."

"မဟုတ်တာပဲ ကိုကိုကလည်း ... ငါကတော့ မင်း: ကိုခေါ်ချင်တာ မဟုတ်ပါဘူး ... ကြီး:ကြီး:ကခန့်လို့သာ မင်း:ပြန်လာရတာပါကွာ ... ဆိုတာမျိုး:ကမှ ပိုကောင်း:တာပေါ့ ..."

"ကလေး:လို လျှောက်ပြောမနေနဲ့ စကား ... ဘယ်ဟာပိုဆို:လဲဆိုတာ စကား:ထက် ကိုယ်ပိုသိတယ် ... ဒီထက်ဆို:သေး:တာက ဘာအပြစ်မှမရှိတဲ့ မိန်းကလေးတစ်ယောက်ကို သွား:စော်ကား:ရတဲ့ ကိစ္စပဲ ... ကိုယ့် ဘေး:မှာ မိန်း:မတစ်ယောက် ရှိနေတာကို ကြီး:ဒေါ်က စိတ်မချလို့ ဖယ်ပစ်ရပါတယ်ဆိုရင် ... ကိုယ့်သိက္ခာဆိုတာလည်း အပိုင်း:ပိုင်းကျွမ်းပြီး တစ်ပြား:မှကို ကျန်မှာ မဟုတ်တော့ဘူး ... အဲဒီတော့ အဲ့ဟားကပဲ ပိုသင့်တော်လို့ ကိုယ်ကိုယ်တိုင်ရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ ပြန်ခေါ်လိုက်သယောင်ယောင် ... လုပ်လိုက်ရတာပေါ့ ...။ သူခမျာ

ဘာမှသိရှာတာ မဟုတ်ဘူး ... မနက်ရုံးရောက်မှ ရုတ်တရက် ဖြတ်ရိုက်ချခံလိုက်ရသလို ဖြစ်သွားတာ ... တခြားရုံးသူရုံးသားတွေအများကြီးရှေ့မှာ ဘယ်လောက် အဖြစ်ဆိုးထားလဲ ...

စကားကို ဒီလောက်ပြောပြပေမယ့် စကားကတော့ ကိုယ်ချင်းစာချင်မှ စာနိုင်လိမ့်မယ် ...။ ဒါဟာ ရုတ်တရက် အခြေအနေပျက်ပြီး "နေရာ" တစ်ခု ပျောက်သွားရတဲ့ကိစ္စနော် ... အရမ်းဆိုးတယ် ... သူကိုယ့်ကို လှမ်းကြည့်လိုက်တဲ့ အကြည့်ကို ကိုယ်လုံးဝမမေ့ဘူး၊ ကျွတ် ... သိပ်ဆိုးတယ်ကွာ ... ကိုယ့်မှာ နေရင်းထိုင်ရင်း လူဆိုးလည်းအဖြစ်ခံရသေး ... ဟိုကောင့်အသိစိတ်ထဲမှာတော့ ကိုယ့်သိက္ခာဟာ တစ်ပြားမှမရှိဘူး"

ဩော် ... လက်စသတ်တော့ ကိုကိုက ဟိုမိန်းမအတွက် ဝမ်းနည်းပက်လက် ယူကျုံးမရဖြစ်ရတဲ့စိတ်ကပိုများနေခဲ့တာကိုး။ အင်း ... အချိန်မီကလေးပဲ ထင်ပါရဲ့။ ဟင် ... နေဦး ... အချိန်မီမှ ဟုတ်ပါ့မလား ... စကားရဲ့လုပ်ရပ်ဟာ ကိုကို့ကို တစ်ဘက်ကိုပို့ပြီး တွန်းပို့လိုက်သလိုများ ဖြစ်သွားပြီလား ...။ ယူကျုံးမရ အသနားပို့ရာကနေ မဖြစ်သေးသော ဇာတ်လမ်းမျိုးကို ခုမှစ,ဖြစ်လာအောင် လှုံ့ဆော်သလိုမျိုး ဖြစ်သွားရင်ကော ...။

ကြည့်စမ်းပါ ... ခုဖြစ်နေတဲ့ရုပ်ဟာ သူကို ဟိုမိန်းမက အထင်လွဲ လူဆိုးထင်သွားတော့မှာကို သိပ်စိုးရိမ်နေတဲ့ရုပ်နော် ...။ ဘုရား ... ဘုရား ... ကိုကို ... ကိုကို ...။

သမီးရည်းစား ချစ်သူတွေဘဝတုန်းကများ ... နောင်တစ်နေ့မှာ ဒီလိုပြဿနာမျိုးနဲ့ စကားရင်ဆိုင်ရလာနိုင်သည် ... ဆိုတာမျိုး ... ဦးနှောက်ရဲ့ အပ်ဖျားတစ်ထောက်စာ နေရာမျိုးမှာတောင် မတွေးခဲ့မိပါဘူး။ ကိုယ့်ကို ဖောက်ပြန်သောယောကျ်ားတစ်ယောက်၏ ဇနီးမယားဘဝ ရောက်နေပြီဟုတော့ တစ်ထစ်ချ မပြောလိုပါ။ ဒါပေမယ့် အဲဒီလို အရသာဆိုးကြီးက စိတ်ထဲမှာ ဘယ်လိုမှ နှင်ထုတ်လို့မရ ... ခါးခါးသီးသီးကြီး တိုးဝင်နေရာယူနေပါတော့သည်။

"အဲပွား ... မစ္စတာအဲပွား ... တဆိတ်လောက် ကြွခဲ့ပါဦးခင်ဗျား"

နောက်ဆုံးမှာကိုကိုက သူ့တစ်ယောက်တည်း မကျေမနပ် ဖြစ်နေရတာထက် အဲပွားကိုပါခေါ်ပြီး ရန်ရှာဖို့ ဆုံးဖြတ်လိုက်ကာ ... အသံကျယ်ကြီးနှင့် အော်ခေါ်လိုက်လေသည်။ ခါတိုင်းလိုပင် ဒီဘက်စကားဝိုင်းဆီသို့ နားရွက်ပို့ထုတ်ထားပြီးသား ဖြစ်နေသော အဲပွားကလည်း နှစ်ခါမအော်ရ ... ဖျတ်ခနဲ အနားသို့ ရောက်လာသည်။

"မင်းကိုငါ ရုံးမှာတည်းက တေးထားတာသိလားဟေ့ကောင် ... အေး ... မင်းက ငါ့ကို စမ်းတယ်ပေါ့လေ၊ ကြီးကြီးကို လှမ်းပြောပြီး ခေါင်တက်ကိုင်ပြီးမှ ငါ့ကို ရိုက်ချတယ်ပေါ့လေ ... ဟေ့ကောင် မင်းမငြင်းနဲ့ ... ဒါတွေအားလုံး မင်းလက်ချက်ပဲ ... အဲဒါ ငါအသိဆုံးပဲ ..."

"ကျွန်တော် ငြင်းလို့လား ..."

"ဘာ"

"ဟုတ်တယ်လေ ... ကြီးကြီးဆီ ဖုန်းဆက်လိုက်တာ ကျွန်တော်ပဲလေ ..."

ကိုကိုက "ဟာ" ခနဲအော်ကာ လက်သီးတပြင်ပြင်နှင့် ကျုံးရုန်းထ,လာလျှင် စကားမှာ "ကိုကို,ကိုကို" ဟု အသံကျယ်ကျယ်နှင့် သတိပေးကာ ဘယ်လိုမှမနိုင်သော ကိုကို့ခန္ဓာကိုယ်ကြီးကို နောက်ကဆွဲရပါသည်။ အံ့ပွားကတော့ ခပ်တည်တည်ပင် မလှုပ်မယှက်။ သို့သော် ကိုကိုကလည်း တကယ်လုပ်တာတော့ မဟုတ်ပါ ... ကိုကိုကသာ တကယ်ထ,ထိုးတော့မည်ဆိုရင် စကားရဲ့ဆွဲအား ပိစိကလေး ဟာ ဘယ်လိုများအရာရောက်မှာတဲ့လဲ ...။ခုတော့ ကိုကိုက စကားကဆွဲလို့ပဲ မလှုပ်သာဘဲ ငြိမ်လိုက်ရသလိုလိုပုံစံနှင့် သူ့ကုလားထိုင်မှာ သူပြန်ထိုင်ကျသွားသည်။

ဒီလိုဆိုတော့ စကားမှာ တစ်မျိုးလှည့် ပူရပြန်ပါရော။ တော်တော်ကြာကျ ဟိုလူက ပြောနိုင်တာမဟုတ် ... ကိုကို့ဆီက အပြောအဆိုကို လုံးဝမခံချင်တော့ချိန်မှာ "ဒါကိုကို့မိန်းမ လက်ချက်လေ" လို့ တစ်ခွန်းလောက် ပိတ်ပြောပစ်လိုက်ရင် သွားပြီ ... စကားမှာ "စကားလာပြောတာ ပြန်မပြောပါနဲ့နော်"ဟု သူ့ကိုပိတ်လည်းမပိတ်ခဲ့မိ။ ပိတ်လည်းမပိတ်ချင်။ စကားက ဖွင့်ဟပြောပြောနေဦးမှာလား။ သူကသာ သူ့ဘာသာ သိတတ်ရမှာပေါ့။

"ပြောစမ်းပါဦး ... မင်းက အဲဒါ ဘာအချိုးလဲ ..."

"ကိုကို့ဆီ ကျွန်တော်ပြန်လာချင်တယ်လေ"

"ဘာ ... မင်းပြန်လာချင်တိုင်း ဒါမျိုးလျှောက်လုပ်လို့ ရရောလား ... အရာရာမှာ မင်းဖြစ်ချင်တိုင်းလျှောက်လုပ်မှာကို ငါက ငုံ့ခံနေရရောလား ..."

"ကျွန်တော် တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ ကိုကို့အတွက်လည်း ပါတယ် ..."

"ငါ့အတွက် ... ဟားဟား ... ဘာငါ့အတွက်လဲ ... မင်းမရှိလည်း ငါနေလို့ရတယ်ဆိုတာ ငါနေပြခဲ့ပြီးပြီ"

"ဟုတ်တယ် ... ကျွန်တော် မရှိလည်း ရပါတယ် ... ဒါပေမယ့် ဟိုမိန်းမတော့ ကိုကို့အနားမှာ ဆက်ရှိနေလို့ မဖြစ်ဘူး"

ကိုကို့မျက်နှာ နီရဲကာ တစ်မျိုးကြီး ဖြစ်သွားသည်။ စကားမှာ အပြောရဲလှသော အဲ့ဖွားကို စိတ်ထဲက နေပဲ "ဘရာဗို ..." ဟု ထောက်ခံချက်တွေပေးကာ အားကျနေမိရင်း ... "စကား" ဆိုတဲ့ နာမည်ကို သူလုံးဝထည့်မသုံးတော့မှာကိုပါ တဖြည်းဖြည်းရိပ်စားနားလည်လာမိသည်။ သူဟာ ကိုကို့အပေါ် သံယောဇဉ်ကြီးမားသည့်နည်းတူ စကားကိုလည်း ရှိန်ကိုရှိန်သည်ဆိုသော ဗေဒင်ဆရာမကြီးမာလာပြောထားခဲ့သည့် စကားမှာ မှန်နေခဲ့ပြီလား မသိ။ စကားမှာတော့ ရင်အေးစ, စိတ်ချမ်းမြေ့စ ပြုလာရပါပြီ။

ကိုကိုနှင့်အဲ့ဖွားတို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြပြန်သည်။ ပြီးကျတော့ ကိုကိုကပင် စတင်ကာ မျက်နှာလွဲလိုက်ပါသည်။ ကိုကို့မျက်နှာမှာ အဲ့ဖွားကို သရော်ချင်ဟန်၊ လှောင်ပြောင်လိုဟန်တွေ အပြည့်နှင့် ...။ ဒီတစ်ခါ

တော့ ကိုကိုက အဲ့ပွားကို "ရီတော့မှာ ဘာအပြစ်မှ မရှိဘူး" ဟု အကာအကွယ်ပေး ဘက်ပင်းသော စကားမျိုးကို မဆိုပါလား။ နောက်ဆုံးတော့ ... ကိုကိုက "ကြည့်ကြသေးတာပေါ့ကွာ" ဟု သာ (ဘာအဓိပ္ပာယ်မှန်းမသိ) ပြောလိုက်ကာ ရုတ်တရက် ထိုင်ရာကထပြီး စကားကိုကပင် စောင့်ခေါ်ဖော်မရဘဲ အပေါ် ထပ်သို့ တက်သွားလေတော့သည်။ ဒီတော့မှ စကားကလည်း အပြေးအလွှားပင် လိုက်ထရပ်ကာ ... ကိုကိုမကြားသာ အောင် ခပ်တိုးတိုးလေး ...

"ကျေးဇူးတင်ပါတယ် ..."

"မလိုပါဘူး ..."

ဟင်း ...လူ့ဂွစာ။ သို့သော် အမြင်ကပ်တာက ကပ်တာသပ်သပ် ... ကျေးဇူးရှိတာကတော့ ရှိတာသပ်သပ်ပင် ဖြစ်လေရာ ..

"ကျွန်မကို အကူအညီပေးတဲ့အတွက်ရော ... ပြီးတော့ ကျွန်မနာမည်ကို မတပ်ခဲ့တဲ့အတွက်ရောပဲပေါ့ ..."

"လိုကို မလိုဘူး ... တကယ်လို့ မစကားရောက်မလာရင်လည်းပဲ ... ကျွန်တော့်ဘာသာ ပြန်ရောက်လာဖို့ ရှိနေတာပဲဟာ ... အနေးနဲ့အမြန်ပါပဲ ... ကိုကို့ Secretary အဖြစ် ရီတာ ရသွားမှန်း ကျွန်တော်သိနေတာပဲဟာ ... ကိုကို့ကို ကျွန်တော် မျက်ခြေမပြတ်ပါဘူး ..."

စကားက ကျေးဇူးကိုတောင် လက်ခံမလိုချင်သည့် လူ့ဂွစာကို ကျောသာခိုင်းပစ်ခဲ့တော့ကာ ... ကိုကို့

နောက်သို့ လိုက်ပြေးတက်လာခဲ့ပါတော့သည်။ သူက ... "အကြောင်းစုံတွေကို သိပါသည်။ စကားလာမခေါ်လည်း သူ့ဘာသာပဲ လာခဲ့တော့မလို့ပါ" ဟု အမှန်အတိုင်း ထုတ်ပြော လိုက်တော့မှပင် စကားမှာ ကျေးဇူးတောင် ထပ်မတင်ချင် တော့လောက်အောင် စိတ်ပျက်၊ အမြင်ပြန်ကပ်သွားခဲ့ရတော့ သည်။ သိရင်လည်း မြန်မြန်ကြွလာပါတော့လား ... ဘာလဲ အနှေးနဲ့အမြန်ဆိုတာ။ ဒီကိစ္စမျိုးဟာ မြန်လေကောင်းလေ မဟုတ်ဘူးလား။ နှေးနေဖို့ ဘာလိုလဲ ...။ ဘယ်လောက်ထိ ကော နှေးနေဦးမှာလဲ ... ကိုကိုနဲ့ဟိုမိန်းမ အားလုံးဖြစ်ပျက် လက်လွန်သွားပြီးတဲ့လား ... ဟင်း ...။

ဒါနဲ့များတောင် စကားကိုသူက သူ့အိမ်မှာ တုန်းက "လိုလို့လား" တို့ "ဘာလို့လဲ" တို့ ... "ကိုကိုက ဒီလိုမဟုတ်ပါဘူး" တို့ အပိုတွေ စကားရှည်နေခဲ့သေးသည်။ ဘယ်လိုလူမှန်းကိုမသိ။ ခင်မင်အား၊ ကျေးဇူးတင်စိတ် ပေါ်ချင်လည်း ခဏသာခံပြီး ပြန်ကိုပျောက်သွားရအောင် မုန်းစရာကောင်းတဲ့လူ ...။

စကားရဲ့ အမုန်းသံသရာတို့မှာ တစ်ခေါက်ပြန် စလာလို့မှ မကြာခင် ... 'တဒေါက်ဒေါက်' တံခါးခေါက်သံ နှင့်အတူ ...

"ကိုကို ... ရေတစ်ခါတည်း ချိုးလိုက်ပါ ... ဒါမှ စိတ် လန်းဆန်းသွားအောင် ... ပြီးရင် ခြံထဲမှာဆင်းထိုင် ပြီး တစ်ခုခုစားဖို့ စီမံပြီးပြီ ... မစကားကလည်း ဒီမှာ မစောင့်ချင်ရင် ခြံထဲကပဲ ဆင်းစောင့်ချင်စောင့်ပေါ့ ...

ဟိုမှာ အား‌လုံး‌အဆင်သင့်ပဲ”

အခန်းထဲထိ ကျူးကျော်ဝင်ရောက်လာခဲ့ပြန်သော ထိုလူသည် ရေချိုး‌ခန်း‌ထဲထိပါ တိုက်ရိုက်ဆက်ဝင်သွား‌ကာ သူ,မရှိတုန်း အကျင့်လုပ်ပြီး စကား‌က ရေချိုး‌ခန်း‌ထဲ တစ်ခါတည်း‌အပြီး‌ယူထည့်ပေး‌ထား‌သော ဆပ်ပြာ၊ရှမ်ပူ၊မျက်နှာသုတ်ပဝါ၊ ရေချိုး‌ပြီး‌ဝတ်သည့် အကျီ်ရှည်အား‌လုံး‌တို့ကို သိမ်း‌ကျုံး‌ယူငင် သိမ်း‌ဆည်း‌ပစ်လိုက်တော့‌ကာ ... သူယူဝင်လာသည့် တစ်ခါသုံး အသစ်တို့ကိုသာ နေရာချပြင်ဆင်နေလေတော့‌သည်။

သူက မလုပ်ရရင်သာနေမည်။ ပြန်လုပ်ရပြီဆို တော့‌လည်း အချိုး‌မပြောင်း‌နိုင်ပါဆိုတဲ့‌ည သဘောပေါ့ ...။ စကား‌ကိုတောင် ကိုကို့အပါး‌က နှင်ထုတ်ပစ်ပြီး ခြံထဲကနေသာ သွား‌ထိုင်စောင့်ခိုင်း‌လိုက်ပါသေး။ အဲဒီလို သြဇာအာဏာကြီး‌တွေနှင့် အသား‌သေကာ အဲဒီသြဇာတွေကိုပဲ မသိမသာလွမ်း‌ဆွတ်တမ်း‌တနေခဲ့ပုံရသော ကိုကိုတို့ကတော့ ဆက်လက်ပြီး တင်း‌မာစွာ စူပုပ်ထား‌ပေမယ့် လူကတော့ ဟိုလူ့သြဇာကို နာခံကာ ရေချိုး‌ဖို့ကို ပြင်ဆင်နေတော့‌လေပြီ။

ကဲ ...ဒေါ်စကား‌ဝါသွေး‌ရေ ... သတိ၊ သတိနော် ...။ ကိုယ့်‌ကံကြမ္မာကိုက ဒီလိုပဲ ဖန်လာခဲ့ပြီ။ စိတ်အနှေင့်အယှက် အမြဲဖြစ်နေရဖို့ ကုသိုလ်ကိုက ကိုယ့်‌ရဲ့‌ရှေး ဘဝ ကုသိုလ်ပဲနေမှာပေါ့ ...။ ဒါတွေ၊ ဒါတွေကို သည်း‌မခံချင်ရင် အချိန်မရွေး ပြန်လည်ကျရောက်လာနိုင်တဲ့‘အန္တရာယ်လူသား’ က အနား‌မှာကပ်စောင့်နေမှာလေ ... ကြိုက်ရာရွေး‌ပေါ့။

စကားက သက်ပြင်းရှည်ကြီးတစ်လုံးကို 'ဟူး' ခနဲ မှုတ်ထုတ်ပစ်လိုက်မိကာ အနီးကပ်ဆုံး ကုလားထိုင် တစ်ခုထက် ဆောင့်ကြီးအောင့်ကြီးပင် ထိုင်ချလိုက်မိလေသည်။

အခန်း (၄)

ခုနောက်ပိုင်းကာလတွေမှာ ကိုကိုနှင့်အံ့ပွားတို့ ကိုစကားက မသက်ာစိတ်တွေနှင့် တစ်မျိုးကြီး ဖြစ်နေမိပါသည်။ နှစ်ယောက်စလုံးကိုလည်း ကြည့်လို့ကိုမရ ... ။ အဲဒီနှစ်ယောက်ဟာလေ ... တစ်ခုခုတော့ တစ်ခုခုပါပဲဆိုတာ စကားစိတ်ထဲက သူ့အလိုလိုပင် သိနေရပါသည်။ အရင်အခါတုန်းက ကြည့်မရတာက တစ်မျိုး ။ ကိုယ်စီကိုယ်ငှအဖြစ်သည်း၊ အများနှင့်မတူကြသည့် နှစ်ယောက်ကို (မနာလိုစိတ်တွေ သဲ့သဲ့မကပါဝင်နေသော) ကြည့်မရခြင်းမျိုးနှင့် အမြင်ကပ်မိတာ။ ခုဟာကျတော့ ... သံသယဆိုတဲ့ မကောင်းတဲ့စိတ်တွေပါ ကြီးထွားအမြစ်တွယ်နေမိတာပါ ။ တစ်ယောက်တည်းမဟုတ် ... နှစ်ယောက်စလုံးဟာ သံသယဖြစ်ဖွယ် ... မသက်ာဖြစ်ဖွယ် ကောင်းလွန်းနေလေသည် ။

အဲဒီလို ဆိုလိုတော့ “နှစ်ယောက်ပေါင်းကာ တစ်ခုခုကို စိတ်တူလက်တူ တိတ်တိတ်ကျိတ်ကြံနေကြလို့

လား" ဟု အမေးရှိခဲ့ရင်တော့ စကားက ... "နှစ်ယောက်ပေါင်းတော့ နှစ်ယောက်ပေါင်းပဲ ... ပြီးကျတော့ တိတ်တိတ် ... တိတ်တိတ်နဲ့ ကျိတ်ဖြစ်နေကြတာလည်း အမှန်ပဲ ... သို့သော် စိတ်တူလက်တူ အပေးအယူတည့်စွာနဲ့တော့ မဟုတ်ကြပါ" ဟု ဖြေချင်ပါသည်။

အဲပွားတစ်ယောက် အိမ်ပြန်ရောက်လာချိန်မှ စကာ ကိုကိုနှင့် အဲပွားတို့ ဖြစ်လိုက်ကြသည့် ရန်ပွဲတွေဆို တာများ တစ်နေကို သုံးလေးငါးပွဲ ... သုံးလေးငါးကြိမ် ... ။ တစ်ခါတစ်ရံကျ အသံကျယ်ကြီးများနှင့် တစ်ခါတစ်ရံကျတော့ ကျိတ်ပွဲလေးများ။ အမြဲတစေလိုလိုကတော့ ကျိတ်ပွဲလေးတွေကပဲ စတင်တာပါ ။ ပြီးမှသာ မခံနိုင်သည့် ကိုကို့ထံမှ အသံအကျယ်ကြီးတွေ ထွက်ထွက်လာတာ ... ။

အမယ် ... သူကလည်း တယ်မခေလှပါ ။ သူကလည်း မာမာနဲ့ကျယ်ကျယ် ဖြစ်နေတတ်သောအခါတွေ ရှိနေတာပါပဲ ။ စကားပြောချင်တာက ကိုယ်ဘယ်လောက်ပဲ နေရာပေးထားတဲ့သူ ဖြစ်ပါစေ ။ တကယ့်တကယ်က အလုပ်ရှင်နဲ့ အလုပ်သမားပဲ ... ဘာဖြစ်လို့ ပြိုင်ပြီး ဖြစ်နေမလဲ ... ။ ဟော ... အပြိုင်ဖြစ်ကြတဲ့အခါကျ သူကလည်း ... "ငါက အလုပ်သမားပဲ ... "ဟူသည့် သိတတ်စိတ်နှင့် အလျော့မပေးဘူးဆိုတဲ့ အခါကျတော့ကိုယ်ပဲ ငပေါကြီးဖြစ်ရတာပေါ့။ အခြေအနေမတူပဲ တက်ပြောခွင့်ဆိုခွင့်ပေးထားတော့ တဖြည်းဖြည်းနဲ့ရဲ့ ရဲလာမှာပေါ့ ။ ရန်ကိုအပြိုင်မဖြစ်ရမှာပါ။ ကိုယ်ချမှတ်ချင်သော အမိန့်တစ်ခုကဘာလဲ ... ။ အဲဒါကို

ခပ်တည်တည်နဲ့ တစ်ခွန်းပဲပြောလိုက်ပြီးရင် ... သူဘက်က ပြောမခံတော့ဘဲ ယတိပြတ် ဖြတ်ချပစ်ပေါ့ ... ။

ဒါမှ ကိုယ့်အမိန့်ဟာ တည်မှာပေါ့ ။ ခုတော့ မဟုတ်ပေါင် ... အမြဲပဲ ကြည့်လိုက်ရင် သူတစ်ပြန်၊ ကိုယ် တစ်ပြန်၊ တိုးတိုးတစ်မျိုး၊ စိတ်မထိန်းနိုင်ဘဲ ပြန့်, ပြန့်ထွက်လာသည့် ခပ်ကျယ်ကျယ်အော်သံတွေကတစ်ဖုံ ။

ဒါပေမယ့် ထူးဆန်းတာက ကျယ်ကျယ်သာဖြစ်ကြည့်သည်ပြောတာ ... သူတို့ဖြစ်ပွားနေကြတဲ့ အကြောင်းအရာတွေကို စကားမှာ တစ်ခါမှ မသိရ ။ ကိုကိုကလည်း ပြောမပြ ။ ချောင်းနားထောင်ပြန်တော့လည်း နားမလည် ။ တစ်ခုရှိတာက သူတို့ဖြစ်နေကြတုန်း စကားအနားသို့ ရောက်သွားရင်တော့ အံ့ပွားဘက်က စတင်ပြီး ဖြစ်နေတာကို "တိ" ခနဲ ရပ်ပစ်လိုက်တတ်ပါသည် ။

ကြည့်ရတာ ဆရာရင်းဖြစ်သည့် ကိုကို့ကိုကျတော့ "ဆရာ" ရယ်လို့ အမှုကို မထားတော့ဘဲ စကားကိုသာမာလာပြောဖူးသလို 'ရှိန် ' နေသည့်အတွက်ကြောင့်မို့ လေးစားသမှု(အနည်းငယ်)နှင့် ပွဲကိုရပ်, ရပ်ပစ်လိုက်တာက ဖြစ်နိုင်သည်။ အဲဒါကို သိလာရတော့ စကားက ... ရန်ပွဲရဲ့အကြောင်းအရာကို သိခွင့်ရတာ မရတာထက် စကားရောက်သွားရင် ရန်ပွဲရပ်သွားဖို့ကိုပဲ ရည်ရွယ်ကာ သူတို့စဖြစ်ကြပြီ ဆိုတာနဲ့ အနားသို့ မရောက်ရောက်အောင် မြန်မြန်သွားရတော့တာပါပဲ။

"ကိုကိုရယ် ... ကိုကိုတို့ဟာက ဘာတွေဖြစ်, ဖြစ်နေကြ တာလဲ ... တစ်နေ့တည်း အလုပ်လဲမဟုတ် ...

တစ်နေ့ အတွင်းမှာလည်း တစ်ခါမက နှစ်ခါမက ... စကားတော့ ကိုကိုတို့နှစ်ယောက်လုံးကိုပဲ သိပ်အံ့သြလာပြီ ... နေ့စဉ် ရက်ဆက် တစ်နေ့ကို လေးငါးခြောက်ကြိမ် ... ဘာတွေဖြစ်နေကြတာလဲ ..."

"ဟာ ... စကား မသိပါဘူး ... ရုံးကိစ္စတွေပါ ..."

"ရုံးကိစ္စကလည်းပဲ ဒီလောက်တောင် မပြီးနိုင်မစီးနိုင်ဖြစ်ရသလား ... ဒါတောင် အိမ်မှာသာ လေးငါးကြိမ် ရုံးမှာ တစ်နေကုန် ဆိုရင်တော့ ရေတွက်လို့မှ ရနိုင်သေးရဲ့လား ..."

"ရုံးမှာ လုံးလုံးမဖြစ်ကြဘူး ..."

"ဟင် ... ဘာလို့လဲ ..."

"အဲဒီကောင်က သူ ဘာသာ အဟုတ်ကြီးထင်ပြီး လူပါးသာဝတာ ... သိတက်မှုကတော့ အပြည့်ကျန်ပါသေးတယ် ... ရုံးမှာကျတော့ အပြင်လူတွေက အများကြီးလေ ... အိမ်နဲ့မတူဘူး ... အိမ်မှာကျတော့ စကားရယ် ကောင်မလေးတွေရယ်ပဲရှိတာ ... ကိုကို့အပေါ် ဘယ်သူမှ အရိုအသေတန်ပြီး အထင်သေးဖို့ မရှိဘူး မဟုတ်လား ... ရုံးမှာကျတော့ အိမ်မှာလိုသာ ဖြစ်နေရရင် ကိုကိုကတစ်ရုံးလုံးကို ဘယ်လိုအုပ်ချုပ်ရတော့မလဲ ... အားလုံးသူလိုပဲ ခွန်းကြီးခွန်းငယ်နဲ့ ပြန်ပြေကုန်ကြတော့မှာပေါ့ စကားရဲ့ ... ဒီကောင်က အမြင်ကပ်စရာကောင်းတာတွေကြားမှာ ချစ်စရာကောင်းတာလေးတွေးလည်း အများကြီးပဲ ..."

အမယ်လေး ... ဒီလောက်နေ့စဉ်နဲ့အမျှ သတ်နေ ကြရတာတောင်မှ ကိုကိုမှာ သူလူသူချစ်ဖို့အကွက်ကရှာတွေ့.နိုင်သေးသည်။ပြောတဲ့စကားကို နားထောင်ကြည့်လိုက်တာနဲ့တင် ... ချစ်မြတ်နိုးစိတ် သံယောဇဉ်ကြီးမှုတို့က ပေါ်လွင်နေသည်။

"ဒါဆိုလည်း အိမ်မှာပါ မဖြစ်စေနဲ့ပေါ့ ကိုကိုရဲ့. ... ကိုကို က အပြိုင်ပြောခွင့် ပေးထားတော့ ဒီပွဲတွေကဘယ်တော့ ပြီးတော့မှာလဲ...အိမ်မှာ ပတ်ဝန်းကျင်က အရှိအသေတန် လို့ မရဘူးဆိုပေမယ့် သူကတော့ အရှိ အသေလျော့နေပြီ ဆို တာငြင်းမရဘူး... သိသာနေတာ ပဲဟာ ..."

"အင်း ... ကိုကိုကလည်း မဖြစ်ချင်ပါဘူး ... "

"အို ... မဖြစ်ချင် မဖြစ်နဲ့ပေါ့ လွယ်လွယ်လေး ... ဟော့ကောင် မင်ငါ့ကို ဘာတစ်ခွန်းမှ လာပြောမနေနဲ့တော့ လို့ တစ်ခွန်းပဲ အပြတ်ပိတ်ပြောထားပစ်လိုက်ပေါ့ ... ရုံးကိစ္စတွေကို သူက ဘာများမကျေမနပ်စွက်ဖက်စောဒက တက်စရာ ရှိလို့လဲ ... ဒါ သူကမွဏီမဟုတ်ဘူး...ကိုကို ကုမ္ပဏီ... ကိုကို သာလျှင်အကြီးဆုံး ... အရာရာကို ... ကိုကိုကလွဲရင် ဘယ်သူမှ စွက်ဖက်ပြောဆိုနေခွင့် မရှိဘူး ..."

ကိုကိုက ကလေးတစ်ယောက်နယ် စူပုပ်ပုပ်နှင့် သာငြိမ်သက်နေသည် ။ ကြာလာတော့ ပြောမရသည့် တိုက်တွန်းစကားမျိုးကို စကားကလည်း ပြောမနေချင်တော့ ။ ကိုကို

ဟာ စကား:နဲ့အခြေအတင်ပြောကြရမယ် ဆိုရင်တော့ "တော်ပါ စကား:ရယ် ... ပြောမနေပါနဲ့တော့ ..."တို့ ... "စကား:နား:မလည်ပါဘူး: ... တော် ... တော် မပြောနဲ့တော့ ..." တို့. နှင့်စကား:ဆက်ခွင့် မသာအောင် ပိတ်,ဖြတ်ချပြီး: ရှောင်သွား:မြဲ။ အဲဒီလိုမျိုး: အံ့ပွား:နှင့်ကျတော့ ဘာလို့.မလုပ်ပါသလဲ။

အံ့ပွား:ကိုကျတော့ဘာကြောင့်များ: တဆွေး:တနွေး: လက်ခံစကား:ပြောကြရာက နောက်ဆုံး:အပြိုင်အော်ကြတဲ့ အဖြစ် အထိပါရောက်အောင် ဘာကြောင့်များ: လက်သင့်ခံ နား:ထောင်ပေး:နေပါသလဲ။ ဘာတွေကွာသလဲ ... စကား:တကယ်ပဲ မသိချေ ... ။ ပြောရရင် "အံ့ပွား:ကျတော့ ဘယ်လို ...စကား:ကျတော့ ဘယ့်နှယ်"တွေ ဖြစ်ကာ စကား:မှာပဲ အံ့ပွား:နှင့်ဆင်းပြိုင်ရရာရောက်ကာ အောက်တန်း:ကကျရပေဦး:တော့မည်။

ကြာလာတော့ စကား:က သံသယကြီး:သထက်ကြီး:လာသည်။ အံ့ပွား:ဟာ ဒီတစ်ခေါက် ပြန်လာပြီး:ကာမှ ကိုကို.အပေါ် ဘာများနိုင်ကွက်တွေ ရလာပါလိမ့်။ သူတို့.နှစ်ယောက် ဖြစ်နေကြပုံတွေကို အကဲခတ်ကြည့်ရရင် ကိုကိုဟာ အလုပ်ရှင်၊ အထက်စီး:ကလူမို့.လို့.သာ အော်ဟစ်ခြင်း:။ ဒေါသဖြစ်ပြခြင်း: စတာတွေကို လုပ်ခွင့်ရနေတာ ... တကယ့် တကယ် အကြောင်း:အရာများ:ကို ချက်ကျလက်ကျနှင့် ပြောဆိုကာ ... အကြောင်း:အရာအား:ဖြင့် အနိုင်ရနေသူမှာ အံ့ပွား:ပဲဟူသည့် ပုံစံက သိသိသာသာပင် ပေါ်ပေါက်နေပါသည်။

"ကိုကို ... ကျွန်တော်ပြောတာ လုပ်သင့်တယ်နော် ...

အဲဒါသာမညောင်ညကိစ္စ မဟုတ်ဘူး ... ဒါ အဓိက အရေးကြီးတဲ့ကိစ္စ ..."

"ဘာ ... မင်းကများ ... ငါ့ကို အမိန့်ပေးလား ပြုလားနဲ့ ..."

"အမိန့်ပေးတယ် ထင်ရင်လည်း ခံရုံပဲ ... ဒါပေမယ့် အချိန် ဆွဲပြီး ကောင်းမလား။ သင့်မလား စဉ်းစားနေဖို့ အချိန် တောင် ကိုကို့မှာ သိပ်မကျန်တော့ဘူး။ ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ပြန်ချပြီး အမြန်ဆုံး လုပ်နိုင်လေကောင်းလေ ပဲ ..."

"မလုပ်ဘူး ဆိုရင်ကောကွာ ... ကဲ ..."

"ဒါကတော့ ကိုကို့သဘောပဲ ... ပြဿနာကတော့ ကိုကို့ ဂုတ်ကို ခွစီးပြီး ကိုကို့လည်ပင်းကို ညှစ်မှာပဲ ...ကျွန်တော်က အဲဒီအခါကျ ဂုတ်ပေါ်ကနေ ဆွဲချရုံ၊ လည်းပင်းအညှစ်ကို ဖြေရုံပဲရှိမှာ ... တကယ်နာမှာက ကိုကိုပဲ ... ကျွန်တော် မဟုတ်ဘူး... ကျွန်တော့်ဂုတ် လည်း ဘယ်သူကမှ လာခွစီးဖို့ မရှိဘူး ..."

"အေး ... ဒါတော့ ဟုတ်တယ် ... ဒါပေမယ့် လုပ်ပုံကိုင်ပုံသိပ်ကြမ်းလွန်းရာများ ကျနေမလားလို့ကွာ ..."

"ဒါကလည်း နုမရတော့လို့ ကြမ်းရမှာပဲ ... ဘာထောက်ထားနေစရာ ရှိလဲ ..."

ပြောနေဆိုနေကြတဲ့ စကားအသွားအလာတွေကို သူတို့မရိပ်မိအောင် မသိမသာလေး ခိုးနာထောင်ကြည့်ရင် အဲဒီလိုတွေချည်းပဲ ကြားရမည်။ အဲဒီစကားတွေကို ထောက်

ကြည့်လိုက်ရင် ဘယ်သူက ဆုံးဖြတ်ချက်တွေ ချပေးနေသလဲ ... ဘယ်သူက ဝေဝေဝါးဝါးနဲ့ ကိုယ်ရပ်တည်နေတဲ့နေရာမှာ ခိုင်ခိုင်မြဲမြဲ မရပ်နိုင်ဘဲ နောက်ဆုံးကျ လျော့ပေးလိုက်ရတက်သလဲဆိုတာ အသိသာကြီးပင် ဖြစ်နေတော့လေရာစကားမှာ ကိုကို့ကိုယ်စား ဝမ်းတောင်နည်းလာရပါသည်။ ကိုကို့အတွက် ပြဿနာကို စကားကိုယ်တိုင် အိမ်ပေါ်ပြန်ပင့်တင် ခဲ့မိသလိုများ ဖြစ်နေပြီလား ... ။

ဒီ့ထက် ပိုဆိုးလာတာကတော့ အဲ့ပွားက ... "ကိုကို ... ကိုကို့ဆယ်လူလာဖုန်းကို အိမ်ရောက်ရင် ပိတ်, ပိတ်ထားတာပဲ ကောင်းမယ် ... နို့မို့ဆို ရုံးကိစ္စတွေက အိမ်အထိ တဂွမ်ဂွမ်နဲ့ ..." ဆိုလည်း ကိုကိုက လွယ်ကူစွာလက်သင့်ခံကာ ဆယ်လူလာကို ပိတ်ချထားတာပဲ ... ။ ဆယ်လူလာပိတ်ထားတော့ အိမ်ဖုန်းက ပိုဆိုးပြီး အမြဲမပြတ် မြည်, မြည်လာသည် ။ အဲဒီမှာတင် စကားအတွက် သံသယဖြစ်စရာက အဲ့ပွားရဲ့ ဖုန်းကိုင်ပုံပါပဲ ... ။

ခါတိုင်းလည်း အိမ်မှာ ဖုန်းလာရင် သူပဲကိုင်တာပါပဲ ... သူရှိနေရင် စကားနဲ့ ကိုကိုတို့က အလုပ်ရှုပ်ခံပြီး ထမကိုင်ကြပါဘူး။ အိမ်က ကောင်မလေးတွေ ဆိုတာကလည်း သူတို့ရုံးသွားချိန်လောက်သာ ဖုန်းကိုင်ကြတာပါ ။ သူတို့ရှိနေတုန်း ကောင်မလေးတွေ ဖုန်းကိုင်ကြတယ်ဆိုတာ တကယ့်ကို ဆယ်ခါရဲ့ တစ်ခါလောက်ပါ ။ အဲဒါကိုပဲ သူမှာ အသည်းအသန်ကြီး ... ။ ဖုန်းမြည်ပြီဟော့ ... ဆိုရင် တစ်ခါတည်း ကမ္ဘာပျက်ပြီလား မှတ်ရတယ် ... ။ သူတစ်ယောက်

တည်း အလုံးအရင်းနဲ့ ပြိုင်ဘက်မရှိ ... လုယက်ပြီး ဖုန်းကိုင်တော့တာပါပဲ ... ။ ဘယ်လောက်ထိ ဟန်ပျက်သလဲဆိုရင် သူဘယ်ဘက်လက်နဲ့ ညာဘက်လက်တို့ကတောင် အချင်းချင်း ပြန်လုနေကြပြီလား ထင်ရလောက်အောင် ပျာယာခပ်လုယ်,တော့တာပါ ။

စကားမှာကြာလေ ... မသက်သာလေ ... ။ သူမို့ ဖုန်းကိုင်လိုက်ပြီဆိုရင်လည်း "မရှိဘူး" ဟူသော အသံကသာ အရင်ဆုံးထွက်လာသည် ။ ကြာလာတော့ ကိုကို့ဖုန်းတွေတင်မက စကားရဲ့ဖုန်း ... စကားဆီကိုလာတဲ့ ဖုန်းတွေကိုပါ ဖြတ်ချပစ်နေ ပြီးလားဟု စိတ္တဇက ဖြစ်, ဖြစ်လာရကာ သူဖုန်းချပြီးပြီဆိုတာနဲ့ စကားမှာ စကားဆီ ဖုန်းဆက်နိုင်သည့် မေမေတို့ မာလာတို့ဆီ ပြန်ပြန်လှည့်ရကာ "စကားကို ဖုန်းများခေါ်သလားလို့" ဟု စုံစမ်းကြည့်ရသည့် စိတ္တဇက ပိုလာတော့သည် ။ မာလာတို့ မေမေတို့ကတော့ "စကားတစ်ယောက်ဘာများ ထ,ထကြောင်နေ သလဲ"ပေါ့ ။

ကိုကို့ဆယ်လူလာဖုန်းဆိုတာဟာ ကိုကို့ရဲ့ စီးပွားရေး၊ အလုပ်ကိစ္စများအတွက် တမင့်ကို ဈေးကြီးပေးပြီး ဝယ်ကိုင်ထားရသော ဖုန်းဖြစ်ပေရာ အဲဒီလိုကြီး ပိတ်,ပိတ်ထားတော့ ကြာရင် အလုပ်ကိစ္စမှာ မထိခိုက်ပေဘူးလား ... ကိုကို့တော့ သွားမေးမနေနဲ့တော့ ... ။ "ဟာ ... နို့မို့ဆိုရင် ရုံးကိစ္စ၊ အလုပ်ကိစ္စတွေက အိမ်အထိ တဂွမ်ဂွမ်နဲ့ ... နားရတယ်ကို့ မရှိတော့ဘူး" ဟူသော အံ့ပွားနှင့် တသွေမတိမ်းလေသံမျိုးကိုသာ ရမည် ။

အရေးဆို အားကိုးရသော သူငယ်ချင်းကြီး မာလာနှင့် စကားလည်း ဒီကြားတည်းမှာ စကားလက်ကဖုန်း

အရေးဆို အား‌ကိုး‌ရသော သူငယ်ချင်း‌ကြီး မာလာနှင့် စကား‌လည်း ဒီကြား‌တည်း‌မှာ စကား‌လက်‌ကဖုန်း လှည့်ပြီး “ငါ့ဆီဆက်သလား” လို့ မေး‌ကြည့်တာမျိုး‌ကလွဲလို့ အဆက်အသွယ်တွေ ခဏပြတ်နေကြကာ တစ်နေ့မှာတော့ မာလာ့ဆီမှ အရေး‌တကြီး‌သတင်း‌တစ်ခုက စကား‌ထဲ ရောက်လာ သည်။

“ဟဲ့ ... စကား ... ငါ အမြဲစုံစမ်း‌ကြည့်နေတဲ့ နင့် ယောကျ်ား‌တို့ရုံး‌က အဆက်အသွယ်တွေဆီက သတင်း‌တစ်ခု ကြား‌တယ်ဟဲ့ ...”

“ဟယ် ... ဘာလဲ မြန်မြန်ပြော ...”

“နင် ကြည့်မရတဲ့ ဟိုမိန်း‌မလေ ရီတာဆိုတဲ့ တစ် ယောက် ဟာ အံ့ပွား‌ပြန်ရောက်လာပြီး‌မှ ချောင်ထဲပြန် ရောက်သွား လို့တဲ့... အတော်မကျေမနပ်နဲ့ ပွတ်လော ရိုက်လိုက်သေး တယ်ဆိုပဲ ... အဲဒီ အံ့ပွား‌ဆိုတဲ့လူက ပိတ်ကွယ်ထား‌လိုက် ပြီဆိုရင် နင့်ယောကျ်ား‌နဲ့ တွေ့.ခွင့် ရဖို့အရေး‌ဟာလည်း ထောင်ဝင်စာသွား‌တွေ့.ရတာထက် တောင် ခက်သတဲ့ ... ဟိုမိန်း‌မလည်း ရုတ်တရက်ကို ချောင်ထဲရောက်၊ တွေ့.ခွင့် ပါမရ ဖြစ်သွား‌ပြီး‌တဲ့နောက် မှာ အခုကျတော့ ...ဘာ အပြစ်ရှိလို့ဆိုလဲ မသိပါဘူး ဟယ် ... မကြာသေး‌ခင်ကပဲ ... အဲဒီတစ်ယောက်ဟာ အလုပ်ကပါ အထုတ်ခံလိုက်ရတယ်တဲ့ဟဲ့ ...”

“ဟယ် ...”

“အေး...အဲဒီလူက အတော်အာဏာထက်တာပါလား

ဟဲ့ ... ငါဖြင့် ဒီလောက်တောင် ထင်မထား:ဘူး: ..."
"အေး: ... ငါလည်: မသိဘူး: ..."
"ဒီလောက် အစွမ်:အစရှိနေရင်တော့ အဲဒီလူကတယ် မလွယ်ဘူး:ထင်တယ်နော် ... တော်ကြာ သူရဲကိုဂုတ် ချိုး:ပြန်နှိမ်ဖို့ သဘက်ကြီး:မွေး:မိပြီး:မှ အဲဒီသဘက်ကြီး: က ဂုတ်ပေါ်ကပါ မဆင်း:တော့တဲ့ အဖြစ်မျိုး: လည်း:ဖြစ်နေဦး:မယ် ..."
"ဘာမှပူမနေနဲ့ ... ဖြစ်ကိုဖြစ်နေပြီဟဲ့ ... နင့်ကိုငါ မပြော ဖြစ်လို့...အဲဒီလူဟာ ခုဆိုရင် ကိုကို့ခေါင်း: ပေါ်မှာချည်း ပဲ ..."
"ဟင် ... အဲဒီလောက်တောင်ပဲလား: ... နေဦး: ... ဒီထက်ဆိုး:တဲ့ သတင်း:ရှိသေး:တယ်... အဲဒါကတော့ အကြား:တင် မကတော့ဘူးပေါ့... ငါ့ကိုပြောပြောနေတဲ့ ကောင်မလေး:က တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ တည့်တည့်ကြီးကို မြင်ခဲ့ရတာတဲ့... သူကတော့ ဘာ ရယ်ညာရယ် မဟုတ်ပါဘူး:... ဟိုသတင်း:တွေ ပြောပြ ရင်း:နဲ့ ... သြော်သူတောင် တွေ့.ခဲ့သေး:တယ်ဆိုတာ လောက်ပေါ့ ... ငါကတော့ ကြား:လိုက်ရတည်း:က ... ဟင် ... ဘယ်လိုပါလိမ့်ပေါ့ ...တစ်မျိုး:ပဲ ... ခုဆို နင်နဲ့ ပြောနေရင်း:မှ ပိုလိုတောင် မသက်ာ်ဖြစ်လာ သေး: ..."
"နင့်ဟာကလည်: ရင်ထိတ်လိုက်တာ ... ဘာတွေလဲ"
"အဲဒီ အံ့ပွား:နဲ့ ရီတာနဲ့ဟာ ရုံးပိတ်ရက် စနေ၊ တနင်္ဂ

နွေ တစ်ရက်ရက်ပေါ့ ... အဲဒီရက်မျိုးမှာအပြင်က အအေးဆိုင် တစ်ခုမှာအတူ တွဲထိုင်နေကြတာမျိုး ရှိသတဲ့ ... ကဲ ... နင်စဉ်းစားကြည့်... နှစ်ယောက် တည်းနော် ... ထိုင်စရာလား... မသက်ာစရာ မကောင်းပေဘူးလား ..."

စကားမှာ "ကောင်းတာပေါ့" ဟုတောင် ပြန်မဖြေ နိုင်တော့လောက်အောင်ပင် နှုတ်ပိတ်ဆွံ့အသွားရပါတော့သည်။ ခနကြာမှ အနိုင်နိုင်အားယူရကာ ခုလက်ရှိအိမ်မှာ ဖြစ်ပွားနေသော ဖုန်းကိစ္စ၊ အံ့ပွားကချည်း အဆုံးအဖြတ်ပေးနေ နိုင်သောကိစ္စတွေ ကို မာလာ့ကို အားလုံးပြောပြလိုက်မိလေသည် ။ မာလာလည်း အတော်ကြီး စိတ်ရှုပ်သွားပုံရသည်။

"ငါလည်း ငါ့သားမျောက်နှစ်ကောင်က တစ်ယောက်တစ်လှည့်စီ ဖျားနေကြလို့ နင်နဲ့ ခဏအဆက်အသွယ်ပြတ် နေတာ...ခုမှ ဟိုလူ.ရဲ့ မသက်ာစရာသတင်းကို ကြားမှ မဖြစ်ဘူးဆိုပြီး ချက်ချင်းဖုန်းပြန်ဆက်ရတာ ဟဲ့ ... မဖြစ် ဘူး ... မဖြစ်ဘူး ... ဒါဆိုရင် ဒီလူ.ကို အလစ်ပေးပြီး ပစ် ထား လို့ကို မရတော့ဘူး ..."

"ငါ ဘာလုပ်ရမလဲ ..."

"ဒီတစ်ခါ ဖုန်းလာလို့ အဲဒီလူပျာယာခပ်ပြေးလွှားနေပြီဆို ရင် ... နင်က သူတို့ ဘာတွေများ ပြောနေကြသလဲလို့ သိရအောင် Extention(လိုင်းခွဲ)ကနေ ဖုန်းခိုးနာထောင် ကြည့်ပေါ့ဟဲ့...ဒါပေမယ့် သတိတော့ထားနော် ... အဲဒီလူက နင့်ထက်အများကြီ ပိုလည်မှာ

သေချာတယ် ... နင် ကောက်ကိုင်လိုက်ပြီဆိုတာ သူ သိသွားဖို့မျှားတယ် ...”

မာလာနဲ့ ပြောဖြစ်ပြီးကြတဲ့နောက် စကားမှာ တစ်နေကုန်ဆိုသလိုပင် သူတို့တွေရုံးက ပြန်ရောက်မလာမချင်း အလုပ်ကြီး အကိုင်ကြီးတစ်ခုရသွားပါတော့သည်။ အဲဒါကတော့ ဖုန်းဘေးတစ်နေကုန်ထိုင်ကာ ဖုန်းကိုမ,လိုက်၊ ပြန်ချလိုက်နှင့် အသံမမြည်အောင်၊ ညင်သာအောင် လေ့ကျင့်ရခြင်းပါပဲ ... ။

မိညိုကို ဖုန်းတစ်လုံး ကောက်ကိုင်ထားခိုင်းကာ “ငါ့ကမေးရင် ‘ကလစ်’ဆိုတဲ့အသံလေး နင်ကြားလိုက်သလား။ မကြားလိုက်ဘူးလား ... ဖြေ ... ”ဟု လေ့ကျင့်ရသေးသည်။ မိညိုက “မကြားပါဘူး”ဆိုရင် ပထမတော့ ဝမ်းကိုသာလို့ ... ။ နောက်မှ ... အဲ့ဟားမှာ မိညိုထက်အများကြီးပိုလည်မှာရယ် ... ဖုန်းကို တကယ်စကားပြောတာ မဟုတ်ဘဲ ကောက်ကိုင် ထားတာမို့ အော်တိုသံရှည်က မိညိုနားထဲမှာ ရှုပ်နေမှာရယ် ... တို့ကိုပြန်တွေးမိကာ ဝမ်းမသာနိုင်ပြန် ...။

မာလာ့စကားအရ အဲ့ဟားနှင့် တကျိကျိ ဖုန်းပြောဖြစ်နေသူမှာ “ရီတာ”ပဲဖြစ်ရမည်ဟု စကားက တစ်ထစ်ချသတ်မှတ်လိုက်ပြီးပြီ။ အဲဒီရီတာဟာ ခုလို သူတို့နှစ်ယောက်ရုံးသွားချိန်မျိုးမှာ လုံးဝဖုန်းလှမ်းမဆက်ဘူး ဆိုတော့ကာ ... စကားနှင့်တော့ ပတ်သက်စကားပြောချင်ဟန်မတူ၊ အဲ့ဟား သို့မဟုတ် ကိုကိုနှင့်သာ ပြောချင်တာက ... အဲဒီမှာ ကိုကိုနှင့် ပြောခွင့်မသာအောင် အဲ့ဟားက ကိုကို့ဆယ်လူလာကို ပိတ်

ထား:ခိုင်း တာနေမှာ ...။ ဒါဖြင့်ရင် သူနဲ့ကော ဘာလျှို့ဝှက်သော အကြောင်းအရာတွေနှင့် ဆက်လက်ဆက်သွယ်နေစရာ ရှိသလဲ။

သူကိုယ်တိုင် အကြောင်းရှာပြီး အလုပ်ကတောင် ထုတ်ပစ်တဲ့အထိ အရေးယူလိုက်ပြီးသား မိန်းမတစ်ယောက်နှင့် ရော ဘာလို့ အပြင်က အအေးဆိုင်တစ်ခုမှာ နှစ်ယောက်တည်း ချိန်းတွေ့နေစရာ အကြောင်းရှိသလဲ ...။

မကြာလိုက်ပါ ... သူတော်ကောင်းမို့ နတ်ကောင်းမ, ကာ ... ကြံစည်ထား:သည့်ကိစ္စမှာ ...စကား: အောင်မြင်လိုက်ပါသည်။ နောက်ရက်မျာပဲ အံ့ဖွား:တစ်ယောက် ပျာယာခပ်ကာ သူ့.ဘယ်လက်နှင့် ညာလက်တို့ ဖုန်းလုနေကြစဉ်၊ ကိုကိုကတော့ ရေချို:ခန်းထဲ ဝင်နေစဉ်မှာပင် ... စကား:က အပေါ်ထပ်မှ အောင်မြင်စွာပင် ဖုန်းကိုကောက်ကိုင်နိုင်လိုက်ပါသည်။

"ကိုအံ့ဖွား: ... ကျွန်မပဲ ..."

"မင်းကို ဖုန်းဆက်စရာ အကြောင်းမရှိဘူးလို့ ငါ ဘယ်နှစ်ခါ ပြောရမလဲ ..."

"အကြောင်းလည်း မရှိဘူး၊ ခု အဲဒီအိမ်မှာလည်း ဘယ်သူမှမရှိဘူး: ... ဒါပဲပြောမှာမဟုတ်လား: ... ဒါပေမယ့် ကျွန်မ တွေ့ချင်ပြောချင်တာက ကိုအံ့ဖွား:ပဲ ... ရတယ်"

"ဘာ ... ငါ"

"ဟုတ်ပါ့ရှင် ... နက်ဖြန်နေ့လယ် တစ်နာရီ ...

ကျွန်မကို ဟိုအအေးဆိုင်မှာ လာတွေ့."
"မင်းတရားလွန်လာပြီ ထင်တယ်နော် ..."
"မလာရင်နေပေါ့ ... ဒီလိုဆိုရင်တော့ ဟိုစာတွေ၊ ဓာတ်ပုံ တွေဟာ စာအိတ်လေးတစ်လုံးထဲ အသေပိတ် ထည့်ပြီး ဟိုတစ်ယောက်ဆီ ရောက်ပြီးသားပဲ ..."

စကားမှာ စိတ်ဝင်စားခြင်းကြီးစွာနှင့် အသက် ၅၂သံပင် ပြင်းလာရမလို ရှိသည်ကို မနည်းကြီးသတိထား၊ လက်ဝါးနှင့် ပိတ်အုပ်ထားရစဉ်မှာ ... တစ်ဘက်က မိန်းမက ဖုန်းကို 'ခွပ်'ခနဲပင် ဆောင့်ချသွားခဲ့ချေပြီ။ မနက်ဖြန်ဟာ ရုံးပိတ်ရက် မဟုတ်၊ ရုံးဖွင့်ရက်ကြီး၊ ရုံးချိန်တစ်နာရီမှာ သူတို့ ချိန်းတွေ့.ကြပြန် လေပြီ ... "ဟိုအအေးဆိုင်"တဲ့။ ဟိုအအေး ဆိုင်ဆိုတာ မာလာပြောတဲ့ အအေးဆိုင်ကလွဲလို့ ဘာရှိမှာလဲ။ ဒါဆို ခုဖုန်းဆက်သူဟာ နာမည်လည်းမပြော၊ အသံကိုလည်း သိပ်မမှတ်မိပေမယ် ဒါဟာရီတာမှ ရီတာအစစ်ပဲ ...။

ကိုကို ... ကိုကိုရယ် ... ရှင့်အံ့ပွားဟာ ဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေသလဲ ...။ ရှင်အလုံးစုံမျှားသိပါလေစ။ လေသံတွေအရ ကိုကို့အပေါ် အနှိုင်ရနေကျ အံ့ပွားဟာ အဲဒီမိန်းမနဲ့ကျတော့ (ကိုကို့.ဝင့်တွေလည်ပြီး) လေသံမာပေမယ့် အရှုံးတော့ ပေးနေရတာပဲနော် ...။ စကားစိတ်ထင်တော့ အံ့ပွားဟာ သူ ကိုကို့ဆီက အထွက်မှာ ရီတာနှင့်ပေါင်းကြံပြီး အဲဒီနေရာကို ရီတာ့ကို မရ,ရအောင်ထည့်ပစ်ခဲ့မည်။ ပြီးရင်တော့ သူ မကျေနပ်တဲ့ ကိုကိုရော၊ စကားပါ ဒုက္ခရောက်အောင် ရီတာ့ကို သူကြံခိုင်းခဲ့မှာပေါ့ ... ။ ပြီးကျမှသာ

စကား:က သူကိုလည်း သွား:ချော့ခေါ်ရော ... ကြီး:ကြီး:ဆီမှာလည်း "စကား:ရဲဆန္ဒအရ ...စကား:ကသာ လုပ်ခိုင်း:တာ" ဟုလည်း ခေါင်းစဉ်တပ်နိုင်ရော ... သူကိုယ်တိုင်ပဲ အနား:ကပ်ပြန်ဝင်လာပြီး မလိုအပ်တော့တဲ့ ရီတာကို ချောင်ထိုး:မည်။

ဒီမှာတင် ငုံမခံတတ်တဲ့ ရီတာက ထကြွသောင်း:ကျန်း:လာတာမို့ အပြစ်ရှာပြီး အလုပ်ကပါ ထုတ်ပစ်ခဲ့တာ နေလိမ့်မည်။ "ဘိန်း:ပစ်ဖမ်း" သလိုကို လုပ်ချင်လုပ်ခဲ့မှာမို့ ကိုကိုရော တခြား:အထက်လူကြီး:တွေပါ ဘယ်လိုမှ မကယ်နိုင်ဘဲ ထုတ်ပစ်ခဲ့ရတာ နေလိမ့်မည်။ သို့သော် ထွက်သာထွက်ခဲ့ရ ... အဲဒီ ရီတာမှာလည်း အံ့ပွား:အပေါ် ဘာနိုင်ကွက်တွေ ရှိမှန်း:မသိပါသွား: ခဲ့လို့ နေမှာပေါ့။ "စာတွေ၊ ဓာတ်ပုံတွေ"တဲ့။

အံ့ပွား:နဲ့ ရီတာတို့ရဲ့ အဆက်အသွယ်အထောက်အထား:အဖြစ် စာတွေ ဓာတ်ပုံတွေ ရှိနေတာမို့သာ အဲဒါတွေကို... ကိုကို့ထံရောက်အောင် ပို့လိုက်မည်ဟု ရီတာက ခြိမ်း:ခြောက်ရဲခြင်း: ဖြစ်မည်။ စကား:မှာ ရင်ထဲ တဒိတ်ဒိတ်ပင် ခုန်လာရကာ "မနက်ဖြန်နေ့လယ် တစ်နာရီ ... ဟိုအအေး:ဆိုင်" ဆိုတာကိုတော့ ဘယ်လိုမှ လက်လွှတ်မခံနိုင်တော့ပါပြီတည်း ...။

အံ့ပွား:ဟာ ကိုကို့အတွက် လိုကိုလိုအပ်တာတော့ မှန်ပါသည်။ ဒါပေမယ့် မြွေပွေး:ဆိုရင်တော့ ဘာလို့ခါး:ပိုက်ထဲ ထည့်ပိုက်ထား:တော့မလဲ ...။ စကား:ဘာသာ ပင်ပန်း:လို့ပဲ လဲသေသွား:ပါစေ။ တဖြည်းဖြည်း ကြီး:ထွား:အကောင်အထည်

ပေါ်လာပြီဖြစ်သော ဒီဗိုက်ကြီးပဲ ပွင့်ထွက်သွားပါစေ ... တခြားနည်းလမ်းရှာကာသာ ဖြေရှင်းရပါမည်။ အဲဒီမြွေပွေးကောင်ကိုတော့ အမြန်ဆုံး ခါးပိုက်ဆောင်ထဲမှထုတ်ကာ အစွယ်ချိုး ရိုက်သတ်ပစ်မှ ဖြစ်ပါလိမ့်မည်။

"မာလာရေ ... မာလာရေ ... ငါသူတို့ချင်း အချိန်း အချက် လုပ်ကြတာကို ကြားလိုက်ရပြီ ... နက်ဖြန် နေ့လယ် တစ်နာရီ ဟိုအအေးဆိုင်မှာပဲတဲ့"

မာလာဆီ ဖုန်းပြန်ဆက်တော့ မာလာ့မှာ အလွန် အမင်း စိတ်ရှုပ်ထွေး ကျပ်တည်းသွားသော လေသံနှင့် ...

"ဟယ် ... စကားရယ် ... တခြားနေ့ပဲ ဖြစ်လိုက်ပါတော့ ... နက်ဖြန် ငါ့မလဲကြည့်ဦး ... အကြီးကောင် ကကျောင်းက ဆရာကန်တော့ပွဲမှာ ကဗျာရွတ်ရမယ် ... အငယ်ကောင်က ... ကလေးအထူးကုနဲ့ အဲဒီနေ့လယ်ပဲ သူဆေးရုံမှာ ချိန်းထားတယ် ... အဲဒီမှာမှ ငါဟိုတလောက ဝယ်လိုက်တဲ့ ကားကိစ္စနဲ့... အမြတ်ခွန်ဝန်ထောက်က နေ့လယ်ဆယ့် နှစ်နာရီလောက် သူနဲ့လာတွေ့လည့်ပါတဲ့ ... ကဲ ... ကိုမျိုး လည်းမရှိ ... တစ်နေ့တည်း ဆုံနေကျတာ ... ငါ့မှာတစ် ယောက်တည်း ဘယ်နှစ်ကိုယ်ခွဲရမလဲတောင် မသိတော့ဘူး"

ကိုယ့်အဖြစ်ထက် သူအဖြစ်က ဆိုးနေသဖြင့် စကားမှာ မာလာ့ကို အအေးဆိုင်လိပ်စာလေးပဲ စုံစမ်းခိုင်းလိုက်ရတော့ကာ ... သူကိုပါ အတူခေါ်သွားပြီး သူကားကိုပဲ ကပ်သုံးဖို့ အစီအစဉ်ကိုပါ လက်လျော့လိုက်ရပါတော့သည်။

ကား ... ကား ...။ ကိုကို့ဒရိုင်ဗာနှင့် ကိုကိုကားကို မသုံးချင်။ အင်မတန်လျင်သော အံ့ပွားကြီးက ရိပ်မိသွားနိုင်သလို ... တစ်ခုခုဆို ရုံးမှာလည်း သတင်းပြန်မည်။

မေမေတို့အိမ်ကကားကိုလည်း ခေါ်မသုံးရဲ ...။ ဟိုတစ်ခါပြဿနာ မေမေ့ဆီ ရောက်သွားတုန်းက မေမေ့အကူအညီနဲ့ အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့တာမှန်ပါရဲ့. ...။ သို့သော် ဒီတစ်ခါမှာကျတော့ ကိုကို့အပေါ် မေမေတို့ စိတ်ကွက်မည် စိုးသဖြင့် "ရီတာ" ရုပ်လို့ စပေါ်ကတည်းက မေမေ့ကို အသိမပေးဘဲ သတင်းထိန်ချန်ထားခဲ့သည်ဖြစ်ရာ၊ ခုမှစပြီး အစက စရှင်းနေရမည့် အလုပ်ကိုလည်း မလုပ်ချင်ပါ ...။ စကားမှာ မာလာ့ကို ကိုယ်တိုင်ကားမမောင်းတတ်ဘဲ ကားတစ်စီး ရှိမနေတာ ဆိုးတာပဲ ...။

ကဲ ဘာဖြစ်သေးလဲကွာ ... တက္ကစီတစ်စီးစီးကို နာရီပိုင်းနဲ့ ငှားစီးသွားမှာပေါ့ ...။ သူစိမ်းတက္ကစီဆရာကိုလည်း ဘာမှမျက်နှာပူစရာ မလို ...။ "ဒီဗို့ကိ်တစ်လုံးနဲ့ မိန်းမ ... ငါ့ကား ငှားစီးပြီး ဘာတွေဗျာများနေပါလိမ့်" လို့ ထင်ချင်လည်း ထင်ပစေ ...။ ကိုကို့အတွက်၊ ပြီးတော့ စကားကိုယ်တိုင်အတွက်မို့ စကားမှာ ဘာကိုမှ မငဲ့နိုင်ပြီ။

"ကဲ ... ကဲ ... မစကား ... ထပါ ... ထပါ ... လူ မြင်လို့လည်း မကောင်းပါဘူး ... စာပွဲနဲ့ ဗိုက်နဲ့လည်း ဆောင့်မိ ပါဦးမယ် ... ထ ... ထ ... ဖြည်းဖြည်းထ... အဲ ... အဲ ... ချော်လဲဦးမယ် ... စားပွဲကိုကိုင်ပြီးမှ အားပြုပြီးထလေ ..."

စကားမှာ မြေကြီးပေါ်မှာ ဆောင့်ကြောင့်ဖြစ်နေသော ပုံစံမှ ... အပေါ်စီးကနေ လာရပ်ကြည့်ကာ ပြုံးချင်သလိုလို ... ရယ်ချင်သလိုလို ပုံစံကြီးဖြစ်နေသူကို နာကြည်းသော မျက်ဝန်း ကြီးများနှင့်သာ မော့ကြည့်နေမိပါတော့သည်။

"ထလေ ... မစကား ... စားသောက်ဆိုင် စားပွဲတစ်ခု အောက်မှာ ငုတ်တုတ်ထိုင်ချပစ်လိုက်တော့ တစ်ဆိုင်လုံး ကလည်း ကိုယ့်ကိုဝိုင်းကြည့်နေကြပြီး ... ရှက်စရာကြီးပဲ ... အဲဒီထက် ပိုဆိုးတာက ... ကိုယ်ဝန်ကြီးနဲ့ ပုန်းထိုင်ပစ် လိုက်တော့ အထဲမှာ ဗိုက်တွေ ဘာတွေ ခုကုန်ရင် ဘယ့် နယ့်လုပ်ပါမလဲ ..."

"အဲဒါ ရှင်ပူစရာ မလိုဘူး .. ရှင်ပူရမှာက ဟောဟိုမှာ ရှင်နဲ့ချိန်းတွေ့.ကြတဲ့ မိန်းမက ရှင့်ကိုလှမ်းကြည့်နေပြီလေ ... သွားပါတော့လား ... "

သူက စကားကို "ပုန်းသလေး ... ဘာလေး" အနိုင်ယူပြီး အထက်စီးကနေ "ငါသိပါတယ်ကွာ" ဟူသော

ပုံစံ ကြီးနှင့် လာပြောနေသောအခါ ... စကားကလည်း တမင်ပင် ... "ရှင်ဟို မိန်းမနဲ့ ချိန်းတွေ့ကြတာ ငါလည်းသိပါတယ်" ဟူသည့် ပုံစံကို စက္ကန့်မဆိုင်း ... ချက်ချင်းပင် ပြန်ချိုးပြလိုက်သည်။ သို့သော် သူကား စကားထင်သလို တုန်လှုပ်မျက်နှာပျက်သွားခြင်း မရှိပါ။

သူ ရီတာနှင့် ချိန်းတွေ့တာဟာပဲ အပြစ်တစ်ခုမဟုတ်သလို သူ့မျက်နှာမှာ ခပ်အေးအေးသာရှိလျက် ... လောလောဆယ်ဆယ် သူပူပန်စိုးရိမ်ရမည့်သူဟာ စကားသာပဲ ဟူသည့် အချိုးကိုသာ ချိုးပြထားပါသည်။ ဒါတောင် စကားကို ပူတာထက် ... သူ့ ကိုကိုရဲ့မျိုးဆက်သွေး ... ဗိုက်ထဲက ကလေးကိုသာ ပိုပူနေပုံက ထိန်းမရအောင် ပေါ်,ပေါ် နေသေးသည်။

စကားမှာ မတတ်နိုင်တော့သည့် အဆုံး ထိုင်ရာမှ စားပွဲကို အားပြုထရပ်ကာ ကုလားထိုင်ပေါ်မှာ ပြန်တက်ထိုင်လိုက်ပါသည်။ လုပ်တုန်းကတော့ မစဉ်းစား မဆင်ခြင်ဘဲ လျှပ်တစ်ပြက် စိတ်ကူးထဲပေါ်လာသလို လုပ်ချလိုက်မိပြီးမှ ခုတော့ သူပြောသလိုပင် "ရှက်စရာကြီး" ဟု ပြန်တွေးမိကာ စကားရဲ့ မျက်နှာလေးမှာ စွေးစွေးနီရဲပြီး အရှက်ကြီးရှက်နေရ ပါတော့သည်။

ဟုတ်ပါရဲ့ ... စကားရောက်နေတဲ့ ဆီချက်ဆိုင်ထဲ ကရော၊ ဟိုဘက်က အအေးဆိုင်ထဲကရော၊ ပလက်ဖောင်းဘေးမှာ ကပ်ရပ်ထားကြတဲ့ ကားများပေါ်မှာရော၊ စကားဌားစီးလာတဲ့ တက္ကစီးကားမှ ဒရိုင်ဘာတို့ပါမကျန် စကားကို

ဝိုင်း ကြည့်နေလိုက်ကြတာဆိုတာ ... မျက်လုံးပေါင်းတစ်သောင်း လောက်အောင်မှာ မျက်ရည်လွယ်သူဆို ငိုချင်းတောင် ချနိုင်လောက်ပါရဲ့။

"ဒီဆိုင်ထဲမှာပဲ ဆက်ထိုင်နေမလား ... ဒါမှမဟုတ် ဟိုဘက်က အအေးဆိုင်ထဲအထိပါ တစ်ခါတည်း လိုက်ခဲ့မလား ..."

အောင်မာ ... ပြောပုံကိုက ... "ငါကတော့ ဘာမှ မမှုပါဘူး" ဆိုတဲ့ အချိုးမျိုးပါလား။ စကားမှာ ကိုယ်ကချည်း လှိမ့်ပိမ့် အောက်နေရတာ ကြာလာတော့ အံ့ဖွားကိုတင်မကကံကြမ္မာကိုပါ ကျိတ်ပြီး ကျိန်ဆဲချင်လာသည်။ ရန်ကုန်ထဲတက္ကစီမောင်းစားနေပြီး ကားပါကင် (Parking) နေရာကောင်းတစ်ခုကိုမှရအောင် ကြိုးစားပမ်းစား ရှာမထိုးပေးနိုင်သောစကား ဖွားလာသည့် တက္ကစီဒရိုင်ဘာကိုပါ ကျိန်ဆဲသည့်အထဲထည့်ရဦး မည်။

ဘယ်နယ့် ... အအေးဆိုင်ထဲက လူနှစ်ယောက်ကို ချောင်းချင်ပါသည်ဆိုမှ အဲဒီအအေးဆိုင်ရှေ့ မျက်စောင်းထိုး ကလေးလောက်မှာတင် ကားရပ်ရန်နေရာလွတ် ပေါ်နေပါရက် ... ရအောင်မထိုးတက် ...။ ချိတ်မလိုလို ... ပြုမလိုလို နှင့် ဟန်ပြင် နေဆဲ ခပ်သွက်သွက်တစ်ဦးက နေရာဝင်ဦးသွားသောအခါ ... တစ်ပတ်ကြီး ကွေ့ပတ်ပြန်မောင်းရတော့ပြီး ... အအေးဆိုင်နဲ့ နီးနီးနားနားမှာ နေရာလွတ်က မကျန်တော့။

တကယ်ဆို ခုနနေရာကို သာရရင် စကားမှာကားပေါ်ကတင် (မသကာ မျက်မှန်အနက်လေးဘာ လေး

လောက် ထုတ်တတ်ပြီး) ဟန်မပျက်လေးပဲ ချောင်းနိုင်မှာပေါ့ ...။ ခုတော့ အဝေးကြီးမှာ သွားရပ်ရသောအခါ ဘာမှမမြင်ရမယ့်တူတူတော့ စကားက အရဲစွန့်ပြီး အအေးဆိုင်နဲ့ကပ်ရက်က ဆီချက်ဆိုင်ထဲကို ရောက်လာရတော့တာပေါ့။ အမယ် ... ကားပါကင်နေရာကိုသာ အလုအယက်ယူဖို့ မတတ်တာ ... သူ့တက္ကစီဖိုးကို မပေးဘဲ စကားက လစ်ပြေးသွားမှာစိုးလို့ စကားနောက်က တကောက်ကောက် ကပ်လိုက်လာပြီး ဆီချက်ဆိုင်ရဲ့ တခြားစားပွဲတစ်လုံးမှာ လာဝင်ထိုင်နေဖို့ကိုကျတော့ တယ်သိ။

အအေးဆိုင်ရောဆီချက်ဆိုင်ပါ ဆိုင်ရှေ့မျက်နှာ စက လူသွားလမ်း ပလက်ဖောင်းတွေပေါ် ရောက်လုလုထိ စားပွဲတွေကို ထွက်ချခင်းထားကြ သည်ဖြစ်ရာ ... စကားမှာ အပြင် မှာခင်းထားသော စားပွဲတစ်လုံးမှာ မကွယ့်တကွယ် ဝင်ထိုင်လိုက်ရင်ပဲ အအေးဆိုင်ထဲက အထဲစားပွဲတစ်ခုမှာ

သို့သော် စကားကသာ ကိုယ့်အထင်နှင့်ကိုယ် စကားထိုင်လိုက်သော စားပွဲနှင့် အံ့ပွားတို့ ရှိနေကြသည့် နေရာဟာ မကွယ့်တကွယ် ... စကားကပဲ မြင်နေရပြီး စကားကိုတော့ လှမ်းမမြင်နိုင်လောက်ပါ ... ဟု ဟုတ်လှပြီ မှတ်နေတာ ... တကယ် တမ်းကျတော့ စကားထက်နှစ်ဆလောက် လျင်သော အံ့ပွားက မပီမရိစကားကို တန်းတန်းကြီး ပင်တွေ့နေနိုင်ပြီး ... စကားရှိရာ ဆီချက်ဆိုင်ထဲသို့ တလျှောက်လာခဲ့တော့တာပါ။

တဖြည်းဖြည်းချင်း နီးလာသော အဲပွားမှာ ကိုယ့်ဆီ ကိုသာ လာနေတာပဲဆိုတာကို စကား:က ရိပ်မိလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကြံ့မိကြံ့ရာ (လွတ်မျာ:လွတ်ဦး:မလား: လို့ပါ) ထိုင်နေရာက ဖြုန်:ခနဲ့ထပြီး: စား:ပွဲအောက်သို့ ဝုန်း:ခနဲ့ ပုန်း:ပုထိုင်ပစ် လိုက်မိသည်မှာ သူပြောသလိုပင် ဗိုက်ထဲကတောင် ခုတုတ် ဖြစ်သွား:မိပါရဲ့ ...။ ခုတော့ အရှက်ရရတာကလွဲရင် ဘာမှမထူး: ...။ (ပြီး:ကျတော့ စကား:က ရုပ်ဖျက်သည့်အနေနှင့် သနပ်ခါး: ခပ်ထူး:ထူး: ... ပါး:ကွက်ကြား:ကြား:ကြီး:တို့ကိုပါ လိမ်း:ခြယ်လာသေး: သည်ဖြစ်ရာ ခုချိန်မှာတော့ အဲဒါတွေအတွက် ကိုယ့်ရုပ်ပဲပျက်ရရဲ့ ... ပိုပြီး: ရှက်စရာကောင်း:ရရဲ့သာ ဖြစ်နေပါတော့သည်။)

"အကောင်း:ပြောနေတာ ... ကျွန်တော်နဲ့ ရီတာနဲ့ ဘာတွေပြောကြမယ် ဘာတွေလုပ်ကြမယ်ဆိုတာကို သိချင်နေတယ် မဟုတ်လား: ... ဟိုဘက်ဆိုင်ထဲပဲ တစ်ခါတည်း လိုက်ခဲ့လိုက်ပါတော့ ... မစကား: ရောက်လာတာလည်း: ကောင်း:ပါတယ်... ကိစ္စတစ်ခုက ပေရှည်မနေဘဲမြန်မြန်ပြီး:ပြတ်သွား:တာပေါ့ ..."

သူကတောင် မျက်နှာပြောင်တိုက်ကာ ခေါ်ဝန့်သေး:လျှင် စကား:ကရော ဘာလို့မျာ: မလိုက်ဝန့် ဖြစ်နေရဦး:မှာလဲ ...။ အခွင့်အရေး:တစ်ခုဆိုတာ နှစ်ခါမရနိုင်ပါဘူး။ ကိုယ်သိချင်တာ တစ်ခုအတွက် သူ့.လိုပဲ မျက်နှာပြောင်တိုက်စုံစမ်း:သင့် စုံစမ်း:ရမှာ ပဲ... ။ စကား:ရောက်လာသည့်အတွက် အတူထိုင်ဖြစ်ကြမည့် စားပွဲဝိုင်း:မှာ သူတို့ရဲ့ တကယ်လျှို့ဝှက်

ချက်တွေကို ထုတ်မပြော ကြတော့တာမျိုးလောက်တော့ ဖြစ်နိုင်တာပေါ့ ...။ ဒါပေမယ့် သိပ်အရေးမကြီး ... အဝေးက ချောင်းရင်လည်း ကြားရတာမှ မဟုတ်တာ။ သူတို့နှစ်ယောက် အဆက်အစပ် ရှိကြတယ်ဆိုတာ စကားသိထားတယ်ဆိုရင်ပြီးပြီ။

စကားတို့နှစ်ယောက် ထိုင်ရာက ထလိုက်ကြသော အခါ သူ့တက္ကစီခအတွက်ပဲ အလွန်တရာ စိတ်ပူနေသည့် တက္ကစီ ဆရာက အပြေးပင် ရောက်လာပြန်ကာ ...

"အစ်မ ကားက ဆက်ငှားဦးမှာလား ... မငှားတော့ရင် ..."

"ငှားမှာပေါ့ ... ဘယ်လိုဖြစ်နေလဲ ... မပြီးမချင်း စောင့်ပါ လို့ ပြောထားတဲ့ဟာကိုပဲ ..."

တက္ကစီဆရာ ပြန်ထွက်သွားသော် ဆရာ မလုပ်ရရင် မနေနိုင်သူက တစ်ဖန် ...

"တက္ကစီဒရိုင်ဘာတွေနဲ့. ရန်ဖြစ်ချင်တာ မကောင်းဘူးနော် ... အေးအေးဆေးဆေး ပုံမှန်ဆက်ဆံတာပဲ ကောင်း မယ်... ကိုယ်ကသွားပြီး မထိခလုတ် ထိခလုတ်နဲ့ ဟောက် ဟန့်ထားရင်... ကိုယ်တစ်ယောက်တည်း အဖော်မပါ ဘာမပါနဲ့ သူနဲ့နှစ်ယောက်တည်းစီးပြီး ပြန်ရဦးမှာ ... ကိုယ် အသက်က သူလက်ထဲမှာ ..."

"အို ... စိတ်ကမရှည်နိုင်တော့ဘူ ... သူလုပ်လို့ စကား ရောက်လာတာ ရှင်သိသွားတာ ... ဒီဆိုင်ရှေ့ကနေရာ လွတ်ကို ရအောင်ရပ်ပေးပါဆိုတာကို အသုံး

ကမကျတာ သူများဦးသွားကတည်းက ဒင်းကို စိတ်ကတိုနေတာ..."

"ဒါဆိုရင်တော့မှားပြီး ... မတိုနဲ့.တော့ ... ကျေလိုက်တော့ ... သူ.ကြောင့်သူ့ညံ့လို့ ကျွန်တော်သိတာမှ မဟုတ်ဘဲ ... မနေ့တည်းက ဖုန်းခိုးနားထောင်တည်းကသိလိုက်ပြီးသားပဲဟာ"

"ဟင် ... ရှင် ... ရှင် ..."

"ဟုတ်တယ် ... မစကား မသိအောင် လိုက်,လိုက်ဖုံးအုပ်ပြီး လျှို့.ဝှက်နေရတဲ့ကိစ္စဟာ မစကားသိသွားရင်ကော ဘာဖြစ်သေးလဲလို့ စဉ်းစားလိုက်တော့ ဘာမှသိပ်မဖြစ်လောက်ပါဘူးဆိုတဲ့ အဖြေကိုပဲရတယ် ... သိသွားပြီဆို တာနဲ့ ဒီပြဿနာက ဖြေရှင်းပြီးသားလည်းဖြစ်သွားမှာပဲ ဆိုတော့ ပိုတောင်ကောင်းသေးတယ်"

စကားက အံ့ပွားကို နားမလည်နိုင်တော့သော အကြည့်မျိုးကြီးနှင့်သာ ကြည့်နေမိပါတော့သည်။ သူမျက်နှာဟန်ပန်အရ ဆိုရင်တော့ သူဟာ ဘာမဟုတ်တာ တစ်ခုကိုမှ မကျူးလွန်မယ့် တကယ်လူကောင်းတစ်ယောက်ရဲ့. မျက်နှာနဲ့ပေါ့ ... ဒါပေမယ့် စကားက အဲဒီဟန်ပန်၊ အဲဒီမျက်နှာကြီးကိုပဲ မယုံနိုင်တာက ခက်သည်။

သူက အအေးဆိုင်ရှေ့သို့ ရောက်သည်နှင့် ဆိုင်ထဲ တိုက်ရိုက်ဝင်မသွားသေးဘဲ ပလက်ဖောင်းပေါ် မှာတင် ခေတ္တရပ်တန့်လိုက်ကာ ...

"ရိတာက ကိုကိုကို အတော်မျှော်မှန်းတယ် ... ဖြစ်

နိုင်ရင် ကိုကိုကသာ ဝါသနာပါရင် အငယ်အနောင်း လုပ်ရဖို့ လည်း သူက ဝန်လေးမှာမဟုတ်ဘူး”

စကားမှာ ကိုယ်တိုင်က အဲလိုပဲထင်ပြီးဖြစ်ပါရက် သူနှုတ်ဖျားမှ ထပ်ကြားလိုက်ရသောအခါ ဒိန်းခနဲပင် ဖြစ်ရပြန် သည်။

“ခက်တာက ကိုကိုကလည်း လူတစ်ယောက်ကို အလုပ်နဲ့ ပတ်သက်လို့ တစ်နေရာရာလောက်မှာ သဘောကျစရာ တွေ့ပြီဆိုရင် အခြားနေရာတော်တော်များများမှာပါမျက်စိ မှိတ်ပြီး လိုက်ယုံပစ်လိုက်တတ်တဲ့ သဘောမှာရှိတယ်”

စကားက မထိန်းနိုင် မသိမ်းနိုင်ပင် ... “အဲဒါကြောင့် ပဲရှင်ကိုလည်း သိပ်ယုံနေတာပေါ့ ...”ဟု လွှတ်ခနဲပင် ပြောလိုက် ပါသည်။ ဒါကို သူက ဘာမှမဖြစ်သည့်ပြင် “ဟုတ်တာပေါ့” ဟု ခေါင်းညိတ်၍တောင် ထောက်ခံလိုက်သေးသည်။

“ရီတာက ခြေလှမ်းကျယ်လာတယ် ... ကိုကို့ဘေးက ခွာသွားရတော့ အတင်းပြန်ကပ်ဖို့ ကြိုးစားရင်းက မဟုတ် တမ်းတရား သတင်းလျှောက်လွှင့်တာ တွေဘာတွေပါ ပါလာလို့ ... ကျွန်တော် ကိုကိုနဲ့ တိုင်ပင်ပြီး အလုပ်ကပါ ထုတ်ပစ်လိုက်ရတော့တဲ့အထိပဲ ... အဲဒီမှာ သူက ကိုကိုနဲ့ သူနဲ့ပတ်သက်ဖူးတဲ့ စာတွေ ဓာတ်ပုံတွေ သူ့ဆီမှာ လက်ဆုပ်လက်ကိုင်ပြစရာ ရှိတယ်ပေါ့။ အဲဒါတွေ မစကားဆီ ရောက်သွားစေချင်သလားဆိုပြီး

ကိုကိုနဲ့. ကျွန်တော်ကိုခြိမ်းခြောက်တော့တာ ... ”
“ဒါ ... ဒါဖြင့် ကိုကိုနဲ့. သူနဲ့.က တကယ်ပဲ ...”
“ကျွန်တော်တော့ သူ့.ကို ယုံကိုမယုံဘူး ... ကိုကိုက လည်း လုံးဝငြင်းတယ်...ကျွန်တော်က ကိုကိုကိုတော့ ယုံတယ် ...”
စကားမှာ သူတို့နှစ်ယောက်ရဲ. ယုံကြည်ချစ်ခင်ခြင်း ကိုတော့ အောသာချလိုက်ချင်ပြီ ...။
“ဒါဖြင့်ရင် သူက စာတွေ့ ဓာတ်ပုံတွေ့ ဆိုတာက ဘယ်က ရမှာလဲ ...”
“အတုတွေ့ဖြစ်ဖို့များတယ် ... ရှိချင်မှလည်းရှိမယ် ... ဘာပဲ ဖြစ်ဖြစ် အတုတွေ့ပဲ သူလက်ထဲမှာ ရှိနေတယ် ဆိုရင်တောင် အန္တရာယ်ကတော့ကြီးတယ် ... သူက ညှိနှိုင်းချင်ပါတယ် ဆိုတာကို လက်မခံလို့မဖြစ်ဘူး ...”
“သူက ဘာတောင်းဆိုတာလဲဟင် ...”
“အဓိက,ကတော့ ကိုကို.ကိုပေါ့ ...”
“ဘုရား ... ဘုရား ... ဘယ်ဖြစ်နိုင်ပါ့မလဲရှင့်”
“ဟုတ်ပါတယ် ... မဖြစ်နိုင်ပါဘူး ... ကိုကို.ကိုမှ မရနိုင်ရင်တော့လည်း ... အလုပ်ထွက်ရတဲ့ အတွက်ရော၊ အခြားကိစ္စဝိစ္စအသီးသီးအတွက်ရယ်ပါ... လျော်ကြေးပေါ့ ... ဒါပါပဲ ”
“ဒီလောက်ဆိုးဝါးနေတဲ့ ကိစ္စကြီးကိုတောင် ကျွန်မကို ဖုံးကွယ်ထားဖို့ ရှင်တို့ကြံရွယ်ကြသေးတယ်နော် ... ဒါဆို ရှင်နဲ့ ကိုကို ခုတလော ဖြစ်,ဖြစ်နေကြတဲ့ တိုးတိုး

ကျိတ် ကျိတ်ကိစ္စတွေဟာ ...”

“ဒီတစ်ခုတည်းကြောင့်ပါပဲ ... ကိုကိုကတော့ မစကား စိတ်ဆင်းရဲမှာကြောက်တယ် ... ကျွန်တော်ကတော့ ဖုံးထားရတယ်ဆိုတဲ့ကိစ္စမျိုးဟာ ဘယ်တော့မှ မပြီးတော့ ဘူး ... သိလိုက်ပြီဆိုတဲ့နေ့မှာ ဒါဟာပြီးသွားပြီ၊ အေးအေး ဆေးဆေးပဲလို့ ယူဆတယ် ...”

စကားက စူးရှတောက်ပြောင်သော သူ့မျက်ဝန်းတစ်စုံကို တမင်ရင်ဆိုင်ပြီး ကြည့်ပစ်လိုက်သည်။ ခုသူပြောနေတာ တွေဟာ အမှန်တွေချည်းပဲမှ ဟုတ်ရဲလား ...။ သူနဲ့ ရီတာတို့ ပေါင်းကြံခဲ့ကြပြီးမှ ခုမှ လူမိသွားလို့သာ စကားတွေ တစ်မျိုးပြောင်းပြောလိုက်တာမျိုးလည်း ဖြစ်နိုင်တာပဲလေ။ ဘာပဲဖြစ်ဖြစ်ပါ။ ဒီလောက်သိထားရရင်ကိုပဲ စကားအတွက် အတော်ကြီး တွက်ချက်နိုင် စဉ်းစားနိုင်လောက်ပါပြီ။ ကိုကို့ကိုပြန်မေးကြည့်ရင်လည်း ရတာပဲ ...။ စကားက အကဲခတ်လို့ဝလျှင် ... လုံးဝမျက်နှာမလွဲ အပြုံးလိုက်ကြည့်နေတော့သော သူမျက်လုံးများဆီမှ မျက်နှာပြန်လွဲလိုက်ကာ ...

“ရှင်ဆီက ဒီလိုစကားမျိုးကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ် ... နောက်များမှာလည်း ရှင်တို့ဆရာတပည့် နှစ်ယောက် ဘာပဲဖြစ်ဖြစ်... ကျွန်မသိကိုသိသင့်တဲ့ ကိစ္စ မျိုးပါလာခဲ့ရင် ဖုံးကွယ်မထားကြဘဲသိခွင့်ရလိမ့်မယ်လို့ပဲ ကျွန်မယုံကြည်ပါတယ်”

ချည်တုတ်လိုက်သော စကားကို အံ့ပွားကပြုံးချင် ရယ်ချင်သွားပုံရသည်။ ဒီနောက်မှာတော့ စကားနှင့်

အံ့ပွား:တို့ ဆိုင်ထဲသို့ ဝင်လာခဲ့ကြလေတော့သည်။ ဆိုင်ထဲမှာ ထိုင်စောင့်ကျန် ရစ်စသော ရီတာမှာ အအေးဆိုင်ကနေ ဆီချက် ဆိုင်ထဲထိ လှမ်းမြင်နိုင်ဟန်မရှိသဖြင့် စကား:ကို ဘယ်သူ ဘယ်ဝါမှန်း:သိခဲ့ဟန် မရှိ ...။ စကား:နှင့် အံ့ပွား:တို့ နှစ်ယောက် အအေး:ဆိုင်ရှေ့.မှာ ခပ်ကြာကြာ မတ်တတ်ရပ်ပြီး: ဆွေး:နွေး: ပြောဆိုနေပြန် တော့လည်း: မျက်မှန်အနက်နှင့် ပါ:ကွက်ကြား: နှင့် ဖြစ်နေသော စကား:ကို (တစ်ခါတည်း:သာ မြင်ဖူး:ထား: သဖြင့်) ဇဝေဇဝါဟန်နှင့် မှတ်မိနိုင်ပုံ မရှိပေ ...။

သို့သော် သူတို့ထိုင်နေကြသည့် စား:ပွဲသို့ရောက် ရောက်ချင်း:ပင် စကား:က မျက်မှန်ကိုချွတ်ရင်း: နဖူး:ထက်မှ လှန်ပင့်တင်ပစ်လိုက်သောအခါ သူက စကား:ကို လုံး:ဝဥဿုံ ပင် မှတ်မိသိရှိသွား:လေပြီ။ ရီတာရဲ. မျက်နှာမှာ ဖြန်း:ခနဲ နီရဲသွား:ကာ အရမ်း:ဒေါသထွက်သွား:ပုံလည်း: ရပါသည်။ အံ့ပွား:ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပုံမှာ ဖြစ်နိုင်ရင် ခုချက် ချင်း:တောင်မှ လည်ပင်း:ညှစ်ပြီး: ထသတ်ပစ်လိုက်ချင်ဟန် အပြည့်နှင့် ...။ အံ့ပွား:ကိုသတ်ပြီး:ရင်တော့ စကား:ကိုလည်း: ချန်ထား:မည့်ပုံမပေါ် ... သူကြည့်ရတာ ဘာမဆို လုပ်ချပစ် လိုက်ချင်ပုံကြီး:နှင့် ဖြစ်နေတော့သည်။

"ကိုအံ့ပွား: ... ရှင် ဒါဘာလုပ်တာလဲ"

နောက်ဆုံး:တော့ သူကြည့်ရတာ ဘယ်လိုမှ ထိန်း:ချုပ်နိုင်တော့ဟန် မတူ ...။ ဘေး:ပတ်ဝန်း:ကျင်ကို နည်း:နည်း: အကဲခတ်လိုက်ကာ အံကြိတ်သံနှင့် မေး:လိုက်လျှင် အစစအရာရာ အသာစီး:ရပြီး:နေပြီဖြစ်သည့် အံ့ပွား:က ...

"ရီတာ ... မင်းစာနဲ့ ဓာတ်ပုံတွေပြချင်တယ်ဆိုလို့ ... တစ်ခါတည်း ပြလိုက်လို့ရအောင် ငါ မစကားကို ခေါ်လာ လိုက်တယ် ... ကဲ ... ပြချင်တာကို ပြသာပြပေတော့ အချိန်ဆွဲမနေနဲ့ ... မစကားမှာ အချိန်သိပ်မရှိဘူး ..."

ရီတာက စကားကိုတစ်လှည့် အံ့ဟားကိုတစ်လှည့် အပြန်ပြန် အလှန်လှန် ကြံရာမရ ကြည့်နေပြီးလျှင် နောက်ဆုံး အကြံကောင်းတစ်ခု ထုတ်နိုင်သွားသလို ပြုံးလိုက်ကာ ...

"တော်ပြီ ... မပြတော့ဘူး ... ကျွန်မ အဲဒီဓာတ်ပုံတွေကို ဦးရဲသွေးဆီပဲ ပို့လိုက်တော့မယ် ..."

ဦးရဲသွေးဆိုသည်ကား "စကားဝါသွေး"၏ ဖခင်ကြီးပင်တည်း။ စကားမှာ ရုတ်တရက် တုန်လှုပ်သွားရကား စိတ်မထိန်းနိုင်လိုက်ဘဲ ... "ရှင်တော်တော်ယုတ်မာတဲ့ မိန်းမပါလား" ဟု လွတ်ခနဲ အော်လိုက်မိပါသည်။ စကားဘက်က မတည်ငြိမ်နိုင်ဘဲ စိတ်လှုပ်ရှားသွားပြီးဆိုတာကိုသိလျှင် စောစောက ကြံရာမရ ဖြစ်နေသော ရီတာ၏ မျက်နှာမှာ ပထမဦးဆုံးအကြိမ် စတွေ့စကလိုပင် တာဝတိံသာထက်က မျက်နှာမျိုး ပြန်ဖြစ်သွားခဲ့လေပြီတည်း။ စကားကို သတိပေးဖို့ ဘယ်လိုမှ မမီလိုက်သော အံ့ဟားမှာတော့ စိတ်ပျက်လက်ပျက်ကြီးပင် ဖြစ်သွားရကာ ...

"မင်း အပိုတွေ ပြောမနေနဲ့ ... မင်းဆီမှာ အဲဒီစာတွေ ဓာတ်ပုံတွေဆိုတာ ရှိသလား ... မရှိဘူးလား ... ရှိရင်ပြ ... ငါစိတ်ကျေနပ်လောက်အောင် စစ်ဆေးပြီး

လိုအပ် တယ်ထင်ရင် မင်းလိုချင်သလောက် ထုတ်ပေးဖို့ ငါ ဝန်မလေးဘူး ...”

“ဟာဟာဟ ... ကိုယ်လိုဘတစ်ခုလေးပဲ ကွက်ကွက်လေး ပြောတက်လိုက်တာ ဦးအံ့ပွားရယ်... ရှင့်အမိန့်ပေးသလို လိုက်လုပ်ဖို့ ကျွန်မလာခဲ့တာမဟုတ်ဘူး ... အစကတော့ ရှင့်ကို စိတ်ကောင်းလေးမွေးပြီး အဲဒါတွေအားလုံး ပြန်ပေး လိုက်ဖို့ပါပဲ ... ဒါပေမယ့် ရှင်ကမဟုတ်တဲ့လူတွေကိုပါ ခေါ်ချလာတော့ ကျွန်မဘက်ကလည်း ရှင်ဘယ်လိုညှိညှိ ကျေအေးဖို့ လုံးဝစိတ်ကူးမရှိတော့ဘူး ... အဲဒါတွေကို အချိန်လေးဆွဲပြီး ဦးရဲသွေးဆီ တစ်ခုချင်းမျှင်ပြီး ပို့ကိုပို့မယ် ... ဟင်း ဟင်း ဟင်း”

အံ့ပွားက ရီတော့ကို မျက်တောင်မခပ်စတမ်း စိုက်ကြည့်နေသည်။ စကားမှာတော့ ဘယ်လိုမှ ငြိမ်သက်မနေနိုင် တော့။ အတုပဲဖြစ်ဖြစ်၊ အစစ်ပဲဖြစ်ဖြစ် အဲဒီသက်သေသာဓက တွေသာ ဖေဖေ့ဆီ ရောက်သွားခဲ့ရင် ကိုယ်တိုင်ကတည်ကြည် သလောက် အင်မတန်မှ စိတ်ကြီးတတ်သော ဖေဖေဟာ ကိုကို့ကို လုံးဝခွင့်လွှတ်နိုင်မည် မထင်ပေ ...။ အဲဒီလိုသာဆိုရင် စကားတို့ရဲ့. အိမ်ထောင်ရေးဟာလည်း လုံးဝဥဿုံ သွားပြီပေါ့ ...။ စကားက “ကိုအံ့ပွား”ဟု အသံတုန်တုန်နှင့် သတိပေးလိုက်ပြန်သည်။ အံ့ပွားကတော့ စကားကို ဂရုမစိုက်သည့်ပြင် ရီတာကို သည်းကြီး မည်းကြီး စိုက်ကြည့်နေရာမှ တစ်ချက်တောင် လွှန်ခနဲ ပြုံးလိုက်သေးကာ ...

"ပို့လိုက် ... ရတယ် ... မင်းမှာရှိနေတာတွေ တစ်ခု မကျန် ... ပို့ချင်တဲ့လူဆီကိုသာ ပို့ချလိုက်ပေတော့"

ရီတာရော စကားပါ နှစ်ယောက်လုံး ပါးစပ် အဟောင်းသားတွေနှင့် ဖြစ်သွားကြရသည်။ အံ့ဖွားမှာသူ့ကို လိုက်မမီသော မိန်းမနှစ်ယောက်ကို သူက ဂရုစိုက်မနေပါ။ စကားဘက် လှည့်ကာသာ ... ခပ်တည်တည်နှင့် "ပြန်ကြစို့ မစကား" ...တဲ့။ စကားမှာ တစ်ကိုယ်လုံးတောင် တုန်ရီချင်သွား ရတော့သည်။

"ဘာလို့ပြန်ရမှာလဲ ... မပြန်ဘူး။ ရှင့်ဘာသာ ပြန်ချင် ရင်ပြန် ..."

"မဟုတ်ဘူး ... ပြန်လို့ရပြီ ..."

"လုံးဝမပြန်ဘူး"

အံ့ဖွားရဲ့ ပြတ်သားမှုမှာ အဝိုက်မိ မျက်နှာပျက် သွား ခဲ့သော ရီတာမှာ စကားနှင့်အံ့ဖွားတို့ ဆန္ဒတွေ မညီဘဲ စည်းဝါး မကိုက် ဖြစ်နေကြသောအခါမှာတော့ သူရုပ်က ပြန်ပြီးသရော် ကမော်နိုင်လာပြန်သည်။ အဲဒီရုပ်ကို စကားက လန့်သည်လေ ...။

"ဒီမှာရီတာ ... ရှင် ကျွန်မနဲ့ဆက်ညှိနိုင်ပါတယ် ... ဖေဖေ့ ကိုတော့ သွားပြီးတော့ စိတ်အနှောင့်အယှက် မပေးစေချင်ဘူး"

အံ့ဖွားက စိတ်မရှည်နိုင်တော့သလို 'ဟာ'ခနဲ တစ်ချက် ခပ်ရှည်ရှည်အော်ညည်းလိုက်ကာ ထိုင်ရာမှဝုန်းခနဲ ထရပ်လိုက်သည်။ ပြီးတော့မှ ချက်ချင်းပင် စကားဘယ်လိုမှ

မျော်မှန်းမထား မိခင်မှာ စကား၏ လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်ပစ်လိုက်ကာ စကားကိုပါ ထိုင်နေရာကနေ ထရပ် စေလိုက်၏။

"ဟင် ... ရှင် ...ရှင် ... ဒါ ဘာလုပ်တာလဲ"

ပုံစံကိုကြည့်ရုံနှင့် သူရှုံးတော့မည်ဆိုတာကို ရိပ် မိလိုက်ပုံရသည့် ရီတာက မနိုင်နိုင်အောင်ပင် နောက်ဆုံးတိုက် ကွက် တစ်ခုကို ထုတ်သုံးလိုက်ပြန်သည်။

"သူဌေးကတော်ရဲ့ လက်ကို သူဌေးရဲ့ အပါးတော်မြဲ ကဆွဲလား ယမ်းလား ဖြစ်နေတာ အတော်ကြည့်ကောင်း တဲ့ အကွက်ပဲ"

ရီတာစကား ကြောင့် စကားက ကိုယ့်လက်ကို အံ့ပွား၏ လက်ကြီးထဲက အတင်းလှုပ်ခါကာ ရုန်းထွက်သည်။ သို့သော် ရုန်းလေနာလေ ... ပြုတ်တူလို သန်မာလှသော ဆုပ်ကိုင် အား ကတော့ နည်းနည်းမှ မလျော့ပါချေ ...။

"ကြည့်ကောင်းတယ် ထင်ရင်လည်း အဲဒီအချက်နဲ့ လုပ်စား ဖို့ အကွက်ထပ်ထွင်ရင် ထွင်ကြည့်ဦးပေါ့ ... ကိုကို မသိမှာ ကတော့ မပူနဲ့ ခုပဲ ရုံးပြန်ပြီးသွားပြော ပြမှာပဲ"

သူစကားဆုံးသည်နှင့် အံ့ပွား က ဆိုင်ထဲမှ ခြေ လမ်းကျဲများနှင့် ထွက်ခွာတော့လေရာ သူ, မလွှတ်တမ်း ဆုပ် ကိုင်ထား သည့် စကားမှာ သူ့နောက်ကနေ (ကိုယ့်ဗိုက်ကို တခြား စား ပွဲကုလား ထိုင်များနှင့် မထိအောင် မနည်းကြီး ကြည့်ရှောင်ရရင်း ယက်ကန်ယက်ကန်နှင့်သာ ပါလာရပါ

တော့သည်။ အတင်းကာ ရော ရန်းကန် ငြင်းဆန်လျှင် ကိုယ်ပဲ အရှက်ရ နာကျင်ရဦးမည် ဖြစ်ရာ ... စကားမှာ သူကိုသတ်ချင် ဖြတ်ချင်မတတ် ဒေါသတွေ ထွက်နေပါသော်လည်း မငြင်းဆန်သာ ...။ သူက (အိမ်က) ကားရပထားရာထိ ဆွဲခေါ်လာပြီး ကားတံခါးဖွင့် ... ကားထဲပါ ထိုးကျိတ်မတတ် ထည့်ပေးသည်အထိ သူပြုသမျှသာနှပြီး ငြိမ်ခံနေရတော့သည်။

သူကတော့ အေးအေးဆေးဆေးပင် ...။ စကား ကားထဲရောက်သွားသည်နှင့် အခြေအနေကြည့်ကာ ပြေးလာပြီး စောဒကတက်ဖို့ ဟန်ပြင်နေသည့် တက္ကစီဒရိုင်ဘာကို ခေါ်ကာ ပိုက်ဆံရှင်းသည်။ ပြီးတာနဲ့ ကားထဲဝင်ထိုင်ကာ အေးအေးပင် မောင်ထွက်လာလေသည်။ လမ်းကျမှ စကားကို နောက်ကြည့်မှန်က တစ်ချက်လောက်သာကြည့်ကာ ...

"သူမှာ ဘာအထောက်အထားမှ မရှိဘူး ... အတူတောင်မရှိဘူး ... မပူနဲ့"

စကားက အံကြိတ်ထားကာ ဘာမှပြန်မပြော၊ ကိုကိုဆီ သွားနေတာဆိုတာကို သိသဖြင့် ကိုကို့ရှေ့မရောက်မချင်း အစွမ်းကုန် ကျဆင်းယိုစီးချင်နေသည့် မျက်ရည်တို့ကိုမကျမိအောင် အတင်းအားတင်းထားသည်။

"အကယ်၍ မစကားအဖေဆီ တစ်စုံတစ်ခု ရောက်သွားခဲ့မယ်လို့ထင်နေရင် ...ကျွန်တော်က ကျွန်တော့် အသက်နဲ့ထပ်ပြီး လောင်းချေးထပ် စိန်ခေါ်ရဲပါတယ် ... ဘာမှမဖြစ်စေရဘူး"

တကယ်တမ်း ရောက်သွားခဲ့ရင်ကော သူကို

ဘယ်သူက တကယ်သတ်ရဲမှာလိုက်လို့ ... ဒီအချက်နဲ့ပဲသူ
ကစိန်ခေါ်ဝန့်တာ နေမှာပေါ့။ ကိုကို့ရုံး ... ကိုကို့ရဲ့အခန်း
ထဲ ရောက်သည်ထိ အတန်တန် စိတ်ထိန်းထားခဲ့ရသော
စကားမှာ ကိုကို့ကို မြင်လိုက်ပြီဆိုတာနဲ့ ထိန်းမရတော့
လောက်အောင် ပြိုကျလာသော မျက်ရည်မိုးတို့နှင့်အတူ ...

"ကိုကို ... သူ စကားကို လက်ဆွဲပြီး အရှက်ရအောင်
နာကျင်အောင် လုပ်တယ် ... အီး ..."

ကိုကိုမျက်လုံးပြူးသွားသောအခါ ... သူက
ဖြစ်သမျှကို တစ်ချက်ချင်း ရှင်းပြပါတော့သည်။ စကားက
ဒေါသတကြီးရှူးရှူးရဲရဲ နိုင်လာတော့မည့် ကိုကို့မျက်နှာကို
ကိုကို့ ရင်ခွင်မှာ ခေါင်းအပ်ပြီး ငိုနေမိရာက အသာမော့ချောင်း
ကြည့်လိုက်သောအခါ ... အလို ... ပြုံးစေ့စေ့နှင့် သိပ်ကြီး
အားရ ကျေနပ်နေဟန် မျက်နှာထားနှင့် ဖြစ်နေသော ကိုကိုက
သူ့စကား အဆုံး သူ့ကိုမျက်စိတစ်ဖက်ပင် မှိတ်ပြလိုက်သေး
ကာ ... သိသာစွာ ဟန်ဆောင်လိုက်သော အသံမာမာကြီး
နှင့် ...

"မင်းဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲ ... စကား
ကျေနပ် တဲ့အထိ မင်းတောင်းပန်စမ်း ... မကျေနပ်
မချင်း ဂျပန်တွေလို ကုန်းကိုင်ပြီး တောင်းပန် ...
ဒါပဲ"

သူမှာ လငယုပ်ဖမ်း ခံထားရရာက ကင်းစင်
လွတ်မြောက်သွားပြီး ဖြစ်သဖြင့် အတော်ကြီး ကျေနပ်နှစ်သိမ့်
နေဟန်တူသော ကိုကိုမှာ ကိုယ့်မိန်းမကို အောက်လက်ငယ်

သား ကလက်ဆွဲကိုင်သည့်ကိစ္စကို အထူးအထွေ အရေးယူရန်ပင် သတိရနိုင်တော့ပုံမပေါ်ပါ ...။ စကားက ကိုကို့အက်ိ်စတွေကို ချေမွှဆုပ်ဆွဲပြီး အကျယ်ကြီးပိုတိုးကာ အော်ဟစ်ငိုပစ်လိုက် မိတော့သည်။

စကားသည် လူသတ်သမား မဖြစ်လိုက်ပါ ...။ အံ့ပွားလည်း အသက်မထွက်လိုက်ရပါ ...။ ရီတာကိစ္စက ဘာမှဆက်ဖြစ်မလာတော့ဘဲ အေးအေးချမ်းချမ်းပင် ပြီးဆုံးသွားခဲ့ ပါသည်။ သို့သော် စကားက ကိုယ့်ကို အဓမ္မဆန်ဆန် စော်စော် ကားကား မရိုမသေနှင့် လက်ဆွဲထားခဲ့သော အံ့ပွားကို ကျေးဇူးမတင်သည့်အပြင် "ကျေနိုင်ပါရိုးလား"ပဲ ဖြစ်နေပါတော့ သည်။ ကိုကိုနှင့် အံ့ပွားတို့ကတော့ အဲဒီကိစ္စအပြီးမှာ နည်းနည်းမျှားတောင် ပိုပြီးချစ်ခင်စည်းလုံးလာကြသလားမှတ်ရသည်။

ပြီးကျတော့ စကားမသက်ာချင်သည့် တိုးတိုးကျိတ်ကျိတ် အပြုအမူတို့ကလည်း သူတို့နှစ်ယောက်ကြားမှာ ပျောက်ပျက်မသွားဘဲ ဆက်လက်ရှိနေကြမြဲ ဖြစ်နေသည်။ ဒါပေမယ့် ဒီတစ်ခါ တိုးတိုးကျိတ်ကျိတ်ကတော့ အရင်တစ်ခါလို ရန်ဖြစ်ခြင်းနှင့်ချည်း အဆုံးသတ်တတ်သည့် တိုးတိုး

ကျိတ်ကျိတ် မဟုတ်။ ကိုကို မျက်နှာမှာ တစ်ခါတစ်ရံ မကျေနပ်သောရုပ်မျိုး ပေါ်ပေါက်နေတတ်ပေမယ့် နှစ်ယောက်သား အပြိုင်ရန်ဖြစ်ရ လောက်အောင် မကျေနပ်နိုင်တာမျိုးကြီး ကျတော့လည်း ဟုတ်ပုံမရပေ ...။

စကား:ကတော့ စိတ်လျော့ထား:ပြီ။ ကိုယ့်ကို သူအပါး:တော်မြဲလောက်မှ အတွင်း:ကျကျ အရင်ဦး:ဆုံး: အသိမပေး:၊ မတိုင်ပင်လိုသည့် ယောကျာ:မျိုး:ကို ရထား:ပါပြီဆိုမှတော့ လိုက်ပြီး:ပြိုင်ဆိုင်တောင့်တနေရင် ကိုယ်ပဲ ရင်ပူပင်ပန်း:ရုံရှိမှာပေါ့။ စကား:ရဲ. ကိုယ်ဝန်ကလည်: မွေး:ဖို့ဖွား:ဖို့ အတော်ကြီး: နီး:ကပ်နေပြီ ဖြစ်ရာ ... စကား:မှာ အံ့ပွား:နှင့် လိုက်ပြိုင်နေဖို့ မပြောနဲ့ ... ရီတာ့လို မိန်း:မတစ်ယောက် ထပ်မံပေါ်ပေါက်လာပြီဆိုရင်တောင် အရင်လို အပင်ပန်း:ခံစွန့်စား:ကာ လိုက်လှုပ်ရှား:နိုင်တော့မည် မထင်ပါ။ ကိုကို့ကိုလည်: ရီတာတစ်ယောက်နဲ့တင် အတော်ကြီး: အမှတ်ရှိသွား:လောက်ပြီပဲ ထင်ထား:လိုက်သည်။

ဖုန်:တွေလည်: တဂွမ်ဂွမ် မလာတော့ပါ။ ရီတာ့ကိစ္စ ပြတ်သည့်ပြင် တခြား:ကိစ္စဝိစ္စ ဆိုတာတွေလည်: (အဲဒီလိုအဖြစ်မျိုး: နှင့်ပတ်သက်ပြီး:) ပေါ်ပုံမရတော့သည်မို့ သူတို့နှစ်ယောက်ရဲ. တိုး:တိုး:ကျိတ်ကျိတ်ကို သိချင်စိတ် ကြီး:ထွား:နေသည့်ကြား:ကပဲ ... အာရုံပြောင်: စိတ်လွဲကာ လက်လျော့ထား:မိပါပြီ။ ကလေး: တစ်ယောက်လိုမပြောမချင်: ... "ဘာလဲ ... ပြော ... ပြော ..."ဟု လိုက်မေး:လို့ ကောင်:သည့် အရွယ်လည်: မဟုတ်တော့ ... စကား:မှာလည်: စကား:မာန

လေးနဲ့ စကားတော့ ရှိရဦးမှာပေါ့ ...။

မာလာကတော့ ရီတာ့ကိစ္စပေါ်ပေါက်ပြီးသွားက တည်းက အဲ့ဟားကို အမှတ်တွေပုံပေးကာ ... ကိုကို့အကျင့်တွေ ကူးစက်ပြီး သူကိုယ်တိုင်ပါ ... "အဲ့ဟားမှအဲ့ဟား" ဖြစ်နေလေသည်။ အမယ် ... အိမ်လာရင် နှုတ်တွေဘာတွေ ဆက်ကာ စကားစမြည် ပြောဆို စကားလက်ဆုံတောင်ကျနေကြပါသေး။ ပထမတော့ မာလာ့ကို အကူအညီတောင်းပြီး သူတို့ရဲ့ တိုးတိုးကျိတ်ကျိတ် ကိစ္စကို အဲ့ဟားထံမှ မေးယူကြည့်ရင် ကောင်းမလားလို့ပါပဲ ...။ ဒါပေမယ့် ကိုယ်ယောကျ်ားဆီက စုံစမ်းယူလို့ မရနိုင်တာမို့ သူဆီကတဆင့် လှည့်စုံစမ်းနေရမှန်း အဲ့ဟားပြန်ရိပ်မိသွားရင် (ရိပ်မိတာကလည်း လုံးဝရိပ်မိမှာ သေချာပေါက်) စကားမှာ ကိုယ့်ဘဝဆိုးပုံကို ကိုယ်ရွက်တတ်ရင် လဲသေပစ်လိုက်ဖို့ပင် ကောင်းသွားပေလိမ့်မည်။

"မာလာရယ် ... နင်အိမ်ထောင်ပြုလိုက်တာ ခြောက်နှစ်လောက် စောသွားတယ် ... တကယ်ပါပဲ ..."ဟု စကားက မချိတင်ကဲ ညည်းညူလျှင်တော့ မာလာက ရယ်မဆုံး တော့ပြီ။

"တော်ပါသေးရဲ့. မြန်မြန်ယူထားမိပေလို့ ... နို့မို့ဆိုငါသာ ခုနေအပျိုဆိုရင် ... နင်စိတ်ချမ်းသာဖို့ပဲ ငါ့မှာ အနစ်နာခံပြီး အဲ့ဟားလိုလူမျိုးနဲ့ ယူရတော့မယ့်ပုံပဲ ... ဘုရား ... ဘုရား"

"နင်ပဲ ခင်တယ်ဆို ... လူကောင်းဆို ... လူတော်ဆို"

"ကောင်းတိုင်း၊ တော်တိုင်း ယူရရောလား ... ဂွကျ လွန်းလို့ စိတ်ညစ်နေရမှာကျတော့ရော ဘယ်သွားထား ရမလဲ ... နင့်ယောကျ်ားနားပဲ တရားလွန်ကပ်နေတော့ ရော ငါက ဘယ်လိုလုပ် စိတ်ချမ်းသာရမလဲ ... ကဲ"

စကားလည်း ကြံရာမရ ပြောမိပြောရာတွေသာ လျှောက်ပြောနေမိတာ ... သူလိုလူမျိုးနှင့် လက်ထပ်ပေးစား လိုက် လျှင် မာလာ့လို သူငယ်ချင်းကောင်းမျိုးကို စကားပဲ လက်လွှတ်သွားရကာ ... စကားဘက်မှာတော့ အင်အား တွေလျော့ပြီးရင်း လျော့ရင်း သူမှာတော့ သူလူတွေချည်း တိုးပြီးရင်းတိုးရင်းသာ ဖြစ်နေတော့မှာ သေချာပါသည်။

ဒီလိုနဲ့စကားမှာ မတင်မကျဖြစ်ရင်း ... စိတ် ညစ်ညူးရင်းနှင့်ပင် တစ်ညနေခင်းမှာ ကိုကိုရုံးကပြန်အလာ ကို (ထားလိုက်ပါတော့ ... သူတို့နှစ်ယောက်စလုံး ရုံးမှပြန် အလာကို) ခြံထဲမှဆင်းကာ မျှော်နေမိဆဲ သူဆီမှ ဖုန်းရောက် လာသည်။

"မစကား ... ကိုကိုက ဒီည စားပွဲသောက်ပွဲရှိတယ်၊ နောက်ကျမယ်တဲ့ ..."

"ကိုကိုတစ်ယောက်တည်းလား"

" မဟုတ်ဘူး ... ကျွန်တော်ပါ ပါတယ် ..."

တော်သေးရဲ့ ... သူကို မုန်းပင်မုန်းငြား၊ အမြင် ကပ်ပင်ကပ်ငြား ... ဘယ်လိုနေရာမျိုးမှာမဆို ကိုကို့တစ် ယောက်တည်းနှင့်စာရင် သူနဲ့နှစ်ယောက်ဖြစ်နေသည်က ပိုပြီး စိတ်ချလုံခြုံကြောင်း စကားက လက်မခံချင်ဘဲလည်း လက်ခံ

ကိုထားရပြီ ဖြစ်ပါသည်။

"ဘယ်မှာစားကြမှာတဲ့လဲ"

"Coloured world Restaurant မှာပါ ... (----) လမ်းက"

"သြော် ... ဒါနဲ့ နေပါဦး ... ကိုကိုက လည်ချောင်းနာပြီး အသံမွား ကပ်နေသလား ..."

"ဗျာ ... ဘာလို့လဲ ... မကပ်ပါဘူး ... နေကောင်းပါတယ်"

"မသိပါဘူး ... ကိုယ်တိုင်မဆက်နိုင်အောင် ဖြစ်နေတော့ အသံမွား ဝင်သွားသလားလို့ ..."

အံ့ပွားထံမှ ရယ်ချင်သွားမှုကို ထိန်းချုပ်လိုက်ရသော လေသံကြီးနှင့် ...

"ကိုကိုက ညည့်သည်ရောက်နေလို့ပါ မစကား"

အမှန်ကတော့ အဲဒီညည့်သည် မလာခင်က ဒါမှ မဟုတ် ပြန်သွားမှဆက်လည်း ရတာပါပဲ ... ဒါပေမယ့် ရှိစေ ...။ ကိုကို့ကို စောဒက သွားတက်လျှင်လည်း "ဒါဟာ အပါးတော်မြဲ တို့ရဲ့. အလုပ်ပဲလေ စကားရယ်" ဟု ပြန်ဖြေလိမ့်မည်။ သူကိုယ်တိုင် ဆက်ကိုဆက်ရမည်ဟု သတ်မှတ်ပေးလိုက်လျှင် နောက်ဆုံး လုံးဝမေ့ပြီး မဆက်မိတော့ဘဲ... စကားမှာသာ တမျော်မျော် တပူပူနှင့် ဆေးရုံလိုက်ရမလား၊ ရဲစခန်းပဲ ပြေးရတော့မလား ဖြစ်နေရလိမ့်မည်။

ထိုနေ့ညက အတော်ညနက်မှ သူတို့ပြန်ရောက်လာကြသည်။ မဖြစ်စဖူး ကိုကို ခေါင်းစိုက်ကာ မတရားမူး

နေတော့တာကို မြင်လျှင် စကား:မှာ ဒေါသဖြစ်လိုက်ရတာဆို တာ မပြောပါနဲ့.တော....။ မိန်း:မဖြစ်သူကဒီလောက် ကိုယ် ဝန်အရင့်အမာနှင့် နေ.မွေး:မလား: ညမွေး:မလား: ဖြစ်နေချိန် မှာ သူမို့. အမူး:သောက်စား:လာရက်သည်။ တော်ကြာ မဆို ကောင်: မပြောကောင်:... စကား:က ဒီနေ.ညပဲထကာမိုက် နာ ပါပြီတဲ့. ...။ ကဲ ... ဒီလိုခေါင်းစိုက်နေတဲ့. ယောကျ်ား:တစ် ယောက်နဲ့. ဘယ်လိုလုပ် အရေးပေါ်ကိစ္စတွေကို စီစဉ်ရ မလဲ။

တကယ်ဆို သူသာသိတတ်တဲ့ ယောကျ်ား:ကောင်း တစ်ယောက် ဖြစ်ခဲ့ရင် ဒီတစ်လနှစ်လအတွင်: အိမ်ပြန် တောင် နောက်မကျသင့်၊ Restaurant လိုဟာမျို:တွေမှာ လျှောက်မစာ: နေသင့်။ အလုပ်ကိစ္စအတွက် မသွား:ရင်မရ၊ မစား:ရင်မရ တော့ပါ ဘူ: ဆိုရင်တောင်မှ ဒီလောက်ခေါင်းစိုက် လာဖို့ဝေး:လို့ အနံ့တောင် ထွက်အောင် လုပ်မလာသင့်။ မသ ကာဆေး:ရုံသို့ ထပြေး:ရပါပြီ ဆိုရင် ဆရာဝန်၊ ဆရာမတွေရှေ့. မှာ ယောကျ်ား:လုပ်သူက ရုန့်.ထောင်:ထောင်:ဆိုတာမျို: ဟာ ဘယ်လောက်ဆို:ထား:လိုက် မလဲ ...။

စကား:က စိတ်တိုရလွန်:တာမို့ အခန်:ပြင်ဝရန် တာအပြင်ဘက် ထွက်ထိုင်နေလိုက်သည်။ လုံ:ဝမူ:လာ သောက်လာဟန် မရှိသော အဲ့ပွား:ကသာ ကိုကို့.ကို တွဲကာခေါ် ကာ အဝတ်အစား:လဲပေး:ကာနှင့် (မိညိုကိုဘော:မှာတင် အဖော် ရပ်စောင့် ခိုင်:ထား:ကာ) တစ်ယောက်တည်: အလုပ်တွေရှုပ် နေတော့သည်။ ကိုကိုကတော့ တစ်ချိန်လုံ:ပင် အဲ့ပွား:ကိုချည်း

ငြူစူကာ မကျေမနပ်တွေဖြစ်၊ မကောင်းတွေပြောကာ စိတ်တိုနေပေသည်။

"မစကား ... ကိုကိုကို အားလုံးလဲလှယ်သန့်စင်ပြီးပြီ၊ အမူးပြေအောင် ဆေးလည်းတိုက်ထားပေးလိုက်တယ်၊ အခန်းထဲ ပြန်ဝင်နေပါတော့လား ..."

"ဟုတ်ပါတယ် မမလေး ... အပြင်ကအေးတယ် ... မမလေးရဲ့ ..."

"နေပါစေ ... ဝင်ချင်တဲ့ အချိန်ကြမှ ပြန်ဝင်မယ် ... နှစ်ယောက်လုံး သွားကြတော့ ..."

"ဒီည ... ကိုကိုက ကျွန်တော့်ကို တော်တော်မကျေနပ်လို့ပါ ..."

"ရှင်ဘာမှ ရှင်းပြမနေနဲ့ ... ကျွန်မ မကြားချင်ဘူး၊ သွား ကြတော့လို့ ပြောထားတယ် မဟုတ်လား ..."

အဲ့ပွားရော၊ မိညိုပါ နောက်ဆံတငင်ငင်နှင့် လှည့်ထွက်ကြတော့မည်ပြုစဉ် စကားက အဲ့ပွားကြားသာအောင် အသံကျယ်ကျယ်နှင့် ...

"ရှင် ကိုယ့်အခန်း ကိုယ်ပြန်မအိပ်ဘဲ ဒီစခန်းအပြင်ဘက် မှာ လာစောင့်အိပ်နေဦးမယ်ဆိုရင် မနက်ကျရှင့်ကို ကျွန်မကိုယ်တိုင် ကြီးကြီးနဲ့တိုင်ပြီး အလုပ်ထုတ်ပစ် မယ် ..."

အဲ့ပွားက ဘာမှပြန်မပြောတော့ပါ။ သူတို့နှစ်ယောက်ထွက်သွားကြပြီးလည်း စကားက အခန်းထဲချက်ချင်း ပြန်မဝင် ...။ မူးပြီးအိပ်မပျော်သေးမချင်း အဲ့ပွားကိုချည်း

တတွတ်တွတ် ဆဲဆိုဆူပူနေသည့် ယောကျ်ားဖြစ်သူ မအိပ်အိပ်အောင် ထိုင်စောင့် နေသေးသည်။ မနက်ကျ ထိုယောကျ်ား ကို ဘယ်လိုရင်ဆိုင်ဆန္ဒပြ ... သို့မဟုတ် ... (ဝင့်ကြီးစွာ စိတ်ပြေနေပြီဆိုရင်) ဘယ်လိုဖျောင်း ဖျနား‌ချရပါ့မလဲ ဆိုတာ ကို စဉ်းစားနေဖြစ်သည်။ ထိုယောကျ်ား ကတော့ဖြင့် ခုအချိန်မှာ အံ့ဖွားတစ်ယောက်ကိုပဲ သဲသဲမဲမဲ စိတ်တို နေဖို့ကလွဲရင် မိန်းမ သူနံဘေးမှာ မရှိတာ ... အခန်းအပြင်ဘက် ဝရန်တာမှာ အအေးမိနိုင်နေတာကို မိညိုလောက်တောင် ခေါင်းထဲရှိဟန်မတူချေ ...။

အသံဗလံများ: အနည်းငယ် ဆိတ်ငြိမ်သွားချိန်၊ စကားလည်း: အတော်ကြီး ချမ်းလာပြီဖြစ်ချိန်မှာ ဝရန်တာတံခါးလေးကို အသာဟပြီး: အထဲကို ချောင်းလိုက်တော့ ကိုယ်တော်ချောကြီးက အိမ်လို့တောင် ပျော်နေချေပြီ။ စကားက လုံးဝအမေ့မခံပါ ...။ အခန်းထဲ ပြန်ဝင်လာပြီးတာနှင့် အပြင်ဘက် ပြန်ထွက်ည့် တံခါးကိုလည်း သွားပြေးဖွင့်ကြည့်လိုက်သေးကာ ... ဟိုဘက်ဒီဘက် စကြိ်လမ်းတစ်လျှောက် အံ့ဖွားရှိနေ မရှိနေကို စစ်ဆေးလိုက်သေးသည်။ ပြီးမှ ကိုယ့်ခုတင်ရှိရာ ကိုယ် ပြန်လာလျှင် ...

“အေး ... မင်းက ငါ့ကို အဲဒီလိုပေါ့ ဟုတ်သလားဟေ့ကောင် ... ရတယ်ကွာ ... ဂျင်းစိမ်းနဲ့ မိသလင် သူကြင်မှ ကိုယ်ကြင်ကြေးပေါ့ကွာ ဗလရာ ... မင်းအကြံဒါအ ကုန်ပဲပေါ့ ဟုတ်လား ... မင်းရဲ့ အတွင်းရေးကို လျှို့ဝှက် ထားရအောင် ... ငါသိသွားရင်ကော ငါက

ဘာလုပ်မှာမို့ လို့လဲ ... ဘာလုပ်လို့ ရဦးမှာမို့လို့လဲ ... ခွေးလိုကောင် ... မင်း အဲဒါ ငါ့ကို သက်သက်စော်ကားတာပဲကွ ... ”

“မင်း ဘာမှလျှို့ထားစရာ မလိုဘူး ... တိုးတိုးတိတ်တိတ်လေး ကျိတ်လုပ်ပြီး ... ပြီးမှ အသိခံစရာလည်း မလိုဘူး ... မင်းက ငါ့ကို ဘာကောင်မှတ်လို့လဲ၊ ဟေ့ကောင် ဗလ ... မင်းက ငါ့ကို ဘယ်လိုထင်နေလို့လဲကွ ... ”

ယောင်နေတာ ... ယောင်နေတာလေ ...။ အိပ်ပျော်နေရက် တန်းလန်းကြီးက အသည်းအသန်စိတ်စွဲပြီး မယောင်စဖူး ယောင်နေတော့တာက အံ့ပွားအကြောင်းချည်း။ “စကားဝါသွေး”ဆိုတဲ့ နံမည်ဟာ ကပ်ကပ်သပ်သပ်နဲ့ ဘယ်ချောင်ကြိုချောင်ကြားထဲမှာမှ ပေါ်မလာ၊ ပါမလာပါ။ တစ်ခါလာ အံ့ပွား ... အံ့ပွား ...။ နောက်တခါလည်း အံ့ပွား ... အံ့ပွား။ စိတ်တိုပြီ :ပြောဆိုနေပုံမျိုးတွေကိုယောင်နေတာဖြစ်သော်လည်း အဲသလို စိတ်တိုနေရကိုက (ဘာအကြောင်းကြောင့်မှန်း မသိရ ပေမယ့်) သံယောဇဉ်ကြီးနဲ့ ဆိုတာကိုတော့ စကားအသွားအလာ တွေအရ သိသိသာသာကြီး ဖြစ်နေလေသည်။

စကားမှာစိတ်တိုနေမိရာက ဝမ်းနည်းခြင်းတွေ ပါစွက်လာရပြီး လျှင် ကိုယ့်နေရာလေးမှာကိုယ်... အသာကလေး ဝင်အိပ်လိုက်တော့မည့်ဟန် ပြင်လိုက်ဆဲ ...

“ခင်နွယ်ဦး ... ခင်နွယ်ဦး ... ဟင်းဟင်း ..နံမည ်

လေးကလည်းလှ ... လူကလည်းလှ”

ဟင် ...။စကားမှာ လှဲချတော့မည့်ဟန်မှ ခုန်၍ပင် ထလိုက်မိသလား ထင်ရပါသည်။

“ အေးပေါ့ စားသောက်ဆိုင်မှာ သီချင်းဆိုတယ်ဆိုတော့လည်း ... အင်း ... ”

ကြည့်စမ်း စားသောက်ဆိုင်မှာသီချင်းဆိုတဲ့မိန်းမတဲ့.။အဲဒါကြောင့် အဒီစားသောက်ဆိုင် ကိုသွားပြီးမူးရူး သောက်စားလာတာ နေမှာပေါ့ ...။ ဟိုက စင်ပေါ်ကနေသီချင်း ဆို၊ သူကအောက်ကနေ တအားသောက်ပြ။ တောက် ... အဲဒါကို အိပ်မက်ထဲအထိ ထည့် သယ်လာတယ် ...။ ကိုယ်ဝင်ခွင့်မရတဲ့သူ.အိပ်မက်ထဲကို ... ဟိုတစ်ယောက်ပြီးတာနဲ့ နောက်ထပ် ယူလာ နိုင်သူဟာ မိန်းမ တစ်ယောက်တဲ့. ...။ သူမူးရူးသောက်စားခဲသော စားသောက်ဆိုင်မှ အဆိုတော် မိန်းကလေးတဲ့ ...။

“ပန်းကုံးဖိုးချည်း သုံးသောင်းဖြစ်တော့ရော ... ဘာအရေးလဲ ... ဒီသုံးသောင်းမကလို. စိန်လက်စွပ်တက်စွပ်ပေးတော. ရော မင်းဘာလုပ်ချင်လဲ ...”

ဘုရား ... ဘုရား ... ။ စင်ပေါ်ကအဆိုတော်ကို ... ပန်းကုံးတက်စွပ်တာ ပန်းကုံးဖိုးကချည်း သုံးသောင်းတဲ့ ... ။ ဒါ စားတာသောက်တာ မပါသေး...။ အဲဒီ မိန်းမတစ်ယောက်တည်းအတွက် သုံးပစ်လိုက်တာ တစ်ညတည်း၊ တစ်ထိုင်တည်း သုံးသောင်းတဲ့ ။ ဒါကိုတောင်မကျေနပ်နိုင်သေးလို. စိန်လက်စွပ်တောင်မှ တက်စွပ်ပေးလိုက်ဦးမတဲ့။

စကားမှာ ဘယ်လိုမှ ဆက်ငြိမ်ပြီး နားထောင်မနေနိုင်တော့ပါပြီ။ ပိုးပိုးပေါက်ပေါက် စီးကျ လာကြသော မျက်ရည်တို့ကို ခပ်ကြမ်းကြမ်းပင် သုတ်ဖယ်ပစ်ပြီးသော် ... မင်းရန်ပြေခေါ် အတ္တကြီးသော၊ တစ်ကိုယ်ကောင်း ဆန်သော (တို့တင်မက) စာရိတ္တပါ မခိုင်ကျည် ပွန်းပဲ့ ချစား လာပြီဖြစ်သော ယောကျ်ားတစ်ယောက်ကို လူပ်,လူပ်ပြီးတော့ အတင်းအကျပ်နိုးနေလိုက်ပါတော့သည်။

"ထစမ်း၊ ထစမ်း ၊ ရှင်အခု ချက်ချင်းထ ... ကျွန်မ မနက် အထိ စောင့်မနေနိုင်ဘူး ... ရှင့်အကြောင်းကို ညတွင်းချင်း ကျွန်မချက်ချင်းကို သိခွင့်ရမှဖြစ်မယ် ... ထ ... အခု ... ထ..."

မူးပြီးအိပ်ပျော်သွားသည်ဖြစ်သော ယောကျ်ား တစ်ယောက် မှာ တော်ရုံနှင့်နိုးခြမရပါ။ စကားဝါက မျက်နှာသုတ်ပုဝါ လက်ကိုင်ပုဝါတွေကို ဗီရိုထဲက အထပ်လိုက် ထ, ထုတ်ယူ ... ရေချိုးခန်းထဲ ဝင်ပြီး အားလုံးရေခွဲနေအောင်ဆွတ်ပြီးသော်အိပ် ယာထက်မှ ယောကျ်ား၏ မျက်နှာပေါ် တစ်ထည်ချင်း ညှစ်ချလိုက်၊ အုပ်ပစ်လိုက်။ မွေ့ယာကြီး တစ်ခုလုံးရေတွေရွဲပြီး တုပ်တုပ်နစ်သွားပါစေ စကားမပူ ...။ ဒီယောကျ်ား တစ်ယောက် အိပ်နေရာကနိုးလာ ဖို့သာအရေးကြီးသည်။

"ဟာ .. ဟေ့ ... ဟေ့ ...ဘာ တွေဖြစ်တာလဲ ...အား ... အေးလိုက်တာ ... ဘာတွေလဲဟာ ... ရေတွေ ... ဘာတွေဖြစ်ကုန်ပြီလဲ ... ဟင် ... စကား: ..."

ရေအေးဒဏ်ကြောင့် အိပ်နေရာမှ လန့်ဖျတ်နိုး

လာရသူမှာသူရဲသဘက်စီးသလိုလိုရူးသလိုလိုပုံကြီး ပေါက်နေသည့် စကားနှင့် ရင်ဆိုင် လိုက်ရသည့်အခါ လန့်သွားပုံရပါသည်။ ရှေ.နောက်ဘေးဘီဝဲယာ ကိုပါ အထိတ်တလန့်နှင့်ကြည့်လိုက်ပြီးလျှင် ...

"စကား ...စကား ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ၊ ဗိုက်နာလာပြီလား ဟုတ်လား"

"ရှင်အဲဒီဗိုက်အကြောင် ဘာမှလာမေးနေစရာမလိုဘူး"

"အာ ... ဘာတွေလဲ ..."

ဘာပဲဖြစ်ဖြစ် ... ကျွန်မမေးတာကိုပဲဖြေ ... ခင်နွယ်ဦး ဆိုတာဘယ်သူလဲ ..."

"ဘယ်သူလဲ ... ဘယ်သူလဲ ... ခင်နွယ်ဦး ..."

"Resturant ကအဆိုတော်လေ ... ရှင်ပန်းကုံးချည်းပဲ သုံးသောင်းဖို ချီးမြှင့်ခဲ့တဲ့ မိန်းမလေ ... စိန်လက်စွပ်ပါ ဝယ်ပေးဦးမလို့ ကြွရွယ်နေတဲ့သူလေ..."

"ဟာ ... စကား ... ဘာတွေပြောနေတာလဲ ... အဲဒါတွေဘယ်ကသိတာလဲ ... ဟိုကောင် အံ့ပွားပြောသလားဟုတ်လား "

"ဘယ်သူမှမပြောဘူး ရှင့်ရဲ့ဒီပါးစပ်ထဲကပဲ ထွက်လာတာ ...အခုလေးတင် ရှင်ကိုယ်တိုင်ပဲပြောတာ ... အပြင် မှာ ကဲခဲ့ သဲခဲ့ ပြီးမှ အားမရလို့ အိမ်မက်ထဲထိ ဆက်သယ်လာခဲ့ပြီးမှ ရှင့်ဘာသာရှင်စမ်းပြန်နေတာ "

"ဟာ ... မဟုတ်ဘူး ..."

ပြောပြောဆိုဆိုပင် မျက်ခုံးကိုရှုံ့ကာ ... မျက်လုံး

ကို စုံမိတ်ကာ ... ရှဲ့.မဲ့ပြီးငြိမ်ကျသွားသူကိုကြည့်ကာ စကား ကလည်း အချိန်ပေးထားလိုက်ပါသည် ။စဉ်းစားစမ်း ... ဘာတွေကို ဘယ်လိုအကွက်ချ ငြင်းဆန်ပြီး လီဆည်မလဲဆို တာကို စဉ်းစားလိုက်ချေစမ်း။ ဟော... သိပ်ကြီးတောင် မကြာလိုက်ပါ။ မူးပြီးအိပ်ပျော်သွားရပြီးမှ သူများတကာ နှောင့်ယှက်မှုနှင့် ပြန်နိုးလာရသည့်အတွက် ကိုက်ခဲနာကျင် နေမည်ဖြစ်သောသူ့ဦးခေါင်းက အဲလိုဖြစ်နေသည့်ကြားက ပင်လျှင် အလိမ်အညာတို့အတွက်ကတော့ အဖြေကခပ်မြန်မြန် ပင် ထွက်လာခဲ့သား။

“အား ... သိပြီ ... ကိုယ်စဉ်းစားလို့ရပြီ... ခင်နွယ်ဦး ဆိုတာညတုံးက ကိုကိုတို့ သွားစားခဲ့ကြတဲ့ စားသောက်ဆိုင် က သီချင်းဆိုတဲ့ကောင်မလေးလေ ...”

“အဲဒီတော့ ... ရှင်နဲ့. ဘာအဆက်အစပ်ရှိသလဲ ”

“အာ ... စကားကလည်း ကိုကိုနဲ့ ဘာဆိုင်လို. အဆက်အစပ် ရှိရမှာလဲ မရှိပါဘူး”

“မရှိရင် ဘာကိစ္စ ပန်းကုံးသုံးသောင်းဘိုးက အိပ်မက် ထဲအထိ ပါလာရသလဲ... သုံးသောင်းဆိုတဲ့ ပိုက်ဆံ ကိုနှမြောလို့ ပြောနေတာမဟုတ်ဘူး ... ရှင်ရှာနေတဲ့ ငွေကို ရှင့်ဘာသာ လွှင့်ပဲပစ်ပစ် ကျွန်မဘာမှမပြော လိုဘူး ...ခုဟာက မိန်းမတစ်ယောက်ကို ပန်းကုံးစွပ် တယ်ဆိုတဲ့ နေရာမှာသုံးပစ်လိုက်တယ်ဆိုတာပဲ ကျွန်မ ရှင့်ကိုနာတာ ....သိရဲ့လား နာကိုနာတာ”

“ ဟာ ... စကား ... စကား ... ပေါက်ကရ လျှောက်

မပြောပါန`... ကိုကို မစွပ်ရပါဘူး ... သူများတွေ စွပ်ကြတာကို အံ့ပွားက ဝေဖန်လို့ ကိုကိုက သူ့.ကိုပြောင်ပြီးပြောတာပါ ..."

"ဘယ်သူစွပ်တာလဲ"

"ဟာ ဘယ်သိမလဲ ... လာစား:နေကြတဲ့ သူတွေထဲကတစ်ယောက်ပေါ့ ..."

စကား:မယုံပါ ...။ သို့သော် အကြောင်း:ပြချက်နှင့်ယောင်သည့်စကား:တို့ကိုက်ညီနေကြသည့်အတွက် ရှိပစေ ... ။

"ဒါဖြင့် ချောလိုက်တာ လှလိုက်တာဆိုတာကရော"

" အဲဒါလည်း အံ့ပွား:ကို ပြောင်တာပါပဲ စကား:ရယ်"

"သြော် ... ဒါဖြင့် ရှင် ခုညတစ်ညလုံး:ယောင်နေသမျှ အား:လုံး:ဟာ အံ့ပွား:ကိုပဲ ပြောင်နေခဲ့တာချည်း:ပဲပေါ့ ဟုတ်လား:"

စကား:ကရွဲ့.မေး:ပေမယ့်ကိုကိုက"ဟုတ်တယ်ကွာ" ဟုသာ ဖြေပါသည်။ စကား:မှာ လိမ်ညာနေသူ တစ်ဦး:ကို လုံး:ဝအယုံအကြည် မရှိပေမယ့် ... ဆက်ပြောစရာစကား:တို့. ကုန်ခမ်း:သွား:ရသောအခါ စကား:ရဲ့ ခန္ဓာကိုယ်ထဲ ဦး:ဆုံး:ပြန်လည် ဝင်ရောက်လာသော အရာတို့.မှာ အလွန်တရာပင်ပင်ပန်း နွမ်း:လျနေခြင်း:နှင့် ခိုက်ခိုက်တုန်အောင်ချမ်း:နေခဲ့ခြင်း:တို့.ပင်တည်း။

စကား:က ရုတ်တရက်ကိုယ့်အိပ်ယာဘက်မှာ ကိုယ်ပြန်လှဲချကာ အိပ်ပစ်လိုက်သည်။ ကိုကိုကတော့ ခေတ္တ

မျှ ကြောင်နေပြီး လျှင် တုန်တုန်ခိုက်ခိုက်ဖြစ်နေသည့် စကား ကိုယ် ပေါ်သို့ စောင်အထပ်ထပ် လွှမ်းခြုံပေးလေသည်။ သူ့ရဲ့ ပြုစုနေမှုကို စကား ကဘယ်လိုမှလည်း မနေ။ ငြင်း ဆန်ခြင်း လည်း မပြု။ ဘာသိဘာသာပင် အတင်း အိပ်ပျော်အောင် ကြိုး စား ရာမှ စကား တကယ်ပဲ အိပ်ချင်လာရတော့သည်။ သူတော့အိပ်လို့ရမှာမဟုတ် ... အိပ်ယာခင်း ရော၊ မွေ့ ရာကြီး ရောဟာ သူ့ဘက်မှာ ရေတွေနှင့် ရွှဲနေသည်။ နေပစေ ... သူ့ဘာသူ ဘာဖြစ်ဖြစ် ... ဘယ်လိုအိပ်အိပ် ... မိန်း မဖြစ်သူကို လိမ်ညာပြီး ပိုက်ဆံဖြုန်း၊ ဖောက်ပြန်ဖို့ ကြိုး စား သောယောကျ်ား တစ်ယောက် ဘယ်လိုဖြစ်နေနေ စကား က ဂရုစိုက်နေစရာ မလိုပေ ... ။

မနက်မိုး လင်း သော် နိုး ရက်နှင့်အတင်း ပေအိပ်နေသည့် စကား ကြောင့် အခန်း ထဲသို့ အံ့ ဩ လည်း ဝင်လာလို့မရ ... ကိုကို့ဘာသာပင် အပြင်ထွက်ကာ အပြင်ကအခန်း လွတ်တစ်ခု မှာပဲ သူရုံး သွား ဖို့ကိစ္စတွေကို စီမံရလေသည်။ စကား ကတော့ ဘယ်လိုရင်ဆိုင်ရမလဲ မသိသေး တာရယ် ... ထပ်မံလိမ်ညာ ကောင်း လိမ်ညာဦး မည်ဖြစ် သောစကား တို့ကို မကြား လိုတာရယ်...ရန်ဖြစ်ကြပြော ဆိုကြဖို့ အတွက် အင်အား မရှိသေး တာရယ်တို့ကြောင့် သူတို့ ရုံး ထွက်သွား ကြသည်အထိ အိပ်ရာထက်မှကို မထပေ။

သို့သော် သူတို့ကား ထွက်သွား ပြီး ခဏအကြာမှာတော့ စကား မထချင်လို့လည်း မရတော့ပါ။ စကား ထံ မေမေ့ဆီမှ ဖုန်း ရောက်လာလေသည်။

"စကား ... ခုမှအိပ်ရာထတာဆို... နို့ရောနို့သေးရဲ့လား သမီး... နေကောကောင်းရဲ့လား ..."

"ကောင်းပါတယ် မေမေ... ညကအိပ်တာညနက်လို့ပါ ... စကား နိုးပါပြီ ..."

စကားက "ညက"ဟု ကိုယ့်စကားထဲထည့် ပြောလိုက်သောအခါ မေမေ့ထံမှလည်း ... "ညက ... အင်း ... ညက" နှင့် ချင့်ချိန်တစ်ဆို့နေသော အသံမျိုး ထွက်ပေါ်လာလေသည်။

"ညက ဘာဖြစ်လို့လဲ မေမေ ... "

"အင်း ညက ... မေမေလည်း အိပ်ရတာညနက်တယ်။ အေးလေ ... တစ်ညလုံးအိပ်မပျော်သလောက်ပဲ တောင် ဆိုပါ တော့ ... ညက သမီးအဖေက ဒင်နာပွဲတစ်ခုသွားရ တယ်လေ ... မိုးချုပ်ခါနီးမှပြန်ရောက်တာ ... ရောက်တာနဲ့ မေမေနဲ့ စကားထိုင်ပြောကြတာ အတော်ကြီး ညနက် သန်းခေါင်ကျော် ဖြစ်သွားရော ... ပြီးတော့ သူက အိပ်ပျော်သွားတယ် ... မေမေမှာတော့ မပျော်တော့ဘူး။

မေမေ ဘာတွေရှည်ရှည်ဝေးဝေး လျှောက် ပြောနေပါလိမ့် ... ကြည့်ရတာ ဖေဖေနှင့်မျာ စကားပြောအဆင် မပြေ ဖြစ်ကြသလား။ စကားမှာကိုယ်ကိုယ်တိုင်ကလည်း ကိုယ့်ရဲ့ အိမ်ထောင်နှင့် အဆင်မပြေ ဖြစ်နေချိန်ဖြစ်ရာ မေမေ့ဆီမှ လေသံအသွားအလာကို ကြားလိုက်ရသည်နှင့် ဝမ်းနည်းစိတ်က တအားကြီး လှိုက်တက်လာရပါသည်။

"သမီးအဖေ ညကသွားရတဲ့ ဒင်နာက မိတ်ဆွေတစ်ယောက် က လိုက်ကျွေးတာပါ...Restaurant တစ်ခုမှာ ကိုယ့် တစ်ဝိုင်းတည်း ပွဲသေးသေးသဘောပါပဲ ... အဲဒီမှာ မောင်ကိုကိုနဲ့.တောင် ဆုံခဲ့ကြသေးတယ် ...သူတို့. ကဟိုးသီချင်းစင်မြင့်နဲ့. အနီးဆုံးကရှေ့.စားပွဲတွေမှာ ဆိုတော့ မီးရောင်ကွယ်တဲ့ နောက်စားပွဲတွေ မှာ ထိုင်နေတဲ့ ... ဖေဖေကသာ သူ့.ကို လှမ်းမြင်နေရတယ် ... သူက ဖေဖေရှိနေမှန်း မသိဘူး ... မမြင်ဘူးတဲ့"

စကားရင်ထဲ ဒိန်းခနဲပင်ဖြစ်သွားရကာတစ်ခါတည်း ငိုသံပါကြီးပါ ဖြစ်လာပြီး ... "မေမေ ... ညကသူအရမ်းမူးရူးပြီး အိမ်ပြန်ရောက်လာတာ" ဟုရှက်ကြောက်သိမ်ငယ်စွာ ပြောလိုက်မိပါတော့သည်။ ဦးမင်းရန်ပြေရယ်ရှင့်အဖြစ်က တော့ တစ်ခါခိုး တစ်ခါမိပဲလား ... အခါတစ်ရာလောက်ခိုးနေခဲ့ လို့ တစ်ကြိမ်မဟုတ် တစ်ကြိမ်မှာ မိသွားတော့ တာပဲလား ...။

"အင်း ... ဟုတ်တယ် ... သူ့.နောက်က အဲ့ဒွားဆိုတဲ့ တစ်ယောက်က မနည်းလိုက်ထိန်းနေရတယ် ... စားပွဲထိုးတွေဆိုတာလည်း သူတို့.စားပွဲမှာ ဝိုင်းနေတာပဲတဲ့၊ သူကတစ်ခါတည်းနဲ့.ပန်းကုန်းကို သုံးလေးသောင်းဖိုး ဆိုလားပဲ ဝယ်ပစ်တာကိုး ပန်းကုံးပုံကြီးဆိုတာ သူတို့.စားပွဲပေါ်မှာဟီးထနေတာပဲတဲ့... သူကအဲဒါတွေကိုမ,ယူပြီး စင်ပေါ်တက်စွပ်ဖို့.လုပ်လိုက် ... အဲ့ဒွားကနောက်ကအတင်းဆွဲထားလိုက် ... သူတို့.နှစ်

ယောက် တည်းနဲ့.ပဲ ရုန်းရင်းဆန်ခတ်ကို ဖြစ်နေတော့ တာပဲတဲ့"

"မေမေ ... မေမေ ... ဖေဖေ့ကို သမီးကြောက်တယ်၊ ရှက်လည်းရှက်တယ်မေမေ ... "

"အို ... မင့်နဲ့.လေ သမီးရယ် ... ကိုယ့်မလည်း မပေါ့ မပါးကြီးနဲ့. ... သမီးက ဖေဖေ့ကို ဘာလို့.ရှက်ရ ကြောက်ရ မှာလဲ ... သမီးလေးအပြစ်က ဘာများရှိလို့. လဲကွယ် ...မောင်ကိုကို့.ကိုလည်း ဖေဖေက အပြစ် တော့ အရမ်းတင်ချင်တာ မဟုတ်ပါဘူး ... သူလည်း အရွယ်ရောက်ပြီးတဲ့ ယောကျ်ားတစ်ယောက်ပဲ ... ဒါပေမယ့် ဖေဖေ ဖြစ်စေ ချင်တာက အကယ်၍များ မောင်ကိုကိုဟာ အရက်ဝင်မိရင် ရမ်းလာတတ်တဲ့ လူ တစ်ယောက်ဖြစ်နေခဲ့ရင်နောင်ဆို မီးဘက်ကကြည့် ထိန်းတတ်ရတော့မယ် ... သူ့.အလုပ်အကိုင်နဲ့. သူ့. အောင်မြင်မှုနဲ့.သူ ... နံမည်ကောင်းလေး တစ်ခုရှိပြီး သားအချိန်မှာ အရက်ကြောင့် ဒုက္ခရောက်သွား ရတာ မျိုး ... မျက်နှာပျက်အရှက်ရတာမျိုး ဖြစ်မလာရ အောင်သူရော သမီးပါ နှစ်ယောက်စလုံးပေါ့နော် ... နှစ်ယောက်စလုံးမှာပဲ တာဝန်ရှိတယ်တဲ့ သမီးရယ်"

"မေမေ...မေမေ...ဟိုပန်းကုန်းသုံးသောင်းဖိုးကရော"

"သူစွပ်ခွင့်မရသေးခင်ဘဲ ဖေဖေတို့.က ထပြန်လာခဲ့. ကြတာဆိုတော့ နောက်ဘာဆက်ဖြစ်သွားသလဲတော့ မသိတော့ဘူးပေါ့...ဒါပေမယ့် ဖေဖေပြောတာကတော့

အဲဒါက ဒီလောက်ကြီး မဟုတ်ပါဘူးတဲ့သမီး ရဲ့ ...”

ဘာလို့အဓိကကြီး မဟုတ်ရမှာလဲ ... အဲဒီ မိန်းမ တစ်ယောက်ရဲ့ နာမည်ကို အိပ်မက်ထဲအထိပါ သယ်လာခဲ့တာ မေမေရဲ့ ... ။ လှတာချောတာလည်း စုံနေပါရော။ ပြီးကျ မှ စကားကို ရက်ရက်စက်စက်ကို လိမ်ညာပစ်ခဲ့တာပါမေမေရယ် ... ။စကားမှာ မေမေ့ကိုတော့ ဒါတွေကို ဆက်ပြော မနေတော့ပါ။ ဒီယောကျ်ားဟာ တစ်ခါမှာတော့ ခြံခုန်ခွင့် မရ လိုက်ပေမယ့် အရသာကို သိသွားပြီးပြီမို့ နောက်တစ်ခါမှာဆို ရင်တော့ ခုန်ကိုခုန်တော့မည့် အမျိုးအစားမျိုး ဖြစ်သွားခဲ့ပြီ ထင်ပါရဲ့ မေမေရယ် ...။

မေမေကတော့ “သူပြန်လာရင်လည်း ဝူးဝူး ဝါးဝါးနဲ့ မဖြေရှင်းနဲ့သမီး ... ဟိုတစ်ခါကမေမေ ပြောထားဖူးသလိုပဲ အလိမ္မာလေးသုံးပြီး ... ကိုယ့်စကားအောင်အောင်ဖြေ ရှင်းယူပါ သမီးရယ် ... ”ဟု သတိပေးဆုံးမသွားပါသည်။ သို့သော် စကားကတော့ သူအိမ်ကို ပြန်လာတာနဲ့ ဒီတစ်အိမ်လုံးပါ မှောက်ခုံလျှမ်းပြန်ဖြစ်လည်း ဖြစ်ဖြစ် ... အသားကုန်သောင်းကျန်းစွာ ဖြေရှင်းပစ်မည်ဟုသာ တေးထားလိုက်သည်။

ဒါပေမယ့် စကားအကြံ့ မအောင်လိုက်ပါ...။

သူပြန်မရောက်ခင်မှာပဲ ဗိုက်က စတင်ကာ နာလာခဲ့သဖြင့် အားလုံး ပျာယာခတ်ကုန်ကြကာ ... မေမေတို့ကိုလှမ်းခေါ် ... သူ့ကို အကြောင်းကြား စသဖြင့် ရှုပ်ယှက်ခပ်ကုန်ကြရပြီး... သူ့ရဲ့ အဆိုတော် ပန်းကုန်းစွပ်မှု၊ လိမ်ညာမှုကိစ္စ

ကြီးမှာလည်း "သားကလေး" ရဲ့ ငိုသံများအောက်မှာပဲ အစ
ပြန်ပေါ်လာခွင့် မရတော့ဘဲ တိမ်မြုပ်ပျောက်ကွယ်သွားရလေ
သည်။

အခန်း (၅)

စိတ်မကောင်း လက်မကောင်း ဖြစ်နေတုန်း
ကလေးမွေးခဲ့ရလို့.လား၊မသိ ...။ သားကိုမွေးပြီးချိန်မှာ စကား
မှာနေလို့.လည်း၊မကောင်း ...။ နို့.ကလည်း ကောင်းကောင်း
မွန်မွန် မထွက်ပါ ။ သားကလေးကလည်း ဘယ်ဘက်က ဗီဇ
မျိုးရိုးတွေ ပါလာတာလဲတော့.မသိ ...။ အင်မတန်မှကို ခွဲခပ်
ကာ သူလိုချင်တာ တစ်စုံတစ်ရာကို မရမချင်း အသံ
မတိတ်စတမ်း ငိုယိုကာ မပြီးနိုင်တော့အောင် ရှိတတ်လေ
သည်။

သူ့.ကိုထိန်းဖို့.အတွက် စိတ်ချရသော အလုပ်
အကိုင်တော်သော ကရင်နာနီကြီးတစ်ယောက်ကို ဈေးကြီး
ပေးကာ ငှားထားခဲ့ပေမယ့် သားလေးက ထိုနာနီကြီးကိုလည်း
နှစ်လိုပုံမရ ...။ တစ်သက်လုံးပင် ကလေးထိန်းအလုပ်ကို
တစ်ယောက်ကြီးရင် တစ်ယောက်ပြောင်း နှစ်ရှည်လများ

လုပ်စားလာခဲ့သော နာနီကြီးပင်လျှင် သားသာနှင့်ကျကာမှ အရှုံးပေးရတော့မလိုလို ဖြစ်နေလေတော့သည်။

နာနီကြီးက ပြောသည် ... "သားလေးက သူ့အမေနှင့်ပဲ အချိန်ပြည့်ကပ်နေချင်တာ ..."တဲ့။ ဟုတ်ပုံရပါသည်။ စကားနားရောက်ရင် ငိုသံစဲတတ်သော သားကလေးဟာ စကားထဲက ခွာသွားရရင်တော့ ကြွက်ကြွက်ကို ညံပါလေရော။ သားလေးရဲ့ စိတ်ကြိုက်ကို သိပင်သိသော်ငြား နို့တိုက်ချိန်လောက်ကလွဲပြီး စကားက သားလေးကို ခေါ်မထားနိုင်ပါ။ စကားကိုယ်တိုင်က ပိန်လှီအားဖျော့ကာ နေလို့မှမကောင်းဘဲ။

သို့သော် စကားခေါ်ချီထားတိုင်းလည်း အမြဲအငိုတိတ်နေတတ်သလားဆိုတော့လည်း မဟုတ်ပြန်။ တစ်ခါတစ်ရံကျ ဘာကြောင့်ရယ်မသိ ... စကားကိုယ်တိုင် ချီထားပါရက်နှင့်လည်း ကော့ကော့ထိုးကာ မကျေမနပ် အာခေါင်ခြစ်နေတတ်ပြန်ရော ...။ အထူးသဖြင့် နာနီကြီး စကားနှင့်အတူရှိမနေတတ်သည့် ညအချိန်တွေဆို ပိုဆိုးသည်။ ကြည့်ရတာ "ကိုဇိမ်ခံ"ရဲ့ သားတော်မောင်ပီပီ အမေဖြစ်သူ စကားကတော့ ပင်တိုင်၊ ဒိုင်ခံပြုစုပစေ ... ဘေးနားမှာလည်း Assistant လက်ထောက်တစ်ယောက် အနေနှင့် နာနီကြီးက မပြတ်ရှိနေစေ ... ဒီလို ထင်ပါရဲ့ ...။

ထိုအခါ သူ,အခန်းထဲ သူစိမ်းမိန်းမတွေ ဝင်လာတာကိုတောင် မကြိုက်ပါဘူးဟု အဆိုရှိသော ကိုကိုဟာ နာနီကြီးနှင့်အတူတူတော့ တစ်ခန်းတည်း ဘယ်အိပ်နိုင်ပါ့

မလဲ ...။ နာနီကြီး အတူရှိမနေသော ညပေါင်းများစွာကို အိပ်ပျက်ခြင်း ငိုသံများနှင့်ပဲ ဖြတ်သန်းပြီးသောအခါ ကိုကို့ထံမှ တစ်ချက်လွှတ်အမိန့် ထွက်လာပါတော့သည်။

"စကား ... ဟိုဘက်ကအခန်းက ဒီအခန်းနဲ့ဆို ကြားထဲမှာ Slide door (လျှောတံခါး) တစ်ချပ်ပဲခြားတာပဲ ... အဲဒီအခန်းထဲမှာ သားနဲ့နာနီနဲ့ အိပ်ကြပစေ ... သားငိုတာတို့ တစ်ခုခုလိုအပ်တာတို့ဆိုလည်း စကားကအချိန်မရွေး အခန်းကူးသွားနိုင်တာပဲ ..."

"ဟင် ... ဘယ်ဖြစ်ပါ့မလဲ ... မဖြစ်ဘူး ..."

"ဘာလို့မဖြစ်ရမှာလဲ ... သားက ညညကျ နာနီမရှိရင် ဒီလောက်အော်ငိုနေတာ ... ကိုကိုက စကားအတွက်ပြောနေတာနော် ... စကားသိပ်ပိန်နေပြီ ... ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်ဦး .. ည,ည စကားအိပ်ရေးပျက်တာက လွန်လွန်နေပြီ"

တကယ်ပဲ စကားကို စိုးရိမ်၍ပြောတာ ဖြစ်နိုင်သော်ငြား အမျက်ဓာတ်ခံ ရှိနေသည့် စကားကတော့ သိပ်ကြီးမယုံစားနိုင်ပါ။ စကားအိပ်ပျက်တာထက် သူအိပ်ပျက်လို့ပြောတာပဲနေမှာ ... ဟုသာ စိတ်ထဲက တွေးနေမိပါသည်။

"သားက နာနီမရှိရင် မရသလို ... စကားမရှိလို့လည်း ပိုလို့တောင် မရဘူး"

"စကားက မရှိမှာမှ မဟုတ်တာ ... အချိန်မရွေး အခန်းကူးသွားနိုင်တာပဲ"

"ဒါပေမယ့် ကြားအချိန်တွေမှာတော့ စကားမရှိဘဲ

လွတ်နေမှပေါ့”
“ကလေးပဲကွာ ... နို့.ဝပြီးအိပ်လည်းအိပ်ပျော်နေမယ် ဆိုရင် ဒါတွေကို သူမသိနိုင်ပါဘူး ...”
“အမယ်လေး ... သားလား မသိမှာ ... ဒီလောက် သိတတ်နေတဲ့ဟာ ...”
“ဘာပဲဖြစ်ဖြစ်ကွာ ... ဒီအတိုင်းတော့ မဖြစ်ဘူး ... တစ် ခုခုတော့ လုပ်ဦး ...”
“စကားကလည်း စဉ်းစားထားပြီးပါပြီ ... ကိုကိုတစ် ယောက်တည်း ဒီဘက်အခန်းထဲမှာနေခဲ့ ... စကားနဲ့. နာနီကြီး နှစ်ယောက်လုံး သားနဲ့.အတူ ဟိုဘက်ခန်းမှာ အိပ်ကြမယ်လေ”
“ဟာ ...ကိုကိုက စကားပင်ပန်းမှာစိုးလို. ပြောနေတာ ကို စကားကပါ အဲဒီအခန်းထဲ ပြောင်းအိပ်ဦးမယ်ဆို တော့ ဘာထူးလဲ”
“ထူးတာပေါ့ သားက စကားရော နာနီကြီးပါ ရှိနေမှ ကောင်းကောင်းအိပ်မှာ ... သူကောင်းကောင်းအိပ်ပြီ ဆိုရင် စကားလည်း အနားရပြီပေါ့ ...”
“စကားဂျယ် ကိုယ်တို့.လည်း တစ်သက်လုံး နာနီနဲ့.ပဲ ကြီးလာတာပါ ... တကယ်စိတ်ချရတဲ့ နာနီတွေဆိုရင် ကလေးအတွက် ဘာမှစိုးရိမ်စရာ မရှိပါဘူး ...ဒီနာနီ ကြီးလည်း ကိုယ်တိုင်စိတ်တိုင်းကျ ရွေးထားတာပဲ ... ကြည့်လိုက်တာနဲ့.တင် စိတ်ချရမယ့်ပုံ ရပါတယ် ...”
“အို ... တူမလား ... စကားကတော့ တစ်သက်လုံး

မေမေနဲ့.ပဲ ကြီးလာတာ ... နာနီတွေ ဘယ်လောက်ပဲ စိတ်ချရတယ်ဆိုဆို ... အမေရင်းလောက်တော့ကလေး ရဲ့.စိတ်ထဲမှာ ဘယ်လုံခြုံမှုရှိနိုင်ပါ့မလဲ ...ကိုကို.ဘာသာ ဘယ်သူနဲ့.ကြီးခဲ့ကြီးခဲ့ ...စကား.ရဲ့.သား.ကတော့ အမေနဲ့.ပဲ ကြီးမယ် ..."

ကိုကိုက စကားကို လက်နှစ်ဖက် မြှောက်ပြလိုက်သည်။ စကားကလည်း အဲဒီနေ့.ညမှာပင် စတင်ကာ အခန်းပြောင်းလေသည်။ အငိုသန်ကာ ဇွဲခပ်လှသော ... အရာရာကို ထစ်ခနဲရှိတာနဲ့. စိတ်ကြိုက်မတွေ့.တတ်သော သား.ကလေး.ကတော့ အမေနှင့်နာနီတို့. နှစ်ယောက်ညှပ်အိပ်ပြီး နှစ်ယောက်ပေါင်း ဝိုင်းပြုစုကြတာတောင်မှ သူ.မှာသူ.စိတ်နှင့် မတွေ့.လှတာတွေကို ရှာဖွေတွေ့.ရှိနိုင်ဆဲ ...။ ညညကျ ငိုသံတို့.က အတော်ကြီး လျော့.ပါး.သွား.ခဲ့ပြီ ဖြစ်ပေမယ့် ဆက်လက်ပြီး.တော့,တော့ ထွက်ရှိနေဆဲ ...။

"စကား.ဟာက စကား.အခန်း ပြောင်း.အိပ်လိုက်တာပဲ အဖတ်တင်တယ် ... သား.ငိုသံကတော့ ထူး.မခြား.နား.ပါလား."

"သြော် ... ဘာလို့.မထူး.ခြား.ရမှာလဲ ... ဘာပဲဖြစ်ဖြစ် ငိုသံကတော့ လျော့.သွား.သေး.တာပဲဟာ ...ရုတ်တရက် အလျဉ်း.ပျောက်တာမျိုး မဟုတ်ရင်တောင် လျော့.သွား.တယ်ဆိုရင် နည်း.လား ..."

"ဒါနဲ့.ပဲ ... ဒီလို ဒီလိုနဲ့.ပဲ စကား.နဲ့.ကိုကိုနဲ့.က တစ်အိမ်ထဲအတူနေပြီး လင်မယား.ကွဲနေကြ သလိုမျိုး

ကြီးပဲ တစ်သက်လုံးကြီး ဖြစ်သွားကြရတော့မှာလား"
"ဒါကတော့ သားလေးရဲ့ အခြေအနေပေါ်မှာပဲ မူတည်တယ်"

ကိုကိုပုံစံ ကြည့်ရတာ အတော်အခံရခက်နေဟန် ရှိသဖြင့် သူ့အပေါ် အမြင်ကပ်စိတ် ရှိနေသည့် စကားက စိတ်ပုပ်မွေးကာ အဲဒီအချက်အတွက်ပဲ အတော်အားရကျေနပ်နေပါသည်။ ကိုကိုပြောသလိုပဲ စကားနဲ့ ကိုကိုဟာ တစ်အိမ်တည်း အတူနေပြီး လင်မယားကွဲနေကြသလိုမျိုးနှင့် တကယ်ပဲ တူနေတော့တာပါ။ ဟိုးအရင် ... သားကလေး မရှိခင်ကတည်းကိုက တစ်နေ့မှာ ရှစ်နာရီကျော်ကျော်ခန့် ရုံးသွားနေရသော ကိုကိုနှင့် စကား၊ တကယ်တမ်း အတူတကွ တွေ့ကြရချိန်ကလေးဟာ လေးနာရီလောက်ပဲ ရှိခဲ့တာပါ ...။

ခုကျတော့ အဲဒီလေးနာရီခန့် အချိန်ကလေး အတွင်းမှာတောင်မှ စကားဟာ သားနှင့်ပဲ လုံးထွေးနေတတ်တော့ပေရာ ကိုကိုနှင့် စကားအေးအေးဆေးဆေးပြောချိန်၊ အေးအေးဆေးဆေး တွေ့ကြချိန်တောင်မှ မရှိတော့ ...။ အနားမှာလည်း နာနီကြီးက အမြဲလို ရှိနေတတ်သည်လေ။ ကိုကိုဟာ သူ့ဘာသာ ရုံးကပြန်လာရင် အခန်းငယ်ထဲမှာ လုံးထွေးနေကြသည့် စကားနှင့် သားကလေးတို့ကို လာဝင်ကြည့် ... ခဏနေ ... ပြီးရင် ကလေးက ငိုလိုက်တာနှင့် အခန်းထဲက ပြန်ထွက်သွားပြီး အံ့ဖွားနှင့်အတူတူ လုပ်စရာရှိတာတွေလုပ်ကြ၊ တစ်ခါတစ်ရံ ညစာကို စကားက နို့တိုက်

မိခင်ဖြစ်သဖြင့် ဆာဆာနှင့် ကြိုစား:ထား:တတ်ပေရာ အတူ လက်ဆုံမစား:ကြရပြန်။ ပြီး:တာနဲ့. အိပ်ချိန်ရောက်တော့ တစ်ခန်း:စီ အိပ်ကြပြန်ရော ...။

သူ,မကျေနပ်နိုင်ပေမယ့် စကား:ကတော့ ကျေနပ်သည်။ အတူတူ နေနေရတာ အချိန်ကြာလာရင် သား:လေး:မွေး:လာသဖြင့် အစပျောက်သွား:ခဲ့ရသော အဆိုတော်ကိုပန်း:ကုံး:သုံး:သောင်း:ဖို: ကွန်ဒွန်မရစ္စာ ပြေး:လွှား:တက်စွပ်နေမည့် အရေး:က ခေါင်း:ထဲပြန်ပြန်ပေါ်လာကာ စကား:မှာပဲ ကျိတ်မနိုင် ခဲမရ ဖြစ်မည်။ အနာ:မှာ သူစိမ်း:ဖြစ်သေည နာနီတစ်ယောက် ပိုလာတာရယ် ... သား:ကလေး: ရှိလာတာရယ်နှင့် စကား:က ရန်လည်:အပြိုင်ဖြစ်မနေချင်တော့ပြီ ...။

ခုလည်: သူငြိမ်ချင်မှ ငြိမ်မှာပါဆိုတာ စကား:ခေါင်း:ထဲမှာတော့ အရှိသား:။ ဒါပေမယ့် လျစ်လျူရှုထား:လိုက်ချင်ပြီ ...။ အံ့ပွား:ဘာသာ အလိုက်တသိနှင့် ကြည့်ထိန်း:ချင်ထိန်း: ... ဒါမှမဟုတ်ရင်တော့ သုံး:သောင်း:ဖို:မကလို. တစ်သိန်း:ဖို:ပဲ တက်စွပ်စွပ် ...ပြန်မသိရမချင်: နား:အေး:ပါး:အေး:စိတ် အေး:အေး:သာ နေလိုက်မိချင်ပြီ။ သူ့မှာ အံ့ပွား:တစ်ယောက်လုံ: ရှိနေသရွေ့. ဘယ်နေရာမှာမှ စကား:မလိုအပ်တော့ဘူး:ရယ်လို့.လည်: စိတ်ဒုံး:ဒုံး:ချလိုက်ချင်ပြီ ...။

အခြေအနေ အရပ်ရပ်ကို 'က'မှ'အ'အထိ အလုံး:စုံသိနေသော မာလာကတော့ စကား:ကို ဝေဖန်လာသည်။

"စကား: အိမ်ထောင်ရှင် မိန်းမတစ်ယောက်ဟာ စကား:

အခုဖြစ်နေသလို ပုံစံမျိုး အတွေးမျိုးတွေ ဝင်မလာသင့်ဘူး ... အဲဒါ အိမ်ထောင်ရေးအတွက် အန္တရာယ်ပဲ"

"ဒါပေမယ့် ငါစိတ်ချမ်းသာတယ်လေ"

"နင် တစ်ယောက်တည်း စိတ်ချမ်းသာနေလို့ မပြီးသေးဘူး စကားရဲ့ ...နင့်ဘာသာနင် အပျိုကြီးလုပ်မနေဘဲ အိမ်ထောင်ပြုလိုက်ပြီ ဆိုကတည်းက နင်တစ်ယောက်တည်းရဲ့ အရေးကိုပဲ နင်ဦးစားပေးချင်လို့မရတော့ဘူး ... နင့်ယောကျ်ားအတွက်လည်း နင်ကြည့်ကိုကြည့်ရတော့မယ်"

"သူတောင်မှ တစ်ကိုယ်ကောင်း ဆန်ချင်သေးတာဟာ ..."

"ဒါပေမယ့် နင်ကပါ လိုက်ပြိုင်ချင်လို့ မရဘူးလေ ... ခုဆိုရင်နင့်မှာ နင်တစ်ယောက် ... နင့်ယောကျ်ား တစ်ယောက်တင် မကတော့ဘူး ... နင့်သားကလေးပါ ပိုလာပြီလေ ... ယောကျ်ားမျက်နှာကို မထောက်ရင်တောင် သားမျက်နှာတော့ ထောက်ရဦးမှာပေါ့"

"ငါက ဘာမျှ မထောက်မညှာ လုပ်နေလို့လဲ ... ငါ့ဘာသာငါ အေးအေးနေနေတာ ..."

"အဲလို အေးအေးကို နေလို့မရဘူးလို့ ငါကလည်း ဆိုလိုနေတာပေါ့ ... ခုတောင် နင်တို့ဟာက တစ်အိမ်တည်းနေပြီး ကွဲသလိုဖြစ်နေကြပြီ ... အဲဒီစကားကို နင့်ကိုကိုရဲ့ပါးစပ်က စထွက်လာတာနော် ... အင်မတန် အန္တရာယ်ကြီးတယ် စကား ... ဘာပြဿနာမှလည်း

ကြီးကြီးကျယ်ကျယ် မရှိကြဘဲ အလိုလိုနေရင်း တဖြည်းဖြည်းဝေးပြီး သွေးအေးသွားပြီး တကယ်ပဲ ကွဲပါကွဲသွားကြမယ်ဆိုရင် ... နင့်သားကလေး ဖခင်မဲ့ရခြင်းအတွက် တရားခံဟာ နင်ပဲ ... နင့်သားဒုက္ခရောက်အောင် နင်လုပ်တာပဲ ..."

"အောင်မာ ... ငါတစ်ယောက်တည်းတင် တရားခံလား... သူလည်းပါတာပဲ ..."

"မပါဘူး ... သူက ခုလိုဖြစ်နေတာကြီးကို ပြောင်းလဲလိုတဲ့ဆန္ဒရှိတယ် ... နင်ကသာ မရှိတာ ... ကဲပါထားပါ ... တရားခံစာရင်းထဲမှာ ဘယ်သူပါပါမပါပါ နင့်သားလေးဟာ အဖေကွဲ အမေကွဲနဲ့. ကြီးပြင်းရမှာကို နင်မပူတော့ဘူးလား"

"ဒါပေမယ့် သူ.ဘဝမှာ အံ့ပွားရှိနေရင် ငါလိုကိုမလို အပ်တော့ဘူးလို. ငါ့စိတ်က ထင်နေတယ် ... ဒီပြင်သာယာမှုကိုတော့ သူ.ဘာသာ ရှာချင်တဲ့.ဆီက ရှာပါစေဟာ ..."

"အဲဒါ နင်မှားတာပေါ့ ... နင်နဲ့. အံ့ပွားဟာ တူကိုမတူဘူး ... ဘယ်လိုမှ မတူနိုင်ဘူး ... နင့်ယောကျ်ားရဲ့. နင့်အပေါ်တန်ဖိုးထား ချစ်ခင်မြတ်နိုးမှုနဲ့. အံ့ပွားအပေါ် ခင်မင်လေးစား အားကိုးယုံကြည်မှုတို့.ဟာ ဘယ်လိုမှ နှိုင်းယှဉ်လို. မရနိုင်ဘူး ... တခြားစီသပ်သပ်စီပဲ ... ပြီးတော့ အပြင်မှာ တွေ့.ရှမြင်ရ သာယာမှုတွေကို လိုက်ရှာနေရလောက်အောင်အထိလည်း နင့်

ကိုကိုဟာ ဆိုးဝါးဖောက်ပြန်မနေသေးပါဘူး ... ငါယုံပါတယ် စကားရယ် ..."

ဘာပဲဖြစ်ဖြစ် သားကလေးနဲ့. ကိုင်ပေါက်ကာခြိမ်းခြောက်လာပြီဆိုတော့လည်း စကားက ကိုယ့်အချိုးကိုယ်မပြောင်းချင်လည်း ပြောင်းရတော့မည်သာ ဖြစ်ပါသည်။ စနေနေ့.တစ်နေ့. ကိုကိုအလုပ်အားလပ်ပြီး ဘယ်မှမသွားဘဲ (ခြံပြင်အခန်းပြင်ပါ မထွက်ဘဲ) သူ့.အခန်းထဲမှာ သူရှိနေသောအခိုက်မှာ စကားက ဟိုဘက်ခန်းကနေ ဒီဘက်ခန်းသို့. ပြန်လည်ရွေ့.ပြောင်းလာခဲ့.သည်။

"ဟာ ... စကား ... ဘာလဲ ... သားကော ..."

"သားအိပ်နေတယ် ... ဟိုဘက်မှာနာနီကြီးနဲ့.ပဲ ... စကားကတော့ မိညိုကို ခေါ်ပြီး စကားပစ္စည်းလေးတွေ ဒီဘက်ပြန်ပြောင်းမလားလို့. ... အဲဒါ ..."

"ဟာ ... စကား ... ဒီဘက်ခန်း ပြန်ပြောင်းလာတော့မယ်... ဟုတ်လား ..."

"ဟုတ် ..."

ကိုကို့.မျက်နှာ တအားရွင်လန်းချမ်းမြေ့.သွားတာကို မြင်ရလျှင် စကားမှာ မာလာ.ကို ကျေးဇူးတင်မိရပါသည်။ ဘာပဲဖြစ်ဖြစ် ... အစစအရာရာ အဘက်ဘက်က ပြည့်စုံနေပြီး ... လိုလေသေးမရှိသော ယောကျ်ားတစ်ယောက်ဟာ (တကယ်တမ်း တည်ကြည်စွာခိုင်မြဲသူသာ ဖြစ်နေဆဲဆိုရင်) ကိုယ်အတည်တကျ လက်ထပ်ပေါင်းသင်းထားသည့် ကိုယ့်ဇနီးမယားတစ်ယောက် ကိုယ့်နံဘေးမှာ အစဉ်အမြဲရှိနေ

ဖို့.ကိုလည်း လိုကိုလိုသေးတာပေါ့နော် ..."

စကားအခန်းပြန်ပြောင်းလာမှာကို မထိန်းနိုင် အောင်ပျော်ရွင်သွားသော ... ဒီယောကျ်ားတစ်ယောက်ဟာ စကားကိုလည်း လိုကိုလိုအပ်နေသေးတာပေါ့နော် ..."

"ကောင်းတယ် ... ကောင်းတယ် ... မိညိုကို ခေါ်မနေနဲ့.တော့ ... စကားပစ္စည်းလေးတွေက ဟိုဘက် ခန်းထဲထည့်ထားတာ နည်းနည်းလေးပဲဟာ ... ကိုကို ပဲလိုက်သယ်ပြောင်းပေးလိုက်တော့မယ် ... နေ ... နေ စကားနေ ... နာနီကိုမေးပြီး ကိုကိုဘာသာပဲ.ကြည့် ကျက်လုပ်လိုက်တော့မယ် ... စကားလဲရင်လဲနေလေ ... ဒါမှမဟုတ် ရေချိုးချင် ချိုးလိုက်ပါတော့လား ..."

"ဟုတ် ... ဒါဖြင့် စကားရေချိုးလိုက်မယ် ..."

ကိုယ့်ဝတ္တရားတောင် သူများပေါ်ပုံချကာ သူများ တကာထံ လွှဲထားချင်သည့် ယောကျ်ားက အဖော်အကူ တောင် မခေါ်တော့ဘဲ စကားပစ္စည်းတွေကို သူ.ဘာသာပဲ သူကိုယ်တိုင် ရွှေ.သယ်နေရာချကာ အခန်းပြန်ပြောင်းပေး မည်ဆိုသဖြင့် စကားက ပြုံးစေ့စေ့လေးသာ ကျေနပ်နေတော့ ကာ ရေချိုးခန်းထဲဝင်လာခဲ့ပါသည်။ သို့.သော် စိတ်ချမ်းသာ လက်ချမ်းသာ အေးအေးဆေးဆေးလေး ရေစိမ်ချိုးတော့မည် မှ မကြာခင် အာခေါင်ခြစ် အော်ငိုသံက ကြားရပါပြီ ...။

စကားမှာ ကိုယ်ရေစို ... ဆပ်ပြာတိုက်ကြီးနှင့် ပင် Bath Robe (ရေချိုးပြီးဝတ်သည့် အင်္ကျီရှည်ကြီး)ကို မြန်မြန်ဆဲဝတ်ကာ ရေချိုးခန်းအပြင်ဘက် ထွက်ပြေးလာခဲ့ရသည်။

"ကိုကို ... နာနီကြီး ... ကလေး ဘာဖြစ်လဲ ..."

"ဘာမှမဖြစ်ဘူး စကား ... သွား ... သွား ... ရေချိုး ခန်းထဲပြန်ဝင် ..."

"မဖြစ်ဘူး ... ဟိုမှာ အရမ်းငိုနေတယ် ..."

သားက နာနီ့လက်ထဲမှာ ကော့ကော့ထိုးကာ အော်ငိုလျက် ...။

"ရုတ်တရက် အိပ်ရာက နိုးသွားလို့ စိတ်တိုသွားတာ နေလိမ့်မယ် ... ကိစ္စမရှိဘူး ... နာနီ ပြန်ချော့သိပ်လိမ့်မယ် စကားရယ် ... စကားသာ အအေးမိပြီး ဖျားရင် ပိုဆိုးမှာ ... ရေသာပြီးအောင် ဆက်ချိုးပါ ..."

ကိုကိုက စကားကို ကလေးအခန်းထဲ ပြန်မဝင်သာအောင် အခန်းကူး လျှောတံခါးဝနားမှာတင် ပိတ်တွန်းထားကာ ကလေးဆီသို့ အသွားကို မခံပါ ...။

"မဟုတ်ဘူး ... နို့တိုက်သိပ်လိုက်ရင် ခဏနဲ့ ပြန်အိပ်ပျော်သွားမယ် ...ဒီတိုင်းကြီးဆို မပြီးနိုင်အောင် ငိုနေတော့မှာပဲ"

"နို့မဆာပါဘူးကွာ ... ဗိုက်တင်းနေတာကြီး ..."

"ဆာလို့ပြောတာ မဟုတ်ဘူး ... နို့ကလေးနဲ့ မှိန်းလိုက်ရင် ကောင်းတယ်လို့ ပြောတာ ..."

"အဲဒါဆို နို့ဘူးနဲ့ မှိန်းလိုက်မယ် ... ကဲ ... သွား ... သွား နာနီ ... အခန်းအပြင် ခေါ်သွားဗျာ ... ဟိုးအိမ်အောက်ထပ်အထိသာ ခေါ်သွား ..."

"ကိုကို ဘယ်လိုဖြစ်နေတာလဲ ... ဖယ်စမ်းပါ ... ဘာ

လို. ပိတ်တွန်းထားတာလဲ ... နာနီကြီး မသွားနဲ့. ... ပေး ... ကလေးကို စကားကိုသာပေး ..."

သို.သော် နာနီကြီးမှာ ကိုကိုနှင့်. တစ်ဂိုဏ်းတည်း ဖြစ်ကာ စကားကို ကလေးပေးမချီစေချင်တော့တာလား ... ဒါမှမဟုတ် ... "သွားဗျာ ... နာနီ ... သွားလို. ကျွန်တော် ပြောနေတာ မရဘူးလား" ဟူသည့် မျက်နှာထားမာမာကြီးနှင့် ကိုကို.ကို လန့်တာလား.တော့မသိ ... ။ အဟုတ်ပင် ... ကလေးချီကာ အခန်းထဲမှ ထွက်သွားပါတော့သည်။ စကားမှာ အသံတောင်ပျောက်လုနီးပါး ပြာနေအောင် အော်ငိုနေသည့် ကလေးကိုတော့ဖြင့် သူ.အဖေလို ကိုယ်သက်သာပြီးရော အကြင်နာကင်းကင်းနှင့် လျစ်လျူမရှုလိုက်နိုင်ပါ။

ကိုကိုက အခန်းကူး တံခါးမှာ ပိတ်ကာထား လျှင် စကားက ပင်မတံခါးကြီးဆီသို.ပြေးကာ အခန်းပြင် ထွက်လိုက်ဖို. ကြံရွယ်ပါသည်။ ဒါပေမယ့် ကိုကိုက စကားထက် လျင်မြန်သဖြင့် အခန်းတစ်ဝက်လောက်မှာတင် ကိုကို. လက်ထဲ စကား ပြန်ရောက်သွားတော့သည်။

"ကိုကို ... ဘယ်လိုဖြစ်နေတာလဲ ... ဟိုမှာ သားက ဒီလောက်ငိုနေတာ ... ဒီတိုင်း လွှတ်ထားလိုက်လို. ရမလား ... အဖေလုပ်နေပြီး ... ဒီငိုသံကို ကြားနေနိုင်သလားဟင် ... စကားကတော့ မကြားနိုင်ဘူး ... လွှတ် ... လွှတ် ... စကားကိုဆွဲမထားနဲ့. ..."

"စကား.ချော.ရင်လည်း ... တိတ်မယ်လို. အာမ,မခံနိုင်ပါဘူး ..."

"ဘာပဲဖြစ်ဖြစ် တော်သေးတာပေါ့ ..."
"မဟုတ်ဘူး စကား ... ခုလို ကလေးပေါက်စလေး တွေဆိုတာ အကျင့်ကောင်းလေးတွေ ကျင့်ပေးထားဖို့ လိုတယ် ... အာဖြိုဝိုတိုင်း ... သူကြိုက်တာကို ပျာပျာသလဲ ဝိုင်းလုပ်ပေးကြရင် နောင်ဘာပဲလိုလို အာဖြိုပြီးတော့ပဲ ဝိုနေတော့မှာပေါ့ ... ကြီးလာရင် ကလေးဆိုးလေးတွေ ဖြစ်လာတတ်တယ် ... ဘယ်လောက်ဝိုဝို ... အချိန်မဟုတ် အခါမဟုတ် ... မဟုတ်တာမမှန်တာမျိုးဆိုရင် ရကိုမရနိုင်ဘူးလို့. သူတို့.သိသွားရင် ...နောင်ကျ အဲဒီလောက်ကြီးကို မဝိုတော့ဘူး ... မယုံရင်ကြည့်"
"အို ... ဒါပေမယ့် ဒါမျိုးဟာ ကြီးလာမှသာ စည်းကမ်းချလို့.ရမှာပေါ့ ... ခုဟာက တအားငယ်နေသေးတဲ့ဟာ သူ့.ကို စည်းကမ်းလုပ်လို့. လုပ်နေမှန်းတောင် သိမှာမဟုတ်ပါဘူး"
"ဘာလို့.မသိရမှာလဲ ... ဖဟာကြည့် ... နားထောင်စမ်း ... ဝိုသံမကြားရတော့ဘူး ..."
"ဟုတ်ပါရဲ့. ... စကားတို့. စကားများနေတုန်း ရုတ်တရက်တိတ်သွားတာ ... သားလေး ဘာဖြစ်သွားပြီလဲ မသိဘူး ... တစ်ချက်တည်း အသံပျောက်သွားပြီလား၊ ဒါမှမဟုတ် ... ဝိုသံကို စကားမကြားသာအောင် ဟိုးခြံထဲတွေ အိမ်နောက်တွေထိ ခေါ်ချသွားကြပြီလား မသိဘူး"
စကားမှာ ဒီတစ်ခါတော့ သားဇောနှင့် ကိုကို့.

တအားကြီး ဝမ်းနည်းလို့.လာသည်။

"ဟောကြည့် ... နှာချေပြီ ... တွေ့.လား ... ကဲ ...လာ ရေမြန်မြန်ပြန်ချိုး ... ပြီးရင် ဆေးသောက်ပြီး တစ် ရေးအိပ်ကို အိပ်ရမယ် ... ကလေးက ဟိုမှာတွေ့.လား ခုနေ စကားအတင်းသွားဆွဲခေါ်မှသာ သူငိုတော့မှာ"

စကားမှာ ကိုကိုဆွဲခေါ်ရာနောက်သို့. အသာက လေးပင် ပြန်လိုက်လာခဲ့ရတော့သည်။ ကိုကို.သားဟာ စကား ရဲ့.သွေးတော့ လုံးလုံးပါမလာခဲ့ဘဲ ... သူအဖေရဲ့.သွေး အပြည့်နှင့် အံ့ပွားမှ အံ့ပွား ... အံ့ပွားတစ်ချက်ကောက်ချီ လိုက်တာနှင့် တိကနဲ အငိုတိတ်တတ်သော ကလေးတစ် ယောက် ဖြစ်နေတော့သည်တကား ...။

အဲသည်လိုစကားတို့.အိမ်မှာ အံ့ပွားရဲ့. အနေ အထားဟာ အရင်ကထက်တောင်မှ ပိုပြီးတော့ကို အရေးပါ လာတော့တာပါ ...။ ကိုကိုတို့.ကတော့ ပြောမနေနဲ့.တော့ ကလေးက 'အဲ့'ခနဲ တစ်ချက်မအော်လိုက်နဲ့. ... (သူ့.ဘာသာ လည်း ဟိုဘက်ဒီဘက် အကူးအပြောင်း စောင်းလှည့်အအိပ် ်တို့.မှာ အသံမြည်နိုင်သေးတာကိုတောင် စိတ်ကူးထဲမှာ မရှိ တော့ဘဲ) ... "အံ့ပွားရေ ... မင်းကောင်ကို လာလုပ်ပါဦးကွ"

ဟူသည့် အသံကြီးကသာ ဦးစွာဟိန်းပြီး ထွက်လာတော့တာပါ ...။

သားကလည်း အဲပွားမှ အဲပွား ... ။ ဒီလိုနည်း ဒီလိုပုံ ချီတာချော့တာခြင်း တူသော်ငြား ကလေးစိတ်ထဲ ဘာကဘယ်လိုကွာနေသည်မသိ ...အဲပွားနှင့်မှ ဓာတ်တည့်နေလေသည်။ ကိုကိုကလည်း အဲပွားမှအဲပွား ... နာနီကပါ အဲပွားမှ လောကထဲမှာမရှိရင်ဘဲမဖြစ်သလောက် ...။ ဒါတင်မက ကျန်တစ်အိမ်လုံးကပါ (ကလေးငိုသံကို စိတ်ထိခိုက်နားညည်းကြလွန်းပြီထင့်) "ကိုအဲပွားကြီးထိန်းမှရတာ ... ကိုအဲပွားကိုမှ ကလေးက လက်ခံတာ ..."နှင့် တတွတ်တွတ်နှုတ်ဖျားက မချကြတော့ပြီ။ အမယ် ... တစ်ခါတစ်ရံကျစကားလစ်ပြီအထင်နှင့် ...

"ကလေးက ကိုအဲပွားကြီး ချီထားရင် အစစအရာရာပြည့်စုံသွားသလိုပဲ ... ဘာမှကို လိုတော့တာမဟုတ်ဘူး ... ကိုအဲပွားသာ ချီထားမယ်ဆိုရင် နို့ဘူးလည်း စို့တယ် ... သူ.အမေနို့.ကိုတောင် မမက်တော့ဘူး ... ကိုအဲပွားသာရှိရင် သူ.အမေ မမလေးတောင် မလိုတော့ဘူး"

အဲဒါမျိုးတွေကလည်း ရှိသေးသည်။ စကားမှာလည်း တစ်ခါတစ်လေကျရင်တော့ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ... ဘယ်လောက်ပဲ နေမကောင်းနေမကောင်း ကိုယ့်ကလေးကို ကိုယ့်ဘာသာလေးပဲ ချီပိုးပိုက်ထွေးထားလိုသောအခိုက်မျိုးလည်း ရှိသေးတာပေါ့ ... သို့သော် ... အဲဒီလို

အချိန်မျိုးဟာ အဲဟာ အိမ်မှာရှိနေချိန်နှင့် ဆုံနေလို့.များကတော့ အမေရင်း ဖြစ်ပေမယ့် စကားမှာ နောက်ကောက်သာကျပေရော့.ပဲ ...။ တစ်ခါတစ်ရံ ကလေးငိုနေပါရက်နှင့် (အဲဟာလည်း အိမ်မှာရှိနေရက်နှင့်) စကားက အဲဟာလက်မထည့်လိုက်ဘဲ ကိုယ့်ဘာသာ ကြိုးစားပမ်းစား အငိုတိတ်အောင်များ လုပ်နေမိရင် ... စကားမှာ တစ်အိမ်သားလုံးရဲ့. အမြင်မှာ 'သူယုတ်မာ' ကြီးလုံးလုံးကို ဖြစ်လို့. ...။

စကားတစ်ကယ်ခံစားရပါသည်။ လူကြီးများကို အမြင်ကပ်တိုင်း ကလေးသေးသေးကလေးပဲ ရှိပါသေးရက် သိပ်ကြီးသိတတ်နေသည့် သားကလေးကို ဖိမဲပြီး ရန်လုပ်စိတ်ကောက်ရမှာကလည်း အလုပ် မဟုတ်လှသေး။ သို့.သော် အဖေ့သွေးမှ အဖေ့သွေးဖြစ်ပြီး ဒီလူတစ်ယောက်အပေါ် ဒီလောက်သံယောဇဉ်ထား ခင်တွယ်တတ်လွန်းနေတာကိုတော့ စကားရင်ထဲ အသည်းထဲ ဘယ်ထောင့်တစ်နေရာလည်း မသိဘဲ တကယ့်ကို နာနာကျင်ကျင် ခံစားနေရတာကတော့ အမှန်ပင် ဖြစ်ပါသည်။

ကိုကိုတို့.များ မဖြစ်နိုင်တာတွေ ဘယ်လောက် စီမံချင်သလဲဆိုရင် ... ည,ညကျ နာနီကြီးနှင့်သားကို နှစ်ယောက်တည်း ဟိုဘက်ခန်းထဲမှာထားပြီး (ဒါတောင် စကားဘက်က အတတ်နိုင်ဆုံး အသည်းနာခံပြီး လိုက်လျောထားရတာနော်) စကားက တစ်ညလုံး ခေါက်တုံ့.ခေါက်ပြန် ထ, ကြည့်လိုက်၊ ပြန်လာလိုက်။ ကူးချည်သန်းချည် လုပ်နေတာကိုပါ ကြာလာသောအခါ ကိုကိုက ကြည့်မရချင်တော့။ သူ.

အကြောင်းပြချက်ကတော့ “စကားရဲ့ အိပ်ချိန်တွေဟာ အကူးအသန်း ကြားထဲမှာပဲ ကုန်သွားတယ်”ပေါ့ ...။

သူက သားကို အံ့ပွားနှင့် ပေးအိပ်စေချင်ပါသတဲ့။ ဖြစ်မလား။ စဉ်းစားကြည့် ... ကလေးအဖေလည်း မဟုတ်သည့် ယောကျ်ားကလေးထိန်းကြီး တစ်ယောက်နှင့် ကလေးကို ညပေးသိပ်တာမျိုး စကားတစ်သက်မှာ ကြားတောင်မှ မကြားဘူးခဲ့ပါ။ နာနီကြီးမှာ ဘယ်လောက်ပဲ အသက်ကြီးပါပြီဆိုဆို သူစိမ်းမိန်းမနဲ့ သူစိမ်းယောကျ်ားနှစ်ယောက် တစ်ခန်းထဲအိပ်စေလို့ကော ဖြစ်မတဲ့လား ...။ ကိုယ်ကသူတို့ရဲ့ အလုပ်ရှင်ဆိုပေမယ့် ဒီလောက်တော့သိတတ်သမှုနှင့် သူတို့ဘက်က လိုက်ကြည့်တွေးပေးရဦးမှာပေါ့။

ဒါဆိုရင် နာနီကြီးမပါ ...။ အံ့ပွားတစ်ယောက်ပဲ သားနဲ့ဟိုဘက်ခန်းထဲ အိပ်စေရင်ကောတဲ့။ အမယ်လေးလေး ... မနက်,မနက် အံ့ပွားကြီး တိတ်တဆိတ်နှင့် အခန်းပြင် ရောက်နေတာကိုတောင်မှ မနှစ်မြို့လွန်းလှပြီဖြစ်တဲ့ စကားက လျှောတံခါးလေး တစ်ချပ်သာခြားတဲ့ ကပ်ရက်အခန်းမှာ ဒီလူကြီးကို တစ်ညလုံး ထားသိပ်ရမည်ဆို ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ ... ။ ပြီးကျတော့ စကားက ညရေးညတာ ထ,ထက်ပြီး သားကို အခန်းကူးကြည့်ချင်လာလို့မှ မသင့်တော် ...။ အို ... မဖြစ်ဘူး ... ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီးပါ။

ဒီလိုနဲ့ပဲ စကားဟာ ကလေးနဲ့ နာနီနဲ့ကို တစ်ဖက်ခန်းထဲမှာထားပြီး ကူးချည်သန်းချည် ...။ ဒါမှမ

ဟုတ် ... တစ်ခါတစ်လေကျတော့လည်း ကိုကို ဘယ်လိုမှ မကျေနပ်နိုင်တဲ့ ကြားထဲကပဲ သားကို စကားနဲ့.ခေါ်သိပ်ပြီး ညကျ သိပ်လိုအပ်တော့မှ နာနီ.ကို ထခေါ်တာတို့. ... သားကို ချီပြီး နာနီ.အခန်းထဲ ဝင်တာတို့.နှင့်သာ စခန်းသွားနေခဲ့တော့ သည်။ ကိုကိုကတော့ ...

"စကားဟာလေ ... အပင်ပန်းခံစရာမရှိ အပင်ပန်းခံ နေလိုက်တာ ... တခြားရွေးလို့ရတဲ့ နည်းလမ်းတွေ အများကြီးရှိရက်နဲ့. ကိုယ်ပင်ပန်းမယ်.နည်းကိုပဲ ရွေး ထားတယ် ... အံ့ရော"

"အဲဒါ စကားကမှထူးပြီး ဒီလမ်းရွေးတာ မဟုတ် ဘူး ကိုကိုရဲ့. ... တခြားအမေတွေ အမေတွေကို ကိုကိုလိုက်ကြည့်ကြည့်ဦး ... အားလုံးဒီတိုင်းချည်းပဲ"

"တခြား ကိုယ်နဲ့.မသိတဲ့. ... ဘဝတူတဲ့ ... အမေတွေ ဆိုတာလည်း လိုက်နိုင်းနေစရာ မလိုဘူး ... မရဘူး နိုင်းကိုနိုင်းရမယ်ဆိုလည်း အဲဒီ့ဘယ်အမေမှ စကား လောက် ပိန်လှီပြီး အားနည်းနေကြမယ် မထင်ဘူး ... လူဆိုတာ တခြားလူတွေလုပ်တိုင်း ကိုယ်လည်းလိုက် လုပ်နေစရာ မလိုပါဘူး စကားရယ် ... လောကမှာ ကိုယ့်အခြေအနေ သူ့.အခြေအနေ ... ကိုယ့်ဘဝ ... သူ့.ဘဝဆိုတာ ရှိပါသေးတယ် ..."

"ဘယ်သူ့.ဘဝ ဘယ်လိုရှိရှိ စကားကတော့ ကိုယ့်သား ကိုယ် ညာက်ကြီး ကိုယ့်ကလွဲရင် ဘယ်သူနဲ့.မှ မျက်စိမှိတ်ပြီး စိတ်မချနိုင်ပါဘူး ..."

စကား:က ဘယ်လိုပင် အတိုက်အခံလုပ်လုပ် ကိုကို့.စကား:ကို အောင်နိုင်စေသူမှာ ကိုကို့ သား:သာတည်း။ သူကလေး:ဟာ ညဘက်တွေမှာ မအိပ်မချင်း အံ့ပွား:လက်ပေါ်ကမဆင်:တတ်သလို ... တစ်ရေး:နို:တွေကျပြန်တော့လည်း သိပ်နာ:လည်နေပြီဖြစ်သည့်.သူ.မျက်လုံး:ကလေး:များ:က အံ့ပွား:ကိုသာ ရှာဖွေငိုယိုနေလေတာဆိုတာဘေး:ကလူကြီး:တွေအဖို့. အသိအသာကြီး:ပင် ... ။

ခုလို ဘာမှမသိတတ်သေး:သည့် လသား:လေး အရွယ်မျှကပင်လျှင် ဒီလူ.အပေါ်ဒီလောက်ခင်တွယ်အား:ကိုး: နေခဲ့.လျှင် ကြီး:ပြင်း:အရွယ်ရောက်လာပြီး: သိတတ်လာသည့် အရွယ်ကျ ဘယ်လိုရှိမည်နည်း: ...။ တွေး:ကြည့်လိုက်တာနဲ့. တင် ခါ:သီး:လွန်း:လှသော စကား:မှာ သား:တစ်ယောက်လုံး:ကို လုံး:ဝ ကြီး:ပင် ဆုံး:ရှုံး:လိုက်ရတော့မလိုလို ခံစား:ချက်နှင့် ကိုယ့် တစ်ယောက်တည်း: စိတ်ကူး:ထဲတင် မွန်း:ကျပ်ပိတ်သည်း:ကာ နေမထိ ထိုင်မသာ ဖြစ်ရပေါင်း:များ:လှပြီး:။ ကိုကိုနဲ့.တောင် ဒီအဖြစ်ကို အရမ်း:အသည်း:ယား:နေရတာ ... သား:နဲ့.ပါ ဒီလို ပဲဆိုရင်တော့ စကား:မှာ ရူး:ရုံပဲ ရှိတော့မှာပေါ့ ...။

ကိုကိုစွပ်စွဲသလို စကား:ကို အလုပ်မရှိအလုပ် ရှာ ကြံဖန်တွေး:တော ပူပင်နေတယ်ဆိုရင်လည်း: ခံရရုံပင်။ သား:ဘာသာ ဘယ်သူ.ခင်တွယ်လို. ဘယ်သူ့အား:ကိုး:ကို: ဘာဖြစ်သလဲ ... ဒီအတိုင်း:ပဲ ထား:လိုက်လည်း: ရတာပဲဆိုပေမယ့် စကား:မှာလည်း: အိမ်ထောင်ရယ်လို. စကျတဲ့နေ့.က တည်း:က စွဲကပ်ခဲ့.ရသော ကိုယ့်စိတ္တဇနှင့်ကိုယ်သာ ဖြစ်ပေ

ရာ ပုံမှန်ဒီအတိုင်း လက်ခံထားလို့ရသည့်ကိစ္စ ဆိုပေမယ့် လည်း စကား ကမှ လက်မခံချင်တဲ့ဟာပဲ ...။

သားကလည်း သူ့"ဇ"ကလေးနှင့်သူ ...အင်မ တန်မှလည်း ဦးနှောက်ကြီးသည့် ကောင်ကလေး ဖြစ်နေလေ တော့ ... ခုဆို ညနေဘက် သူ့အဖေရုံးဆင်းချိန်ကို အသည်း အသန်မျှော်တတ်သူမှာ အမေဖြစ်သူ စကားမဟုတ် ... သူ ကလေးသာ ...။ မနက်ဆိုလည်း ရှစ်နာရီထိုးခါနီး ရုံးသွား ကြ တော့မယ့် အချိန်မှာ သူကလေး အိပ်ရာက မနိုးသေးရင် တော်ရဲ့ ... နိုးမျှားနိုးနေ ပြီဆိုရင်တော့ ကမ္ဘာပျက်ပြီသာ မှတ်ပေ တော့ ...။

ဒီလိုဆိုတော့ အဖေဖြစ်သူက သားရဲ့ဖြစ်အင်ကို သဘောတကျနှင့်ပင် "သားအတွက် အဖေက အလျော့ပေး လိုက်ပါပြီ" ဟု ... ညနေရုံးဆင်းချိန် ငါးနာရီကျော်ပြီးသည် နှင့် အံ့ပွားကို အိမ်ရောက်စေပြီး၊ ခါတိုင်းလို ညစာစားပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ သွားစရာ လာစရာ ရှိတာတွေမှာ အံ့ပွားကို သူ့ဘေး မှာ အဖော်တစ်ယောက်အနေနှင့် ထည့်မခေါ်တတ် တော့ပြီ။ သူ့ဘာသာသူ ဘယ်လောက်ပဲ နောက်ကျ နောက် ကျ ... အံ့ပွား ကတော့ ညနေငါးနာရီလောက်ဆို အိမ် ရောက်လာပြီး သားနှင့် အတူ ရှိနေပြီ။

စဉ်းစားကြည့်ကြပါ။ အဲဒီလို ဖြစ်လာတော့ ဘယ်သူပဲ ထိခိုက်မလဲလို့။ 'စကား'သာပဲပေါ့။ အံ့ပွားကို ဘယ်လိုပဲအမြင်ကပ်ကပ် ... ကိုကို ဘယ်သွားသွား သူပါ , ပါမှ စိတ်ချ ချင်တဲ့ စကားအဖို့ ... အံ့ပွားကြီးက အိမ်မှာ

ကလေးထိန်းနေပြီး... ကိုကိုက ညနက်သန်းခေါင် တစ်ယောက်တည်း ဖြစ်နေကာ အိမ်ပြန်ရောက်မလာတတ်သော ညမျိုးတွေမှာ ... အိမ်ထောင် ရှင်မိန်းမတစ်ယောက် အနေနှင့် ဘယ်လောက်ပူထားရလိမ့်မ လဲလို့။ သားလေးမွေးလိုက်လို့သာ ပြီးပြီးပျောက်ပျောက်ဖြစ်, မျိုသိပ်လိုက်ရသော "ပန်းကုံးသုံးသောင်းဖိုး" ကိစ္စဟာ စကား ရင်ထဲမှာ တနုံနုံနှင့်ပြီးမှ မပြီးနိုင်သေးဘဲ ...။

တစ်ခါတစ်လေကျရင်တော့ သူ့ဘာသာသူ ဘာတွေပဲလုပ်နေနေ ပြန်မသိရရင် ပြီးတာပဲ ... ကိုယ့်မှာ သားလေးရှိနေပြီပဲဟု...ဘာပဲဖြစ်ဖြစ် စွန့်လွှတ်ထားလိုက်ချင်သည်. စိတ်ရိုင်းတွေ ဝင်ရသလို၊ တစ်ခါတစ်လေကျပြန်တော့ ညနက် လာလေလေ ... "ဘယ်ဆိုင်မှာ ဘယ်နှစ်သောင်းဖိုးကုန်လို့. ဘယ်သူတွေများ မြင်ကုန်ကြပြီလဲ" ဟူသော အတွေးက လူကို အိပ်နေဖို့.ဝေးလို့. ထိုင်နေလို့.တောင်မှ မရလောက်အောင် နိပ် စက်လေလေ ... ။အဲဒီအချိန်ကျ "သားလေးကောင်းဖို့. ... ဖေဖေကြီးကပဲ အလျော့ပေးလိုက်ပါတော့မယ်ကွာ" ဟူသော သူ့.ဖခင်မေတ္တာကို သံသယတွေဝင်လာပြန်ကာ... သူကဲချင်တိုင်း ကဲခွင့်ရအောင် ဘေးနားက အရံအတားကြီးလိုဖြစ်,ဖြစ်နေ သည်. အံ့ဖွားကိုများ အကြောင်းပြကာ ဖြုတ်ထားချန်ရစ်ချင် တာလားဟု မတွေးဘဲ နေကိုမနေနိုင်ပါချေ ...။

အဲဒီလိုမျိုး စကားတစ်ယောက်တည်း 'ကိုယ့်စိတ်နှင့်ကိုယ်" နှစ်ယောက်ခွဲကာ ဘယ်ကိစ္စကိုမှ မကျေနပ်နိုင်ဘဲ ရန်တွေဖြစ်၊ သံသယတွေပွား၊ ကယောက်ကယက်တွေ

ဖြစ်နေဆဲ ... တစ်သက်လုံး ဒီအံ့ပွားတစ်ယောက်မရှိရင်ဘဲ ဘာမှလုပ်စားလို့တောင် မတတ်တော့မလောက်အဖြစ်သည်း ခဲ့သည်. ကိုကိုတစ်ယောက် ဘာစိတ်ကူးပေါက်လာပြန်သည်

"စကား ... ကိုကို စဉ်းစားမိပြီကွာ ... သားကလည်း ကိုပွားကို ဒီလောက်စွတ်ရွက်ပြီး ခင်တွယ်နေတယ်ဆို တော့ ... စကားလည်း ညဘက်တွေ ထ,ထနေရမယ့် တူတူ ... နေ့လည်ဘက်တွေ အနားရထားအောင် ... နေ့လယ်ဘက်တွေကျ သားကိုစကားလုံးလုံးပြန်လှည့် မကြည့်ဘဲ သူများကို ပေးထားနိုင်ရင်အကောင်းဆုံး ပဲ"

ကိုကို့စကားဘယ်လိုစလာရင်ဘယ်ခြေလှမ်း ပြီမှန်း ဘဘောပေါက်နေပြီဖြစ်သည့် စကားက ပျာပျာသလဲ ပင် ...

"နေ့လယ်ဘက်တွေမှာ နာနီကြီး ရှိနေတာပဲ ..."

"ဟာ ... နာနီက စွေးကြီးပေးထားရပြီး မစွဲပါဘူး"

"အို ... ဘယ်နယ့်ပြောတာလဲ ... ကြားသွားပါဦးမယ်၊ ဘာလို့ မစွဲရမှာလဲ ... ဒီလောက် ကလေးအကြောင်း သိပြီး ကလေးထိန်းတော်နေတဲ့ဟာကို ... လုပ်တာ ကိုင်တာ ကလေးအစားအစာ ပြင်ဆင်ချက်ပြုတ်တာ လည်း သိပ်သန့်ပြီး ကျန်းမာရေးနဲ့ သိပ်ညီညွတ်တာပဲ"

"ဒါပေမယ့် ကလေးက သူ့ကို ဒီလောက်မချစ်ဘူး ... မခင်တွယ်ဘူး ... သူ့နောက်ကို တစိုက်မတ်မတ်

လိုက်နေလိုစိတ် မရှိဘူးဆိုတာ သူ့ဘာသာသူ ဘယ်လောက်ကြီးပဲ တော်နေ ... တော်နေ ... အလကားပဲ၊ ကိုကိုက အဲဒါကို ဆိုလိုတာ ..."

ကိုကိုက စကားကို ဆန့်ကျင်ချင်သည့်နောက် စကားတခွန်း ထပ်ထွက်ခွင့်မပေးတော့ပါ ။ သူဘာသာသူပဲ သူ့စကားဆုံးသည်နှင့် ဆက်တိုက်ပင် လျှင်မြန်စွာဦးအောင် ...

"ကိုကို စိတ်ကူးထားတာက နောက်နေ့တွေကစပြီး ကိုပွား ကို နေ့လယ်နေ့ခင်းတွေလည်း အိမ်မှာပဲ ချန်ထားခဲ့ပြီး ကလေးထိန်းကြီးပဲ လုပ်ခိုင်းတော့မယ်"

"အို ... ဘယ်ဖြစ်မလဲ ... စကားက ယောကျ်ား ကလေးထိန်းကြီး မလိုချင်ပါဘူး ... ပေါက်တတ်ကရ"

"သြော် ... စကားကလည်း ကလေးထိန်းကြီးဆိုတာ စကားအဖြစ် ပြောတာပါ ... ကလေးထိန်းအစစ်က တော့ နာနီပေါ့...ကိုပွားကတော့ ကလေးပျော်အောင် အချီတော် ... အယုယတော် ..."

"ကျွတ် ... မဖြစ်နိုင်တာ ... ဟင့်အင်း ... စကား လက်မခံဘူး ..."

အဖေ့လက်ထဲက "အပါးတော်မြဲ" ဆိုတဲ့ အခေါ်အဝေါ်ကို ဒီလောက်အမြင်ကပ်ခဲ့ရတာ ... ခုလည်း လာ ပြန်ပြီ ... "အချီတော်၊အယုယတော်" တဲ့ ... ကိုယ့်သားကိုယ် ဘာအမျိုးအနွယ်များ ထင်နေသည်မသိ ...။ မဖြစ်ပါဘူး ... မဖြစ်ဘူး ... မဖြစ်ဘူး ... ခုတောင် သားက အံ့ပွားမှ အံ့ပွား အမေကိုတောင် အံ့ပွားလောက် မခင်တွယ်ချင်ချင် ဖြစ်နေ

ရတဲ့ အထဲ ...။ အဲဒီလို တစ်နေကုန် အံ့ပွားနဲ့.သာ ထားလိုက်လို့.က တော့ ... အဖေအမေဆိုတာ လုံးဝမသိတော့ဘဲ ... သူ့.ဘဝမှာ "အံ့ပွား:" ဆိုတာပဲ သူ့.ခေါင်းထဲမှာ ရှိတော့မှာပေါ့။

ထိုအံ့ပွား:ဆိုသော သူကလည်း: ဒီလောက် လက်သာပြီး ပြုစုတတ် လုပ်ပေး:ကိုင်ပေး:တတ်ပါဘိသနဲ့. ... ။ ဆယ့်လေး:ငါး:ခြောက်နှစ်သား:ကစပြီး: အတူနေခဲ့ရသူတောင် ဒီလောက် ငါး:ပါး:မှောက် ပျက်စီး:နေတာ .. မွေး:ကတည်း:ကသာ အချိန်တိုင်း:လိုလို သူနဲ့.ပဲ အတူကြီး:ပြင်း:ခဲ့ရတာ ဆိုရင်တော့ သား:ကလေး:ဟာ ကြီး:လာရင် ... ပန်း:ကန်ထဲက ထမင်း:တောင် ကိုယ့်လက်နဲ့.ယူပြီး:ကိုယ့်ပါး:စပ်ထဲမထည့်တတ်တော့သည် အထိ အဖြစ်ဆိုး: ပျက်စီး:မသွား:နိုင်ပါဘူး:ဟု ဘယ်သူငြင်း:ဝန်. သလဲ ...။

ပြီး:ကျတော့လည်း ဒီယောကျ်ား:တစ်ယောက် ဟာ နေ့.ရောညပါ အံ့ပွား:နှင့်ကင်း:ကွာသွား:ချိန်မှာ ဘာတွေ ဘယ်လို ဖြစ်ပျက်ကုန်လို့. ဘယ်လောက်လိုက်ပြီး: အသည်း:အသန် အဖတ်ပြန်ဆယ်ယူခဲ့ရသလဲ ... အား:လုံး:အသိ၊ ကိုယ်တွေ့.ပဲ ဟာ ...။

"သမီး:မိန်း:ကလေး:ဆိုရင်တော့ ကိုကိုက ဒီလိုမစီစဉ်ပါဘူး: ... ခုဟာက သား:ဆိုတော့ ... အနား:နား:မှာ ဘော်ဒီဂတ်(Body Guard)အဖြစ်ချိပိုး:ယုယမယ့်.သူအဖြစ် ယောကျ်ား:တစ်ယောက်ရှိတာ တင့်တယ်ပါတယ် စကား: ရဲ့."

"ဟင့်အင်း ... စကား: လက်မခံဘူး:လို့. ပြောပြီး:ပြီ"

"စကား:က ဘာလို. လက်မခံနိုင်ရမှာလဲ ... ကိုကိုက တောင် သား:လေး:ကောင်:ဖို.အတွက် စကား:သက် သက်သာသာ ရှိနိုင်ဖို.အတွက်ဆိုပြီး: ကိုယ့်အတွက် အဆင်ပြေနေတာတစ်ခုကို တမင်ဖျက်ပေး:ရတာ ..."

"အဲဒီလို ဖျက်ပေး:ဖို. လိုမှမလိုဘဲ ... စကား: မပင်ပန်း ဘူး ... ရတယ် ... ကိုကိုသာ အံ့ပွား:မရှိရင် မဖြစ်တာ ... ကိုကို. အပါး:တော်မြဲက အံ့ပွား:မှလွဲရင် ဘယ်သူမှ မဖြစ်ဘူး"

"ဖြစ်ပါတယ် ... ဘာလို.မဖြစ်ရမှာလဲ ... ဟိုတစ်ခါ အံ့ပွား:ကို ကိုယ်နှင်ချထား:တုန်း:ကတောင် ရုံးမှာ ဘာများ မဖြစ်တာရှိလို့လဲ ... အား:လုံး: အဆင်ပြေနေ တာပဲဟာ"

စကား:က မျက်ဝန်း:ကျဉ်း:မြောင်း:မြောင်း:အေး စက်စက်များ:နှင့် ကိုကို့ကို ကြည့်လိုက်သည်။

"အဲဒီတုန်း:က ဘာတွေဆက်ဖြစ်ကုန်လို့ ဘယ်သူတွေ ဘယ်လောက် အလုပ်ရှုပ် ဇာတ်ရှုပ်ပြီး: ... အရှုပ်ထုပ်တွေကို ဘယ်လိုမနည်း: ပြန်ဖြေလိုက်ရသလဲဆိုတာ ကိုကိုအသိဆုံး:ပဲ"

စကား:ရဲ့အကြည့်နှင့် စကား:လုံး:များကြောင့် ကိုကို တွန့်ခနဲ ဖြစ်သွား:ကာ မျက်နှာကလည်: တဖြည်း:ဖြည်း:နှင့် မည်း:နက်တင်း:မာလာသည်။

"စကား:ပြောပုံက ကိုကို့ကို တိုက်ရိုက်စော်ကား:သလို ဖြစ်နေတယ်နော် ... ထား:ပါလေ ... အဲဒီတုန်း:က လူရွေး:မှား:ခဲ့တယ်ပဲထား: ... အဲဒီတစ်ခါ မှား:တာနဲ့"

နောက်တစ်ခါတွေကော ဆက်တိုက်ပဲ မှားရတော့မှာ ပဲလား:"

"ဘာပဲဖြစ်ဖြစ်ပါ ... သူ့ကို နေ့လယ်နေခင်း အိမ်မှာ ထားခဲ့ဖို့ကိစ္စကိုတော့ စကား လုံးဝလက်မခံဘူး ... သဘောမတူဘူး ... "

"မင်း ရှင်းရှင်းပဲ ပြောစမ်းပါ ... မင်းက ကိုပွားကို အမြင်ကပ်တယ် ... ကြည့်မရဘူး ... ဒါပေမယ့် ငါ့ကို အစောင့်ထည့် ရဲဒိုးထားဖို့အတွက်ကို မျှော်မှန်းရင်တော့ ဒီကောင့်ကို မင်းသိပ်စိတ်ချတယ် ... ဒါပဲမဟုတ်လား ...။ ကိုယ်အမြင်ကပ်တဲ့ လူတစ်ယောက်ကို အမြဲမြင်မနေချင်စိတ် ... ကိုယ့်ယောကျ်ားကို မလေးမစား မယုံသင်္ကာဖြစ်တိုင်း အစောင့်ထည့်လိုက်ချင်စိတ် ... ဒါတွေကပဲ မင်းမှာကြီးစိုးနေတယ်မဟုတ်လား စကားရဲ့ ...

မင်းဟာလေ ... မင်းအတွက်ချည်းပဲ မင်းကြည့်နေတာချည်းပဲ ... သားကလေး ဘယ်လိုအဆင်ပြေမလဲ ... ဘယ်လိုဆိုရင်တော့ ပိုကောင်းမလဲဆိုတာတော့ မင်း လုံးဝထည့်မတွက်တော့ဘူး ... ဒီပုံအတိုင်းဆိုရင်တော့ မင်းဟာက မိခင်ကောင်း မပီသတော့သလိုပဲ ဖြစ်နေပြီ စကား ... မင်းကို ... ကိုကို အဲဒီလိုပဲ စွပ်စွဲလိုက်ချင်ပြီ ..."

သြော် ... ပြောချင်တိုင်း လျှောက်ပြောချသွားပြီးတော့မှ ... နောက်ဆုံးမှာ အဖျားအနားသပ်ပြီး "အဲဒီလို

ပဲစွပ်စွဲလိုက်ချင်ပြီ" တဲ့။ ဒီလိုကြေးလား ဦးမင်းရန်ပြေရဲ့ ...။ "မိခင်ကောင်း မပီသဘူး" တဲ့။ ရှင်မို့လို့ ... ရှင့်လိုလူမို့လို့ ကျွန်မကို ဒီလိုဝေဖန်ရဲပလေတယ် ...။ စကားက မိခင်ကောင်းမပီသရအောင် ဒီသားတစ်ယောက်အပေါ်မှာလည်း ဒီနေ့ထိ တာဝန်မကျေတာ ဘာမှမရှိခဲ့ဖူးဘူး ...။ ဒီ အိမ်ထောင်အပေါ်မှာလည်း ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးနဲ့ တစ်ကြိမ်တစ်ခါမှ မဖောက်ပြန်ဖူးသေးဘူး ...။ စကားကို "မိခင်ကောင်း မပီသဘူး" လို့ စွပ်စွဲရဲတဲ့ ရှင်ကရော ဘယ်လောက်များ "ဖခင်ကောင်း" ပီသနေခဲ့လို့လဲ ... ။ သူများတကာကို အကြောင်းမဲ့ စွပ်စွဲချင်တယ်ဆိုရင်တောင်မှ ကိုယ့် "တာ" ကိုတော့ ကိုယ်နိုင်အောင် "ဖို့" ထားဖို့ သင့်တာပေါ့ရှင် ...။

အမှန်တကယ်ကတော့ ဒီလောက်ပေါင်းလာသည့် ဒီယောက်ျားအကြောင်းကို စကားက သိသင့်သလောက် သိပြီးပါပြီ ...။ ခုနက သူပြောလိုက်သည့် စကားတွေကို သူဘာသာလည်း ယုံကြည်ချင်မှ ယုံမှာပါ ...။ သူ့ကို စကားက "အထိနာ" သွားအောင် ချက်ကောင်းကိုင်ပြီး ပြောပစ်လိုက်တာမို့လို့ သူကလည်း (အတွက်ကြီးသူတစ်ဦးပီပီ) သူများတကာကို အထိမနာ, နာအောင် ချက်ချင်းပြန်တွယ်ပစ်တာပါ။ ဘယ်လိုမှ အကျောတင် မခံနိုင်တဲ့ စိတ်ဓါတ်မျိုးနဲ့ပါ ...။

ဒါပေမယ့် ရှင်ချက်ချင်း ပြန်တွယ်ပစ်တဲ့ ဒီလူတစ်ယောက်မှာ ဘယ်လို "နာလုံး" တွေနဲ့ပိပြီး ဘာတွေစိတ္တဇဖြစ်နေခဲ့သလဲ ...။ ဘယ်လောက် မျိုသိပ်ထိန်းချုပ်ထားရသော လူတစ်ယောက် ဖြစ်နေသလဲ ရှင်သိရဲ့လား ...။

ပေါက်ကရတွေကို လုပ်တုန်းကတော့လုပ်ပြီး ... "ငါလိမ် တိုင်း ယုံသွားတဲ့ မိန်းမအ, ကြီးပဲ ... " လို့ အရမ်း စိတ်အေး ဘဝင်တွေကျနေခဲ့သလား...။

စကားက သူနှင့် အတိအလင်း ရင်ဆိုင်၊ စစ် မျက်နှာ ဖွင့်လိုက်ပါတော့သည်။

"စကားကို ကိုယ့်အတွက်ချည်းပဲ ကိုယ်ကြည့်တဲ့အမေ လို့ စွပ်စွဲရဲရအောင် ရှင်ကရော ... ဘယ်လောက်များ ဖခင်ကောင်း ပီသနေခဲ့လို့လဲ ... ရှင်ရော ... ဘယ်လောက်များ ဖခင်ကောင်း ပီသနေခဲ့လို့လဲ ... ရှင်ရော ... အခု အစီ အစဉ်ထဲမှာ ရှင့်ကိုယ်ကျိုးလေး တစ်စက်တလေမှ မပါပါဘူးလို့ အာမခံရဲလို့လား"

"စကား ... မင်းစကားက ဘယ်လိုလဲ ..."

"ဒီလိုပဲလေ ... ရှင်က စကားကို စွပ်စွဲချင်သလို စကားမှာလည်း ပါးစပ်ပါတာပဲ ပြန်စွပ်စွဲလို့ရတာပဲ၊ ရှုပ်လို့ရအောင်လို့ ရှင် အံ့ပွားကို ထားပစ်ခဲ့ချင်တာ"

"စကား ... မင်း အခြေအမြစ်မရှိ လျှောက်မပြောနဲ့ ကိုယ်က ရှေးရှေးတုန်းက သာဓကတွေ၊ မင်းစိတ်ဓာတ် တွေအရ အခြေအမြစ်ရှိရှိ ... ဖြစ်နိုင်တာကိုပဲ ပြော တာ ..."

"သာဓကပြရမယ်ဆိုလည်း တစ်ပုံကြီးပဲ ... ရီတာဟာ ဘယ်ဘက်ကလှည့်ကြည့်လို့မှ မရိုးတာကို လူတိုင်း လူ တိုင်း ... တစ်ရုံးလုံးနီးပါး သိနေကြပါရက် ရှင် ဒီ လောက်လည်း မ,အသေးဘဲနဲ့ မသိဘူးဆိုတာ မဖြစ်

နိုင်ပါဘူး ... သိသိကြီးနဲ့ ငြိမ်ကုပ်နေခဲ့တယ်လေ ... ကဲ ..."

"စကား ... မင်းလွန်လာပြီနော် ... ရီတာ့ကိစ္စမှာ ငါလုံးဝသန့်စင်တယ် ..."

"ဒါဆို စားသောက်ဆိုင်က မိန်းမတစ်ယောက်ကို ပန်းကုံးသုံးသောင်းဖိုး တက်စပ်တာကကျတော့ရော ... တစ်ယောက်ကဆွဲလိုက် ... တစ်ယောက်က ပြေးစွပ်လိုက် ... ရန်းရင်းဆန်ခတ်နဲ့ ... အရှက်မရှိ ... ဖြစ်ချင်တိုင်း ဖြစ်နေကြတာလေ ..."

"ငါမစွပ်ခဲ့ဘူးလို့ ... မင်းကိုငါပြောခဲ့ပြီးပြီပဲ ..."

"ရှင်မလိမ်နဲ့ ... ကိုယ်နောက်က စားပွဲမှာ ကိုယ့်ယောကျ်မတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေတာကို တောင်မှ မမြင်နိုင်ရလောက်အောင် ရှင်ကမွန်နေခဲ့ပေမယ့် ... ကျွန်မအဖေကတော့ မျက်စိမမှုန် ... မကန်းသေးဘူးရှင့် ..."

ရုတ်တရက် ခုမှထသိလိုက်ရသည့် ကိစ္စမို့ သူငိုင်ကျပြီး သတိလက်လွတ် ခဏတဖြုတ် ဖြစ်သွားခိုက်မှာ စကားက သူနားက ထထွက်လာခဲ့တော့သည်။ စကားထထွက်သွားပြီဆိုမှ သူက ဝူးဝူးဝါးဝါး ထဖြစ်ကာ စကားနောက်က အပြေးပင် လိုက်ပါလာတော့ပြီး ...

"စကား ... မင်းငါ့ကို မစွပ်စွဲနဲ့ ... အဲ့ဒီကိစ္စကို မင်းသိချင်ရင် ကိုယ်အစကအဆုံး တစ်ချက်ချင်း ... ရှင်းပြလို့ရတယ် ..."

"မသိချင်ဘူး ... ရှင့်ကို မစွပ်စွဲစေချင်ရင် ကျွန်မကို လည်း ဘာမှ လာမစွပ်စွဲနဲ့ ... တစ်ယောက်နဲ့ တစ် ယောက် အဲဒီလောက်တော့ သိတတ်ဖို့လိုတယ် ..."

စကား:က လုံ:ဝစကား:စမခံဘဲ လှည့်ထွက်ဖြစ် အောင် ထွက်လာခဲ့ပါသည်။ ညကြီး:မင်း:ကြီး: အမူး:လွန် ခေါင်း:ကိုက်နေချိန်မှာတောင် လိမ်ညာခြင်း:အမှုကို ပိပိရိရိ လုပ်နိုင်ခဲ့တဲ့ ယောကျ်ား:တစ်ယောက်ကို ခုလို အေး:အေး:ဆေး: ဆေး:အချိန်မျိုး:မှာ သွား:ပြီး:ဖြေရှင်း:ခွင့်ပေး:နေရင် စကား:ပဲ "အရူး:မ" ဖြစ်ရာ ကျတော့မှာပေါ့ ...။ သို့သော် 'မသိချင်ဘူး:' ဆိုတာတော့ မဟုတ်ပါ။ လုံ:ဝကို သိချင်ပါသည်။

အထူး:သဖြင့် ... စကား:နှင့် ပြဿနာဖြစ်ပြီး:ပြီး: ချင်း: " အံ့ပွား: ... အံ့ပွား:" ဟု အော်ခေါ်ကာ အံ့ပွား:ကို နှစ် ယောက်တည်: စကား:တွေ ခေါ်ပြောနေတော့သော ဒီယောကျ်ား: ရဲ့ ရှေ့လျှောက်အစီအစဉ်တွေကို စကား:က သိဖြစ်အောင်ကို သိချင်နေမိပါတော့သည်။

ကိုကိုနဲ့ စကားတို့ရဲ. ပြဿနာက အဖြေပေါ်မလာဘဲ ငြိမ်သက်သွားကြပြီးတဲ့နောက်မှာ ကိုကိုလည်းတော်တော်ငြိမ်ငြိမ်သက်သက် ဖြစ်သွားလေသည်။ ကိုကိုငြိမ်သက်သွားတယ်ဆိုတာက ဒီလိုပါ ... စကားနှင့်ပါ အပြောအဆို အနေအထိုင်တွေ အေးစက်ငြိမ်သက်သွားတာမျိုး ...။ ပြီးကျတော့ ညနက်သန်းခေါင် မိုးချုပ်၊ ဘာချုပ် အပြင်မှာ ရှိမနေတတ်တော့ဘဲ ညနေစောင်းတာနဲ့ အချိန်မှန် အိမ်ပြန်ရောက်လာတတ်တာမျိုး။

စကားနှင့် အပြောအဆို အနေအထိုင်တွေ အေးစက်ကုန်တာကိုတော့ စကားက ဝမ်းနည်းပါသည်။ စကားဟာ ထိုယောကျ်ားတစ်ယောက်ကို စိတ်ထဲက နာကျင်ထိခိုက်စွာ တအုံနွေးနွေး ရှိနေရတာက သပ်သပ် ...။ ချစ်မြဲ၊ ချစ်ဆဲ၊ ချစ်လတ္တံ့.များကတော့ သပ်သပ်လေ ...။ ညရေးညတာတွေ ရုံးချိန်လွန်တွေ အပြင်မထွက်တော့တဲ့ အတွက်ကိုကျတော့ ကျေးဇူးလည်းတင်၊ သံသယလည်းဝင်။ တော်ကြာ ထိုးမည့်ဆင် နောက် တစ်လှမ်းဆုတ်တာမျိုးမျာ ဖြစ်နေခဲ့ရင် ဘယ်နယ်လုပ်ရပါ့။

ကြာလာသောအခါ စကားမှာ အေးအေးဆေးဆေး ဘယ်လိုမှနေ, မနေနိုင်တော့တာမို့ ကိုယ့်ဘက်က ...

လုံးဝအပတ်အသက် မလုပ်ချင်သည့် အဲ့ပွားကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။

"ဒီမှာ ကိုအဲ့ပွား ... ကျွန်မ ရှင့်ကို တိုက်ရိုက်မေးစရာ တွေရှိလို့ ..."

သူကသာ ညနေငါးနာရီ 'ဒေါင်' ခနဲထိုးတာနှင့် အိမ်ရောက်လာတာမျိုး ဖြစ်နေပြီး ကိုကိုကတော့ ပြန်ရောက် မလာသေးသည့်အတွက် သူမှာ သူကိုကို, ကို အကြောင်းပြပြီး ငြင်းပယ်ထွက်ပြေးလို့လည်းမရ။ သားကလည်း ခုနကပဲ အိပ်ပျော်သွားသည်ဖြစ်ရာ သူမှာ ဘာအကြောင်းပြချက်မှ မရှိတော့ပေ ...။ စိတ်မသက်သာ ပုံစံနှင့် "ဟုတ်ကဲ့" ဟု လှည့်ကြည့်ရင်ဆိုင်လိုက်သော အဲ့ပွားပုံစံကိုကြည့်လေ ... စကားမှာ မသာ်စိတ်တွေ မိုးထိမြင့်မားလေ ...။

ကိုကို့ရဲ့ ဘာလျှို့ဝှက်ချက်တွေမျှား သူသိထား ပါလိမ့်။ သိတာကတော့ သိကိုသိတယ် ... မငြင်းချင်နဲ့ ... ဟန်ဆောင်ကောင်းတတ်တဲ့ ရှင့်မျက်နှာပျက်နေရင် ဒါ တစ်ခုခုတော့ တစ်ခုခုပဲ ...။ ဘာမှမရှိဘူးလို့ ဘယ်လိုမှ ညာချင် လို့မရပါဘူး။

"ရှင် ... ကိုကို့အကြောင်း ဘာသိသလဲ ..."

"ခင်ဗျာ ... ကိုကို့အကြောင်း ... ဘာကိုမေးချင်တာ လဲ မစကား ..."

အဓိပ္ပာယ်မရှိ အပိုတွေ ဟန်ဆောင်နေပြန်ပြီ။ စိတ်ပျက်စရာကောင်းလိုက်တာ။ သို့သော် သူ့ရှေ့မှောက်ကို

အရောက်လာကာ ကိုယ့်ယောကျ်ားအကြောင်း မေးရ ပြီ ဆိုကတည်းက အတော်ကြီး အောက်နေပြီဖြစ်သော ကိုယ့် အဖြစ်အရ ... ကိုယ့်မှာ ရှေ့ဆက်လက်၍ အဲဒီခပ် အောက်အောက် မျက်နှာနှင့်ပင် စိတ်ကို အတတ်နိုင်ဆုံး ဆွဲဆန့်သည်းခံထားရတော့မည်သာ ဖြစ်ပါသည်။

"ရှင့်ကို ကျွန်မ ရီတာနဲ့ကိစ္စ ဖြစ်ကြကတည်း က ကျွန်မ သိကိုသိသင့်တဲ့ ကိစ္စမျိုးတွေ ရှိလာခဲ့ရင် ကျွန်မကို ဖုံးကွယ်မထားကြဘဲနဲ့ သိခွင့်ရလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်လို့ ပြောခဲ့တယ်လေ"

"ကျွန်တော် မှတ်မိပါတယ် ..."

"ရှင်က မှတ်မိတယ်ဆိုရင် ဘာလို့ ကျွန်မကို သိခွင့် မပေးသလဲ ...။ ရှင် ဒါတမင်သက်သက် ကျွန်မရဲ့ ယုံကြည်ချက်တွေကို ဖျက်ဆီးပစ်တာပဲ ..."

"မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမလဲ ... ရှင်တို့နှစ်ယောက်ကြား မှာ အမြဲတိုးတိုးကျိတ်ကျိတ်နဲ့ ကိစ္စတွေရှိနေတဲ့ ဥစ္စာ၊ မရှိဘူးလို့ ရှင်ဖြောင်မလိမ်နဲ့ ရှိကိုရှိတယ် ... ကျွန်မ သိတယ် အဲဒီလို နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် တိုးတိုးကျိတ်ကျိတ်နဲ့ ဖြစ်နေကြတာကို ဇနီးမယားဖြစ် တဲ့ ကျွန်မက သိခွင့်မရဘူးဆိုတော့ ... ရှင် ကျွန်မဘက် ကလည်း နည်းနည်းလေးလောက်မျှ ပြန်တွက်ပေး ကြည့်ပါဦး ... ရှင်တို့နှစ်ယောက် လုပ်ကိုင်နေပုံတွေဟာ

တရား့မျှတမှု ရှိရဲ့.လား.ဆိုတာကို ..."

အံ့ပွား.ဟာ စကား.ကြာကြာပြောလို့ မရတဲ့ လူစား.ဆိုတာ စကား ရုတ်တရက်ပင် သဘောပေါက်လိုက်ပါသည်။ သူ့ကို အချိန်ကြာကြာပေး.လိုက်တာနဲ့အမျှ သူ့ရဲ့.မျက်နှာထား.ဟာ စစချင်း.တုန်း.က ခပ်ပျက်ပျက် ဖြစ်ချင်နေတာတွေ စုပ်စမြှုပ်စပင် ပျောက်ကုန်ကြကာ ခပ်အေး.အေး.ကြီး.နှင့် တည်ငြိမ်နိုင်နေသော အသွင်သို့ (အဲဒီစကား.ခပ်ကြာကြာပြောနေတဲ့ အခိုက်အတန့်လေး.အတွင်း.မှာပဲ) ပြောင်း.လဲသွား.ခဲ့.လေပြီ။ ဒီတစ်ခါ မျက်နှာထား.ဟာ တည်တည်ငြိမ်ငြိမ်အပြင် ... မရနိုင်တာတစ်ခုခုကို အတင်း.ရော အဓမ္မငိုယိုပူဆာနေသည့် ကလေး.လေး.တစ်ယောက်ကို လူကြီး.တစ်ယောက်က စိတ်ခပ်ပျက်ပျက် ... ပြီး.တော့ ရယ်ကလည်း ရယ်ချင်ချင် ပုံစံနှင့် စိုက်ကြည့်နေတတ်တာမျိုး.နှင့် အလား.သဏ္ဌာန်တူသော ရုပ်မျိုး.ပါ ထွက်နေသဖြင့် စကား.မှာပိုပြီး.အခံရခက်ကသိကအောက်နိုင်စွာ စိတ်တွေပါ တိုလာမိပါပြီ။

"ကိုကို့မှာ စကား.သိကို သိသင့်တဲ့ လျှို့.ဝှက်ချက်ကိစ္စမျိုး ဘာမှမရှိပါဘူး"

"ဘာလို့မရှိရမှာလဲ ... ရှင် ဖြောင်ညာပြီ ... "

"ကျွန်တော် မညာဘူး ..."

"ဒါဆိုရင် ဘယ်လောက်ကြီး ဆိုး.ဝါး.ပျက်စီး.စုတ်ပြတ်နေတော့မှ ကျွန်မ သိသင့်ပြီလို့ ရှင်က သတ်မှတ်မှာလဲ... ဟင် ... မဖြစ်သင့်တာဆိုလည်း မဖြစ်ပွား.ရ

အောင် ကြိုကြိုတင်တင်လေး သိထားသင့်၊ ဖြေရှင်းသင့်တဲ့ကိစ္စမျိုး လုံးဝမရှိပါဘူးလို့ ရှင်ငြင်းရဲသလား"

"ငြင်းရဲတယ် ... လုံးဝမရှိဘူး ..."

စကား သူ့ကို စိတ်တိုလိုက်သည်မှာ ဘေးနားမှာရှိနေသည့် တစ်ခုခုနှင့်တောင် ကောက်ပြီးရိုက်ချင်လာမိသည်။ ဖြစ်နိုင်ရင် ပုံလဲကျသွားတဲ့အထိ ရိုက်ပစ်လိုက်ချင်တာ ...။ စကားရဲ့ မျက်လုံးတွေဟာ ဒေါသအခိုးတွေနှင့် နဂါးမတစ်ကောင်လို အရောင်တဝင်းဝင်း ဖြစ်လာသောအခါ သူကလည်း အားကျမခံပင် သရော်လှောင်ပြောင်လိုသော၊ အထင်သေးရွတ်ချလိုသော မျက်ဝန်းတို့နှင့် စကားကို အထက်စီးကနေကြည့်ကာ ...

"ဒီလောက်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို ခင်ဗျားမို့ ကြဲကြဲစည်စည်တွေ လျှောက်ထင်ပြီး သိက္ခာချရက်တယ် မစကား ... အမှန်ဆို ခင်ဗျားခုလို ကျွန်တော့်ကို လာမေးနေတဲ့ ကိစ္စမျိုးဟာလည်း ကျွန်တော်နဲ့မို့လို့သာပေါ့။ တခြားတစ်ယောက်ယောက်နဲ့သာဆို ကိုကိုနံမည်ဟာ အမေးခံရတဲ့လူက လျှောက်ပြော လျှောက်အာဖွာပစ်တာနဲ့တင် ... မြောင်းထဲရောက်ပြီး သုံးလို့ရမှာကို မဟုတ်တော့ဘူး ..."

"ရှင် ကျွန်မကို အော်လားငေါက်လားနဲ့ ဆရာ မလုပ်ပါနဲ့ ... ကျွန်မ ဒေါသဖြစ်လာပြီနော်"

"မစကား ဒေါသမဖြစ်တာရော ... ဘယ်တုန်းကများ

ရှိဖူးလို့လဲ ..."

"ဟင် ... ရှင် ... ရှင် ..."

စကား:မှာ သူဉာဏ်နီဉာဏ်နက်ကို ရိပ်မိလာရပါပြီ။ ဒီလူဟာ တမင်တကာ စကား:ကို ဒေါသမထွက်, ထွက်အောင် ဆွထုတ်ပြီး: ... စကား:က ဒေါသတွေကြီး: ... သူကို ရန်တွေ့.ပြီး: ဒီကိစ္စကို အဆုံး:သတ်ကာ ရှေ့.ဆက်ပြောနေချင်စိတ် မရှိတော့ဘဲ လှည့်ထွက်သွား:ခဲ့ရင် သူ မဖြေချင်တာတစ်ခုကို အဖြေရတော့အောင် သူက လုပ်နေတာ ...။ တစ်ခါလာမေး:တာ မအောင်မြင်ဘဲ ရန်ဖြစ်ဒေါသထွက်ကာသာ ပြီး:သွား:ခဲ့ရရင် နောက်တစ်ခါ ထပ်မံရင်ဆိုင်မေး:ခွန်း: ထုတ်ဖို့လည်း: စကား:ဘက်က စိတ်ကုန်လက်လျော့သွား:နိုင်သည် မဟုတ်လား:။ မဖြစ်ဘူး: ... သူဟာ အတော်လည်တဲ့ လူလည်အစစ် ...။ ကိုယ့်ဦး:တည်ချက်လမ်း:ကြောင်: မပျက်အောင် ကိုယ်က တင်း:တင်း:ကြီး: ဆုပ်ကိုင်ထား:နိုင်မှသာ ဒီလူလည်ရဲ့ လှည့်ကွက်ထဲမှာ မပါသွား:မှာ။

"ဒါဖြင့် ရှင့်ကို ကျွန်မမေး:မယ် ... ကျွန်မသား:လေး:ကို မမွေး:ခင်တစ်ညကလေ ... ရှင်တို့ ဆရာတပည့်နှစ်ယောက် Coloured World ဆိုတဲ့ Restaurant မှာ သွား:စား:သောက်ကြပြီးအပြန် ... ရှင့်ဆရာ သေမလောက်မူး:လာခဲ့တဲ့ ညကလေ"

"သေတော့ မသေနိုင်ပါဘူး: ..."

"သေသေ ... မသေသေ ... အဲဒါက အရေး:မကြီး:ဘူး၊

ရှင်ဖြတ်,ဖြတ်မပစ်ပါနဲ့ ... ကျွန်မပြောတာပဲ နား ထောင်ပြီး ကျွန်မမေးတာပဲ ဖြေပါ ..."

"မစကားမေးမှာ ကျွန်တော်သိပါပြီ ... အဲဒီမှာ အဆို တော်တွေကို ပန်းကုံးစွပ်သလား ... မစွပ်ဘူးလား ... ဒါပဲမဟုတ်လား ..."

"ရှင်ကို ကျွန်မပြောတာပဲ နားထောင်ပြီး ကျွန်မမေး တာပဲ ဖြေပါလို့ ပြောထားတယ် မဟုတ်လား ... ရှင့် ဆရာကိစ္စကို ဖုံးကွယ်လို့ ရနိုင်သလောက်ရအောင် ရှင် လိုက်ပြီးကြိုးစားမနေနဲ့ ... တစ်လုံးမကျန် ... ကျွန်မ အမှန်တရားအတိုင်းပဲ သိချင်တယ် ... ယောကျ်ား မဟုတ် ... မိန်းမ,မဟုတ်တွေလို ပလီစိခြောက်ချက်နဲ့ ပါးစပ်လျှပ်ပန်းစားမယ် မကြံနဲ့ ... တကယ့်ယောကျ်ား စစ်စစ်တစ်ယောက်ရဲ့ ပါးစပ်နဲ့ဖြေပါ ..."

သူ တော်တော်အခံရခက်သွားပုံ ရသဖြင့် စကား ကကိုယ့်စကားကိုယ် သိပ်ကို ကျေနပ်သွားရပါသည်။

"အဆိုတော်တွေ မဟုတ်ဘူး ... အဆိုတော်တစ်ယောက် တည်း ... နံမည်က ခင်နွယ်ဦး ... အဲဒီဟာကို ... ကိုကို ပန်းကုံးစွပ်သလား ... မစွပ်ဘူးလား ..."

" မစွပ်ဘူး ..."

" ဟင် ... ရှင် ... ရှင် ... ယောကျ်ားမဟုတ်ဘူးလား၊ ရှင် ... ရှင် ... ဒီလောက်တောင် မြောင်ညာရဲတယ်"

"မစွပ်လို့မစွပ်ဘူး ပြောတာ ... ယောကျ်ားမဟုတ်တာ

တွေ ဘာတွေနဲ့ ... မဆိုင်တာတွေ လျှောက်မပြောပါ နဲ့ မစကား:"

စကား:မှာ ဒီလူတစ်ယောက်ကို မုန်:ရလွန်:သည်မှာ "မုန်:၊ မုန်:၊ မုန်:၊ မုန်:" နှင့်ပင် မြည်နေသလို ခံစား:နေရကာ ... သူလောက် မုန်:ရလွန်:သူများ စကား:တစ်သက်မှာ နောက်ထပ်တစ်ယောက်တောင် ထပ်ရှိနိုင်တော့မည်မထင်၊ ကာယကံရှင်ဖြစ်သည့် "ခင်နွယ်ဦး" ဟူသည့် မိန်းမကိုတောင် ခုနေ ကိုယ့်ရှေ့တည့်တည့်မှာ 'ဘွား:' ခနဲ မြင်ရရင်တောင် သူလောက်တော့ ဘယ်လိုမှ မမုန်:နိုင်တော့တာ သေချာသည်၊ မုန်:တာမှ ဘယ်လိုမုန်:မိမှန်: ပြောလို့ပင် မတတ်တော့ပါ။ မုန်:တီ:ခါ:သီ:လို့ နေတော့သည်၊

"ရှင်ဘာလို့ လိမ်တာလဲ ... ရှင်တို့နှစ်ယောက် ဖြစ်ပျက်နေကြတာ ကျွန်မအဖေ မျက်စိနဲ့ တပ်အပ်မြင်တာရှင့် ... ကျွန်မအဖေက သမီ:တစ်ယောက်ကို ဘာမှ လိမ်ညာနေစရာ အကြောင်:မရှိဘူး ..."

"အန်ကယ်ကြီ:က ဘယ်လိုမြင်တယ်တဲ့လဲ ..."

"သူက ပန်:ကုံ:တွေကိုင်ပြီ: စင်ဘက်ပြေ:လိုက် ... ရှင်ကဆွဲထား:လိုက်နဲ့ တစ်ဆိုင်လုံ:မှာ ရှင်တို့နှစ်ယောက်တည်: အရှက်မရှိ ရုန်:ရင်:ဆန်ခပ် ဖြစ်နေကြတာတဲ့ ... ကဲ ... ရှင် ငြင်:ဦ:မလား: ..."

"မငြင်:ပါဘူး: ... အဲဒီအထိတော့ ဟုတ်သား:ပဲ ..."

"ဟင် ... ရှင် ... မလိမ့်တပတ်နဲ့ လူလည်မကျနဲ့နော်"

"မကျပါဘူး ... ကျွန်တော်ပြောတာက ပန်းကုံးမစွပ်ဘူးလို့ပဲ ပြောတာပဲ ... စွပ်ဖို့လုပ်ခဲ့တာမှန်တယ် ... ဒါပေမယ့် မစွပ်ဘူး ... မစွပ်ဖြစ်ဘူး ... အဲဒီပန်းကုံးတွေအားလုံး ဆိုင်ကိုမရရအောင်ပြောပြီး ကျွန်တော်ပြန်ပေးခဲ့တယ် ... စကတည်းကလည်း ကိုကိုကင့်ကို ပန်းကုံးသုံးသောင်းဖိုး ပေးစမ်းဆိုပြီး ဝယ်ခဲ့တာမှ မဟုတ်ဘဲ ... စားပွဲထိုးတွေကသာ မူးနေတဲ့သူကို အခွင့်ကောင်းယူပြီး ကိုကိုက "များများပေး ... ပေးဦး ... ပေးဦး" ဆိုတာနဲ့ သုံးသောင်းဖိုးဆိုပြီး အဲဒီလောက်အများကြီး ယူချလာကြတာ အပြီးသတ်ကျတော့ စွပ်လည်းမစွပ်ဖြစ်ဘူး ... သုံးသောင်းမပြောနဲ့ ပန်းကုံးဖိုးလည်း တစ်ပြားမှကို မကုန်ဘူး ..."

"ဘာပဲဖြစ်ဖြစ် ... စွပ်ဖြစ်တာ မစွပ်ဖြစ်တာ ... သုံးသောင်းကုန်တာ မကုန်တာက အဓိကလား ... အဲဒီမိန်းမတစ်ယောက်အပေါ်မှာ ကိုကိုက အရှက်မရှိဖြစ်ပျက်နေတာက အဓိကလား ..."

"ကိုကိုက အဲဒီတစ်ယောက်နဲ့ အရှက်မရှိ ဘာများဖြစ်နေလို့လဲ ..."

"တစ်ခါမှ အဲဒီလောက် မှောက်ကျနေအောင် မသောက်ဖူးဘဲနဲ့ သောက်ခဲ့တာတွေ၊ ပိုက်ဆံတွေအများကြီး ပစ်ကျပြီး အကြင်နာကြီးချင်တာတွေ ... အိမ်မက်ထဲအထိပါ ထည့်မက်ပြီး ယောင်ချင်တိုင်း အော်ယောင်

နေခဲ့တာတွေလေ ...”

ပြောနေရင်း ပြောနေရင်း စကား:အသံလေး:က (ထိန်:ချုပ်ထား:သည့်ကြား:က) တစ်ချက်တစ်ချက် ရှိုက်သံပါကာ တိမ်,တိမ်ဝင်သွား:ခဲ့သောအခါ တည်ငြိမ်စွာအထက်စီး:ကနေ ရှုတ်ချချင်နေသော အဲပွား:ရဲ. မျက်နှာကလည်း: ကရုဏာသက်သွား:သည့် မျက်နှာအဖြစ် နူးညံ့.ပျော့ပြောင်းလို့သွား:ပါသည်။ သို့သော် ခဏမျှသာဖြစ်သည်။ ပြီး:တာနဲ့ပြန်ပြီး: တည်ငြိမ်ကျန်ခဲ့ရှေ ...။

“အဲဒါတွေအား:လုံး: ကျွန်တော့်ကိစ္စတွေပဲ ...”

“ဘာ ...”

“ဟုတ်တယ် ... အဲဒီ မိန်:ကလေး:ဟာလည်း: ကျွန်တော် နဲ့.သာဆိုင်တယ် ... ကိုကို အမူး:သောက်တာလည်း: သူ့ကြောင့်ထက် ... ကျွန်တော့်ကြောင့်ပဲ ... ပန်:ကုံး: စွပ်ဖို့ ကြိုး:စား:တာကလည်း: ကျွန်တော့်ကိုရွဲ.ပြီး: ပြောင်လှောင်ဖို့လုပ်တာပဲ ... အား:လုံး:ဟာ ကျွန်တော့်ကြောင့်ချည်း:ပဲ ... ကိုကို့မှာ ဘာအပြစ်မှ မရှိပါဘူး: ... မစကား:ယုံကြည်စိတ်ချထား:ရမှာက ကိုကို့မှာ မိန်:ကလေး:ကိစ္စနဲ့ ပတ်သက်လို့ ဘယ်တုန်:ကမှလည်း: ပြဿနာမရှိခဲ့ဖူး:ဘူး: ... ခုလည်း:မရှိဘူး: ... နောင်လည်း:ရှိလာမှာမဟုတ်ဘူး:”

အမယ်လေး:လေ ... တစ်လေတည်း:ပါပဲ ... ဆရာတပည့်နှစ်ယောက် ပေါင်း:သော်လည်း: လေကတော့

တစ်လေတည်းပဲ ...။ အေးလေ ... တစ်လေတည်းပဲ ဖြစ်တော့မပေါ့ ...။ ကိုကိုက စကားကို အဲဒီအတိုင်းပြောထားပြီးတဲ့နောက်မှာ စကားက စက္ကန့်မဆိုင်းဘဲ အံ့ပွားကို သွားပြေးမေးခဲ့ရင်တော့ ဒီ့ပြင်နည်းနဲ့ပဲ ဖုံးကွယ်လို့ ရချင်ရမယ် တစ်လေတည်းတော့ ဘယ်ထွက်နိုင်ပါ့မလဲ ...။ ခုဟာကတော့ စကားက အချိန်ဆိုင်းလိုက်သလို ဖြစ်နေတော့ ဒီကြားတည်း မှာ သူတို့ချင်း "ဒီလိုဒီလိုပဲပြောကြမယ်ဟေ့" လို့ ညှိနှိုင်းရသွားတာပေါ့ ...။ ရဆို ... စကားအချိန်ဆိုင်းလိုက်တာက လည်းနည်းနည်းနောနောလား ...။ သားလေးတစ်သက် ... လေး,ငါးလပင် ရှိသွားခဲ့တာကိုး ... ဒီကြားတည်းက သူတို့ရဲ့တိုးတိုးကျိတ်ကျိတ်ပေါင်း များစွာထဲမှာ "ခင်နွယ်ဦး" ကိစ္စ သည် ကိုကိုကိစ္စမဟုတ် ... အံ့ပွားကိစ္စသာ ဖြစ်သည်ဆိုတဲ့ အဆိုကို ပိုမိုယုတ္တိတန်နိုင်စေဖို့အတွက် အခါပေါင်းရာထောင် မကပင် ညှိပြီးနိုင်လောက်ပြီ။

အတော်တော် တပည့်ကောင်းကြီးကို ရထားသော ကိုကိုတို့ကဖြင့် လက်ခမောင်းခတ်ကာ ဒူးတန့်.နှံ့.နှင့်နေ, နေရုံပင် ...။ သူ တပည့်ကျော်ကြီးဟာ ဖုံးနိုင်ဖိနိုင်လိမ်ညာနိုင်သေးသမျှ ဖုံးဖိလိမ်ညာပေးထားမည်။ နောက်ဆုံး ဘယ်လိုမှ ဖုံးဖိလိမ်ညာခြင်း မပြုနိုင်တော့ပါဘူးလည်းဆိုရော ..."ကိုကို့ကိစ္စမဟုတ်ဘူး ... ကျွန်တော့်ကိစ္စ" ဟု မြောင်ကြီးသက်သက်ဝင်ပြီး ဓားစာခံလုပ်ပစ်လိုက်တော့သည် ဖြစ်ရာ စကားမှာ "မဟုတ်ဘူး ... ဒါ ရှင့်ကိစ္စလုံးလုံးမဟုတ်

့ဘူး ... ကိုကို့ကိစ္စမှ ကိုကို့ကိစ္စ ...” ရယ်လို့ ဘယ်လိုလုပ်ပြီးသူကို ခံငြင်းချင်လို့ ရတော့မလဲ ...။

“သူကသာ ... ကာယကံရှင်ပါ ... ကာယကံရှင်က မှဟုတ်ပါတယ်လို့ ဆိုနေတဲ့နောက်မှတော့ ဘေးလူက ဘာလို့ ဝင်ငြင်းနေတော့မလဲ” ဆိုရင် ကိစ္စက ပြတ်နေပြီ။ ကိုကိုတို့ များ၊ ကံကောင်းပါပေ့ကွယ် ...။ ဒါကြောင့်မို့လည်း သူ ဘက်ကလည်း ဒီလိုလူတစ်ယောက်ကို ဘယ်လိုမှ မပြတ်နိုင်မစွန့်နိုင် ... အောက်ကနေ ပြန်အော်ပြောနေလည်း ပြုံးပြီးငြိမ်ခံသိပ်အချစ်ကြီး သံယောဇဉ်တွေ များနေတော့တာပေါ့ ... ။ လိုက်ပါ့။

“ကောင်းပြီလေ ...ဒီလောက် အသိသာကြီးတစ်ခုကို ရှင့်ကိစ္စပါ ဆိုတော့လည်း ကျွန်မမှာ ဘာမှမတတ်နိုင်တော့ပါဘူး .. ဒါပေမယ့် ရှင့်ကို ကျွန်မသတိတော့ပေးလိုက်ပါ့မယ် ... ခုချိန်ကစပြီး အခုဒီကိစ္စကိုရော နောက်နောင် ပေါ်ပေါက်လာဦးမယ့် ရှင့်ကိစ္စတွေကိုရော ...ရှင်သတိဝိရိယထားပြီး ကျပ်ကျပ်သာ ဖုံးအုပ်ပေတော့ ... ရှင့် ဘက်က တစ်ချက်တလေလောက်ပေါ့လျော့ပြီး ... လုံလုံခြုံခြုံမရှိရင်တော့ ကျွန်မနဲ့ရှင်နဲ့တွေ့ပြီသာမှတ် ... ရှင့်ကိစ္စ ဘာတွေရှိသလဲဆိုတာခုအချိန်ကစပြီး ကျွန်မက လိုက်ကိုစုံစမ်းပြီး ချောင်းကိုချောင်းတော့မှာ”

“ဟာ ... ဘာဆိုင်လဲ ... မစကားက ကျွန်တော့်ကိစ္စ

တွေကို ဘာလို့ လိုက်စုံစမ်းနေဖို့လိုသလဲ ... မဆီမဆိုင် ..."

"ရှင့်ကိစ္စနဲ့ ကျွန်မနဲ့ မဆိုင်ဘူးလို့ ဘယ်လိုမှပြောလို့ မရတော့ဘူး ... ကျွန်မအဖေကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်တဲ့ ... သူ ပန်းကုံးစွပ်တဲ့ ကိစ္စတောင် နောက်ဆုံးကျတော့ ရှင့်ကိစ္စဖြစ်နေသေးတာပဲ ... အဲဒီတော့ ရှင်ဘာလုပ်လုပ် ... ဘယ်လိုကိစ္စတွေဖြစ်ဖြစ် ... အားလုံး ကျွန်မနဲ့ ဆိုင်လာပြီ ..."

"ဟာ ... ကျွတ်ပဲ ... ဟိုဟာက တကယ်ဖြစ်လို့ တကယ်ပြောတာပဲ ... မစကားက ကျွန်တော့်ကိစ္စတွေ လိုက်စုံစမ်းနေတယ်ဆိုတာ လူသိရင်လည်း မတင့်တယ်ပါဘူးဗျာ ... ကိုကိုကလည်း ကြိုက်မယ် မထင်ပါဘူး ..."

"သူ့ ဘာသာသူ ကြိုက်ကြိုက် မကြိုက်ကြိုက် ... သူလည်း သူကြိုက်ရာတွေ ကိုယ်လုပ်မှာပဲ ... ရှင်ကတော့ သူ့ကို သံတော်ဦးတင်ဖြစ်အောင် တင်မှာပါ ... မြန်မြန်လေးသာ ပြန်ပြောပြလိုက်ပါ"

အံ့ဖွားတစ်ယောက် တကယ်ပင် လူပ်လူပ်ရှားရှား ဖြစ်သွားသဖြင့် စကားက အားရဝမ်းသာတွေဖြစ်ကာ ပြောလက်စ စကားကိုဖြတ်ချပြီးထိုင်ရာက ထထွက်လာခဲ့ပါသည်။ နောက်ထပ် ဘာတွေများ မဟုတ်တာတွေ ရှိနေသေးလည်း

မသိ ... သူမှာ မျက်ကလဲ ဆန်ပြာတွေကို ဖြစ်လို့ ...။

ကိုကို ပြန်ရောက်လာသောအခါ စကားပြောခဲ့သည့်အတိုင်းပင် အဲဖွားက ကိုကို့နားကပ်ကာ တိုးတိုးကျိတ်ကျိတ်တွေ လုပ်နေပါတော့သည်။ သို့သော် ကိုကိုက အဲဒီကိစ္စနဲ့ပတ်သက်လို့ စကားကို ဘာစကားမှမစ ...။ ခပ်မဆိတ်တိတ်တိတ်သာ နေနေသည်။ စကားကလည်း ကိုကို့ကို ဘာမှမပြောပေ ...။

အခန်း (၆)

“ဟဲ ... စကားရယ် ... တော်တော်ကြာ တကယ့်သူ. ကိစ္စဖြစ်နေပြီ၊ ကောင်မလေးကလည်း သူကောင်မလေး ပဲဖြစ်နေပါဦးမယ် ... ”

“ဟာ ... မဖြစ်နိုင်ပါဘူး ... ရုပ်တွေကိုလည်း ကြည့်ပါဦး ... ဒီအရွယ်နဲ့ ဒီအရွယ် ... မောင်နှမတွေလည်း မဟုတ်ကြဘူးဆိုရင် သူတို့ရုပ်တွေက ဒီလောက်ကြီးရိုးသားပြီး နေစရာမလိုပါဘူး”

“ဟယ် ... မိတ်ဆွေ အသိအကျွမ်းဆိုရင်တော့ ရိုးသားနေကြမှာပေါ့ ... ”

“မိတ်ဆွေဆိုရင်လည်း ဒို့ထက်ပိုပြီး ရင်းနှီးစေးကပ်နေကြရမယ် ... ခုဟာက သူတို့ချင်း ရှိုးတိုးရှန့်တန့်ဖြစ်နေကြတဲ့ပုံလည်း ပေါက်တယ် ... နင် အသာနေစမ်းပါ မာလာရယ် ... အဲ့ဒီကောင်မလေးက ဘယ်သူ

လဲ ... ဘယ်ကလဲဆိုတာ စုံစမ်းလိုက်ရင်ပဲ အဖြေက ပေါ်နေပြီပဲ ... ဒီကောင်မလေးကသာ Coloured World က အဆိုတော်ဆိုရင်တော့ ဒါသေချာပြီ ... ကိုကိုဟာအဲဒီ ကိစ္စနဲ့ ပြတ်ကိုမပြတ်သေးလို့ အံ့ပွားက လိုက်လုပ် ပေးနေရတာပဲ ဖြစ်မယ် ..."

"Coloured World ကပဲ ဖြစ်ပစေဦး ... အံ့ပွားကောင်မလေးလည်း ဖြစ်နိုင်သေးတာပဲ ..."

"ဘယ်လိုလုပ် ဖြစ်နိုင်မလဲ ... အံ့ပွား့ရဲ့. ကောင်မလေးကို အံ့ပွားရဲ့.ဆရာက အရှက်မရှိ ပန်းကုံးတက်စွပ်ဖို့ ကြိုးစားတယ်ဆိုတာ ဖြစ်နိုင်မလား ... နင်ပဲစဉ်းစားကြည့် ... အံ့ပွားကကော သူ့.ဟာမကို သုံးသောင်းဖိုးပိုကြေးပန်းကြေးပေးချင်တာကို လက်ခံပါ့မလား:"

"လက်မခံလို့ဘဲ မစွပ်ဖြစ်အောင် သူလိုက်တားဆီခဲ့တယ်လေ ..."

"ဟာ ... ဒါပေမယ့်ဟာ ... ငါ့ယောကျ်ားဟာ ဘယ်လောက်ပဲ ဖောက်ပြန်ချင် ဖောက်ပြန်ချင် ... သူ သိပ်ချစ်တဲ့ သူတပည့်ရဲ့. ကောင်မလေးနဲ့တော့ သွားမပတ်သက်ဘူးဟာ ... ဒါတော့ သေချာတယ် ... "

"အင်း ... ဟုတ်တယ် ... ဒါကတော့ ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်တာ မဟုတ်ဘူး သေကိုသေချာတာဟာ ... အဲဒီကောင်မလေးဟာ အံ့ပွားနဲ့ မပတ်သက်တာလည်း သေချာတယ် ... Coloured World က ခင်နွယ်ဦးဆိုတာလည်း သေချာတယ် ... အဲဒီဆိုင်ကမို့လိုသာ ....

အလုပ်မဝင်ရခင် ညနေပိုင်းမျာ အဲဒီဆိုင်နား:က စား သောက်ဆိုင် တစ်ခုမှာပဲ ချိန်းပြီးတွေ့ကြတာပေါ့ဟ ... အံ့ပွား:ရုပ်ကိုကြည့် ... အဲဒါ သူတစ်ခုခုကို ညှိကိုညှိ နေတဲ့ရုပ်ပဲ ... သူ့ရုပ်က တကယ့်အလေး:အနက်ကိစ္စ တစ်ခုကို အား:ကြိုး:မာန်တက် လုပ်နေရရင် အဲဒီလို ပဲ ...

ဒါပေမယ့် ညှိပုံညှိနည်း:ကတော့ ကွာလိမ့်မယ် ရီတာ့တုန်း:ကလိုတော့ တင်း:တင်း:မာမာ ပြတ်ပြတ်သား: သား:ကြီး: မဟုတ်ဘူး: ... သေချာတယ် ... ကြည့်ရတာ ဇာတ်လမ်း:က မပြတ်သေး:ဘဲ ပေဆက်ရှည်နေဦး:မယ့် ပုံပဲ"

"ဒါဖြင့် ငါတို့ Coloured World မှာ အရင်သွား:မေး: ကြရင် ကောင်း:မလား:"

"မဖြစ်ဘူး: ... ဒီကား:ပေါ်က တစ်လှမ်း:မှဆင်း:လို့ မဖြစ်သေး:ဘူး: မာလာ ... အဲဒီကောင်ကြီး:က သိပ်လည် သိပ်လျှင်တာ ... ခုတောင် နှင့်ကား:ကို သူကလှမ်း:သိ ပြီး: ရိပ်မိချင် ရိပ်မိနေမှာ ... ဟိုတစ်ခါတုန်း:ကလို "ဘွား:"ခနဲ အမိခံလိုက်ရရင် အရှက်ရတာကနောက် ထား:၊ ငါတို့ရှေ့.ဆက်စုံစမ်း:ရဦး:မယ့် ကိစ္စတွေအတွက် ဂွင်းဆက်ပြတ်သွား:နိုင်တယ် ... "

စကား:က ပြောပြောဆိုဆိုနှင့်ပင် လူပ်ရှား:နေ သည့် စိတ်တွေကို ငြိမ်သက်သွား:အောင် ထိန်း:သည့်အနေနှင့် အလုပ်မရှိ အလုပ်ရှာ ... လက်တွေကို တဖြောက်ဖြောက်

ထိုင်ချိုးနေမိပါသည်။ ခဏကြာမှ ကိုယ်အရင်က တစ်ခါမှ လက်မချိုးဖူးပါဘူးဟု သတိပြန်ရလိုက်မိချိန်မှာ စကားရဲ့ လက်ချောင်းကလေးအားလုံး နာကျင်လို့ နေကြပါပြီ ။

"လက်မချိုးတတ်ဘဲ လျှောက်ချိုးမနေနဲ့ တော်ကြာ ယောင်ထလာဦးမယ်"

မာလာက လှမ်းသတိပေးသည်။ စကားမှာ လက်တွေနာလာတာကို ဝမ်းနည်းတာကတစ်မျိုး ... အလုပ်မဟုတ်တာတွေကို သားပစ်အိမ်ပစ် လျှောက်လုပ်နေရခြင်း၌ ဝမ်းနည်းတာကတစ်မျိုး ... နှစ်မျိုးပေါင်းကာ တအားကြီးပင်ငိုချင်လာရပါတော့သည်။ မာလာ့ကို အကူအညီတောင်းပြီး ဒီ Coloured World Restaurant နားသို့ လာ,လာချောင်း နေကြသည်မှာ ဒါပါနဲ့ဆို သုံးခါရှိပြီ။ အရင်နှစ်ခါက လာသာလာရသည်။ ဘာမှမမြင်မတွေ့ရဘဲ ပြန်, ပြန်သွားရသည်မို့ စကားတို့မှာ အချိန်ကုန် လူပမ်းတာကလွဲပြီး အကျိုးအမြတ်မရှိ ....။

တအားကြီး စိတ်ဆောင်နေသည့် စကားက "စားသောက်ဆိုင် Restaurant ထဲထိ ဝင်မေးကြရအောင်" ဟု မာလာ့ကို ပြောပေမယ့် မာလာက "ဘာမှလက်ဆုပ်လက်ကိုင် ခြေခြေမြစ်မြစ် မပြနိုင်၊ မမြင်ရသေးဘဲနဲ့ ကိုကို့ ပါးစပ်ကထွက်သည့် နံမည်လေးတစ်ခုနှင့် သွားကြမ်းရင် ကိုယ်ပဲ အလွန်ဖြစ်မည်" ဟု ဆိုသဖြင့် စကားမှာ ဘာမှ လှုပ်ရှားခွင့်မသာပါ။ အရင်တစ်ခေါက်တွေတုန်းက သွားသည့်အချိန်တွေကလည်း စောနေသဖြင့် ကောင်မလေးတွေ အလုပ်လာ

သည့်အချိန်လည်း ဟုတ်ပုံမရလေရာ ... ရုပ်ကိုမြင်ဖူးချင်လို့ မှလည်း မမြင်ခဲ့ရ။

"ရုပ်မြင်ချင်အလွယ်လေး.. သူသီချင်းဆိုနေ သည့် အချိန်မျိုးကျမှ ဆိုင်မှာသွားစားသောက်ပေါ့" ပြောကြလျှင်တော့ "ပြောသည့်လူကတော့ အလွယ်လေး၊ စကားမှာက မလွယ်ပါ" ပြန်ပြောချင်ပါသည်။ သီချင်းစဆိုချိန်ဟာ ညခုနစ်နာရီလောက် ဖြစ်နေပြီ။ ဒီလိုအချိန်မျိုးမှာ သားကို အိမ်မှာပစ်ထားပြီး စကားက ဘယ်လိုအကြောင်းပြချက်နဲ့ အပြင်ထွက်လို့ ရနိုင်မတဲ့လဲ ...။ ခုတောင် စကားအပြင်ထွက်,ထွက်နေတာ ကိုကိုနှင့်အံ့ပွား မသိသေးပေမယ့် ... အိမ်ကလူတွေနှင့် နာနီကြီးတို့ကတော့ သိကြပြီ။ သားကို မပစ်စဖူး ပစ်,ပစ်သွားသည့်အတွက် 'ဘာကိစ္စလဲ' ဟု (ထုတ်မေးမစပ်စုဝန့်ကြပေမယ့်) စိတ်ထဲကတော့ အတော်ကြီးသိချင်နေကြလောက်ပေပြီ။ သို့သော် ရှုပ်ရှုပ်ယှက်ယှက်ဟိုပြောဒီပြော တစ်ယောက်မှ မပါသဖြင့် ကိုကိုနှင့် အံ့ပွားတို့နားသို့တော့ ခုထက်ထိ ပြန်မပေါက်ခဲ့သေးပါ။

ဒီနေ့တော့ မာလာက တမင်ပင် ညနေလေးနာရီခွဲကျော်မှ လာခေါ်သည်။ တော်ကြာ ငါးနာရီထိုးရင် အံ့ပွား ပြန်ရောက်ချင် ရောက်လာမည့်မို့ "မာလာ့ကိစ္စအရေးကြီးလို့ လိုက်သွားပေးရတယ်" ဟု အိမ်မှာ မှာပစ်ခဲ့ရသေးလေသည်။ သို့သော် ဒီပုံအတိုင်းဆို အံ့ပွားလည်း ငါးနာရီအရောက် အိမ်ကိုပြန်မရောက်နိုင်တော့ ... စကားတို့လည်း ကံအားလျော်စွာပင် ... မထင်မှတ် မမျှော်လင့်ပါဘဲ

အံ့ပွားကို Coloured World နားက စားသောက်ဆိုင်ငယ်လေး တစ်ခုမှာ ကောင်မလေးတစ်ယောက်နှင့် တစ်စားပွဲတည်း တွဲထိုင်နေရက်သားကြီးနှင့် တန်းတိုးကြလေတော့သည်။

စကားနှင့် မာလာတို့ စိတ်ရှည်လက်ရှည် ဇွဲရှိရှိနှင့်ပင် ဆက်ချောင်းနေကြဆဲညနေငါးနာရီထိုးပြီးလို့ မိနစ်အနည်းငယ်စွန်းသော် အံ့ပွားက နာရီကိုတစ်ချက်ကြည့်ကာ မိန်းကလေးကို တစ်ခုခုပြောပြီး ထိုင်ရာက ကဗျာကသီထလေတော့သည်။ မိန်းကလေးမျက်နှာ ခပ်တည်တည်မှာ မကျေမနပ်ရိပ်အချို့က ငွေ့.ငွေ့.စွန်းလျက်သား။ အံ့ပွားကား အိမ်ကကားနှင့်ပင် ရောက်လာခဲ့ခြင်းဖြစ်သည်။ သူကား မောင်းထွက်သွားပြီး ... မိန်းမလေးလည်း ဆိုင်လေးထဲက ထွက်ကာ သူ့အလုပ်ရှိရာ ဆိုင်ကြီးဘက်သို့ အထွက်မှာ မာလာဘယ်လိုမှ တားမမီခင် စကားက ကားပေါ်က ခုန်ချ မတတ်ဆင်းပြီးရက်သား ဖြစ်နေပြီ။

"ဟဲ့ ... ဟဲ့ ... ဘာလုပ်မလို့လဲ ... "

မာလာကလည်း အပြေးအလွှား လိုက်ဆင်းလာသည်။

"စကားသွားပြော ဆွေးနွေးမယ်လေ ... "

"ကောင်းပါ့မလားဟယ် ... တော်တော်ကြာ ဘာမှမဟုတ်ရင် .... "

"အဆက်အစပ်ရှိမှန်းက ဒီလောက်သေချာနေပြီပဲ ဥစ္စာ ဒီအခွင့်အရေးမျိုးက နှစ်ခါမရနိုင်တော့ဘူး မာလာ ... "

မာလာမှာ ဟိုတစ်ခါတုန်းက သူ မကူလိုက်

နိုင်၍ စကား:တစ်ယောက်တည်း ကသောင်းကနင်း ဖြစ်ကုန်ရသည့်အတွက် သူ ကိုယ်သူ တာဝန်မကျေသူ တစ်ယောက်လို စိတ်လက်မကောင်းနိုင်သည့်ကြား:ကပင် ... မိန်း:ကလေး:ချင်း မျက်နှာချင်း:ဆိုင် ပေါ်တင်ကြီး ပြောဆိုညှိနှိုင်းကြရမည့် ကိစ္စမှာတော့ ကာယကံရှင် မဟုတ်သည့်အတွက် အနည်းငယ် တွန့်ဆုတ်ဆုတ် ရွံ့တွန့်တွန့်တွေ ဖြစ်နေပါသည်။ စကား:က စိတ်ပေါက်ပေါက်နှင့်ပင် ...

"ရွံ့သလိုလို ကြောက်သလိုလိုတွေ ဖြစ်မနေစမ်း:ပါနဲ့ ဒါသာ ကိုမျိုး:ကိစ္စဆိုရင် နင့်စိတ်ဓာတ်မျိုး:နဲ့ ထဘီခါး:တောင်း:ကျိုက်ပြီး:တောင် ခုန်အုပ်ပြီး:နေလောက်ပါပြီ"

ဒီတော့မှ မာလာသည် ရှဲ့ရှဲ့မဲ့မဲ့နှင့် ရယ်မောကာ ခပ်သုတ်သုတ် ပါလာပါတော့သည်။ ဟုတ်တယ်လေ ... ကျောင်း:တုန်း:ကဆိုရင် အေး:တိအေး:စက်၊ ပျော့တိပျော့နွဲ့. စကား:ကို ရှူး:ရှူး:ရှား:ရှား:။ ဟောဟောဒိုင်း:ဒိုင်း: မာလာကပဲ ဦး:ဆောင်လာခဲ့တာ မဟုတ်လား: ... စကား:တစ်ယောက် ဒီလို ခပ်ကြမ်း:ကြမ်း: ခပ်မြန်မြန် ခပ်ရဲရဲကြီး: ဖြစ်လာအောင် စကား:ရဲ့. အိမ်ထောင်သည်ဘဝက ပြုပြင်ပြောင်း:လဲပေး:လိုက်တာပါပဲ ...။

"ဒီ .... ဒီမှာ ... ဒီမှာညီမ ...."

"ညီမ" ဟု ခေါ်မိပြီးမှ လှည့်ကြည့်လာသောအခါ အဝေး:တုန်း:ကမို့ သိပ်မသဲကွဲသော ရုပ်ရည်နှင့် ထိုမိန်း:မမှာ ကိုယ့်ထက်တောင်မှ အသက်ပိုကြီး:နိုင်သော ရင့်ကျက်တည်ငြိမ်သော ရုပ်ရည်နှင့် မိန်း:မတစ်ယောက် ဖြစ်နေတာကို

တွေ့.လိုက်ရလေသည်။ ရီတော့တုန်းကလို ကလက်တက်တက်၊ ဆွဲဆောင်မှုအား‌ကြီးသော ခပ်ချောချော ခပ်မိုက်မိုက်၊ အသက်ကလေးကတော့ ခပ်ငယ်ငယ်ဆိုသည့် ... ရုပ်မျိုးကိုပဲ ကြိုတင်မျှော်လင့်ထားသော စကား‌တစ်ယောက် ရုတ်တရက်မှာ ခပ်အမ်း‌အမ်း‌ပင် ဖြစ်သွား‌ရလေသည်။

ကလေး‌တစ်ယောက်အမေဖြစ်တဲ့ကိုယ်ကမှ သူ့ထက်စာရင် ပိုပြီး‌နုငယ်နေဦး‌မယ် ...။ သို့သော် ခေါ်ပြီး‌မှတော့ မတတ်နိုင်ပါ။ ပြီး‌ကျတော့ သူ့.အနေအထား‌ကို "အစ်မ" ဟု မြွင့်တင်ခေါ်ဝေါ်ပြီး‌လည်း ကိုယ်က ရိုသေစွာနေရာထား မနေနိုင်ပါ။ စကား‌က ဇွတ်ပင် ...

"ညီမက ဒီ Coloured World မှာ သီချင်း‌ဆိုတဲ့ခင်နွယ်ဦး‌လာဟင် ... "

"ဟုတ်ပါတယ် ... "

ထိုမိန်း‌မက စကား‌နှင့် မာလာကို အကဲခတ်ကာ ခပ်တည်တည်သာ စကား‌ပြန်သည်။ မာလာ့ပုံစံကတော့ ဆံပင်ရှည်ကောက်ကောက်မှာ မျက်မှန်ကလည်း ပါသေး‌သည်မို့ မူရင်း‌အသက်ကို အလွယ်တကူ မမှန်း‌နိုင်လောက်သည့် အနေအထား‌မို့ ထား‌ပါတော့ .... စကား‌ကတော့ ဆံပင်ကတိုတို ... မျက်နှာက ငယ်ငယ်နုနုနှင့် ဖြစ်ရတဲ့အထဲ ပါး‌လှပ်နေသော ကိုယ်လုံး‌ကိုယ်ပေါက်လေး‌နှင့်မို့ ပိုပြီး‌ငယ်နေတော့သယောင်ယောင်ဖြစ်ရာ ... အဲဒီလို ပုံစံက သူ့.ကို "ညီမ" ဆိုတော့ ဒီခင်နွယ်ဦး‌က သိပ်လက်သင့်ခံလိုဟန်မတူပေ။

"ဟို ... ညီမလို့ပဲ ခေါ်တော့မယ်နော် ... အသက်ချင်းက မတိမ်းမယိမ်းပေမယ့် အစ်မက အိမ်ထောင်သည်ကလေးအမေဆိုတော့ ညီမထက်ပိုပြီး ဝါကြီးနေပြီလေ ... အစ်မခင်ပွန်းက ဦးမင်းရန်ပြေလေကွယ် ..."

"ဦးမင်းရန်ပြေ"

"ဟုတ်ပါတယ် ... ညီမသိတယ် မဟုတ်လား ... "

ခင်နွယ်ဦးက မျက်မှောက်ကုပ်ကုပ်နှင့် "သိတယ်" ဟု ဖြေ၏။ ပြီးတာနဲ့ သူ.လက်ကနာရီကို တစ်ချက်ကြည့်လိုက်သေးသည်။ သဘောကတော့ သူအလုပ်ဝင်ရဦးမှာမို့ အချိန်မရှိပါဘူး ... ဆိုတဲ့သဘောပေါ့လေ ...။ ဒါဆိုရင်လည်း စကားကတော့ မရှိ,ရှိတဲ့အချိန်လေးထဲမှာပဲ ကုပ်ကပ်ပြီး ကိုယ်ပြောလိုရာ အဓိကလိုရင်းကို တိုတိုနဲ့ရှင်းရှင်းဖွင့်ပြောရုံပေါ့ ...။

"ညီမကို ဦးမင်းရန်ပြေနဲ့ ပတ်သက်လို့ အစ်မစကားနည်းနည်းပြောချင်ပါတယ်"

"တို့နဲ့ ဘာဆိုင်လို့လဲ ..."

"ညီမပဲ သိတယ်ဆို .... "

"သိတယ်လေ ... ဒါပေမယ့် သိရုံပဲ ... သိရုံထက် ဘာမှမပိုဘူး ... အဲဒီလို သိရုံနဲ့ တို့ကို မင်းအနေနဲ့ မင်းယောကျ်ားအကြောင်းတွေ ဘာမှလာပြောနေစရာ မရှိပါဘူး ..."

ထိုမိန်းမမှာ ဘာတွေကိုမှန်းမသိ ရုတ်တရက် စိတ်တိုလာကာ အသံတို့က မာလာလေတော့သည်။ ဟင် ....

ပြောင်းပြန်။ စကားကပင် စမ, မာရသေး ... သူက စ,မာရ တယ်လို့ပဲ ...

"ဦးမင်းရန်ပြေအနေနဲ့ရော .... သူ. မိန်းမအနေနဲ့ရော တို့ကိုလာပြီး ဘာမှညှိနှိုင်းနေစရာမလိုပါဘူး ... တို့ ဘာမှစိတ်မဝင်စားဘူး .... ပတ်လည်းမပတ်သက်ချင်ဘူး"

ဟော ... ဟော ... တွေ့.လား ...။ စကားထဲက ဇာတိပြ။ ကိုကိုက သူ့ကိုဘာတွေညှိနှိုင်းဖူးလည်းမှ မသိတာ။ အဲဒါကြောင့်သာ "ညှိနှိုင်းနေစရာ မလိုဘူး" လို့ ထည့်ပြောတာ ... "ပတ်လည်းမပတ်သက်ချင်းဘူး" ဆိုတာကလည်း ပတ်သက်ဖူးလို့ ပတ်သက်ပြီးလို့သာ ပြောတဲ့စကားမျိုးပေါ့။ စကားရင်တွေ တဒိတ်ဒိတ် အခုန်မြန်လာရကာ ကြောင်အမ်းနေစဉ်မှာ မာလာက ဝင်ပြီး ...

"ဒီလိုပါ ... ကျွန်မတို့က သိချင်တာလေးတစ်ခု နှစ်ခုပဲရှိလို့ပါ .... ဒီလိုဆို မခင်နွယ်ဦးက ဦးမင်းရန်ပြေနဲ့ ဘာမှပတ်သက်မှု မရှိဘူးပေါ့ ... "

ထိုမိန်းမက အလွန်တရာ ဒေါသသွားပုံနှင့် .... "ဘာလို့ပတ်သက်ရမှာလဲ" ဟု ခပ်ကျယ်ကျယ် အော်လိုက်သည်။

"ဒါဖြင့် ကိုအံ့ဘွားနဲ့ကော ... "

"သူနဲ့လည်း ဘာပတ်သက်စရာရှိလဲ ... "

"ခုနက စားသောက်ဆိုင်ထဲမှာ ကိုအံ့ဘွားနဲ့ နှစ်ယောက်တည်း တွေ့.လိုက်သလားလို့"

နဲ့မှလည်း မပတ်သက်ဘူး ... ဒီလောက်သိရရင် ပြန်ဖို့ကောင်းပြီ ... ”

“မပြန်နိုင်သေးဘူး ... ကျွန်မတို့ အတိအကျသိရဖို့လိုတယ် ... ကျွန်မယောကျ်ား ရှင်နဲ့ဘာမှမပတ်သက်ဘူးသာဆိုတယ် ရှင့်အတွက် ပန်းကုံးဖိုး၊ချည်း နှစ်သောင်း သုံးသောင်းဖို့ သုံးချင်စိတ် ပေါ်ရအောင် ... ဘာတွေ ထွန့်ထွန့်လူးနေတာလဲ ... ”

“ဟေ့ ... မင်းစကား၊ရဲ့ အဓိပ္ပာယ်က တစ်မျိုးပါလား ရိုင်းလှချေလား .... ”

“ကျွန်မတို့က စရိုင်းတာမဟုတ်ပါဘူး ... ရှင်ဟာအဲ့ဟားနဲ့လည်း မပတ်သက်ဘူးဆိုပြီး အဆက်အသွယ်တွေကျတော့ ရှိနေတယ်ဆိုတော့ ဒါ ကျွန်မယောကျ်ား နဲ့ပဲ ပတ်သက်မှုတစ်ခုခုပဲ ဖြစ်ရတော့မှာပေါ့ ... ကျွန်မယောကျ်ားက ရှင်နဲ့မတွေ့.ခင်က ဒီလိုမှမဟုတ်ဘဲ ... ရှင် လောကီမကောင်း၊ သံသရာမကောင်း လုပ်ရပ်တွေကို မလုပ်ချင်ပါနဲ့ရှင် .... ကျွန်မ တောင်းပန်ပါတယ် ... သူများတကာ အိမ်ထောင်ရေးထဲမှာ ဝင်စွက်ပြီး ဝင့်လိုက်ခံရမှာမျိုးကို ရှင် ကြောက်ရွံ့.သင့်ပါတယ် ... ”

ထိုမိန်းမက စကားကို သူလက်ထဲက လက်ကိုင်အိတ်နှင့်လွှဲပြီး ရွယ်လိုက်လေရာ မာလာက ခပ်မြန်မြန်ကြားဝင်ပြီး သူလက်ကိုင်အိတ်ကို တွန်းဖယ်ပစ်လိုက်ရပါသည်...။ သို့သော် ထိုမိန်းမကလည်း တကယ်ရိုက်လိုက်ဖို့

စိတ်ကူးရှိဟန် မတူပါ။ စိတ်မထိန်းနိုင်ဘဲ ရွယ်ရုံသာ လွဲရွယ်လိုက်ခြင်းမျိုး ဖြစ်ပါသည်။ စကားမှာတော့ ထိုအဖြစ်အပျက်မှာ အတော်ကြီး တုန်လှုပ်ချောက်ချားသွားရသည်။ စကား တုန်လှုပ်သွားမိတာက သူ.လက်ကိုင်အိတ်နှင့် အရိုက်ခံရမှာကို ကြောက်သွားခြင်းမျိုး မဟုတ် ... ပျက်ယွင်းနာကျင်သွားဟန်တူသည့် သူ.မျက်နှာထားကြီးကိုသာ လန့်သွားမိခြင်းမျိုး ဖြစ်ပါသည်။

စကားတို့ရဲ. ရုန်းရင်းဆန်ခတ် အဖြစ်အပျက်ကြောင့် ခပ်လှမ်းလှမ်းရှိ သူတို့စားသောက်ဆိုင်ထဲမှ လူအချို့. ပြေးထွက်လာကြသည်။ "ခင်နွယ်ဦး ... ဘာဖြစ်တာလဲ ... စိတ်ထိန်းမှပေါ့ဟာ" ဘာညာနှင့် သူတို့လူ သူတို့ဆွဲသလိုလိုနှင့် စကားတို့ကို ဘုကြည့်, ကြည့်ကြလေသောအခါ စကားတို့မှာ အဲဒီနေရာမှာ ဆက်မနေရဲတော့ဘဲ စကားနှင့် မာလာနှစ်ယောက်သား ခပ်ကုပ်ကုပ်နှင့် နောက်ဆုတ်ပြန်ခဲ့ရပါတော့သည်။ ကားပေါ်ရောက်မှ စကားက ....

"ဟဲ့ ... မာလာ ... ငါပြောလိုက်တာ လွန်သွားလား" ကျင်ကျင် တစ်ခုကို ပြန်တွေးမိကာ စကားက မာလာ့ကို အဖော်ညို ထောက်ခံချက် တောင်းမိပါသည်။

"မသိဘူး .. လွန်သလိုလို .. မလွန်သလိုလို... ဒါပေမယ့် အဲဒီမိန်းမကလည်း လွယ်မှမလွယ်တာ ... တကယ်တမ်း နင့်ကိုကိုနဲ့ ဇာတ်လမ်းရှုပ်မလိုလို ဖြစ်နေကြပြီဆိုရင်တော့ အဲဒီလောက် ပြောထားနိုင်မှ တန်ကာကျ

မှာပေါ့ ... နို့မို့ဆို သူ့ပုံစံက ကြည့်ပါလား ... ငါ့ကို တောင် နေရင်းထိုင်ရင်း ဝင်ခွပ်ပြီး အသားလွတ် ဆော်ထည့်တာ ... ”

“အေးလေ ... မလွန်ပါဘူးနော်”

ထောက်ခံမည့်သူ ရှိလာသဖြင့် စကားက သူ မျက်နှာထား‌ကြီး‌ကို မြင်ယောင်နေမိခြင်း‌ကို ဇွတ်အတင်း ဖျောက်ထုတ်ကာ ကိုယ့်လုပ်ရပ်ကို ကိုယ်ကျေနပ်နိုင်အောင် သာ ကြိုးစားနေ၏။

“ထင်တာပဲ ... သူစကား‌တွေအရ နှင့်ယောက်ျား‌နဲ့ လုံးဝ မပတ်သက်ဘူး‌ဆိုတာတော့ မဖြစ်နိုင်ဘူး ... ပတ်သက်ရင်လည်း သူဘက်က ဒေါသဖြစ်စရာ တစ်ခုခုနဲ့ ပတ်သက်ထား‌ပုံရတယ် .... ပြီး‌တော့ အံ့ပွား‌နဲ့ လည်း ဘာမှပတ်သက်မှုမရှိပါဘူး‌လို့ သူပဲဖွင့်ပြောတာ ပဲဆိုတော့ ... သေချာလောက်ပါတယ်ဟာ .. ထား‌လိုက်တော့ .. စိတ်ရှုပ်မနေပါနဲ့တော့ ... ပြီး‌ပြီပဲဟာ ... ခုမှ ထပြင်ချင်နေလို့လည်း ရမှမရနိုင်တော့တာ ... စိတ်ရှုပ်နေရင် ... ကိုယ့်စိတ်ရှုပ်ရတာပဲ အဖတ်တင်နေမယ် ... အလာကား: .... ”

“ငါကလေ ... သူ့မျက်နှာ‌ကြီး ဖြစ်ပျက်စုတ်ပြတ်သွား‌တာမြင်တော့ ပြောလိုက်ပြီးမှ မိန်းကလေး‌ချင်း တစ်မျိုး‌ကြီး ပြန်ဖြစ်နေမိတာပါ ... သူ့မျက်နှာကလေ .... ငါကြုံဖူး‌တဲ့ ရိတ့်လို နောကျေနေတဲ့ မျက်နှာမျိုး‌တော့ မဟုတ်ဘူးဟ ... ရိတာဆိုရင်လေ ... နင် ... တစ်ချက်

မှမျက်နှာပျက်တာ မဟုတ်ဘူးနော် ... ခပ်တည်တည် ရိတိတိပဲ ... သူကကျတော့ ..."

"ကဲပါ ... ထားလိုက်ပါတော့်ဆို ..."

စကား အိမ်ပြန်ရောက်တော့ ကိုကို ပြန်မရောက်သေးပေမယ့် အဲပွားကတော့ ရောက်နှင့်နေပြီ။ သားကိုထားပစ်ခဲ့ပြီး တစ်ယောက်တည်း အပြင်ထွက်သွားသော စကားကို မကြုံစဖူးမို့ အဲပွားက ထူးဆန်းသလိုတော့ အကဲခတ်နေသည်။ သူ.အလုပ်မဟုတ်သဖြင့် ... "ဘယ်သွားတာလဲ" ဘာညာတော့မမေး ...။ သို့သော် သူများတကာကို အပြစ်တင်ဆရာလုပ်ရမှ ကျေနပ်တတ်သော သူ.အကျင့် သူဝသီအရှာနှိုက်ကို ပြောသလိုလိုနှင့် ....

"ကျွန်တော်ရော ... ကလေးအမေပါ မရှိတုန်း ကလေးက အရမ်းငိုနေတယ်ဆိုရင် ... ဟိုတစ်ခါ ကျွန်တော် ပြောထားသလို နည်းလမ်းတွေနဲ့ ကြိုးစားပြီး ချော့ကြည့်ရော့ပေါ့ အန်တီရယ် ... နို့မို့ဆို ကလေးက အရမ်းမောမှာပေါ့ ... သနားပါတယ် ... "

စကားက မျက်နှာထားတည်တည်နှင့် သူ.လက်ထဲက ကလေးကို ဆတ်ခနဲ သွားပြန်ယူလိုက်သည်။ စကား ဘာသာ ဘယ်သွားသွား၊ ဘယ်နှစ်နာရီကြာကြာ သူက အပြစ်တင်ချင်စရာလား။ ခုနက ကိုယ့်လုပ်ရပ်ကိုယ် "မှားပြီလား:"ဟုတွေဝေနေသော ဒေါသတွေ ပြန်ထွက်လာမိပြီ။ ဒီကိစ္စကို သူတို့တွေ အနှေးနဲ့အမြန်ဆိုသလို ပြန်သိကြမှာပဲ ... သိပစေ

နှစ်ယောက်တစ်ယောက် ဆတ်ဆတ်ကြဲကို ရင်ဆိုင်ပစ်လိုက်မယ် နား:လည်လား ...။ စကား:ရဲ့. စိတ်ဓာတ်တွေက ခုချိန်မှာ ဘာကိုမှ မမှုတော့ဘဲ သိပ်ကိုကြမ်း:တမ်း:နေပြီ။

"စကား:"

အင်း ... သိပ်တောင် မကြာလိုက်ဘူး:ပေါ့ .... နောက်တစ်ရက်လောက်အကြာ ညနေခင်း: သူတို့နှစ်ယောက်လုံး: တစ်ပြိုင်နက် တူတူပင် ရုံး:က ပြန်လာကြချိန်မှာ ကိုကို့ရဲ့. မကျေနပ် အော်သံကျယ်ကြီး:ကို စကား:ရင်ဆိုင်လိုက်ရပြီ ....။ အဲဒီကိစ္စပဲ ဖြစ်မှာပေါ့ အဆက်အသွယ်တွေကလည်း: ရှိပါ့ ... မြန်ပါ့ ...။

"စကား:"

"လာပြီ ... စွတ်အော်မနေနဲ့ ... ကလေး:လန့်မယ် ... ခုတင်ကမှ အိပ်သွား:တာ"

သူက မာမာဆိုတော့ ကိုယ်ကလည်: ထန်ထန်ပဲပေါ့။ ဒီပြဿနာကြီး:တွေနဲ့ ဒီအိမ်ထောင်ရေးဟာ ဘယ်တော့မှ ငြိမ်း:ချမ်း:နိုင်ကြတော့မှာမှ မဟုတ်တာ။ ဟိုး:အရင်ကလို ကိုယ့်ထက်အသက်ကြီး:၊ အသိဉာဏ်ကြီး:သည့် အိမ်ဦး:နတ်မို့ တလေး:တစား:နှင့် လက်အောက်ငယ်သား:လေး:ကို ရိုကျိုး:ရိုသေ

ခဲ့တာတွေလည်း ခုချိန်မှာ လုံးဝမလုပ်ချင်တော့ပြီ။ ဒီတော့ “လာပါပြီ ကိုကို” တွေ ဘာတွေ မမျှော်လင့်နဲ့။ “လာပြီ” ပဲ ... ။

“စကား ... လာစမ်း ... လာစမ်း ... မင်းရှူးနေသလား။ မင်း ...”

“ ဟုတ်တယ် .... ရှူးနေတယ် ...”

“ဘာ ....”

“ဟုတ်တယ်လေ ... ရှူးနေသလား ဆိုကတည်းက “ရှူးတယ်” လို့ စွပ်စွဲချင်လို့ ပြောနေတာမဟုတ်လား ... အဲဒီတော့ ရှူးနေတယ်လို့ ဝန်ခံထားလိုက်တော့ ကိစ္စက မပြတ်သွားဘူးလား”

“နေပါဦး ... မင်းက ဘာဖြစ်နေရတာလဲ ... ထော်လော်ကန့်လန့် ... မာရေကျောရေနဲ့ပါလား ....”

“ဒါကတော့ ရှင်က စတာပဲ ... ဘာကိစ္စ အိမ်ပေါ်ကို အော်ဟစ်ပြီး တက်လာရတာလဲ ... ရုံးက ပြန်လာတာပဲ အေးအေးသက်သာ ပြန်ပြုလာပြီး ... ပြီးမှပြောစရာရှိတာကို ပြောပါလား ... ရှင်ကစပြီး အော်လာတဲ့ နောက်မှတော့ တူသောအကျိုးပေးကိုပဲ ရမှာပေါ့ ... ကိုယ်ကတော့ အော်မယ် ... ကိုယ့်အလှည့်ကျတော့ ပျော့ပျော့လေးကိုပဲ ပြန်မျှော်လင့်ချင်တယ် ဆိုလို့ကတော့ ရပါ့မလား ....”

ကိုကို့မျက်နှာက ထူးဆန်းသွားရသလိုပုံမျိုးနှင့် စကားကို အကြားကြီးပဲ စိုက်ကြည့်နေသည်။ စကားထဲမှ

ချိုသာပျူငှာခြင်း၊ အဆင်ပြေလိုက်လျောခြင်း၊ ရိုသေလေးစားခြင်းတွေကို ဒီတစ်သက် လွယ်လွယ်နှင့်တော့ ပြန်မရနိုင်တော့ဘူးဟု သူစိတ်မကောင်းစွာ သဘောလည်း ပေါက်လိုက်နိုင်ပုံနှင့် .... စကားနှင့်သူတို့ရဲ (ကလေးတစ်ယောက်နဲ့) ရှေ့. ဆက်ရမည့် အိမ်ထောင်ရေးခရီးအတွက်လည်း ရင်လေးပင့်သက်မောသွားဟန် တူပါသည်။

သို့သော် သူ.ရဲ့. အတ္တအရ သူသယ်ဆောင်လာခဲ့သော ဒေသအကြောင်အရာကို ခုတစ်ခါတည်း မဖော်ထုတ်မပေါက်ကွဲလိုက်ရလျှင် သူပဲ နောက်ကောက်ကျ တပ်ဆုတ်သွားရတော့မည်ဟု အချိန်မီပြန်လည်သဘောပေါက်လိုက်သော အခါ ... ခဏတာ စိတ်မကောင်း လက်မကောင်း ဖြစ်သွားသည့် သူ.ရုပ်က ချက်ချင်းပြန်လည် တင်းမာလာကာ ...

"မင်းကိုယ်မင်း အရှုံးလို့ ပါးစပ်က တစ်ခွန်းလောက် ဝန်ခံလိုက်ရုံနဲ့ ကိုယ်လုပ်ချင်တာတွေကို လျှောက်လုပ်လို့မရဘူးစကား ... လူဆိုတာ လူပတ်ဝန်းကျင်ရှိတယ် ... လူမှုရေးဆိုတာရှိတယ် ... လူလူချင်း လေးစားအားနာသမှုဆိုတာ ရှိရတယ် ... "

ရှည်လျားလိုက်တာ ... "မင်း ခင်နွယ်ဦးကို လာစော်ကားသွားတယ်လို့ ခင်နွယ်ဦးက ငါ့ကို ပြန်တိုင်တယ်" ဒါပဲမဟုတ်လား အဓိက,က။ အဓိကကိုတော့ဖြင့် တန်းပြီး မပြောလိုက်ဘဲနဲ့ သူအပြစ်မပေါ်ဘဲ စကားချည်း အပြစ်ရှိအောင် "လူနဲ့လူပတ်ဝန်းကျင်"ကစပြီး သွယ်ဝိုက်နေလိုက်တာ။ ပြောလိုက်ပါလား ခပ်ရှင်းရှင်း။

“မင်း .... တစ်နေ့က ဘယ်သွားပြီး ဘာလုပ်ခဲ့သလဲ စကား ... ”

“မာလာ့ကိုခေါ်ပြီး Coloured World ကိုသွားတယ်လေ၊ အဲဒါ ဘာဖြစ်လဲ”

“ဘာ ... မာလာပါပါတယ် ... ”

“ဟုတ်တယ် ... သူပဲ ကိုယ့်ကို အဖော်လုပ်ပေးနိုင်မယ့် လူရှိတာ .... ”

“ဒါ ... ဒါဆို ... ငါ့ကို မင်းက မင်းသူငယ်ချင်းရှေ့မှာပါ သိက္ခာကျအောင် လုပ်လိုက်တာပေါ့ ... ဟုတ်လား ... ဒီလိုပေါက်တက်ကရ မဟုတ်မဟတ်ကိစ္စမျိုးကို မင်းမို့လို့ လူတကာကို လျှောက်အသိပေးပြီး တိုင်းသိပြည်သိဖြစ်အောင် လုပ်ရက်တယ်ကွာ .... မင်း ... တောက် ... ”

“လူတကာကို စကားလျှောက်မပြောပါဘူး ... မာလာ့တစ်ယောက်တည်းပဲပြောတာ ... ဘာမှတိုင်းသိပြည်သိ မဖြစ်ဘူး ... ”

“အဲဒီမာလာဆိုတာကရော ဘယ်လောက်များ လုံခြုံလို့လဲ ... ”

“ဒီမှာကိုကို ... ကိုကို့မှာ လူယုံရှိသလို .. စကားမှာလည်း လူယုံဆိုတာ ရှိရမှာပဲ ... မယုံနဲ့လို တားဆီးချင်လို့ ဘယ်ဖြစ်မလဲ ... ကိုကို့လူယုံကို အစစအရာရာ အူသိမ်အူမချေးခါးပါမကျန် ကိုကို အသိပေးသလို တိုင်ပင်အားကိုးသလို .... စကားလည်း စကားလူယုံ

ကို ကြိုက်သလို အားကိုးတိုင်ပင်မယ် ... အဲဒါကို .... ကိုကို့လူယုံမှ ယုံရတယ် စကားလူယုံကတော့ မယုံရဘူးရယ်လို့ လာမဝေဖန်ပါနဲ့ ... လုံးဝ တရားမှာမဟုတ်ဘူး"

"စကား ... မင်းရဲ့ စကားလုံးတိုင်းက ရန်လိုနေတယ်နော် ..."

"ဒီအခြေအနေမျိုးမှာ ဒို့ပြင် မိန်းမတွေဆို ဒို့ထက်ဆိုးမယ်ချည်းမှတ် ..."

ကိုကိုက သူ့ရှေ့က စားပွဲကို လက်ဝါးနှင့် ဖြန်းခနဲ ရိုက်ထည့်လိုက်သည်။

"အဲဒါကိုပဲပြောတာ ... အဲဒါကိုပဲ ပြောနေတာ .... မင်းမှာ ဘာအခြေအနေနဲ့မှ မင်းရင်ဆိုင်မနေရဘူး ... လင်ယောကျ်ား တစ်ယောက်ရဲ့ သိက္ခာကိုလည်း မထောက် ... တခြားဘယ်သူ့သိက္ခာကိုမှလည်း မင်း မထောက် ... အေးအေးနေနေရလို့မှ ကိုယ့်ရဲ့ အေးအေးချမ်းချမ်းဘဝကို တန်ဖိုးမထားတတ်တဲ့မိန်းမ ... စိတ်ကူးထဲပေါ်တိုင်း ထင်ရာချည်း လျှောက်, လျှောက်လုပ်တတ်တဲ့အရူးမ ... မင်းအခု လုပ်ချလိုက်တာ ... ငါ့တစ်ယောက်တည်းကိုတင် မကဘူး ... တစ်ဘက်သားမိန်းကလေးတစ်ဦးရဲ့ ဘဝကိုရော ... မင်းဘယ်တုန်းကမှ အမြင်မကြည်လင်ခဲ့တဲ့ အံ့ပွားရဲ့ ဘဝကိုပါ ကောင်းကောင်းကြီးထိခိုက်နစ်နာသွားစေတာကွ ... "

"ကျွတ် ... ကျွတ် ... ကျွတ် ..."

"စကား ... မင်း မရွဲ.နဲ့နော် .. ငါ့ကို စိတ်တိုလာအောင် မလုပ်နဲ့ ... "

"သြော်... ကိုကိုဟာက ခုလောလောဆယ်ဆယ်ကတော့ စိတ်မတိုသေးဘူးပေါ့ ..,. သြော် ... သြော် .. သြော်"

"တော်ပြီ ... မင်းလို ရွဲ.ဖို့စောင်းဖို့ကလွဲပြီး ဘယ်တော့မှ အမြင်မှန်ရှိမှာ မဟုတ်တဲ့ မိန်းမတစ်ယောက်ကို အေးအေးဆေးဆေး ရှင်းပြနေလို့လည်း အပိုပဲ ... ခုငါလိုရင်းကိုပဲ ပြောမယ် ... မင်းလုပ်လိုက်တဲ့ ကိစ္စတစ်ခုကြောင့် ... စတင်တည်ဆောက်ခါနီးဆဲဆဲ သူဘဝတစ်ခုလုံး ဝုန်းခနဲ ပြိုကျသွားရတဲ့အတွက် အံ့မှားက သူကို ဘယ်တော့မှ မင်းဘက်က အမြင်ကြည်လာမှာ မဟုတ်တဲ့အတူတူ တော့ မင်းရှိနေသရွေ့. သူဒီအိမ်မှာ ဆက်နေလို့ မရနိုင်တော့ပါဘူးတဲ့ ... "

"သြော် ... အဲဒါကြောင့် ကျွန်မကပဲ ဒီအိမ်ပေါ်က ဆင်းသွားပေးရဦးမလား ... "

"မဆိုင်တာတွေ မပြောနဲ့. ... မင်းအနေနဲ့ လုပ်သင့်တာက အံ့မှားကို သွားပြီးတောင်းပန်ပါ ... ဒီအိမ်မှာပဲဆက်နေဖို့ပြောပါ ... "

"ဘာ ... ကျွန်မက သူကိုတောင်းပန်ရမယ် .... ရှင် ... ရှင် ဒီလိုပဲ ပြောသလား ... "

"ပြောတယ်လေ ... ဒါမင်းအတွက် ဘာဆန်းလို့လဲ ... မင်းလိုဘတစ်ခုရှိတုန်းကလည်း မင်းသူ့အိမ်ထိလိုက်ချသွားပြီး သူကိုတောင်းပန်ပြီး ခေါ်ယူခဲ့တာပဲ ...

ဒါပေမယ့် အဲဒါ သူပြန်ပြောတယ် မထင်နဲ့ ... ငါ သူ အမေနဲ့ စကားစပ်မိရင်း မတော်တဆ သိခွင့်ရလိုက်တာ ..."

စကားက နှုတ်ခမ်းကို တင်းတင်းစေ့ကာ မလှုပ်မယှက် ငြိမ်ငြိမ်ကြီးနှင့် ကိုယ့်ယောကျ်ားကိုယ် စိုက်ကြည့်နေမိပါသည်။ ကိုယ့်ဘာသာ ကိုယ့်လိုဘကြောင့်ပဲဖြစ်ဖြစ် ... ဘာပဲဖြစ်ဖြစ် ... ဘာပဲလုပ်ခဲ့လုပ်ခဲ့ ... သူက "တောင်းပန်စမ်း" ဆိုလို့တော့ ဘယ်တော့မှ မတောင်းပန်ဘူး ... ။ အဲဒီအတွက်လည်း ဘာဖြစ်ဖြစ် ... မှကိုမမှုဘူး ... ။

"မင်းအတွက်တောင် မင်းသူ့အိမ်ထိ လိုက်သွားနိုင်သေးတာ .. ခု ငါ့အတွက် .. ငါတို့သားလေးအတွက် မင်း မလုပ်နိုင်ဘူးလား ... သူကိုရအောင် တားနိုင်ဖို့ လေးတစ်ခုတည်းကိုတောင် မင်းလုပ်မပေးနိုင်တော့ဘူးလား ... "

"အဲဒီတုန်းက ကျွန်မအတွက် လုပ်ခဲ့တာ မဟုတ်ဘူး၊ ရှင့်ကို ပြန်အဖတ်ဆည်ယူဖို့အတွက် ... ရှင့်အတွက် ကျွန်မ သွားခဲ့တာ ... "

"ပြောပြန်ပြီ မင်း ပေါက်ကရ ... "

"မဟုတ်လို့လား ... ခုလည်းပဲ ... ခင်နွယ်ဦးကိစ္စကိုတော့ မှိန်ဖျော်ထားလိုက်ပြီး ဘာကြောင့်မှန်းမသိထကြွလာတဲ့ ရှင့်လူယုံကိုပဲ ကျွန်မက တောင်းပန်ရဦးမယ်ဆိုတော့ ... ကျွန်မဘက်က နစ်နာလှချေလား ဦးမင်းရန်ပြေရဲ့ ... ဟင် ...

"ဘာကြောင့်မှန်းမသိ ဆိုတာကိုပဲ ငါက ဦးတည်ပြီး ပြောတော့မယ် ... ဘာကြောင့်လဲဆိုတော့ သူနဲ့စေ့စပ်တော့မယ် ... လက်ထပ်တော့မယ် .. အစစအရာရာ ညှိနှိုင်းနေကြပြီဖြစ်တဲ့ မိန်းကလေးကို မင်းက ဘုမသိဘမသိနဲ့ ငါနဲ့အတင်းပေးစားပြီး သွားစော်ကားခဲ့လိုပဲ ရှင်းပြီလား ... အခု ဟိုမိန်းကလေးက သူကြောင့် ခုလိုစော်ကားခံရတဲ့အတွက် သူကို လုံးဝလက်မထပ်နိုင်တော့ပါဘူးလို့ အပြတ်ငြင်းပစ်လိုက်ပြီကွ ..."

စကားမှာ ကြားလိုက်ရသော သတင်းအတွက် 'ဟင်' ခနဲ နေအောင်ပင် အံ့သြသွားမိအောင်ငြား ...သံသယစိတ်တွေနှင့် ချိုးတက်နေခဲ့ပြီဖြစ်သော ညစ်နွမ်းနွမ်း ဦးနှောက်တစ်ခုက "ချက်ချင်းမယုံပစ်လိုက်နဲ့လေ" ဟု သတိပေးလိုက်ပြန်ရာ ... ကိုကိုပြောသလို စကားရဲ့ ရွဲ့.တတ်စောင်းတတ်သော ဝသီအရ "ယုံတမ်းစကားပဲ" ဟုသာ ခပ်တိုးတိုးရေရွတ်လိုက်မိပါသည်။

စကားရဲ့ ရေရွတ်သံကြောင့် စကားကို ထလာပြီး ရိုက်ချပစ်လိုက်ချင်စိတ်မျိုးကို အတန်တန်၊ အနိုင်နိုင် ထိန်းချုပ်လိုက်ရဟန်ရှိသော ကိုကိုက ... "တကျိကျိ" မြည်တက်လာသော အံသွားကြိတ်သံများနှင့်အတူ ...

"မင်းကိုငါသိပြီစကား ... မင်းဟာ အံ့ပွားအပေါ်မှာ ဘယ်တုန်းကမှ မကောင်းခဲ့ဖူးတဲ့ သာဓကတွေအရ ... ဒီအခုဖြစ်တဲ့ ပြဿနာ သဘောရိုးနဲ့ကို မဖြစ်နိုင်ဘူး ... ငါ့ကိုလည်း ထိခိုက်စေ ... ငါ့နဲ့မည်လည်း

လုံးဝသုံးမရစေ ... အံ့ဖွားရဲ့ဘဝလည်း ပြိုကွဲပျက်စီးစေ ... မင်းဟာက တစ်ချက်တည်းပဲ ခုတ်ချလိုက်ပေမယ့် အချက်ပေါင်းများစွာ ပြတ်ပါပေတယ် ... တော်ပါပေတယ် ဒေါ်စကားဝါ ... မင်းလို ဟိုလိုက်ချောင်း၊ ဒီလိုက်စုံစမ်းနဲ့ အငြိမ်မနေနိုင်တဲ့ မိန်းမတစ်ယောက်ဟာ ခင်နွယ်ဦးကို အံ့ဖွားရဲ့ မိန်းကလေးမှန်း မသိပါဘူးဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး ... သိရက်နဲ့ ... သိသိကြီးနဲ့ကို မင်း ကြည့်မရတဲ့ဘဝတွေ ပျက်ကုန်ကြပါစေလို့ မင်းရည်ရွယ်တာ ...

အတော်ရက်စက်တဲ့ မိန်းမကွာ ... မင်း ... ကိုယ့်ဆန္ဒ ကိုယ့်လိုဘပြည့်ဖို့ မိန်းကလေးတစ်ယောက်ကိုပါ ထည့်သွင်းအရှက်ခွဲရတယ်လို့ပဲ ... မင်းလောက်လုပ်ရဲတဲ့ အကြံကြီးတဲ့ မိန်းမမျိုး ငါ့တစ်သက် ဘယ်တော့မှ ထပ်တွေ့ဖူးတော့မယ်လည်း မထင်ပါဘူး ..."

စကားမှာ ထူးပြီး ဒေါသတွေ ထပ်ထွက်မနေနိုင်တော့ပါ ... ။ ဒီယောကျ်ားအကြောင်း စကားက အတော်ကို နောကျေနေခဲ့ပြီပဲ ... ။ သူဟာ ပြဿနာတစ်ခုရယ်လို့ ဖြစ်လာခဲ့ရင် အဲဒီအချိန်ပိုင်းကလေးအတွင်းမှာ သူထင်ရာ၊ မြင်ရာ၊ သူနိုင်မည်ထင်သော အရာများကို (ကိုယ့်စကားကို ကိုယ်ယုံကြည်တာ မယုံကြည်တာ အပထား) တစ်ဘက်လူကိုလည်း ငဲ့ရကောင်းမှန်းမသိ ... လွှတ်ပြီး ဇွတ်အတင်းကြီးပြောချပစ်တတ်သူ တစ်ယောက်တည်း ။

ဒီလိုယောကျ်ားမျိုးကို (ကံဆိုးခြင်းကြီးစွာနှင့်)

လက်ထပ်ပေါင်းသင်းထားမိပါပြီ ဆိုတဲ့နောက်တော့ ... သူ တစ်ခါပြောတိုင်းသာ ဒေါသဒီကရီကို တစ်ခါထပ်,ထပ်ပြီး မြှင့်ရမည်ဆိုလျှင် စကားမှာ လူတစ်ကိုယ်လုံး ဒေါသအလုံး ကြီးပဲ ဖြစ်နေရတော့ကာ နောက်ဆုံးတစ်ချိန်မှာ 'ဖောင်း' ခနဲ အသံမြည်အောင်တောင် ပေါက်ကွဲထွက်သွားနိုင်လောက်မည်။

ဒီတော့ ဒီလိုယောကျ်ားမျိုးကို အည့ံမခံ၊ အရှုံး မပေးလိုလျှင် ကိုယ့်စိတ်ကို ကိုယ်ထားတတ်မှ ...။ သူအလုပ် သမားကိုထိုက မချိအောင်နာပြသော၊ သူ့အလုပ်သမား ဝမ်းသာကျေနပ်ရအောင် ကိုယ့်မိန်းမရဲ့ သိက္ခာနဲ့ မာနကိုတော့ ခြေနင်းဖတ်ထဲထိ ကျစေပြီး ဦးညွှတ်တောင်းပန်ခိုင်းသော၊ သူ့အလုပ်သမားနှင့် ပတ်သက်လာလျှင် ကိုယ်ချစ်လို့ ကြိုက်လို့ယူထားသည့် မိန်းမအပေါ်မှာတောင် 'စိတ်ပုပ်၊ ယုတ်မာ၊ ကောက်ကျစ်သူ' တစ်ယောက်အဖြစ် ချက်ချင်းသတ်မှတ်ပစ် လိုက်သော ဤယောကျ်ားတစ်ယောက်နှင့် ထိုက်တန်သင့် လျော်သည်မှာ .. သူအလွန်အထိနာတတ်သော မထီလေးစား အရွဲ့.ပြန်တိုက်ခြင်းနှင့် ... သူလိုပဲ ... (ဟုတ်ဟုတ်မဟုတ် ဟုတ် ... မှန်မမှန် အရေးမကြီး) ကိုယ်ထင်ရာမြင်ရာများကို အမြန်ဆုံး ပြန်လည်စွပ်စွဲကာ အခံရခက်စေခြင်းတို့ပဲရှိသည်။ သို့သော် ခုတစ်ခါ စကားပြောမည့် အကြောင်းအရာတို့က တော့ သူလိုမဟုတ်ပါ။ ကိုယ်တကယ်ယုံကြည်သော၊ အမှန် တရားဟု သေချာသော အရာများကိုသာ တင်ပြလိုခြင်း ဖြစ် ပါသည်။

"သူအပေါ် ကျွန်မက မကောင်းဘူးလို့ စွပ်စွဲချင်ရင်

သူကရော ဘယ်အခါတုန်းကများ ကျွန်မအပေါ်ကောင်းခဲ့ဖူးသလဲ ... ဒီလူတစ်ယောက်နဲ့ အိမ်ထောင်ရယ်လို့ စကျရပြီးကတည်းက ပုံမှန်မျက်နှာထားနဲ့ မဟုတ်တဲ့ လူကျောက်ရုပ်တစ်ရုပ်ကို ကျွန်မစပြီး ရင်ဆိုင်လိုက်ရတာ ရှင်ကတော့ ကာယကံရှင်မှ မဟုတ်ဘဲ ... ဘယ်လိုလုပ် ကိုယ်ချင်းစာနိုင်ခဲ့ပါ့မလဲ ... သူမျက်နှာထား၊ နောက်ကွယ်မှာ တစ်ခုခုရှိကိုရှိတယ် ... သူအပြုအမူ ဆက်ဆံမှုတွေရဲ့နောက်မှာ တစ်ခုခုကို မရမက ဖုံးဖိပြီး ထားကိုထားတယ် ...

မရှိဘူးလို့ မငြင်းနဲ့ ... မရဘူး ... ကျွန်မ အဲဒီလောက်တော့ မအ,သေးဘူး ... ဦးနှောက်လည်းမချို့.ယွင်းဘူး ... ဒီမှာ ဦးမင်းရန်ပြေ ... ရှင်သိထားဖို့က အဲဒီ တစ်ခုခုဆိုတာ ဘာလဲ သိရဲ့လား ... 'ရန်လိုမှု' ရှင့် ... 'ရန်လိုမှု' ရှင့် ... 'ရန်လိုမှု' "

"မင်း ... လုံးဝမှားနေပြီ စကား"

"မမှားဘူး ... ရှင်တို့ရဲ့ ယောကျ်ားချင်းတန်မဲ့ တစ်ယောက်နဲ့တစ်ယောက် သည်းသည်းလှုပ် ချစ်ခင်သံယောဇဉ်ကြီး လေးစားတန်ဖိုးထားနေကြတဲ့ နှစ်ယောက်တစ်ဘဝ ကမ္ဘာကျဉ်းကျဉ်းလေးထဲကို ကျွန်မက ဇွတ်ဝင်လိုက်တဲ့အခါမှာ သူနေရာပျောက်သွားမှာ ... ရှင့်ကို လက်လွှတ်လိုက်ရမှာ သူသိပ်စိုးတယ် ... ကျွန်မအပေါ် ရများရရင် သတ်ပစ်ချင်လောက်တဲ့အထိ သူရန်လိုအငြိုးထားတယ် ... ဒါပေမယ့် သူမျက်နှာပေါ်မှာ မျက်နှာ

ဖုံးတစ်ခုကို သူစွပ်ချပစ်လိုက်တယ် ...

ပထမ ... အယုအယ ကြိုက်တဲ့ ရှင့်ကို ပြောစရာ တစ်ကွက်မကျန်အောင် ပျာပျာသလဲ အရေးတယူရှိပြီး ကျွန်မကို ဘေးရောက်အောင် သူလုပ်တယ် ... ပြဿနာတွေ လိုမ့်တက်လာတော့ အဲဒီနည်းထက် ... ရှောင်ဖယ်ဖယ်နဲ့ ရှင်မနေနိုင် မထိုင်နိုင် ဖြစ်လာအောင် ကြိုးစားတယ် ... မအောင်မြင်ပြန်ဘူး ... အဲဒီမှာ နောက်ဆုံးနည်းကို သူထုတ်သုံးလိုက်တာပဲ ...

ကျွန်မကို စိတ်ပုပ်ယုတ်မာတယ်လို့ ရှင်စွပ်စွဲချင်ရင် ရှင့်လူရဲ့. ယုတ်မာမှု ကမ်းကုန်ပုံကိုလည်း ရှင်သဘောပေါက်အောင် ကြိုးစားကြည့်ဖို့ သင့်ပါတယ်၊ သူ့ရဲ့.နောက်ဆုံးနည်းတော့ သူကိုယ်တိုင် မစွမ်းဆောင်နိုင်တော့မယ့်တူတူ ... ကျွန်မ အကြီးအကျယ် နောက်ကောက်ကျ လိုမ့်ပိမ့်ထွက်ပြေးသွားရအောင် ... စိတ်ပျော့တဲ့ ... လက်သာရာ အချော့ကြိုက်တဲ့ ရှင့်ကို မိန်းမ' တွေနဲ့ သူမြူဆွယ်တော့တာပဲ ... "

ကိုကို့မျက်နှာမှာ ဒေါသတွေ တဖြည်းဖြည်း ကင်းစင်လာတော့ကာ ... ဆိုဖာဆက်တီထက် မှီလျောင်းပြီး သက်တောင့်သက်သာစွာ နေရာယူလိုက်ပြီးလျှင် စကားရဲ့. နာကြည်းချက်တွေနှင့် ပြည့်နှက်နေသော ရင်တွင်းဖွင့်ဟချက်တို့ကို စိတ်ပါဝင်စားစွာ ... ပြီးတော့ စိတ်ထိခိုက်ယူကျုံးမရစွာ ... တိတ်တိတ်ကလေး နားထောင်ပေးနေတော့သည်။

တစ်ခွန်းမခံ ... ချက်ချင်း တုံ့ပြန်တတ်သော

ဒီယောကျ်ားတစ်ယောက် ငြိမ်ပြီးလက်သင့်ခံစွာ နားဆင်နေပုံ
မှာ ... စကားအဖို့ အားပဲတက်ရတော့မလိုလို ... ပိုမိုကြီး
မားသော မုန်တိုင်းတစ်ခု ထပ်မကျခင် လေပြေသွေးနေတာ
မျိုးများလားဟု ... ထပ်ပြီးပဲ အသင့်ပြင်ရတော့မလိုလို ...။
အို ... စကားကိုယ်စကားလည်း အင်မတန်မှကို စက်ဆုပ်ရွံ
ရှာလာမိပါပြီ။ စကားဟာ ပတ်ဝန်းကျင်ရဲ့. ပြုပြင်ပြောင်းလဲ
ပေးမှုအရ အရာရာကို သံသယမျက်ဝန်းနှင့်သာ ကြည့်တတ်
တော့သော သံသယကမ္ဘာထဲက စိတ္တဇဝေဒနာသည်တစ်
ယောက် ဖြစ်မှန်းမသိ ဖြစ်နေပါပြီ။

“ရိတာ့ကိစ္စဟာ သူလက်ချက် လုံးဝမကင်းဘူး ....
ဒါပေမယ့် သူနံမည်ကောင်း အပြည့်ရလိုက်တယ် ...
ကျွန်မတောင်မှ ပထမတစ်ချက်လောက် သံသယဝင်
မိပြီးမှ သူရဲ့.ရိုက်ချက်ထဲမှာ အားလုံးအတိုင်းပဲကိုခန`
ပြန်မိပြီး သူအပေါ် ကျေးဇူးရှင်ကြီးလုံးလုံးဖြစ်ရသေး
တာပဲ... နံမည်တော့ကောင်းသွားတယ်.... အကြံ
တော့မအောင်သေးတဲ့အခါ ခင်နွယ်ဦးဆိုတဲ့ နောက်
တစ်ယောက် ကောက်ကနဲ ပေါ်လာတော့တာပဲ...

ရှင့်ကို ကျွန်မ‘နာ’ပေမယ့် ချီးတော့ချီးကျူးပေး
ပါတယ် ဦးမင်းရန်ပြေ ... ရှင်ဟာ ယောကျ်ားဆိုတဲ့
‘မ’ နဲ့ပြပြီးဆွယ်ရင် ‘ကျ’ တတ်ကြသူတွေချည်းထဲမှာ
အားလုံးထက်ပိုပြီးစိတ်ဓါတ်ခိုင်မာပါတယ်... ရှင့်ရဲ့
အားနည်းချက်ဖြစ်တဲ့ အယုအယ အချော့အမြူနဲ့
အလိုက်တသိ လုပ်ကိုင်ပေးတာမျိုးကို ကြိုက်တတ်လွန်း

တဲ့အချက်ကိုသာ ဖယ်ပစ်လိုက်ရင် ရှင့်လူဟာ ရှင့်ကိုသူစိမ်းမိန်းမတွေနဲ့ ဘယ်လိုမှမြူနိုင်မှာ မဟုတ်ပါဘူး ... ကျွန်မယုံကြည်ပါတယ်...

ဒါပေမဲ့ သူကလည်း အဲဒီအားနည်းချက်ကိုပဲ တသမတ်ဆုပ်ကိုင်ကြိုးကိုင်ဖို့ ကြိုးစားခဲ့တာပါ... ဒါပေမဲ့ဒုတိယ တစ်ချီမှာလည်း ကျွန်မက လက်ဦးမှုရနိုင်ပြန်ရော... ကဲ ... ဘယ်မှာလဲ သူနေရာ... သူလုပ်သမျှလည်းပေါ်ပြီ ... ကျွန်မလိုမိန်းမ တစ်ယောက်ကိုလည်းသူဘယ်လိုမှဆက်မယှဉ်နိုင်တော့ပါဘူးဆိုတာကိုသူသဘောပေါက်လိုက်တဲ့အခါမှာ ... သူ့အပေါ်မှာဆိုအသည်းနှလုံးသားဖြစ်တဲ့ရှင့်အတွက် မျက်ရည်တောက်တောက်ယိုစေမဲ့ ဇာတ်လမ်းတစ်ခုကို သူဖန်တီးလိုက်တော့တာပေါ့ ...

ဒါသူရဲ. နောက်ဆုံးတကာ့ နောက်ဆုံးနည်းဖြစ်ကောင်း ဖြစ်ပါလိမ့်မယ် ... ဒါပေမယ့် ကျွန်မအတွက်ကတော့ မဆန်းတော့တဲ့နည်းဟောင်းကြီးလို့ပဲမြင်တယ် ... သူသုံးပြီးသားနည်းပါ ... သူ မရှိရင်မဖြစ်တော့တဲ့ ရှင့်အတွက် ကျွန်မကိုယ်တိုင် ဒုတိယအကြိမ် လိုက်ဒူးထောက်ရအောင် သူကြံလိုက်ပြန်တဲ့နည်းပဲပေါ့ ... ”

စကားတွေအများကြီးပြောပြီး သောက မောဟတွေနဲ့ဟောဟဲလိုက်ကာ မောဟိုက်နေသော စကားကိုကိုကို အကြည့်တစ်မျိုးနှင့်ငေးကြည့်နေမိသည်။ ထိုအကြည့်

ကို စကား:က “ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို ကြည့်တတ်လေ့ရှိသည့် အကြည့်မျို: ” ဟု သရုပ်ခွဲချင်သည်။ “မင်: ဘာတွေဖြစ်နေသလဲဆိုတာ ငါ့ပညာနဲ့ငါ အကုန်မြင်နိုင်ပြီ:ပြီ ... မင်:ရဲ. ကြီ:မာ:ခိုင်မာနေတဲ့ ရောဂါ အဆောက်အဦကြီ:ကိုလည်: ငါရှာတွေ့.လိုက်ပြီ ... ကုစာ:နိုင် မကုစာ:နိုင် ဆိုတာကတော့ ဆရာဝန်ရဲ. ပညာပိုင်:သာမက ... လူနာရဲ. စိတ်ဓာတ်ပေါ်မှာပါ မူတည်တယ် ... ဘာပဲဖြစ်ဖြစ် မင်:ကို ငါသိပ်တော့ သနာ:မိနေပါတယ် ... ” ဆိုတဲ့ အကြည့်မျို: ... ။

အကြင်နာပါသော်လည်း၊ စေတနာမေတ္တာတွေပါနေသော်လည်: ထိုအကြည့်ကို စကား:မခံနိုင်ပါ။ ဒေါသခြင်:သာပြိုင်ဖြစ်လိုက်လိုသည်။ ရောဂါသည်တစ်ဦ:ကို အကြင်နာကြီ:ပြနေသလို အကြည့်ကနေရင်းထိုင်ရင်း “ငါမျာ: မှာ:ပြီလာ:၊ မှာ:သွာ:ပြီလာ: ” ဟု ဒွိဟစိတ်တွေကို ဖြစ်ပေါ်စေပါသည်။

“ဒီမှာ ကိုကို ... ရှင့်လူအကြောင်: ပြောပြီ:ရင် ရှင့်အကြောင်:လည်: ကျွန်မက ဆက်ပြောရဦ:မယ် ...”

“စကား: .... မမောသေ:ဘူ:လာ: ... ကိုကို မင်:ကို ဘယ်လိုဖြေရှင်:ကိုင်တွယ်ရမလဲဆိုတာ လုံ:ဝသိသွာ:ပြီ ... ကိုကို ဆုံ:ဖြတ်လိုက်ပြီ ... စကား:အတွက် အကောင်:ဆုံ: အဖြေကို ရစေရမယ် ... ”

“မလိုဘူ: ... ကျွန်မ ပြောချင်တာကိုတော့ အပြီ:ထိအောင် ဆက်ပြောရမှ ... ”

"ကဲ ... ဒါဖြင့်လည်း ပြောကွာ ... ပြော ... ဘာမှချန်မထားနဲ့တော့ ... စိတ်ထဲရှိတာ အကုန်သာပြောချပစ်လိုက်တော့ ... မင်းနဲ့ကိုယ် ချစ်သူဘဝမှာ အတော်ကြီးသက်တမ်းကြာခဲ့ပြီးမှ အိမ်ထောင်သည်ဘဝကို ကူးခဲ့ကြတာပါ စကား ... တစ်ယောက်နဲ့တစ်ယောက် တအုံနွေးနွေးနဲ့ ဝမ်းနည်းစိတ်ပျက်လွန်းလှပါပြီ ..."

အိုး ... ကိုကိုရယ် ... စကားစိတ်တွေ ပျော့ညံ့ချိနဲ့ကုန်ရမယ့် တိုက်ကွက်မျိုးကိုတော့ ထုတ်သုံးမလာပါနဲ့နော် ...။ စကားဟာ မနည်းကြီး မောင်းတင်တင်မာထားရသော စိတ်ဓါတ်ပျော့ညံ့နုဖတ်လွန်းတဲ့ မိန်းမတစ်ယောက်ပါ။ စိတ်နာစရာ စကားတို့ကို အပြန်အလှန် အပြိုင်အဆိုင် နာရီပေါင်းများစွာ ပြိုင်ပြောဝန့်ပေမယ့် ... ကြင်နာမှုပါသော၊ နူးညံ့သော၊ (စိတ်ထဲကပါ,မပါ မသိပေမယ့်) မြတ်နိုးနှစ်သိမ့်လိုမှု ပြည့်ဝနေသော စကားမျိုးများနဲ့ တိုက်ကွက်ကိုတော့ ဘယ်လိုမှ ခံနိုင်ရည်ရှိမည့် မိန်းမမျိုး မဟုတ်ပါဘူး ... ။

"ကိုကိုကသာ ကိုယ့်အပြစ်၊ ကိုယ့်အားနည်းချက်နဲ့ ကိုယ်မို့ သူ့ကို ဒီလောက်ထိ သည်းခံနေနိုင်တာပါ။ ကိုကို့ရဲ့ တစ်ချို့နေရာတွေမှာ အရမ်းအပျင်းကြီးတတ်တာ ... ဖောက်ပြန်လိုတာထက် မလည်ရှုပ်လုပ်ချင်တတ်တာတွေအတွက် အံ့ဖွား ကလို အပ်လွန်းလို့သာ

ကိုကို သူကို ပူဇော်ပသထားတာပါ ... ”

ကိုကိုက ပြုံးတုံ့တုံ့ပင် ဖြစ်လာကာ ... “ဒါပဲလား စကား ... ပြီးပြီလား ... ပြီးကောင်ပြီးရဲ့လား ...ကျန်သေးရင် ဆက်ပြောဦးလေ” ဟုဆို၏။ နင်ပဲဆ မင်းတစ်လုံး ငါတစ်လုံးတို့ကိုသာ အနိုင်တုံ့ပြန်တတ်သော ဒေါစကားဝါသွေးမှာ ပြုံးတုံ့တုံ့ကိုတော့ မျက်နှာချင်းမှ မဆိုင်ဝန့်ဘဲ ခပ်လွဲလွဲနှင့် “ပြီးပါပြီ” ဟု ခပ်တိုးတိုး တုံ့ပြန်လိုက်ရပါသည်။

ကဲ ... စကားပဲ ရှုံးပြန်ဦးတော့မှာလား ကိုကိုရေ ... မရှုံးချင်ဘူးနော်။

“အဲ့ဟား ... အဲ့ဟာ ...”

ကိုကိုက အိမ်ထဲသို့ လည်ပြန်လှမ်းကြည့်ကာ ကျုံးအော်လိုက်သည်။ သို့သော် အဲ့ဟားကတော့ ထွက်မလာခဲ့ပါ။ မိညိုသာလျှင် အပြေးလေး လှမ်းလာခဲ့ပြီး ...

“ကိုအဲ့ဟား မရှိတော့ပါဘူး ကိုကိုကြီး ... ”

“ဟေ ... ”

“ဟုတ်တယ် ... သူသွားပြီလို့သာ ပြောလိုက်ပါတော့တဲ့ ... သူထွက်သွားပြီ ...”

ကိုကိုက သက်ပြင်းရှည်ကြီးတစ်ခုကို အကြာကြီး ဆွဲချလိုက်သည်။

“ဒီလိုဆိုတော့လည်း ကိုယ်တစ်ယောက်တည်းပဲ ကြိုးစားရတော့မှာပေါ့လေ ... ကဲ .... မိညို ... အဲ့ဟားတို့မိဘ

အိမ်နား:က ဖုန်:နဲ့ပါတ်တစ်ခု ပေး:ထား:တယ်ဆိုတာ ငါ့ကို ရှာပေး:စမ်း ..."

"ကိုကို"

စကား:က ခပ်မာမာလေး အော်ပြီး သတိပေး:ချင်သလို ခေါ်လိုက်သည်။

"သူအမေနဲ့ တစ်ချက်လောက် စကား:ပြောကြည့်လိုက်ပါ စကား ... ဘာမှ ပြောနေစရာ မလိုပါဘူး ... သူတို့သား:နဲ့ သူတို့သဘောတူပြီး စီစဉ်ထား:ကြတဲ့ မိန်:မကလေး:နဲ့ မင်္ဂလာဆောင်ဖို့ကိစ္စ ပျက်သွား:ရတာကိုသာဦး:တည်ပြီး သတင်:မေး:ကြည့်လိုက်ပါ ... ပြီးမှ မင်း:နဲ့ ကိုကိုနဲ့ စကား:တွေ ဆက်ပြောကြတာပေါ့ ...

မင်း:ကို တစ်သက်လုံး: ဘယ်တော့မှ မသိစေရတော့ဘူး:လို့ ကိုယ်တို့ မျှသိပ်ထား:ခဲ့ကြတဲ့ အကြောင်း: အရာလေး:တစ်ချက်ကိုပဲ ကိုယ်ဖွင့်ပြောပြပါ့မယ် ... စကား:ရိပ်မိနိုင်တဲ့ အံ့ဖွား:ရဲ့ မျက်နှာပေါ်က မျက်နှာဖုံး: တစ်ခုဆိုတာကို ... ကိုကို မငြင်း:တော့ပါဘူး ... ဝန်ခံပါတယ် ... သူမျက်နှာပေါ်မှာ စကား:နဲ့ ပတ်သက်ပြီး: ဖုံး:ဖိကွယ်ဝှက်ထား:လိုတဲ့ မျက်နှာဖုံး:တစ်ခု အမြဲရှိနေခဲ့ပါတယ် ... ဒါပေမယ့် အဲဒါဟာ "ရန်လိုမှု၊ မနာလိုမုန်း:တီး:မှု"တော့ မဟုတ်ပါဘူး စကား:ရယ် ... "

စကား:က ကိုကိုကိုယ်တိုင် လှည့်ခေါ်ပြီး လှမ်း ပေး:လိုက်သည့် တယ်လီဖုန်:စကား:ပြောခွက်ကလေး:ကို လှမ်:

ယူလိုက်ပါသည်။ “အမေပါကွယ် ....တစ်ဘက်က ဘယ်သူ များပါလိမ့် ...” ဟူသော စကားသံ အေးအေးချိုချိုတစ်ခုကို အကြားမှာတော့ အကြောင်းမရှိ ... ဝမ်းနည်းစိတ်တွေက လျှံတက်လာရလေတော့သည်။

အခန်း (၇)

ခြထဲသို့ ကားမောင်းကာ ဝင်လာပြီး ပေါ်တီကို အောက်မှာ ကားရပ်လိုက်ပြီးလျှင် မာလာက ကားတံခါးဖွင့်ကာ ဆင်းလာရင်းက ... ပေါ်တီကိုအောက်အထိ ထွက်ကြို စောင့်နှင့်နေသည့် စကားကို မျက်စတစ်ချက် ပစ်ပြလိုက်လေသည်။

မာလာ မျက်စပစ်ပြလိုက်သော အရာကား ... ရုံးဖွင့်ရက်ကြီး ဖြစ်ပါရက် ရုံးသို့မသွားဘဲ ... ခြထဲမှာ ဒရင်း(မ်)ဘက်(ဒ်) (Dream Bed) တစ်လုံးချ ... မျက်စိမှိတ်ကာ လဲလျောင်းရင်း ... ငြိမ်သက်နေသည့် ကိုကို့ထံသို့ပဲ ဖြစ်ပါသည်။ မာလာက မျက်စပစ်ပြီးသည်နှင့် ... "ဘာဖြစ်ကြပြန်ပြီလဲဟ" ဟု မေးငေါ့ကာ ခပ်တိုးတိုးပါမေးသည်။

"ခင်နွယ်ဦး" နှင့် ကိစ္စမှာ သူပါ တစ်တပ်တစ်

အား ပါဝင်ထား:သလို ရှိနေပေရာ သူများလင်မယား:ချင်း: စကား:များ: ပွဲကြမ်း:ကြမည့် အရေးမှာတော့ ထပ်မပါချင်တော့ သလို ကျောချမ်းနေပုံလည်း: ရပါသည်။

" အိမ်ပေါ်ရောက်မှ ပြောမယ် ... "

စကား:ကလည်း: ခပ်တိုး:တိုး:လေး:ပင် အဖြေပြန် ပေး:လိုက်သည်။ မာလာကား: သူကား:ကို ကွေ့.ပတ်လျှောက် လာပြီး: စကား:အနား:သို့ ရောက်သည်နှင့် အိမ်ပေါ်ထိရောက် အောင်ပင် မစောင့်နိုင်တော့ဘဲ ....

"ဟဲ. စကား: ... ကြီး:ကြီး:ကျယ်ကျယ် တစ်ခုခုဆိုရင် တော့ ငါမပါချင်တော့ဘူးနော် ... နင်က အရေး:ကြီး: တယ် ... စကား:ပြောချင်လို့ လာခဲ့ဦး:ဆိုတာနဲ့သာ ပေါက်ချလာရတာ မျက်ခုံး:ကတော့ ခပ်လှုပ်လှုပ်ပဲ .... ငါတော့ "ကြား:သုံး:ကြား:" ထဲက တစ်ကြား:တည်း:ကို တိုး:ဝင်မိနေပြီး: ကြာရင်ကြား:ညပ်တော့မယ်နဲ့ တူတာပဲ ..."

"အသာနေစမ်း:ပါဟယ် ... စိတ်ရှုပ်ရတဲ့ကြား:တည်း:.."

"ဘာလဲ ... ကြီး:ကြီး:ကျယ်ကျယ်တွေ တစ်ခုခု မဖြစ် ကြဘူးလား: ..."

"ဖြစ်တာပေါ့ ဘာပြောကောင်း:မလဲ ..."

"ကျွတ် ... ဒါဆိုလည်း: ဒီလိုအချိန်မျိုး:မှာ ငါ့ကို ဘာ လို့ခေါ်တွေ့.ရတာလဲ ... နင့်ယောကျ်ား:ပုံစံ ကြည့်ရတာ ကိုက မသက်သာလိုက်တာဟယ် ... နင် ငါ့ကိုတမင်

သက်သက် ချောက်ကျအောင် ခေါ်လုပ်တာတော့ မဟုတ်နိုင်ပါဘူးနော် ..."

"ကျွတ် ... သူ့အကြံလိုလို့ ခေါ်တွေ့.ကာမှ .... မယ်သတ္တိတို့က သတ္တိပြနေပြန်ပြီ ... တကတည်း ..."

"ဘာ ငါ့အကြံလဲ ... ငါ့အကြံ ... ငါ့အကြံနဲ့ ခေါင်းစဉ်တပ်ပြီး ... ပြီးကျရင် နင်လုပ်ချင်တာတွေချည်း လျှောက်, လျှောက်လုပ်ကုန်တာများ ... ခုလည်း ငါ့ခေါင်းကို မရမကတပ်ဖို့ ကြိုးစားဦးမယ် ... နေပါဦး နင့်ယောကျ်ားကကော ဘာဖြစ်နေတာလဲ .."

"အဲဒါကိုပဲပြောမလို့ ... ထူးဆန်းအံ့သြဖွယ်တွေပေါ့ ဟယ် ..."

စကားတို့အိမ်ပေါ်သို့ ရောက်ကြသောအခါ ... ဦးခန်းဘေးက ... ကလေးခန်းလေးအတွင်းမှာ သားက မိညို ... နာနီကြီးနှင့်အတူ ရှိနေတာကို မာလာက လှမ်းမြင်လိုက်ရသည်။ သားက ငြိမ်းအေးစွာပင် "ဂူးဂဲ" နှင့်အသံထွက်အော်မြည်နေကာ ပက်လက်ကလေးနှင့် ယက်ကန်၊ ယက်ကန်လေး လုပ်နေပါသည်။

"ဟင် ... နင့်သားက ထူးထူးဆန်းဆန်း ... ကျားသားမိုးကြိုး ... "

"အေး ... တွေ့.လား ... အခုအားလုံးပဲ ထူးဆန်းတာတွေ ဖြစ်ကုန်ပါပြီဆို ..."

မိညိုတို့လို လူတွေ တို့ထိုကိုင်တွယ်ချင်နိုင်ဖို့

ဝေးစွ၊ နာနီကြီးကိုပင် တစ်ယောက်တည်းသီးသန့်ဆိုရင် လုံးဝလက်မခံဘဲ ကြွက်ကြွက်ညံတတ်သော သားကလေးဟာ၊ မနေ့ကညနေကစလို့ ရုတ်တရက် အမူအကျင့်ပြောင်းသွားတော့ကာ ... အိပ်ပျော်နေချိန် မဟုတ်တည်းဘဲ နာနီတစ်ယောက်တည်းဖြစ်ဖြစ်၊ နာနီနဲ့ မိညိုနှစ်ယောက်တွဲကိုပဲဖြစ်ဖြစ် အေးအေးချမ်းချမ်းပင် လက်ခံလိုက်ကာ လုံးဝငိုယိုခြင်း၊ ဆန္ဒပြခြင်း အလျဉ်းမရှိတော့တာက မျက်လုံးပြူးချင်စရာကောင်းလောက်အောင် ထူးဆန်းကာ အံ့အားသင့်ချင်စဖွယ်ရာပင် ... ။

ကြည့်ရတာ သူတို့ချင်း စိတ်ချင်းမျာ၊ ဆက်သွယ်နေကြသလား၊ စိတ်ထဲကနေ လှမ်းစကားပြောနိုင်ကြသလား။ အံ့ပွားမရှိတော့ဘူးဆိုတဲ့ နောက်မှ ၁ သားကလေးဟာ နာနီပဲဖြစ်ဖြစ်၊ ကြံ့ရာလူနဲ့ပဲဖြစ်ဖြစ် သူခရီးဆက်ရတော့မည်ဆိုတာကို သူကောင်းကောင်း သဘောပေါက်လိုက်ပြီးပုံပင်။ “ဒီအမေတစ်ယောက်တည်းကိုပဲ သွားသွားပြီး ဒုက္ခပေးမနေရဘူး” ရယ်လို့ပါ မှာကြားသွားခဲ့လေရော့သလားကွယ် ...။

“ကဲ ... ပြောတော့ ငါသိချင်လှပြီ ... ”

“မာလာရယ် ... ငါလုံးဝစိတ်မကောင်းဘူး ... ခင်နွယ်ဦးဟာလေ ... တကယ်ပဲ အံ့ပွားနဲ့သာ သက်ဆိုင်တာဟဲ့၊ အံ့ပွားနဲ့ လက်ထပ်ဖို့ လူကြီးချင်း ပြောထားကြတာ”

“ဟင် ... ”

“အေး ... ဟုတ်တယ် ... လူငယ်ချင်း ရင်းနှီးရတာ

မဟုတ်ဘဲ လူကြီးချင်း ပြောကြဆိုကြတာဆိုတော့ သူတို့ချင်းက ခုမှစည်ကြရဆဲ အခြေအနေပေါ့ ... မိန်းကလေးက အမေကြီးတစ်ယောက်ပဲ ရှိတော့တဲ့ အလိမ္မာ၊ အိမ်ပါ၊ ကွန်ဒြေ.ရှင်၊ ဗိုင်းကောင်းကျောက်ဖိကလေးဆိုတော့ သူအလုပ်အကိုင်ကို အံ့ပွားဘက်က ကြည့်မနေတော့ဘဲ သဘောစွတ်တူတာပေါ့ဟယ် ... အံ့ပွားကတော့ ... အင်း ... အံ့ပွားကတော့ ချစ်ချင်မှ ချစ်လိမ့်မယ် ... အေးလေ ... ထားပါ ... ချစ်တာကြိုက်တာထက် သူအမေရွေးတဲ့ ချွေးမကို လက်သင်ခံလိုက်တော့ဖို့ပဲ အံ့ပွားရဲ့ စိတ်ထဲမှာ ရှိပါတော့တယ်တဲ့"

"ဟယ် ... အခုတော့ ငါတို့ကြောင့် ...."

"အေး ... မိန်းကလေးဘက်က စဖျက်လိုက်တာပေါ့"

"ဟယ် ... စိတ်တောင်မကောင်းဘူး ... ဒါဖြင့် ငါတို့ လိုက်တောင်းပန်ပေးဖို့ လိုမလား ..."

ကြည့်စမ်း ... အဲဒါမျိုးကို စကားက ခုထိဘာလို့ မတွေးမိခဲ့သေးပါလိမ့် ...။ ကိုကို့ကို တစ်ကိုယ်ကောင်းဆန်လှချည့် ... အတ္တကြီးလှချည့်ဟု အကြိမ်ကြိမ်စွပ်စွဲခဲ့ဖူးတဲ့ စကားဟာ ကိုယ်ကိုယ်တိုင်ကလည်း (မသိစိတ်ထဲကကို) အတ္တကြီးသော တစ်ကိုယ်ကောင်းဆန်ဆန် မိန်းမတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေခဲ့တာမျိုးပဲ ထင်ပါရဲ့ ...။

"ငါ မသိသေးဘူး ... လိုအပ်လာရင်တော့ ငါလည်း လက်မနှေးချင်တော့ပါဘူး ..."

“အေးပေါ့ ... ဒီလိုပဲ ဖြစ်ရမှာပေါ့ ... ဒါပေမယ့် နေပါဦး ... ငါက ခင်နွယ်ဦးဟာ အံ့ပွားရဲ့ တကယ့် မိန်းကလေးမျာ ဖြစ်နေမလား မသိဘူးလို့ ပြောခဲ့တုန်းကတော့ နင်က ... နင့်ယောကျ်ားဟာ ကိုယ့်တပည့်ရဲ့ မိန်းကလေးကိုတော့ ဝရုန်းသုန်းကားနဲ့ ပန်းကုံးတက်စွပ်ရလောက်အောင် အထိတော့ မဖြစ်နိုင်သေးပါဘူးဆို ... ငါက နင့်ယောကျ်ားကို ဝေဖန်တာမဟုတ်ဘူးနော် ... နင်တွေးတဲ့အတိုင်းပဲ လူတိုင်းကလည်း တွေးမိကြမှာပါပဲ ... တကယ်ပဲ ဖြစ်သင့်တာကလည်း တွေးမိကြမှာပါပဲ ... တကယ်ပဲ ဖြစ်သင့်တာကလည်း အဲဒီလိုမျိုးပဲ ထိန်းသိမ်းဆင်ခြင်သင့်တာပဲ လေ ...

ဒါပေမယ့် ခုဟာကတော့ တစ်မျိုးဖြစ်မနေဘူးလား ... အံ့ပွားကကော ဘာလို့ အဲဒီအခြေအနေမျိုးကို လက်သင့်ခံခဲ့တာလဲ ... နင့်ယောကျ်ားကကော ...”

“အေး ... အဲဒါလည်း ငါပြောပြမလို့ ... အဲဒီညက တခြားလူတွေက ဖိတ်ကျွေးတာ၊ အခြားလူတွေနဲ့ပါ ဝိုင်ဖွဲ့ကြတာမျိုး မဟုတ်ဘဲနဲ့ သူတို့နှစ်ယောက်တည်း အဲဒီဆိုင်ကို သွားစားခဲ့ကြတာကိုက အကြောင်းရှိတယ် ... ကိုကို အမှုးသောက်ပစ်ခဲ့တာလည်း အကြောင်းရှိတာပဲ ... ပန်းကုံးတက်စွပ်မယ် လုပ်တာကတော့ အံ့ပွားကို အမြင်ကပ်ကပ်နဲ့ ရွဲ့ချင်တာရော၊ မူးကုန်တာကြောင့်ပါ ... ပါမှာပေါ့ ...”

“ဘာအကြောင်းလဲ”

"နင်တို့ရော ... ငါတို့ပါ နား:မလည်နိုင်တဲ့သူတို့နှစ်ယောက်ကြား:က သံယောဇဉ်ကွန်ယက်ဟာ အရမ်း:ကြီး:မား:ခိုင်ခန့်တယ်မလာ ... အဲ့ဟာ:က သူအမေစီစဉ်နေတာကို ... ကိုကိုမသိအောင် ကျိတ်ဖုံး:ထား:တယ် ... အကြောင်း:ကတော့ ကိုကိုသိရင် သူ့ကို လက်လွှတ်လိုက်ရတော့မှာပဲဆိုပြီး: စိတ်မကောင်း: ဖြစ်မှာစိုး:လို့တဲ့ ... သူအမေသာ မစီစဉ်ရင် သူတစ်သက် အိမ်ထောင်ပြုဖို့တောင် မရည်ရွယ်တော့ဘူး:တဲ့"

"အဲ့သြစရာ"

"ဟုတ်တယ် အဲ့သြစရာပဲ ... တကယ်လို့ ငါနဲ့သူနဲ့သာ ခုလို တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေတာမျိုး: မရှိရင်လည်း: ... အမေရင်း:က ဘယ်လိုစီစဉ်စီစဉ် သူက ငြင်း:ပစ်ပြီး: မူလအစီအစဉ်အတိုင်း: ငါနဲ့ကိုကိုကိုပဲ တစ်သက်လုံး: စောင့်ရှောက်သွား:ဖို့ သူဆုံး:ဖြတ်ပြီး:သား:တဲ့ ... ဒါပေမယ့် သိတဲ့အတိုင်း: ငါကလည်း: သူ့ကို မြင်မြင်ချင်း: ဆိုသလိုပဲ ကြည့်မရလေတော့ ... သူ့ကို မြင်နေသရွေ့. ငါစိတ်ဆင်း:ရဲနေရမယ့်အတူတူဆိုပြီး: အမေစီစဉ်တာကို ... လုပ်ချင်လုပ်ဆိုပြီး: လက်ခံလိုက်တာ ... ဒါပေမယ့် ကိုကိုစိတ်မကောင်း:မှာစိုး:လို့ ဖွင့်မပြောရဲဘဲ မြို့ထား:ခဲ့တယ် ... "

"သူကိုကို,ကို သူစောင့်ရှောက်ကတော့ ဟုတ်ပါပြီ၊ နင့်ကိုပါ ဆိုတာကတော့ မဆီမဆိုင်ဘဲ ... နင်နဲ့သူနဲ့

ဒီလောက် တစောင်းစေးနဲ့ မျက်ချေးဖြစ်နေကြတာ တောင် ... ”

“လာမယ်လေဟယ် ... ဖြည်းဖြည်းပေါ့ .. သူက သူ့ စေတနာနဲ့သူ ကျိတ်မြုံထားချိန်မှာ ကိုကိုကလည်း ခေတာမှမဟုတ်တာ ... တစ်ဘက်ကနေလှည့်ပြီး ကြားသွားတာပေါ့ ... အဲဒီမှာတင် ကိုကိုက ပေါက်ကွဲတော့တာပဲ ...”

“ဘာလို့လဲ”

“အံ့ဖွားတွေးသလိုပဲ ... သူချစ်တဲ့ အံ့ဖွားကို လက်လွှတ်ရတော့မှာကို စိုးရိမ်သွားတာလည်း တစ်ကြောင်းပေါ့၊ ဒါပေမယ့် အဓိက အချက်ကတော့ သူကို ဘာလို့ဖုံးထားရတာလဲပေါ့ ... ဖုံးထားခြင်းဟာ ရှိးကိုမရှိးသားဘူးပေါ့ .. သူကို တိုက်ရိုက်စော်ကားရာ ရောက်တယ်ပေါ့ ...”

“ဟယ် ... ဘာဆိုင်လို့လဲ ...”

“ဆိုင်တယ် .. ကိုကိုနဲ့ အံ့ဖွားကြားမှာ ဖုံးမထားမိလို့ ဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းတစ်ခု ရှိခဲ့ဖူးတယ် ...”

“ဘယ်လို ဘယ်လို ... ငါ မရှင်းလိုက်ဘူး ...”

“ကိုကိုကလည်း သူ Complex (ခံစားချက်)နဲ့ သူပေါ့ဟ ... သူပြစ်ချက် အမည်းစက်ကြီးနဲ့သူဆိုတော့ အံ့ဖွားအပေါ်မှာ အပြစ်မကင်းသလို အမြဲဖြစ်နေခဲ့ရတာဆိုတော့ ဟုတ်,မဟုတ် ... ဖြစ်နိုင်မဖြစ်နိုင် ... ဆိုင်

မဆိုင် သေချာမစဉ်းစားမိတော့ဘဲ ... အဲ့ပွားကသူ့ကို ဒီကောင်မလေးအကြောင်း မပြောတာ ... ဒီကောင်မလေးကို သူကိုပေးမပြတာဟာ ... သူက အဲ့ပွားဆီက လုယူမှာမို့လို့လား ... အဲဒီလို စိုးရိမ်နေလို့လား ... အဲဒါဆိုရင်တော့ သူကို စော်ကားတာပဲ ... သူသိက္ခာကို မလေးစားတာပဲဆိုပြီး ... အဲ့ပွားနဲ့ ကိုကိုနဲ့ ပြဿနာဖြစ်ကြရော ... နောက်ဆုံးတော့ အဲ့ပွားက ဘယ်လိုမှ ရှင်းမရတော့တာနဲ့ ကိုကိုကို အဲဒီဆိုင်ကိုပဲ ခေါ်သွားလိုက်တော့တာ ...

အဲဒီမှာတင် ကိုကိုက တမင်အမူးသောက်၊ ခုနက သူထင်တဲ့ အချက်ကို ပြန်စွပ်စွဲ ... အဲ့ပွားကရှင်း ... သူ အပြစ်မကင်းမှန်း သူ တစ်သက်လုံး ဖြစ်နေခဲ့တဲ့ ကိုကိုကို ဘယ်လိုမှ ရှင်းမရ ... အဲဒါ ... အဲဒါနဲ့ပဲ ... အဲဒီညက ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်ကြတာပဲ"

မာလာက စကားပြောနေသမျှတို့ကို ဘဝင်မကျဟန် မျက်မှောက်ခပ်ကုပ်ကုပ်နှင့်ပင် နားထောင်နေပြီးသော် အဆုံး၌ ဘယ်လိုမှ မမျိုသိပ်နိုင်တော့ဘဲ ...

"မဟုတ်သေးပါဘူးဟယ် ... နင့်ယောကျ်ားဟာ မှန်မှမှန်သေးရဲ့လား စကားရယ် ... သူဟာ အိမ်ထောင်နဲ့ သားမယားနဲ့ အခြေကျနေပြီးသား လူတစ်ယောက်ပဲ၊ အဲလိုလူကို အဲ့ပွားက သူမိန်းကလေးကို လာမျှားလုမ

လားလို့ ထင်ပြီး ပေးမပြရဲစရာလားဟဲ့ ... အဲ့ဟားဘက်က ဖွင့်မပြောဘဲ မျိုသိပ်ထားတာကို ခံရမယ့် လူတစ်ရာမှ တစ်ရာလုံးပဲ နင့်ယောကျ်ားလိုတော့ တစ်ယောက်မှ တွေးမိကြမှာ မဟုတ်ဘူး ..."

"ဒါပေမယ့် ကိုကိုက အဲဒီလူတစ်ရာနဲ့ မတူဘူးဟဲ့ ... ငါပြောပြီးပြီပဲ ... သူအပြစ်နဲ့သူဖြစ်ပြီး တစ်သက်လုံး စိတ္တဇ ဖြစ်နေတာပါဆို ..."

"ဘာအပြစ်လဲ ... ဘာစိတ္တဇလဲ ..."

"အရင်အကြိမ်တုန်းက အဲ့ဟားက အဲဒီလို ... ဘာမှမဖြစ်သေးခင် "အဲဒါ ကျွန်တော် ချစ်နေတယ်ဆိုတဲ့ မိန်းကလေးပဲ ကိုကို ..." လို့ ... ကြိုပြော ကြိုပြလိုက်မိတဲ့ မိန်းကလေးတစ်ယောက်ကို ... ဟာ ... ငါလည်းကြိုက်တယ် ...ငါလည်း ကြိုးစားကြည့်မယ်ဆိုပြီး ... သူက အတင်းဝင်လုထားဖူးတယ်လေ ..."

"ဟဲ့ ... ဘယ်လို ... ဘယ်က မိန်းကလေးလဲ ... ဘယ်တုန်းကလဲ ... ဘယ်သူလဲ"

"အေး ... ဘယ်တုန်းကလဲဆိုတော့ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်လောက်တုန်းကပေါ့ ... ဘယ်သူလဲဆိုတော့ ... ငါပဲ"

မာလာမှ ပါးစပ်အဟောင်းသား ဖြစ်သွားကာ စကားကိုကြောင်ပြီး ကြည့်နေလိုက်တော့သည်မှာ ပြောလိုက်သည့်စကားတောင် သူမင်သက်မိမှုမှာ ကိုယ်ပါရောပါပြီး

ငြိမ်သက် (ကိုကိုဖွင့်ပြောခဲ့စဉ်က ပုံစံအတိုင်း) မလှုပ်မယှက် ပြန်ဖြစ်သွားရပြန်ပါတော့သည်။ အတော်ကြီးကြာမှ အံ့အား သင့်မှု ပြေသွားဟန်တူသော မာလာက ..

"အဲဒီ အဲပွားက ... နင့်ကို ..."

"အေး ... သူလုံးဝနောက်ဆုတ်ပေးလိုက်တော့တာတဲ့"

"အရင်ကပြောတော့ နင့်ကိုကိုကပြလို့ သူကကောင်းတယ်လို့ ထောက်ခံသဘောတူထားတာဆို ..."

"ဟင့်အင်း ... အဲဒါ ကိုကိုက သူဘာသာ မလုံလို့ တမင်လွှဲပြောထားတာတဲ့ ... တကယ်တော့ အဲပွားက သာလျှင်အရင် ... ပြီးမှ သူက လုံးလုံးကြီး နောက်ဆုတ် နေပေးလိုက်တော့တာ ..."

အဲပွား၏ 'မျက်နှာဖုံး' တစ်ခုအကြောင်းကို ... ပြန်ပြောင်းပြောပြခဲ့စဉ်က ကိုကိုဟာ ယောကျ်ားကြီးတစ် ယောက်တန်မဲ့ ... သူမျက်ရည်ကျပါသည်။ သူမျက်ရည်စီးကြောင်းနှစ်ခုကို အမြင်မှာပင် သူတို့နှစ်ယောက်၏ 'သံယောဇဉ်နဲ့ ချစ်ခြင်းတရား' အလုံးစုံကို စကားက တစ်ထိုင်တည်း နင့်ကို သဘောပေါက် နားလည်သွားရတော့တာ ဖြစ်သည်။

အို ... သူတို့နှစ်ယောက်ဟာ ထူးဆန်း အံ့သြ ဖွယ်ကောင်းလောက်အောင်ကို တစ်ဦးနှင့်တစ်ဦး နက်ရှိုင်းစွာ သံယောဇဉ်တွေ ကြီးမားနေခဲ့ကြတာပဲ ...။ တစ်ယောက်က လည်း ကိုယ့်ရင်ထဲက ချစ်မြတ်နိုးပါပြီဆိုတဲ့ မိန်းကလေးကို တောင်မှ "ကိုကိုပဲ ယူပေတော့" ရယ်လို့ အပြီးတိုင် စွန့်

လွတ်နောက်ဆုတ်ပေးလိုက်သတဲ့ ...။

နောက်တစ်ယောက်ကလည်း "ဒီကောင်ဟာ ငါ့ရည်းစား၊ ငါ့မိန်းမကို ချစ်ဖူး ကြိုက်ဖူးတဲ့ကောင်ပဲ" ရယ်လို့ သံသယတစ်စက်မှ ဝင်ပုံမရ။ သူတို့ရဲ့ သံယောဇဉ်အတိုင်း အတာကို ယုံကြည်ခိုင်မာစွာပင် ... အနားမှ တစ်ဖဝါးမှ မခွာစေရဘဲ ဆက်ပြီးနီးကပ်စွာ ထားခဲ့သတဲ့။

ကိုယ်ချစ်မြတ်နိုးခဲ့ဖူးသည့် ဒီမိန်းကလေးတစ်ယောက်နဲ့ အနီးကပ်အမြဲဆက်ဆံပြီး မခွာတမ်းရှိနေခဲ့ရတဲ့ အခါ ... မြတ်နိုးခဲ့မှု အတိုင်းအတာ အကြီး အသေးအရ ... အံ့ပွားဟာ ဘယ်လိုအနေအထား၊ ဘယ်လိုမျက်နှာထား မျိုးကို ရွေးချယ်ဟန်လုပ်ထားရလိမ့်မလဲ ..။ အံ့ပွားလို စိတ်ဓာတ်မျိုးနဲ့ သံယောဇဉ်ကြီးခိုင်မြဲတတ်သော လူတစ်ဦးဟာ ... မိန်းကလေးတစ်ယောက်အပေါ် ချစ်ခဲ့ဖူးပါသည်ဆိုရင် ... တော်ရုံ၊ နှုတ်ဆော့လိုရုံ၊ ပေါ့တိမ်တိမ် ခံစားချက်မျိုးနှင့် တော့ မဟုတ်ခဲ့မှာ သေချာသလောက်ပင် ..။

သူဟာ အကယ်ဒမီဆုရ မင်းသားတစ်ယောက်လည်း မဟုတ်ခဲ့ပြန်ရာ၊ သူဖမ်းယူဟန်ဆောင်ပြီး စွပ်ချထားခဲ့ရသော 'မျက်နှာဖုံး' တစ်ခုဟာ ဘယ်လိုကြီးမှန်းမသိ ...။ အဓိပ္ပာယ်မှန်းယူရခက်စွာ နားမလည်ချင်စရာ ပုံစံကြီးလည်း ဖြစ်နေနိုင်သည်။ အတင်းကျားကန်ထားရသဖြင့် ရန်လိုမောင်းမဲလိုသော ဟန်မျိုးဘက်အထိပါ ကျော်လွန်ရောက်ရှိသွားကာ အမြင်ကပ် မုန်းတီးစရာကြီးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် အဲဒီလို ဖြစ်ပျက်နေသော မျက်နှာဖုံး တစ်ခုရဲ့အောက်မှာ ဘာတွေ ရှိနေခဲ့သလဲဆိုတာကို ခုထက်ထိတိုင်ပင် ကိုကိုဟာ ရိပ်မိသိရှိနေဆဲ ဖြစ်ပါသတဲ့။ အဲဒီလို ဆိုရင်တော့ ကိုကိုဟာ သူအလွန်တရာ သံယောဇဉ်ရှိပါသည် ဆိုသော လူတစ်ယောက်ကို ခေါ်ယူပြီး နှိပ်စက်ကလူ ပြုမူထားရာ ကျမနေပေဘူးလား။

အဲဒီနေရာမှာ ကိုကိုကလည်း မနည်းကိုဖမ်းယူပြီး စွပ်ဆောင်းလိုက်ရတဲ့ မျက်နှာဖုံးတစ်ခုနှင့်ပါပဲတဲ့ ...။ ကိုကို့အပေါ်မှာ ... စကားအပေါ်မှာ ... အဲဒီ ကိုကိုနဲ့စကားတို့ နှစ်ယောက်က ထပ်မံပေါက်ဖွားလာကြမည့် မျိုးဆက်သစ်တွေရဲ့ အပေါ်မှာ ပေးဆပ်လိုမှု တစ်ခုတည်းနှင့် မခွဲနိုင် မခွာရက် သံယောဇဉ်ကြီးနေတော့မည့် သူတစ်ဦးကို သူနှင့် ဝေးဝေးကွာကွာ မှာထားဖို့ထက် နီးနီးနားနားမှာ ခေါ်ကြည့်မျက်ခြေမဖြတ်ချင်တော့တာဟာ ... ကိုကို ကိုင်ဆုပ်ထားသော "အတ္တမျက်နှာဖုံး" တစ်ခုပင် ဖြစ်ပါသတဲ့။

"အဲဒီတော့ နင်က ဘာများဆက်လုပ်ချင်လို့လဲ စကားရယ် ..."

"မသိတော့လို့ပေါ့ ... အဲဒါကြောင့် နင့်ကိုလှမ်းခေါ်လိုက်တာပေါ့ မာလာရယ် ... ကိုကို့ပုံစံကိုလည်း ကြည့်ဦးလေ ... အဲဒါ အိပ်မပျော်၊ စားမဝင်၊ အလုပ်ပါ မလုပ်နိုင်တော့ဘဲ လွမ်းဖျားလွမ်းနာ ကျနေတာလို့ ခေါ်တယ်ဟ ... တစ်ညနေနဲ့ တစ်မနက်ခင်းပိုင်းလေး

နဲ့တင် အဲဒီလို ဖြစ်သွားတာပဲ ...”
“အဲဒါဆိုလည်း မြန်မြန်ပြေးခေါ်ပေးလိုက်ပေါ့ ...”
“ငါ မဆုံးဖြတ်တတ်တာ အဲဒါပဲ ... အခုဟာက ငါတို့ သုံးယောက်ကြားက ဟန်ဆောင်မှုမျက်နှာဖုံးဆို တာတွေက ကွာကျသွားခဲ့ပြီ ... ဘယ်သူက ဘယ်လို ဆိုတာ သိသွားပြီ ... အဲဒီထဲမှာ ငါတစ်ယောက်ကသာ ဘာမှမဖြစ်ဘူးပဲထား ... သူတို့နှစ်ယောက်ကကျတော့ တစ်ယောက်နဲ့တစ်ယောက်ကော ... ငါ့ကိုရော ... ဘယ်လိုအတွေးတွေ ဘယ်လိုမျက်နှာမျိုးနဲ့ ဆက်ရင် ဆိုင်ကြမှာတဲ့လဲ ... ငါထင်တယ် ... အဲ့ဟားဟာ ငါသိ သွားပြီဆိုတာကိုသာသိရင် သူဒီအိမ်ကို ဘယ်တော့မှ ပြန်လိုက်လာတော့မှာ မဟုတ်ဘူးပဲ ...”
“ဒါဖြင့်လည်း မပြောဘဲ တိတ်တိတ်ခေါ်”
“ရမလား ... သူတို့ချင်းက နေမလား ... ပြီးတော့ ကိုကိုဟာ အဲ့ဟားကို လွမ်းလည်းလွမ်းပါရဲ့ ... ငါ့ကို အဲ့ဟားဆီက သူလုယူခဲ့တာပါဆိုတာ ငါသိသွားပြီတဲ့ နောက်မှာ သူအပေါ် ငါ့ရဲ့အမြင်က ဘယ်လိုလဲဆို တာလည်း သူလန့်နေတယ်”
“ရူးပါ့ဟာ ...နင်တို့နှစ်ယောက်မှာ သားကလေးတစ် ယောက်တောင်မှ ရနေပြီ ... အဲဒီလောက် သူက ဆက်ရူးနေစရာလား ... စံပါပဲ”
“အခု အဲဒါ နင့်အပိုင်း ရောက်လာပြီ မာလာ ... နင်

အကြံပေးပါဦး”
“မသိဘူးဟာ ... လုပ်ချင်တာသာ လုပ်ပေတော့ ... ဒါမှမဟုတ် နင့်အမေကို မေးကြည့်ရင်ကော ...”
“သြော် ... မေမေကတော့ ရှေးလူကြီးပဲဆိုတော့ ... ကိုကို့ခံစားချက်ကို လိုက်တွက်ပေးဖို့ထက် ... ဒီမျက်နှာ၊ ဒီမျက်နှာကြီးတွေ ဘယ်လိုဆက်ရင်ဆိုင်မှာလဲ ... ပြီးတာတွေ ပြီးပစေတော့ ခုလက်ရှိအခြေအနေကို ခုတိုင်းပဲ ထားလိုက်ပေတော့ ... ဘာမှ ဆက်မလုပ်ကြနဲ့တော့လို့ပဲ ပြောမှာပေါ့ဟဲ့ ...”
“အဲဒါလည်း ကောင်းသားပဲ”
“ကျွတ် ... တော်ပြီဟာ ... အကြံဉာဏ်တောင်းချင်ကာမှ နောက်လိုက်ကြီးနဲ့ လာတွေ့.နေတယ် ...”

စကားအသံ တိတ်သွားသောအခါ မာလာကလည်း ခပ်ဆိတ်ဆိတ်ကလေးပင် နေလိုက်တော့သည်။ တစ်ဘက်ခန်းမှ သားကလေးထံမှလည်း “တဂူးဂူး။ တဂဲဂဲ” သံလေးတွေပင် မထွက်တော့ဘဲ ငြိမ်သက်ကာ အိမ်မောကျသွားပြီဖြစ်ပုံရလေရာ ... စကားတို့ အိမ်ကြီးတစ်ခုလုံးမှာ “တိတ်ဆိတ်ခြင်း” တို့ကသာ အပြီးသတ် ကြီးစိုးသွားပါတော့သည်။ အဲဒီနောက်ကမှ ထပ်ချပ်မခွာ လိုက်ပါလာသလို နောက်ထပ်ပေါ်ပေါက်လာသည့် ခံစားချက်အသစ်ကတော့ ‘ခြောက်သွေ့.ခြင်း’ ပင် ...။

တိတ်ဆိတ်ရုံမျှမက ခြောက်သွေ့.သွားသလိုပါ

ဖြစ်ပေါ်လာရသည့် ခံစားချက်အသစ်မှာ အဘယ်ကြောင့်ပါနည်း။ ယခင်က စကားသံတို့ တိတ်ဆိတ်လျှင် တိတ်ဆိတ်ရုံမျှသာ ရှိခဲ့မည့် ဤအိမ်ကြီးမှာ "သံယောဇဉ်နှင့် ထူးဆန်းစွာ ချစ်ခင်တွယ်တာတတ်ခြင်း" ဟူသည့် သာယာနာပျော်ဘွယ်သော အခြေအနေတစ်ခုက လူမသိ သူမသိ တိတ်ဆိတ်စွာ ခြုံလွှမ်းထားခဲ့သည့်အတွက် မခြောက်သွေ့ရုံအပြင် အေးမြစွတ်စိုခြင်းတွေတောင်မှ ဖုံးလွှမ်းနေခဲ့သေးသည်ပဲ ထင်ပါရဲ့ ... ။

နေပါဦး ... ဒါဟာ ဟုတ်ကောဟုတ်နိုင်ပါမလား ... ကိုယ့်စိတ်ထင်တိုင်းကျပြီး ထင်ရာမြင်ရာ လျှောက်လုပ်ချင်တတ်မှုတွေဟာ မှားမှန်းသိလိုက်ရပြီးနောက် ... အမြင်မှန်ရပြီးကာစ လူတစ်ယောက်ပီပီ ... ဝမ်းနည်းစရာတွေကိုချည်း ရှာကြံတွေးကာ အားငယ်တတ်ကြတော့သည်မှာလည်း လူသဘာဝ ... လူတိုင်းလိုလိုတို့ရဲ့ ထုံးစံပဲလေ ...။

ဘာပဲဖြစ်ဖြစ် အဲဒီခြောက်သွေ့မှု တစ်ခုအလယ်မှာတော့ စကား လည်း နေမပျော် ... သားကလေးနဲ့ ကိုကို့ကိုလည်း မထားချင်း ... ။

မိန်းကလေးတစ်ယောက်ဟာ အပျိုမကလေးတစ်ယောက် မဟုတ်တော့ဘဲ အိမ်ထောင်သည် မိန်းမတစ်ယောက်ဖြစ်သွားပြီးချိန်မှာရော ... သူကို ချစ်ဖူးကြိုက်ဖူးပါသည် ဆိုတဲ့ (အဲဒီအဖြစ်ကို ကိုယ်တိုင်ကိုယ်ကျလည်း သိရှိလိုက်ရ ပြီးသား) ယောကျ်ားတစ်ယောက်ရဲ့အိမ်ကို လိုက်သွားပြီး ထိုယောကျ်ားကို ကိုယ်ရှိနေမည့် အိမ်ယာသို့ ပြန်ပင့်ခေါ်လာရခြင်းဟာ တင့်မှတင့်တယ်ပါ့မလား ... ဒါမဟုတ် ... မတင့်မတယ်နှင့် သိပ်ကြီးများ ရှက်စရာ၊ လူကြားမကောင်းစရာများ ဖြစ်နေတော့မလား ...။ စကားမသိပါ ...။

စကားသိတာ တစ်ခုကတော့ ... သူလိုချင်တာတစ်ခုနှင့် ပြည့်စုံနေရင် စကားလို မိခင်ရင်းကိုတောင် သိပ်အရေးမထားချင်တတ်တော့သည် သားလေးကို စကားသိပ်ချစ်သည်။ ပြီးကျတော့ ဘယ်လောက်ပဲ အတ္တမာနတွေကြီးထွားကာ တစ်ကိုယ်ကောင်း ဆန်လှသည်ဖြစ်ပါစေ ...ကိုယ့်အိမ်ထောင်သက် ဇနီးမယားအပေါ်မှာတော့ ခုချိန်ထိ ဘာတစ်ခုမှ သစ္စာမပျက်ဘဲ စွဲစွဲမြဲမြဲ ချစ်နေဆဲဖြစ်သည့် ကိုကို့အပေါ်မှာလည်း စကားက သိပ်ကိုချစ်နေရသည့်ပဲ ဖြစ်ပါသည်။

စကားဟာ “နှာခေါင်းမပါရင် မစင်တောင်စားမယ့်အမျိုး”လို့ ပုရိသန္တယ်များက နှိမ်နှက်ပြီး ပြောကြတာကို

ခံရတတ်သည့် ကွတ်ထိုယတစ်ယောက် ဖြစ်သည်လေ ...။ ဘယ်လောက်ပဲ စိတ်ပျက်လက်ပျက်နှင့် နာကျင်မှုတွေ ရှိခဲ့ဖူးသည်ဖြစ်ပစေ ... စိတ်ထဲက တစ်ချက်လောက်ကလေး ရှင်းသွားပြီးဆိုတာနဲ့ ဝမ်းသာအားရ ခွင့်လွှတ်လိုက်ဖို့ကိုလည်း ဝန်မလေး ...။

"သားကိုသခင် ... လင်ကိုဘုရား " ဆိုတာမျိုး လောက်ကြီးတော့ စကားက အားမပေး မခံယူလိုပါ။ သို့သော် စကားလို မိန်းမမျိုးဟာ အဲဒီ 'အဆို' နှင့် မနီးရိုးစွဲ အနေအထား လောက်က ခပ်ကပ်ကပ်ကလေး လိုက်ပါနေသူပါဆိုတာကိုတော့ ကိုယ့်ဘာသာလည်း ဝန်မခံချင်၍ မရတော့ပြီး။ ခုလည်းပဲ ... ဒီသားအတွက်၊ ဒီလင်အတွက်၊ ပြီးကျတော့ အားလုံးသော အခြေအနေ အရပ်ရပ်တို့အတွက်၊ (တော်၏၊ မတော်၏၊ သင့်၏၊ မသင့်၏၊ တို့ကို စဉ်းစား၍ မနေနိုင်တော့ဘဲ) စကားက အံ့မှားရဲ့. အိမ်သို့ တန်းတန်းမတ်မတ်ပင် ရောက်ခဲ့ရပါပြီတည်း။

ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရသည်တွင် သူနှင့် တိုက်ရိုက်ပင် တည့်တည့်တိုးခဲ့ပါသည်။ သို့သော် အလွန်တရာမှ ဂွကျလှသော၊ မြင်မြင်ချင်း လူမုန်းအောင် ပြောနိုင်စွမ်းရှိသော၊ အရာရာကို မုန်းစရာကောင်းလောက်အောင် ကြိုသိကွက်ကျော် ဖြစ်နေတတ်သော ... သူရဲ့. မွေးရာပါ ထူးခြားစွမ်းရည်းများအရ ... စကားကို မြင်မြင်ချင်းဆိုသလိုပင် ... ဘာမှပင် မပြောရသေး (ဝင်ထိုင်ရဖို့ ဝေးလို အိမ်ပေါ်တောင် ကောင်းကောင်း မရောက်ချင်သေး) ...။

"ကျွန်တော် လုံးဝပြန်မလိုက်တော့ဘူး မစကား ..."

အရာရာကို စိတ်လျော့လက်လျော့နှင့် သူ အပေါ် အမြင်ကြည်လင် နားလည်နိုင်စိတ်ဝင်ကာ ကြင်နာသနား နေမိသော စကားမှာ ရုတ်တရက်ကြီးမို့ ထောင်ခနဲ ပြန် ဒေါပွသွားမိကာ ....

"ကျွန်မက ရှင့်ကို ကြိုးနဲ့တုတ်ပြီး ဇွတ်ဆွဲခေါ်ရအောင် လာခဲ့တာလည်း မဟုတ်ပါဘူး"

သူက လှစ်ခနဲ တစ်ချက်ပြုံးရုံပြုံးကာ ...

"ကျွန်တော် စိတ်လျော့လိုက်ပါပြီလို့ ပြောချင်တာပါ"

"ကိုကိုကတော့ဖြင့် ဘယ်လို"၊ "သားကလေးက တော့ ဘယ့်နယ်" စသဖြင့်တို့ကို အတော်ကြီး ကြားကောင်း အောင် သေချာလေ့ကျင့်ပြင်ဆင်လာခဲ့သော စကား၏ နှုတ် ခမ်းနှစ်လွှာတို့ကို သူက အပ်ချည်နှင့် အပ်နှင့်ကို ပိတ်ချုပ် ပစ်လိုက်လေပြီ။

"ကိုကို့ကို ကျွန်တော်ပြီးမှ သတ်သတ်လာတောင်းပန် ကန်တော့ပါဦးမယ် ..."

"အို ... မလိုပါဘူး ... ကိုကိုက ရှင့်ထက်ငယ်တာပဲ"

သူက ငယ်သည်၊ ကြီးသည်ကိစ္စကို ဘယ်လိုမှ ထပ်ပြီး စောဒကမတက် ... ခပ်မဆိတ်သာ ပြုံးနေပြီးလျှင် ...

"ကျွန်တော့်ဘဝ အသစ်တစ်ခုကို ခုချိန်ကစပြီး စတင် တော့မယ်လို့ ကိုကို့ကို ပြောပြရမယ် ... နှစ်ဦးနှစ်ဖက် ကျေနပ်နှစ်သက်ကြတဲ့ ခွဲခွာခြင်းမျိုးပဲ ကောင်းပါတယ်၊

ကျွန်တော်လည်း လူသား:တစ်ယောက်ပါပဲ ... "ကိုယ်ပိုင်ဘဝ" ဆိုတာမျိုးကို မမက်မောဘဲ ဘယ်နေပါမလဲ၊ ဒါပေမယ့် ကျွန်တော်က ကိုယ့်ကိုယ်ပိုင်ဘဝထက် ပိုတန်ဖိုး:ထား:နေမိတဲ့ ဘဝမျိုး:တစ်ခု ရှိနေခဲ့တဲ့အတွက် အင်း ... ကဲပါ ... ထား:ပါတော့လေ ... ခုတော့ ... ကျွန်တော့်ကိုယ် ကျွန်တော်လည်း သိသင့်ပြီ ...အမြဲတစေ ဒီနွံထဲ ... ဒီအိမ်မက်ဘဝကြီး:ထဲမှာပဲ ပျော်ဝင်ဖို့ ကြိုး:စား: မနေသင့်တော့ဘူး: ... ရအောင် ရုန်း:ထွက်သင့်ပြီ ... အိပ်ရာက ကောင်း:ကောင်း:နိုး:သင့်ပြီ ...

ထား:ပါ ... ဒါတွေ ကိုကို့ကိုပြောမှ သူနာ:လည်လိမ့်မယ် .. မစကား:အတွက် မစကား:ဘယ်တုန်း:ကမှ မနှစ်ခြိုက်တဲ့ ပဟေဠိတွေပဲ ဆက်မျာ:နေစေတာမျိုး: မဖြစ်သင့်တော့ပါဘူး: ... နော် ဟုတ်တယ်မှတ်လား: မစကား: ... ကျွန်တော် ပြန်မလိုက်တော့ဘူး:နော် ..."

တဖြည်း:ဖြည်း: နူး:ညံ့ပျော့ပျောင်း:လာကာ ဝေဒနာတစ်ခုနှင့် တနင့်တစ်ပိုး:ကြီး: ဖြစ်လာပုံရသော သူ့ကို ကြည့်ကာ စကား:မှာလည်း: တဖြည်း:ဖြည်း: တုန်လှုပ်ကာ အနေခက်လာရပါတော့သည်။ သူကတော့ ဘာမှသိပုံမရသေး:။ စကား:ကသာ တစ်ဘက်သတ်အား:လုံး:ကို သိနေခဲ့ပြီး:သား:လေ ...။ "ဒီနွံ"တဲ့ ...။ "ဒီအိပ်မက်" တဲ့ ... ဒီနွံထဲက ရုန်း:ထွက်ကာ ဒီအိပ်မက်ထဲက ရအောင်နိုး:ထယူတော့မယ်တဲ့။

ကိုယ့်ရည်ရွယ်တွေဟာ ဘယ်လိုနည်း:နဲ့မှ

မအောင်မြင်နိုင်တော့ဘူးဆိုတာကို သိလိုက်ရပေမယ့် စကား က သူကိုဒေါသလည်း ဆက်ထွက်မနေနိုင်တော့ပါ။ စကား သူကို အရမ်းသနားသည်။ သူဟာ "မင်းရန်ပြေ" ဆိုတဲ့နွဲ့။ အဲဒီကမှ "စကားဝါသွေး" ဆိုတဲ့ နောက်ထပ်နွဲ့။ အဲဒီကမှ "မင်းရန်ပြေနဲ့ စကားဝါသွေးတို့ရဲ့ သွေးသားလေး" ဆိုတဲ့ နောက်ထပ်၊ နောက်ထပ် နွဲ့ ...။ ဒီလိုမှ ဇွတ်ကြီး မရုန်းထွက်ရင် သူမှာ ဒီနွဲ့၊ ဒီနွဲ့တွေထဲမှာပဲ အပြန်ပြန် တလဲလဲ ပိတ်မိနွဲ့နစ်ကာ "သူဘဝ" ဆိုတာ ဘယ်မှာလာပြီး ရှိနိုင်ပါတော့မလဲ ...။

လောကကြီးထဲမှာ "အံ့ပွား" ဆိုတဲ့ လူတစ်ယောက် လုံးဝပျောက်ကွယ်ကာ "မင်းရန်ပြေ + စကားဝါသွေး+ သားသားလေး" ဆိုတဲ့ လူသုံးယောက်စာ ပေါင်းထားတဲ့ "ကိုယ်ပွား" ကြီးတစ်ခုသော အဓိပ္ပာယ်မဲ့စွာ ဖြစ်ထွန်းတည်ရှိနေတော့မည်လေ။

"ကျွန်မ ပြန်တော့မယ်"

သူ. အိမ်ပေါ်မှ ထိုင်တောင် မထိုင်ရသေးသည် စကားကို သူက "ထိုင်ပါဦး" ဘာညာလောကဝတ်လည်း မလုပ်ခဲ့ချေ ...။ ဂွကျလှသော လူဖြောင့်လူကောင်းတစ်ယောက် ... သံယောဇဉ်ကြီးတတ်သော စိတ်ဆတ်ဆတ်လူတစ်ယောက် ... အထိုင်မကျလှသေးမယ့် ဘဝသစ်တစ်ခုမှာ ပျော်နိုင်ပါစေ ...ဟု ပဲ စကားက စိတ်ထဲကနေပြီး (တကယ့် စေတနာရင်းခံနှင့်) ဆုတောင်းပေးခဲ့ပါသည်။

"စိတ်မဆိုးပါနဲ့ စကား"

"အိုး ... ကျွန်မ ဒီလောက်အတွေမကြီးတတ်ပါဘူး ကိုအံ့ပွားရယ် ... ဟုတ်တယ် ... ကျွန်မ ဒီအိမ်ကို ရောက်လာခဲ့တာတောင် မှားတယ် ..."

စကားက အိမ်ပေါ်က အမြန်ဆုံး ဆင်းလိုက်ပါသည်။ ဟုတ်တယ် ... စကား ဘာလို့များ ရောက်လာခဲ့မိပါလိမ့်နော် ...။ အကယ်ဆို ရောက်လာခဲ့ဖို့ကို မကောင်းပါဘူး။ တကယ်တမ်းကျတော့ စကားဟာ တကယ့်ကို အတွေကြီးတဲ့ မိန်းမတစ်ယောက်ပါပဲလား။ တစ်အချက် ဒီအိမ်သို့ စကား လာခဲ့ဖို့ကို မကောင်းတော့၊ နှစ်အချက် မဖြစ်မနေ လာမည်ဆိုရင်လည်း လာရတဲ့ အကြောင်းရင်းဟာ စမှမစ ရသေးခင် ပြိုကွဲပျက်စီးသွားပြီဖြစ်သည့် သူဘဝတစ်ခုအတွက် တောင်းပန်ခြင်း၊ အကူအညီပေးခြင်းတို့ ပြုလုပ်ပေးရန် သက်သက်ကြောင့်သာ ဖြစ်သင့်သည်။

ခုတော့ စကား ဦးတည်လာခဲ့တာက သား အတွက်၊ လင်အတွက်။ အို .... ဒီလူတစ်ယောက်ရှေ့မှာ စကားဟာ ဒီမျက်နှာကြီးနဲ့ ခပ်ကြာကြာ ဆက်ရပ်နေဖို့ကို မကောင်းတော့တာပါ။

အံ့ပွားတို့ရဲ့ အိမ်ကလေးဟာ သာမန်ရပ်ကွက်ငယ်တစ်ခုထဲမှ သာမန်သစ်သား လုံးချင် အိမ်ကလေး တစ်ခုသာဖြစ်တာမို့ အိမ်ပေါ်က ဆင်းလိုက်သည်ဆိုရင် ခြေလှမ်းနှစ်လှမ်းလောက်မှ ထပ်မလှမ်းရသေးခင်မှာပင် ပလက်ဖောင်း

ပေါ်သို့ ရောက်ပါပြီ ...။ ခြံမရှိ၊ မြေမကျန်။ အိမ်အတိ၊ မြေ အတိကလေးများ ဖြစ်ပါသည်။ အလာတုန်းကဆို အဲ့ဟား တို့ဘေး အိမ်မှ ဒီဘက်အိမ်သို့ငိုက်ကျနေသော အုန်းပင် တစ်ပင်မှာ အုန်းတက်သမားနှင့် အုန်းသီးခူးနေခဲ့တာမို့ စကားတို့ရဲ့.ကားကို အဲ့ဟားတို့အိမ်ရှေ့.မှာ ရပ်ထားရ၍တောင် မှမရ ...။ ဟိုဘက်လမ်းတစ်ဘက်က ပလက်ဖောင်းဘက်မှာသာ သွားရပ်ထားခဲ့ရပါသည်။

"အုန်းသီးခူးနေတယ် ... အဲဒီဘက်က ကပ်မလျှောက်နဲ့ ..."

ခုချိန်မှာ ဒီလိုစကားမျိုးတွေကို ဆရာလုပ်၊ အကျော်ကြီးလှချည့်လို့ ယူဆလို့ ဘယ်လိုမှ မရတော့တာ စကား သဘောပေါက်လိုက်မိပါပြီ။ လူဆိုတာ "အခံ" တစ်ခု ကောင်းဖို့ပဲ လိုတာနော်။ ကိုယ့်ရင်ထဲက "အခံ"က ကောင်း ရင်ကောင်းသလို ဆိုးရင်ဆိုးသလို တစ်ဘက်ကလူရဲ့ ဒီစကား တစ်ခွန်းတည်းကိုပဲ ကောင်း၏ ဆိုး၏ အမျိုးမျိုး ခွဲခြားပြီး သတ်မှတ်ခံစားပစ်လို့ ရတာမဟုတ်လား ...။

"နေဦး ... ကျောက်ကားတစ်စီး လာနေပြန်ပြီ ... လမ်းကျဉ်းကျဉ်းမှာ ကျောက်ကားတွေက စွတ်မောင်း ကြတော့ မထင်ရင် မထင်သလို ကျောက်စရစ်တွေ ပြုတ်ကျကျန်ပြီး ကိုယ့်ကိုလာပြီး ထိတက် စင်တတ် တယ် ... လမ်းအတွင်းဘက်မှာ တိုက်အသစ်တစ်လုံး ဆောက်နေတာလေ ... လမ်းကို ပျက်နေတာပဲ ..."

စကား အရမ်းဝမ်းနည်းလာပါသည်။ နောင်ဆို ရင် ဒါမျိုး သံယောဇဉ် အကြင်နာမကင်းတဲ့ အမိန့်ဆန်ဆန် လေသံတွေကို ... စကားရော ... ကိုကိုရော ... သားလေးပါ ကြားနိုင်၊ ခံစားနိုင်တော့မည် မဟုတ်ပေ ...။ အို ... ဝမ်း နည်းစွာ ကျန်ရစ်ရမည်မှာ သိပ်တော့ မကောင်း ...။

"ရှင် သိပ်ဆရာလုပ်ချင်တာပဲ ..."

စကားက ပျော့ညံ့လှသော ကိုယ့်စိတ်ကိုကိုယ် လှည့်စားကာ တမင်တင် ခပ်မာမာ ခပ်ထန်ထန်ကြီး ပြန် ပြောလိုက်ပါသည်။ ထိုအချိန်မှာပင် ... စကားရဲ့ဒေါသသံ ခပ်မာမာကြီး ဆုံးဆုံးချင် ... စကားရဲ့ လက်တစ်ဖက်ကို အံ့ဖွားက 'ဆတ်' ခနဲလှမ်းဆုပ်ကိုင်ဆောင့်ဆွဲပစ်လိုက်ကာ ...

"အို ... အို ... အို ... ရှင် ... ဘယ်နယ့်လုပ်လိုက်တာ လဲ ..."

စကားတို့ကားဆီမှ ဒရိုင်ဘာ၏ "မမလေး" ဟု ခပ်ကျယ်ကျယ် အော်ဟစ်လိုက်သံကြီး ထွက်ပေါ်လာသည်။ စကားမှာတော့ လက်တစ်ဖက်ကို ဆောင့်ဆွဲခံရပြီး သကာလ လူတစ်ကိုယ်လုံးကပါ ခါးနေရာဆီမှ ကိုင်မြှောက်ဝှေ့ယမ်း ပစ်လိုက်ခြင်းကို 'စွေ့' ခနဲပင် ခံလိုက်ရတော့ကာ ...

"ဝုန်း"

ထိုအသံမှာ စကားနောက်ဆုံး ကြားလိုက်ရသော အသံတစ်ခုပင် ဖြစ်ပါသည်။ စကားရဲ့ စိတ်ထဲမှာ "အံ့ဖွား" ဆိုတဲ့ လူတော့ ငါ့ကို ... ပွေ့ချီကိုင်မြှောက်ပစ်လိုက်ပြီဆိုတဲ့

အသိတစ်ခုပဲရှိကာ ... ရှက်စိတ်၊ ဒေါသစိတ်၊ အကြောက်တရား တို့ မိုးမွန်ကာ စကားက တကယ်ပဲ သတိလစ်မေ့မျော သွားခဲ့ရပါတော့သည်။

သူစိုးရိမ်ထားခဲ့သည့်အတိုင်းပင် ... အုန်းပင်တက် သမား၏ ကြိုးမှ အုန်းသီးတစ်လုံးက မတော်တဆ ကြိုးချောင် ကျကာ အောက်သို့ ပြုတ်ကျလာခဲ့ပါသည်။ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် ... ဒီလိုလမ်းကျဉ်းလေးထဲ သို့ မတရားသဖြင့်သော အရှိန်တစ်ခုနှင့် အပြင်းမောင်းနှင် ဝင်ရောက်လာခဲ့သော မော်တော်ဆိုင်ကယ်တစ်စီးမှာ .... ကျောက်ကားထက်မှ ပြုတ်ကျကျန်ရစ်ပြီး လမ်းတစ်ခုလုံးမှာ ကျဲပြန့်နေနှင့်သည့် ကျောက်စရစ်များပေါ်သို့အဖြတ် ... အရှိန် ပြင်းလွန်းလှသော ဆိုင်ကယ်မှာ လမ်းပေါ်မှစလစ် (Slip) ဖြစ်သွားခဲ့ကာ ပလက်ဖောင်းထက်သို့ ဦးတည်ဝင်ရောက်လာ ခဲ့ပါတော့သည်။

ထိုအန္တရာယ်ကြီး နှစ်ခုစလုံးမှာ ... ဘယ်တစ်ခုကိုမှ ကြိုမမြင်စဉ်းစားထားမိခြင်းတောင် မရှိသော စကားထံ

သို့ တည့်တည့်ကြီးပင် ဦးတည်နေကြပါတော့သည်။ တစ်ခုမဟုတ် တစ်ခုမှာ "စကားဝါသွေး" ရဲ့ အသက်အန္တရာယ်ကို ကောင်းကောင်းကြီး ခြိမ်းခြောက်လိုက်ကြပြီ ဆိုတာကို အသိဆုံးသူမှာ အနီးကပ်ဆုံးနေရာမှ အံ့ဖွားပင် ဖြစ်ပါသည်။

စကားကို အံ့ဖွားက ကယ်တင်နိုင်လိုက်ပါသည်။

သို့သော် ...။ ။